မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။

အတွဲ (၅၂)
အမှတ် (၁၀၈)

Established in 1914

Myanma Alinn Daily

၁၃၇၄ ခုနှစ်၊ ဝါခေါင်လဆန်း ၁ ရက် ၂၀၁၂ ခုနှစ်၊ ဩဂုတ် ၇ ရက်၊ ဗုဒ္ဓဟူးနေ့။

ပြည်သူ့စွမ်းအားဖြင့် နိုင်ငံတော်ကို တည်ဆောက်အံ့

နိုင်ငံတော်သမ္မတ ဦးသိန်းစိန် မြန်မာနိုင်ငံဆိုင်ရာ ဗြိတိန်နိုင်ငံသံအမတ်ကြီးအား လက်ခံတွေ့ဆုံ

နေပြည်တော် ဩဂုတ် ၆

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်သည် တာဝန်ပြီးဆုံး၍ ပြန်လည်ထွက်ခွာတော့မည့် မြန်မာနိုင်ငံဆိုင်ရာ ဗြိတိန်နိုင်ငံသံအမတ်ကြီး H.E. Mr.Andrew Richard Heyn အား ယနေ့နံနက် ၁၁နာရီတွင် နေပြည်တော်ရှိ နိုင်ငံတော်သမ္မတအိမ်တော် သံတမန်ဆောင် ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံသည်။

ရှင်းလင်းပြောကြား

ယင်းသို့တွေ့ဆုံစဉ် နိုင်ငံတော်သမ္မတက နှစ်ပေါင်း (၂၀)ခန့် ဆက်ဆံရေးအခက်အခဲရှိခဲ့သော မြန်မာ-ဗြိတိန် နှစ်နိုင်ငံဆက်ဆံရေးကောင်းမွန်လာမှု၊ ဗြိတိန်နိုင်ငံဝန်ကြီးချုပ် မြန်မာနိုင်ငံသို့ ချစ်ကြည်ရေးခရီးလာရောက်ခဲ့မှု၊ မိမိ၏ ဗြိတိန်နိုင်ငံခရီးစဉ်အား အစစအရာရာ အဆင်ပြေအောင် စီစဉ်ဆောင်ရွက်ခဲ့မှု၊ ဗြိတိန်နိုင်ငံ ခရီးစဉ်အတွင်း ဆင်းရဲနွမ်းပါးမှုလျှော့နည်းစေရေး၊ သန့်ခေါင်စာရင်းကောက်ယူရေးနှင့် နိုင်ငံဖွံ့ဖြိုးရေးအကူအညီ ပေါင်သန်း ၄၀ခန့် ရရှိခဲ့မှုတို့အတွက် အဆွေတော်သံအမတ်ကြီးအား ကျေးဇူးတင်ရှိပါကြောင်း ပြောကြားပြီး ရခိုင်ပြည်နယ်အရေးကိစ္စနှင့်စပ်လျဉ်း၍ ရှင်းလင်းပြောကြားခဲ့သည်။

ဗြိတိန်သံအမတ်ကြီးက ရခိုင်ပြည်နယ် ပဋိပက္ခနှင့်ပတ်သက်၍ နိုင်ငံတော်သမ္မတကြီး၏ ဆောင်ရွက်မှုများကို အလေးထားပါကြောင်းနှင့် ဆက်လက်ထောက်ခံ ရပ်တည်သွားမည်ဖြစ်ကြောင်း ပြောကြားခဲ့သည်။

အဆိုပါတွေ့ဆုံပွဲသို့ နိုင်ငံတော်သမ္မတနှင့်အတူ ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင်၊ ဦးစိုးသိန်းနှင့် ဌာနဆိုင်ရာအကြီးအကဲများ တက်ရောက်ကြသည်။

(သတင်းစဉ်)

နိုင်ငံတော်သမ္မတ ဦးသိန်းစိန် တာဝန်ပြီးဆုံး၍ ပြန်လည်ထွက်ခွာတော့မည့် ဗြိတိန်သံအမတ်ကြီး H.E. Mr.Andrew Richard Heyn အား နေပြည်တော်ရှိ သမ္မတအိမ်တော်၌ လက်ခံတွေ့ဆုံစဉ်။ (သတင်းစဉ်)

မော်ကျွန်း၌ မိကျောင်းသုံးကောင်သွားလာလှုပ်ရှား၊ ဒေသခံပြည်သူများနှင့် ရေလုပ်သားများ စိုးရိမ်နေ

စာမျက်နှာ ➤ ၆

မာဒေးကားခေတ်က ဆွတ်ခူးခဲ့သော အားကစားဆုတံဆိပ်များ အားကစားစိတ်ဓာတ်မြှင့်တင်နိုင်ရန် ခင်းကျင်းပြသမည်

သတင်း-မောင်နွေသစ်
ဓာတ်ပုံ-တင်စိုး(မြန်မာ့အလင်း)

နေပြည်တော် ဩဂုတ် ၆

မြန်မာ့အားကစားလောကတွင် တစ်ခေတ်တစ်ခါက အောင်မြင်ကျော်ကြားခဲ့သော အားကစားသမားများ ဆွတ်ခူးရရှိခဲ့သည့် ဆုတံဆိပ်များကို နေပြည်တော်ရှိ ဝဏ္ဏသိဒ္ဓိအားကစားကွင်း စိတ်ဓာတ်မြှင့်တင်ရေးခန်းမ၌ ခင်းကျင်းပြသသွားမည် ဖြစ်ကြောင်း အားကစားဝန်ကြီးဌာနမှ အရာရှိတစ်ဦးက မြန်မာ့အလင်းသို့ ပြောကြားသည်။

"ကျွန်တော်တို့ မြန်မာနိုင်ငံမှာ ၁၉၇၀ ဝန်းကျင်က မာဒေးကားဖလားအပါအဝင် ဆွတ်ခူး ရရှိခဲ့သော ဆုဖလားများနဲ့ ဆုတံဆိပ်များကို ဆီးဂိမ်းပြိုင်ပွဲဝင် အားကစားသမားများ စိတ်ဓာတ်မြှင့်တင်ပေးနိုင်ဖို့အတွက် လာမယ့် စက်တင်ဘာလလောက်မှာ ခင်းကျင်းပြသသွားဖို့ စီစဉ်ထားပါတယ်" ဟု ညွှန်ကြားရေးမှူး ဦးငွေအောင်က ပြောကြားသည်။ အဆိုပါ ခင်းကျင်းပြသမည့် အားကစားဆုတံဆိပ်များတွင် မာဒေးကားဖလား ပြေးခုန်ပစ်၊ အလေးမ၊ သေနတ်ပစ် စသော အားကစားပြိုင်ပွဲများမှ ဆုတံဆိပ်မြောက်မြားစွာ ခင်းကျင်းပြသသွားမည်ဖြစ်ကြောင်း သိရသည်။

ယင်းအားကစားဆုတံဆိပ်များကို ရန်ကုန်မြို့ စစ်သမိုင်းပြတိုက်မှ နေပြည်တော်အမျိုးသားပြတိုက်တွင် ခင်းကျင်းပြသွားရန် စီစဉ်ခဲ့သော်လည်း နေပြည်တော်အမျိုးသားပြတိုက်မှာ တည်ဆောက်မှုမပြီးသေးသဖြင့် ဆီးဂိမ်းအမီ အားကစားသမားများ စိတ်ဓာတ်မြှင့်တင်ပေးနိုင်ရန်အတွက် ဝဏ္ဏသိဒ္ဓိအားကစားကွင်း၌ ခင်းကျင်းပြသသွားနိုင်ရေး စီစဉ်နေကြောင်း သိရသည်။

မြန်မာ့အားကစားသည် ကျွန်းဆွယ်ခေတ်တွင် ဘောလုံး၊ အလေးမ၊ ကျွမ်းဘား၊ ရေကူး၊ ပြေးခုန်ပစ်စသော အားကစားနည်းများတွင် လွန်စွာအောင်မြင်ခဲ့ပြီး မြန်မာ့အားကစားလောက ရွှေခေတ်ဟု ဆိုအပ်သည်။ မျက်မှောက်ခေတ် မြန်မာ့အားကစားသမားများနှင့် လူငယ်လူရွယ်များ အတုယူအားကျမိစေရန် ရည်ရွယ်ပြီး ဆုတံဆိပ်များ ခင်းကျင်းပြသမည်ဖြစ်ကြောင်း သိရသည်။ **(မြန်မာ့အလင်း)**

ယနေ့ မာတိကာ

အီဂျစ်နိုင်ငံရေး ကျားကွက်ရွှေ့မှု အဆုံးသတ်ရန် နိုင်ငံတကာထိပ်တန်းသံတမန်များ ဆွေးနွေး စာ - ၄

အင်္ဂလိပ်စာ သင်ကြားမှု ထိရောက်ရေး (ဆောင်းပါး) စာ - ၆

ရေထရက် စံပြငါးဈေးသို့ ငါးပုစွန်အဝင်များ နယ်အော်ဒါနှင့် ဝယ်လိုအားများ၍ ဈေးမကျ စာ - ၁၂

သတင်းရောင်းစားသူများ မဖြစ်ပါစေနှင့် စာ - ၁၅

မြန်မာ့အလင်း အယ်ဒီတာ့အာဘော်

တူသောဆန္ဒ ပြည့်ဝစေရမည်

မည်သည့်အလုပ်မဆို တူညီသောဆန္ဒများနှင့် လုပ်ကိုင်ဆောင်ရွက်သွားမည်ဆိုပါက အမြန်ဆုံး ပြီးမြောက်အောင်မြင်နိုင်ပါသည်။ ဖြစ်စေချင်သော ရည်ရွယ်ချက်၊ ရည်မှန်းချက်များ အမြန်ဆုံးအထမြောက် ပြီးမြောက်စေနိုင်ပါသည်။ တူညီသောဆန္ဒသည် တူညီသောအားကို ဖြစ်စေနိုင်ပါသည်။ စည်းလုံးညီညွတ်ခြင်းကို တိုးပွားစေနိုင်ပါသည်။

ကျွန်ုပ်တို့ မြန်မာနိုင်ငံတွင် နှစ်ပေါင်း ၆၀ ကျော်ကြာ ရောဂါသဖွယ်ဖြစ်ခဲ့ရသော ကိစ္စတစ်ခုမှာ တိုင်းရင်းသားလက်နက်ကိုင်ပဋိပက္ခ ဖြစ်ပါသည်။ ထိုနာတာရှည် လက်နက်ကိုင်ပဋိပက္ခသည် နိုင်ငံတော်နှင့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများအကြား ညှိနှိုင်းအဖြေရှာ ပူးပေါင်းဆောင်ရွက်မှုများဖြင့် မကြာမီတစ်နိုင်ငံလုံး အတိုင်းအတာဖြင့် အပစ်အခတ်ရပ်စဲပြီး တည်ငြိမ်အေးချမ်းလာမည်ဟု ပြည်သူအများက မျှော်လင့်နေကြပါသည်။

ကမ္ဘာအနှံ့ဖြစ်ပွားခဲ့သော စစ်ပွဲကြီးများသည်ပင်လျှင် နောက်ဆုံးစေ့စပ်ဆွေးနွေးညှိနှိုင်းပြီး သဘောတူညီချက်များရယူကာ အဆုံးသတ်လေ့ရှိပါသည်။ ပဋိပက္ခဖြစ်ပွားရခြင်း၏ အဓိကအကြောင်းအရင်းသည် သဘောထားကွဲလွဲမှုများကြောင့် ဖြစ်ပါသည်။ ထိုမတူညီမှုများကို တူညီသည်အထိ ညှိနှိုင်းဆောင်ရွက်နိုင်သော တစ်နေ့သည် စစ်ပွဲများ ရပ်တန့်ကာ ငြိမ်းချမ်းရေးကို ဖော်ဆောင်နိုင်သည့်နေ့ပင်ဖြစ်ပါသည်။

ထို့အတူ ကျွန်ုပ်တို့နိုင်ငံမှ လက်နက်ကိုင် ပဋိပက္ခများသည်လည်း ငြိမ်းချမ်းရေးဆွေးနွေးပွဲများမှတစ်ဆင့် သဘောတူညီချက်များရယူနိုင်ခဲ့ပါသည်။ ဤသို့ ငြိမ်းချမ်းရေးအတွက် ရှေ့သို့ခြေလှမ်းများဖြင့် တိုးတက်ဖော်ဆောင်နိုင်မှုအပေါ် ပြည်သူတစ်ရပ်လုံးက ဝမ်းမြောက်ဝမ်းသာရှိနေကြပါသည်။ နိုင်ငံတကာအသိုင်းအဝိုင်းကလည်း မြန်မာနိုင်ငံ၏ နိုင်ငံရေးတိုးတက်ပြောင်းလဲမှုများအပေါ် အားပေးလျက်ရှိပါသည်။

နိုင်ငံတော်သမ္မတကြီး ဦးသိန်းစိန်က အစိုးရသစ်ကို တာဝန်ယူပြီးနောက် ၂၀၁၁ ခုနှစ် ဩဂုတ်လတွင် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များအား ငြိမ်းချမ်းရေး ကမ်းလှမ်းခဲ့ပါသည်။ ထိုငြိမ်းချမ်းရေး ကမ်းလှမ်းမှုနှင့်အတူ ပြည်ထောင်စုငြိမ်းချမ်းရေးဖော်ဆောင်မှုလုပ်ငန်းကော်မတီအနေဖြင့် တိုင်းရင်းသား လက်နက်ကိုင်အဖွဲ့များနှင့် အဆင့်ဆင့်သော ဆွေးနွေးပွဲများ ပြုလုပ်ခဲ့ပါသည်။ ယခုအခါ အဖွဲ့ပေါင်း ၁၃ ဖွဲ့နှင့် အစိုးရတို့အကြား အပစ်အခတ်ရပ်စဲရေး သဘောတူညီချက်ရရှိထားပြီး ဖြစ်သကဲ့သို့ KIO အဖွဲ့နှင့်လည်း မေလက မြစ်ကြီးနားတွင် ရေးထိုးခဲ့သော သဘောတူညီချက်အရ ကချင်ပြည်နယ်အတွင်း အေးချမ်းသာယာမှုများကို တိုင်းရင်းသားပြည်သူများ နှလုံးစိတ်ဝမ်း ချမ်းမြေ့စွာ ခံစားနေကြရပြီဖြစ်ပါသည်။

ဤသည်တို့ကို ထောက်ရှုလျက် နိုင်ငံတော်အစိုးရသည်လည်းကောင်း၊ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများသည်လည်းကောင်း၊ ပြည်သူ ပြည်သားများသည် လည်းကောင်း ငြိမ်းချမ်းရေးကို အမှန်တကယ်လိုလားကြောင်း သက်သေပြနိုင်ခဲ့ပြီဖြစ်ပါသည်။ ငြိမ်းချမ်းရေးကို ရယူလိုသော ဆန္ဒသည် အတူတူပင်ဖြစ်ပါသည်။ တူညီသောဆန္ဒရှိလျှင် မည်မျှပင်အခက်အခဲများ ရှိစေကာမူ အောင်မြင်ကျော်လွှားနိုင်ကြောင်း ဆိုခဲ့သည့်အတိုင်း ကျွန်ုပ်တို့နိုင်ငံ၏ ငြိမ်းချမ်းရေးဖော်ဆောင်မှုမှာလည်း မုချမသွေ အောင်မြင်ရမည်ဖြစ်ပါသည်။ တူသောဆန္ဒများသည် ပြည့်ဝစေရမည်ဖြစ်ပါသည်။ ။

ပြည်တွင်းသတင်း

ရန်ကုန်တိုင်းဒေသကြီး ရေတော်မိုးတော် မိုးစပါးကွင်းပိတ်

ရန်ကုန် ဩဂုတ် ၆

၂၀၁၃-၂၀၁၄ ခုနှစ် ရန်ကုန်တိုင်းဒေသကြီး ရေတော်မိုးတော် မိုးစပါးကွင်းပိတ်ပွဲ၊ တိုင်းဒေသကြီးအဆင့် ကောက်စိုက်စွမ်းရည်ပြိုင်ပွဲနှင့် ၂၀၁၂-၂၀၁၃ ခုနှစ် လယ်ယာကဏ္ဍထုတ်လုပ်မှု ထူးချွန်ဆုချီးမြှင့်ပွဲ အခမ်းအနားကို ဩဂုတ် ၄ ရက် နံနက် ၈ နာရီက သန်လျင်မြို့နယ် စစ်ပင်ကွင်းကျေးရွာ လယ်မြေ၌ ကျင်းပရာ တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် မြို့နယ်ကောက်စိုက်အသင်းများ ကောက်စိုက်စွမ်းရည်ယှဉ်ပြိုင်နေမှုကို ကြည့်ရှုအားပေးကြပြီး လယ်ကွင်းများအတွင်းသို့ ငါးမျိုးများ စိုက်ထည့်ပေးကြသည်။

ထို့နောက် အထွက်ကောင်း စပါးမျိုးယှဉ်ပြိုင်စမ်းသပ်ကွက် ဘက်စုံပေါင်းစည်းလယ်ယာမြေရှိ ငါးကန်နှင့် ဝက်များမွေးမြူထားမှုနှင့် ကောက်စိုက်စွမ်းရည်သရုပ်ပြမှုတို့ကို ကြည့်ရှုအားပေးသည်။

ဆက်လက်၍ ၂၀၁၃-၂၀၁၄ ခုနှစ် ရေတော်မိုးတော် မိုးစပါး ကွင်းပိတ်ပွဲနှင့် ၂၀၁၂-၂၀၁၃ ခုနှစ် လယ်ယာကဏ္ဍ ထုတ်လုပ်မှု ထူးချွန်ဆု ချီးမြှင့်ပွဲအခမ်းအနားကိုကျင်းပရာ တိုင်းဒေသကြီး ဝန်ကြီးချုပ်က လယ်ယာကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးအတွက် ပြုပြင်ပြောင်းလဲရမည့်လုပ်ငန်းကြီး ငါးရပ်အောင်မြင်ရေးအတွက် တောင်သူလယ်သမားများ၊ ဌာနဆိုင်ရာများ၊ တိုင်းဒေသကြီးအစိုးရအဖွဲ့များမှ ဟန်ချက်ညီညီ ပူးပေါင်းအကောင်အထည်ဖော် ဆောင်ရွက်သွားကြရမှာဖြစ်ကြောင်း၊ ရန်ကုန်တိုင်းဒေသကြီး၏ ရေတော် မိုးတော် မိုးစပါးကွင်းပိတ်ပွဲ၌ တစ်ဧကအထွက်နှုန်း တိုးတက်ရေးအတွက် ကောက်ကွက်ပြည့်မီရေးတွင် ကောက်စိုက်လုံမေများ၏ အရေးပါသော အခန်းကဏ္ဍပေါ်လွင်စေရေးနှင့် ဂုဏ်ပြုချီးမြှင့်လိုသောကြောင့် ကောက်စိုက်ပြိုင်ပွဲကို ထည့်သွင်းပေးခြင်းဖြစ်ပါကြောင်း ပြောကြားသည်။

ယင်းနောက် ခရိုင်အလိုက် ၂၀၁၃-၂၀၁၄ ခုနှစ် ရေတော်မိုးတော် မိုးစပါးကွင်းပိတ်မှု အစီရင်ခံစာများကို ခရိုင်အုပ်ချုပ်ရေးမှူးများက တိုင်းဒေသကြီးဝန်ကြီးချုပ်ထံ ပေးအပ်ကြသည်။ ထို့နောက် တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများက သီးနှံစိုက်ပျိုးထုတ်လုပ်မှု ဘက်စုံထူးချွန်ဆု (လုပ်ငန်းရှင်)၊ (တောင်သူ) ဆုများ၊ မြို့နယ်ထူးချွန်ဆုများနှင့် ကောက်စိုက်စွမ်းရည်ပြိုင်ပွဲ ဆုရအသင်းများအား ဆုများပေးအပ်ချီးမြှင့်ကြသည်။

ရန်ကုန်တိုင်းဒေသကြီး၏ မိုးစပါးစိုက်ပျိုးရန် လျာထားဧက ၁၁၉၅၀၀၀ အနက် ၁၀၈၈၃၉၅ ဧက စိုက်ပျိုးပြီးဖြစ်၍ ရာခိုင်နှုန်းအားဖြင့် ၉၁ ဒသမ ၀၈ ရာခိုင်နှုန်းရှိကာ ရေတော်မိုးတော် လျာထားဧက ၉၁၁၆၉၇ ဧက ရာခိုင်နှုန်းပြည့် စိုက်ပျိုးပြီးဖြစ်ကြောင်းနှင့် ကျန်ရှိသော ရေကြီး/ရေနက်ကွင်းမှ လယ်များ ရာနှုန်းပြည့် စိုက်ပျိုးနိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်သည်။ ယင်းနောက် တိုင်းဒေသကြီး ဝန်ကြီးချုပ်သည် သန်လျင်မြို့နယ် မြို့ဟောင်းအနောက်ရပ်ကွက်ရှိ ကြယ်စင်မြို့တော်အိမ်ရာ စီမံကိန်းလုပ်ငန်းများကို သွားရောက်ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

မြို့နယ်သတင်းထောက်များနှင့် စာမူပေးပို့သူများသို့ ပန်ကြားချက်

မြန်မာ့အလင်းသတင်းစာသည် ပြည်သူ့ဗဟိုပြုသတင်းစာအဖြစ် အသွင်သဏ္ဍာန်နှင့် အနှစ်သာရကိုပါ ပြောင်းလဲဖော်ပြပေးလျက်ရှိရာ အနယ်နယ်အရပ်ရပ်မှ မြို့နယ်သတင်းထောက်များနှင့် အလွတ်သတင်းထောက်များသည် ပြည်သူ့အကျိုးပြုနှင့် ထူးခြားသတင်းဖြစ်စဉ်များအားပေးပို့ကြရာတွင် မိမိတို့ကိုယ်တိုင်ရေးသားကြောင်းနှင့် အခြားမည်သည့် သတင်းဌာနများကိုမှ ပေးပို့ထားခြင်းမရှိကြောင်း ဝန်ခံချက်ကို သတင်းပေးပို့သည့် စာမူနှင့်အတူ တစ်ပါတည်းထည့်သွင်းဖော်ပြ၍ မြန်မာ့အလင်းသတင်းစာတိုက် အီးမေးလ်လိပ်စာ mmalin.npt @ gmail.com နှင့် ဖက်စ်နံပါတ် ၀၆၇-၃၆၁၄၆ တို့သို့ ဆက်သွယ်ပေးပို့နိုင်ပါကြောင်း။ **စာတည်းအဖွဲ့**

လားရှိုး-မူဆယ်ကားလမ်း တံတားအနီးရေလျှံမှုဖြစ်ပေါ်

လားရှိုး ဩဂုတ် ၆

ရှမ်းပြည်နယ် (မြောက်ပိုင်း) လားရှိုးမြို့တွင် ဩဂုတ် ၄ ရက်က တစ်နေကုန် မိုးရွာသွန်းမှုကြောင့် ဩဂုတ် ၅ ရက် နံနက် ၄ နာရီမှ စတင်ကာ အေဒီတံတားအနီး အေတီချောင်းများမှရေများ ကားလမ်းပေါ်သို့ လေးပေခန့်လျှံတက်ခဲ့သည်။ ထို့ကြောင့် ယာဉ်ငယ်များဖြတ်သန်းမရတော့ဘဲ ယာဉ်ကြီးများသာ ဖြတ်သန်းလျက်ရှိသည်။ ဆိုင်ကယ်များအား လူလေးဦးနှင့် အခကြေးငွေယူကာ တစ်ဖက်ကမ်းသို့ ပို့ဆောင်ပေးလျက်ရှိသည်။

မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ ကြက်ခြေနီ၊ မီးသတ်တပ်ဖွဲ့တို့မှ အသက်ကယ်ကြိုးများတန်းကာ ခရီးသည်များအား တစ်ဖက်ကမ်းသို့ ပို့ဆောင်ပေးလျက်ရှိကြောင်း သိရသည်။

(မြို့နယ် ပြန်/ဆက်)

"အာဏာသိမ်းမယ်လို့သာကျွန်တော်ပြောခဲ့တာပါ။ အာဏာမသိမ်းပါဘူးလို့ ဘယ်တုန်းကမှ ကတိကဝတ်မပြုခဲ့ပါဘူး။ ကျွန်တော်ဟာ စကားအပိုမပြောတတ်ဘူး။ အာဏာသိမ်းမယ်လို့ပြောပြီးရင် နောက်ထပ်ဘယ်နှကြိမ်မေးမေး ဒီအတိုင်းပဲ ကျွန်တော်ပြောမှာပါ"

ဗိုလ်ချုပ်ကြီးဇွန်ထီဘွန်ညာရတ်ကလင်း၊ (စာမျက်နှာ ၂၅)

လျှို့ဝှက်လှည့်စား ပုံမှားရိုက်ခြင်း

ဇေယျာသိန်း(ထားဝယ်)

ထိုင်းတပ်မတော် အာဏာသိမ်းပွဲမှ သင်ခန်းစာယူစရာများ

မြန်မာမီဒီယာဂရု(ပ်) မှ တစ်ပြည်လုံးဖြန့်ချိလိုက်ပါပြီ။ တန်ဖိုး - ၃၅၀၀ ကျပ်

ပြည်တွင်းသတင်း

တောင်သူလယ်သမားများအတွက် သားစဉ်မြေးဆက်ရေရှည်အကျိုးစီးပွားဖော်ဆောင်ပေးနိုင်ရန် စက်မှုလယ်ယာစနစ်ကူးပြောင်းပေး

နေပြည်တော် ဩဂုတ် ၆

နေပြည်တော်ကောင်စီနယ်မြေ ဒက္ခိဏသီရိမြို့နယ် တစ်ဆက်တစ်စပ်တည်း စက်မှုလယ်ယာမြေစနစ် ဧက ၃၀၀၀ စီမံကိန်းစိုက်ကွင်း၌ ယမန်နေ့ မွန်းလွဲပိုင်းက နေပြည်တော်ကောင်စီနယ်မြေချုပ် ပျဉ်းမနားမြို့နယ်၊ လယ်ဝေးမြို့နယ်၊ တပ်ကုန်းမြို့နယ်၊ ဇမ္ဗူသီရိမြို့နယ်၊ ပုဗ္ဗသီရိမြို့နယ်၊ ဥတ္တရသီရိမြို့နယ်၊ ဒက္ခိဏသီရိမြို့နယ်၊ ဇေယျာသီရိမြို့နယ် စုစုပေါင်းရှစ်မြို့နယ်တို့ရှိ ရပ်ကွက်/ကျေးရွာအုပ်စုပေါင်း ၁၈၇၊ ဦးပိုင်ပေါင်း ၁၃၅၃၁၉၊ တောင်သူပေါင်း ၈၂၄၂၈ ဦးတို့၏ မိသားစုတို့အား လယ်ယာမြေလုပ်ပိုင်ခွင့် မှတ်ပုံတင်လက်မှတ်ထုတ်ပေးပြီးစီးမှု ဂုဏ်ပြုအခမ်းအနား ကျင်းပသည်။

အဆိုပါ အခမ်းအနားသို့ သမ္မတရုံးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဦးသိန်းညွန့်၊ လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမြင့်လှိုင်၊ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝင်းမြင့်၊ လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး (လယ်ယာ) ဦးအုန်းသန်းနှင့် နေပြည်တော်ကောင်စီဝင် ဦးမျိုးညွန့်၊ ဦးမြင့်ရွှေ၊ ဦးမြင့်ဆွေနှင့် တာဝန်ရှိသူများ၊ သက်ဆိုင်ရာဝန်ကြီးဌာနမှ ညွှန်ကြားရေးမှူးချုပ်များ၊ ဖိတ်ကြားထားသော နိုင်ငံခြားဧည့်သည်တော်များ၊ လယ်ယာမြေလုပ်ပိုင်ခွင့်လက်မှတ် ရာနှုန်းပြည့်ပြီးစီးသည့် မြို့နယ် ရှစ်မြို့နယ်မှ အထွေထွေအုပ်ချုပ်ရေးမှူးများ၊ မြို့နယ်ကြေးတိုင်နှင့် မြေစာရင်းဦးစီးဌာနမှူးများ၊ လယ်ယာလုပ်ငန်းရှင် ပုဂ္ဂလိကကုမ္ပဏီများ၊ လယ်ဝေးမြို့နယ်နှင့် ဒက္ခိဏသီရိမြို့နယ်မှ တောင်သူအင်အား ၂၀၀၀ ကျော် ပါဝင်တက်ရောက်ခဲ့ကြသည်။

အခမ်းအနားမစတင်မီ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန စက်မှုလယ်ယာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးစိုးလှိုင်နှင့် စိုက်ပျိုးရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးကျော်ဝင်းတို့က နေပြည်တော်ကောင်စီနယ်မြေအတွင်း နိုင်ငံတော်သမ္မတကြီး၏ လမ်းညွှန်ချက်အားဖြင့် စက်မှုလယ်ယာမြေစနစ် လယ်မြေများအား တစ်ဆက်တစ်စပ်တည်း ဧက ၅၀၀၊ တစ်ဆက်တစ်စပ်တည်း ဧက ၉၀၀၊ တစ်ဆက်တစ်စပ်တည်း ဧက ၄၄၀၊ တစ်ဆက်တစ်စပ်တည်း ဧက ၃၀၀၀ စိုက်ကွင်းများကို မြို့နယ်အသီးသီးတွင် ဆောင်ရွက်ပြီးစီးမှုအခြေအနေနှင့် စိုက်ပျိုးထုတ်လုပ်သော သီးနှံများမှ ဝင်ငွေပိုမိုရရှိရေးအတွက် နေပြည်တော်ကောင်စီနယ်မြေအတွင်း စီမံအကောင်အထည်ဖော်မှုများအား ရှင်းလင်းပြောကြားကြသည်။

ထို့နောက် နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဦးသိန်းညွန့်က အမှာစကားပြောကြားရာတွင် နိုင်ငံတော်အစိုးရသစ်ကာလ နိုင်ငံတော်သမ္မတကြီး၏ လေးနက်တည်ကြည်သော မေတ္တာ၊ စေတနာဖြင့် နေပြည်တော်ကောင်စီနယ်မြေကိုဗဟိုပြု၍ တောင်သူလယ်သမားများ၏ ဝင်ငွေနှင့် လူနေမှုဘဝ တိုးတက်မြင့်မားစေရေးအတွက် လက်မှုလယ်ယာစနစ်မှ စက်မှုလယ်ယာစနစ်သို့ ကူးပြောင်းအကောင်အထည်ဖော်ရန် တာဝန်ပေးအပ်မှုအပေါ် နေပြည်တော်ကောင်စီနှင့် လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနတို့၏ နီးကပ်စွာပူးပေါင်းဆောင်ရွက်ခဲ့ကြောင်း၊ နိုင်ငံတော်အစိုးရသစ်၏ မူဝါဒအရ မူလလုပ်ပိုင်ခွင့်ရ တောင်သူတစ်ဦးချင်းလက်ဝယ်သို့ လယ်ယာမြေလုပ်ပိုင်ခွင့်လက်မှတ် ထုတ်ပေးခြင်းလုပ်ငန်းကို အချိန်တိုကာလအတွင်း နေပြည်တော်ကောင်စီနယ်မြေတစ်ဝန်းလုံး ပြီးစီးအောင် ဆောင်ရွက်ပေးနိုင်ခြင်းအပေါ် ယနေ့ဂုဏ်ပြုအခမ်းအနား ဆောင်ရွက်ပေးနိုင်ခြင်းအတွက် ဝမ်းမြောက်ဂုဏ်ယူပါကြောင်း။

ယခုကဲ့သို့ နိုင်ငံတော်သမ္မတကြီး၏ ကြီးမားလှသော မေတ္တာ၊ စေတနာဖြင့် တောင်သူလယ်သမားများအတွက် သားစဉ်မြေးဆက် ရေရှည်အကျိုးစီးပွားဖော်ဆောင်ပေးနိုင်ရန်အတွက် စက်မှုလယ်ယာစနစ် ကူးပြောင်းပေးနိုင်ခဲ့သည့်အတွက် တောင်သူလယ်သမားများအတွက် တစ်သီး၊ နှစ်သီး၊ သုံးသီးဖြင့် သီးထပ်သီးညှပ် အောင်မြင်စွာ စိုက်ပျိုးနိုင်ရုံသာမက ပုဂ္ဂလိကကုမ္ပဏီများက ခေတ်မီဆန်စက်ကြီးများ၊ ခေတ်မီဆီစက်ကြီးများ တည်ဆောက် အကောင်အထည်ဖော်နေသည့်အတွက် ထွက်ရှိလာမည့် သီးနှံများကို ဈေးနှုန်းကောင်းကောင်းဖြင့် တောင်သူများက ရောင်းချနိုင်တော့မည်ဖြစ်ကြောင်းနှင့် တောင်သူလယ်သမားများကိုယ်တိုင်က မိမိတို့၏ မိသားစုအကျိုးစီးပွားသာမက နိုင်ငံ၏ စားရေရိက္ခာ ဖူလုံရေးအတွက် အထောက်အပံ့ပြုနိုင်ရန် နိုင်ငံတော်အစိုးရ၏စေတနာကို တုံ့ပြန်ရေး၊ ယခင်ကထက် ပိုမိုအားထုတ် ကြိုးပမ်းဆောင်ရွက်လုပ်ဆောင်ကြစေလိုကြောင်း။

သားစဉ်မြေးဆက် အဆက်ဆက်တိုင်အောင် လုပ်ပိုင်ခွင့်ရရှိကြသော တောင်သူလယ်သမားမိသားစုများက မိမိတို့လယ်ယာမြေကို တန်ဖိုးအရှိဆုံးအသုံးပြုပြီး လူနေမှုဘဝနှင့် ဝင်ငွေတိုးတက်စေရေးကို အောင်မြင်တိုးတက် ကြီးပွားလိုသောစိတ်ဆန္ဒဖြင့် ဆောင်ရွက်ကြရာတွင် စိုက်ပျိုးရေးပညာရှင်များ၊ စက်မှုလယ်ယာဝန်ထမ်းများ၏အပိုင်းကဏ္ဍမှ တောင်သူများအပေါ် ထားရှိသောစေတနာကို လေးလေးနက်နက် ခံယူကြပြီး တောင်သူလယ်သမားများအပေါ် ပိုမို၍ ရိုင်းပင်းကူညီဆောင်ရွက်ပေးကြရန်နှင့် နေပြည်တော်ကောင်စီနယ်မြေကိုဗဟိုပြုပြီး နိုင်ငံနှင့်အဝန်း ပျံ့နှံ့အောင်မြင်အောင် ဆောင်ရွက်ကြပါရန် လေးနက်စွာ ဆန္ဒပြုပါကြောင်း ပြောကြားသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီး ဦးမြင့်လှိုင်က ပြည်ထောင်စုတစ်ခုလုံး၏ ဗဟိုချက်မဖြစ်သည့် နေပြည်တော်ကောင်စီနယ်မြေကို ဗဟိုပြု၍ နိုင်ငံတော်၏ လယ်ယာကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးနှင့် ဆင်းရဲနွမ်းပါးမှုလျှော့ချရေးလုပ်ငန်းစဉ်များကို လက်တွေ့အကောင်အထည်ဖော်ရန် လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနအနေဖြင့် တောင်သူလယ်သမားများကို ဗဟိုပြုပြီး နေ့နေ့ညည အကောင်အထည်ဖော် ကြိုးပမ်းဆောင်ရွက်လျက်ရှိပါကြောင်း။

စက်မှုလယ်ယာစနစ်ကူးပြောင်းနိုင်ရေးလုပ်ငန်းများအပေါ် အတိုင်းအတာတစ်ခုအထိ အကောင်အထည်ဖော်နိုင်ခဲ့၍ တောင်သူလယ်သမားများ ဝင်ငွေနှစ်ဆမက တိုးတက်ရရှိခံစားနေရသည့်နည်းတူ ယနေ့တောင်သူတစ်ဦးချင်းအား လယ်ယာမြေလုပ်ပိုင်ခွင့်ပြုလက်မှတ် ထုတ်ပေးခြင်းကို နေပြည်တော်ကောင်စီနယ်မြေချုပ် ရာနှုန်းပြည့်ပြီးမြောက်အောင်မြင်စွာ ထုတ်ပေးနိုင်ခြင်းအပေါ် တိုင်းဒေသကြီးနှင့် ပြည်နယ်အားလုံးအနေဖြင့် စံနမူနာယူနိုင်ကြရမည် ဖြစ်ပါကြောင်း။

လယ်ယာမြေလုပ်ပိုင်ခွင့် လက်မှတ်ပိုင်ဆိုင်သူသည် ဤလယ်ယာမြေဥပဒေပါပြဋ္ဌာန်းချက်များအရ ဘဏ်တစ်ခုခုတွင် ကာလတို၊ ကာလရှည် ပေါင်နိုင်ခြင်းအားဖြင့် ငွေကြေးအရင်းအနှီးလုံလောက်စွာရရှိရုံသာမက ဤလယ်မြေကို အရင်းအနှီးပြုလုပ်၍ ပြည်တွင်းပြည်ပမှ ရင်းနှီးမြှုပ်နှံသူများနှင့် အကျိုးတူရင်းနှီးမြှုပ်နှံနိုင်ခြင်း ဥပဒေအရ အကျိုးကျေးဇူးများကို ရရှိခံစားရမည်ဖြစ်သည့်အတွက် မိမိတို့၏ လယ်ယာမြေများကို တန်ဖိုးအရှိဆုံး၊ အထိရောက်ဆုံး ကြိုးပမ်းလုပ်ကိုင်အသုံးချခြင်းအားဖြင့် တောင်သူလယ်သမားများ၏ လူနေမှုဘဝနှင့်ဝင်ငွေများ တိုးတက်ရရှိစေရေးကို တိုက်တွန်းဆွေးနွေးခဲ့သည်။

ပြည်ထောင်စုဝန်ကြီး ဦးဝင်းမြင့်က ဆက်လက်ပြောကြားရာတွင် လယ်ယာကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးအတွက် အဆင့်မီ လယ်ယာသုံးစက်ကိရိယာများ အသုံးပြုနိုင်ရေး၊ အရည်အသွေးမြင့် ဓာတ်မြေဩဇာများ လက်လှမ်းတမီအသုံးပြုနိုင်ရေး၊ လယ်ယာထွက်ကုန်ပစ္စည်းများအား အဆင့်မြင့်စက်များဖြင့် ကြိတ်ခွဲ၍ ကုန်ချောအဖြစ် တင်ပို့ရောင်းချနိုင်ရေးကို စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနမှ တာဝန်ယူလျက်ရှိပါကြောင်း။

လယ်ယာသုံးစက်ကိရိယာများကို ဈေးနှုန်းသက်သာစွာဖြင့် တောင်သူလယ်သမားများ သုံးစွဲနိုင်ရန်၊ ဓာတ်မြေဩဇာများ လက်လှမ်းတမီ ဝယ်ယူသုံးစွဲနိုင်ရန်နှင့် ခေတ်မီအဆင့်မြင့် ဆန်စက်၊ ခေတ်မီအဆင့်မြင့် ဆီစက်များကို နေပြည်တော်ကောင်စီနယ်မြေတွင် အမြန်အကောင်အထည်ဖော်နိုင်ရေး၊ ပုဂ္ဂလိကလုပ်ငန်းရှင်များကို ကူညီဆောင်ရွက်ပေးရန် အဘက်ဘက်မှ ပူးပေါင်းဆောင်ရွက်လျက်ရှိနေကြောင်း ဆွေးနွေးပြောကြားသည်။

ထို့နောက် ကြေးတိုင်နှင့်မြေစာရင်းဦးစီးဌာန ခေတ္တညွှန်ကြားရေးမှူးချုပ် ဦးသတိုးအောင်က နေပြည်တော်ကောင်စီနယ်မြေအတွင်းရှိ ခရိုင်နှစ်ခရိုင်၊ မြို့နယ် ရှစ်မြို့နယ်တို့တွင် လယ်ယာမြေလုပ်ပိုင်ခွင့်ပြုလက်မှတ်များ ထုတ်ပေးခဲ့မှု အခြေအနေများအား ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ လှည်းယာဉ်ဓာတ်မြေဩဇာကုမ္ပဏီမှ ဓာတုဗေဒဓာတ်ခွဲပညာရှင် ဦးအေးပေါ်က သီးနှံများအတွက် NPK ဓာတ်မြေဩဇာများ၏ အရေးပါမှုနှင့်တောင်သူလယ်သမားများ လက်လှမ်းတမီ သုံးစွဲနိုင်ရန် လှည်းယာဉ်ဓာတ်မြေဩဇာကုမ္ပဏီက စီစဉ်ထုတ်လုပ်ဖြန့်ဖြူးမည့် အစီအစဉ်များကို ရှင်းလင်းတင်ပြသည်။

ထို့နောက် နေပြည်တော်ကောင်စီဥက္ကဋ္ဌက လယ်ယာမြေမှတ်ပုံတင်ခြင်းနှင့် လယ်ယာမြေလုပ်ပိုင်ခွင့်ပြုလက်မှတ်ထုတ်ပေးခြင်းလုပ်ငန်းကို နေပြည်တော်ကောင်စီနယ်မြေတစ်ခုလုံး ရာနှုန်းပြည့်ပြီးစီးအောင် ဆောင်ရွက်ပေးနိုင်ခဲ့သည့် ကြေးတိုင်နှင့် မြေစာရင်းဦးစီးဌာနမှူးများနှင့် ကြီးကြပ်ပါဝင်ဆောင်ရွက်ခဲ့ကြသည့် မြို့နယ် လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့ဥက္ကဋ္ဌ၊ မြို့နယ်အထွေထွေအုပ်ချုပ်ရေးမှူးများအား ဂုဏ်ပြုလက်ဆောင်များ ပေးအပ်သည်။

ထို့နောက် လယ်ဝေးမြို့နယ် ကျေးရွာအုပ်စု ၆၃ အုပ်စု၊ ဦးပိုင်လုပ်ကွက်ပေါင်း ၄၃၆၂၂ ဦးပိုင်၊ တောင်သူပေါင်း ၂၇၀၂၀ တို့၏ လယ်ယာမြေလုပ်ပိုင်ခွင့်ပြုလက်မှတ်များကို နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဦးသိန်းညွန့်၊ ပြည်ထောင်စုဝန်ကြီး ဦးဝင်းမြင့်၊ ပြည်ထောင်စုဝန်ကြီး ဗဟိုလယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့ဥက္ကဋ္ဌ ဦးမြင့်လှိုင်၊ ဒုတိယဝန်ကြီး(လယ်ယာ) ဦးအုန်းသန်း၊ နေပြည်တော်ကောင်စီဝင် လယ်ယာစိုက်ပျိုးရေးတာဝန်ခံ ဦးမြင့်ရွှေ၊ နေပြည်တော်ကောင်စီဝင် လယ်ဝေးမြို့နယ်တာဝန်ခံ ဦးမြင့်ဆွေတို့က လယ်ယာမြေလုပ်ပိုင်ခွင့်ပြုလက်မှတ်များအား ပေးအပ်ကြသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးများ၊ တက်ရောက်လာသော ဧည့်သည်တော်များသည် ခင်းကျင်းပြသထားသော မျိုးစေ့များ၊ ဓာတ်မြေဩဇာများ၊ လယ်ယာသုံးစက်ကိရိယာများ **(အပေါ်ပုံ)**၊ ဖြစ်ထွန်းအောင်မြင်နေသော ပုလဲသွယ်စပ်မျိုး မိုးစပါးစိုက်ခင်းများ၊ နွေစပါးရိတ်သိမ်းပြီး မိုးစပါးစိုက်ပျိုးရန် လယ်မြေများကို ထွန်စက်ကြီးများဖြင့် မြေထွန်ယက်ပြုပြင်နေမှုများကို ကြည့်ရှုအားပေးခဲ့ကြကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

နေပြည်တော်ကောင်စီနယ်မြေရှိ ဆည်ရေသောက်စနစ် စိုက်ကွင်းများ KOICA အဖွဲ့ဝင်များနှင့် စိုက်ပျိုးရေးပညာရှင်များ ကြည့်ရှုလေ့လာ

နေပြည်တော် ဩဂုတ် ၆

ယနေ့ နံနက်ပိုင်းတွင် လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမြင့်လှိုင်သည် နေပြည်တော်ကောင်စီနယ်မြေ ဥတ္တရသီရိမြို့နယ် စက်စက်ယိုရေလွှဲဆည်ရေသောက်စနစ် တစ်ဆက်တစ်စပ်တည်း ဧက ၉၀၀ စိုက်ကွင်း၌ မိုးလေဝသရာသီဥတုကောင်းမွန်လာမှု၊ မိုးမှန်လာမှုတို့ကြောင့် ဆည်အတွင်း အမြင့်ဆုံးရေအမှတ်အထိ ရေပြည့်လျှံစီးဆင်းနေမှုကို ကြည့်ရှုစစ်ဆေးပြီး ဆည်ရေအား အထိရောက်ဆုံးသုံးစွဲကြရန် မှာကြားသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးနှင့် ကိုရီးယားသမ္မတနိုင်ငံ အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးအေဂျင်စီ KOICA မှ Representative of KOICA Dr.Shin Man Shik,(KOICA Head Quarter) ဦးဆောင်သော အဖွဲ့သည် စက်စက်ယိုရေလွှဲဆည်ရေသောက်စနစ် တစ်ဆက်တစ်စပ်တည်း ဧက ၉၀၀ နေကြာစိုက်ခင်း၊ တစ်ဆက်တစ်စပ်တည်း ပြောင်း၊ သီးနှံစိုက်ခင်း၊ တစ်ဆက်တစ်စပ်တည်း မြေပဲစိုက်ခင်း၊ သစ်သီးဝလံနှင့် ဟင်းသီးဟင်းရွက်စိုက်ခင်းများကို ကြည့်ရှုအားပေးသည်။

ထို့နောက် ငလိုက်ဆည်ရေသောက်စနစ်ရှိ ဆန်စပါးသုတေသနစိုက်ခင်း၌ ကိုရီးယားမူရင်းမျိုး၊ အရည်အသွေးကောင်း သုတေသနစပါးစိုက်ပျိုးထားရှိသည့် စိုက်ကွင်းသို့ ရောက်ရှိပြီး ရိတ်သိမ်းရန်အသင့်ဖြစ်နေသည့် စိုက်ခင်းအား ကြည့်ရှုအားပေးပြီး နှစ်နိုင်ငံအကြား စပါးသုတေသနဖွံ့ဖြိုးရေး ပူးပေါင်းဆောင်ရွက်မည့် အစီအစဉ်များကို ဆွေးနွေးခဲ့ကြသည်။

ဆက်လက်၍ Alliance Star ကုမ္ပဏီလီမိတက်က စိုက်ပျိုးထားရှိသောကိုရီးယားမူရင်းမျိုးမြေပဲမျိုးသန့်ထုတ်လုပ်ရေး ဧက ၄၀ စိုက်ကွင်းကိုလည်းကောင်း၊ မြန်မာနိုင်ငံ Alliance Star ကုမ္ပဏီလီမိတက်နှင့် ကိုရီးယားနိုင်ငံ Kukje ကုမ္ပဏီတို့အကြား ပူးပေါင်း ဆောင်ရွက်လျက်ရှိသည့် ပထမအသုတ် ရောက်ရှိလာပြီဖြစ်သော စပါးရိတ်သိမ်းခြွေလှေ့စက်နှင့် လယ်ထွန်စက်များကိုလည်းကောင်း ကြည့်ရှုအားပေးကြသည်။

ထို့နောက် Alliance Star ကုမ္ပဏီလီမိတက်နှင့် ကိုရီးယားနိုင်ငံ Kukje ကုမ္ပဏီတို့အကြား ဒုတိယအသုတ်ရောက်ရှိလာသည့် လယ်ယာသုံး စက်ကိရိယာများ၊ ထွန်စက်ကြီးများ၊ မီနီဘက်ဟိုးများ၊ အငယ်စားမြေတူးစက်များအား ကြည့်ရှုစစ်ဆေးပြီး ရေရှည်ဆက်လက်ပူးပေါင်းဆောင်ရွက်မည့် အစီအစဉ်များနှင့် တတိယအသုတ် ထပ်မံရောက်ရှိလာမည့် စက်ကိရိယာဆိုင်ရာများကုမ္ပဏီများအကြား အပြန်အလှန်တွေ့ဆုံဆွေးနွေးကြသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးနှင့် KOICA အဖွဲ့သည် ပျဉ်းမနားမြို့နယ် အလျဉ်လိုကျေးရွာ တစ်ဆက်တစ်စပ်တည်း ဧက ၄၄၀ စိုက်ကွင်းတွင် ပထမအသုတ်ရောက်ရှိလာခဲ့သော စပါးရိတ်သိမ်းခြွေလှေ့စက်များဖြင့် နွေစပါးရိတ်သိမ်းနေမှုများကို ကြည့်ရှုအားပေးပြီး အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးအေဂျင်စီ KOICA မှ Representative of KOICA Dr.Shin Man Shik က တောင်သူများအား စားသောက်ဖွယ်ရာများကို လက်ဆောင်အဖြစ် ပေးအပ်ကြသည်။

ထိုမှတစ်ဆင့် ဒက္ခိဏသီရိမြို့နယ် ရန်အောင်မြင်ကျေးရွာအနီး တစ်ဆက်တစ်စပ်တည်း ဧက ၃၀၀၀ စက်မှုလယ်ယာ စံပြစိုက်ကွင်းသို့ ရောက်ရှိကြပြီး ကိုရီးယားသမ္မတနိုင်ငံမှ စိုက်ပျိုးရေးပညာရှင်များနှင့်အတူ စိုက်ကွင်းအား သုံးလအတွင်း တိုးတက်အောင် ဆောင်ရွက်နိုင်ခဲ့မှုနှင့် သီးထပ်သီးညှပ် စိုက်ပျိုးဆောင်ရွက်နိုင်မှု၊ ဆက်လက်ဆောင်ရွက်နိုင်မှုများကို လေ့လာပြီး နှစ်ဖက်ညှိနှိုင်းရာတွင် KOICA ဘက်မှ မြန်မာနိုင်ငံ လယ်ယာကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးအတွက် Saemaul Undong Project အရ မြန်မာနိုင်ငံ၏ ကျေးရွာသစ်စီမံကိန်းအတွက် အဆိုပြုခေါင်းစဉ် (၄)ရပ်ဖြင့် ဆောင်ရွက်မည့် Training Centre ကို ၂၀၁၃-၂၀၁၄ တွင် ကျေးရွာသစ်စီမံကိန်း၊ လေ့ကျင့်ရေးဗဟိုဌာန တည်ဆောက်မည့်စီမံကိန်း၊ လေ့ကျင့်ပေးမည့်လုပ်ငန်းများ၊ စတင်ဆောင်ရွက်မည့် စီမံကိန်း၊ ရွှေ့ပြောင်းပထမအဆင့် စီမံကိန်းနှင့် ရေတိုရေရှည်စီမံကိန်းများအားဖြင့် တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးတွင် ပျံ့နှံ့အောင် တိုးချဲ့အကောင်အထည်ဖော်မည့် အစီအစဉ်များကို ဆွေးနွေးကြကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

လွှတ်တော်သို့ လာရောက်လေ့လာကြည့်ရှု

နေပြည်တော် ဩဂုတ် ၆

ပထမအကြိမ် ပြည်ထောင်စုလွှတ်တော် သတ္တမပုံမှန်အစည်းအဝေး (၁၁)ရက်မြောက်နေ့ ကျင်းပနေပုံများကို ရန်ကုန်တိုင်းဒေသကြီး အနောက်ပိုင်းခရိုင်မှ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် အဖွဲ့ဝင် ၁၃၃ ဦးနှင့် The innovative သင်တန်းကျောင်းမှ တာဝန်ခံနှင့် သင်တန်းသား သင်တန်းသူ စုစုပေါင်း ၅၁ ဦးတို့ လာရောက် ကြည့်ရှုလေ့လာခဲ့ကြကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

နိုင်ငံတကာသတင်း

အီဂျစ်နိုင်ငံရေး ကျားကွက်ရွှေ့မှုအဆုံးသတ်ရန် နိုင်ငံတကာထိပ်တန်းသံတမန်များဆွေးနွေး

ကိုင်ရို ဩဂုတ် ၆

အမေရိကန် ဆီးနိတ်လွှတ်တော်အမတ်များဖြစ်သည့် ဂျွန်မက်ကိန်းနှင့် လင်ဆေးဂရာဟမ်တို့သည် အီဂျစ်နိုင်ငံ၏ နိုင်ငံရေး ကျားကွက်ရွှေ့မှုအပေါ် ငြိမ်းချမ်းရေး အဖြေရှာရန် ကူညီနိုင်ရေး ကိုင်ရိုမြို့၌ထိပ်တန်းသံတမန်များ တွေ့ဆုံဆွေးနွေးပွဲသို့ တက်ရောက်ခဲ့ကြောင်း ဩဂုတ် ၆ ရက် ဘီဘီစီသတင်းတွင်ဖော်ပြသည်။

အမေရိကန်နှင့်အီးယူသံတမန်တို့၏ ကြားဝင်စေ့စပ်မှုဖြင့် ဆွေးနွေးအဖြေရှာရန် အမေရိကန်ကာကွယ်ရေးဝန်ကြီး ချွတ်ဟာဂဲလ်က အီဂျစ်စစ်ဦးစီးချုပ်ဗိုလ်ချုပ်ကြီး အဗ္ဗဒူလ်ဖက်တက်ချ်အယ်လ်စီစီကို ဆော်ဩတိုက်တွန်းလိုက်သည်။

အမေရိကန် ဒုတိယနိုင်ငံခြားရေးဝန်ကြီး ဝီလျံဘန်းကလည်း ထောင်တွင်းရှိ မွတ်စလင်ညီနောင်များ ဒုတိယအကြီးအကဲ ခါရက်အယ်လ်ရှာတာထံသို့ သွားရောက်တွေ့ဆုံခဲ့သည်။ အီဂျစ်နိုင်ငံသည် ဇူလိုင် ၃ ရက်က သမ္မတမိုဟာမက်မော်စီအား ဖြုတ်ချခဲ့ပြီးနောက် အကျပ်အတည်းနှင့်ရင်ဆိုင်နေရသည်။ မစ္စတာမော်စီသည် မွတ်စလင် ညီနောင်များ ပါတီအဖွဲ့ဝင်ဖြစ်ပြီး ရာထူးမှ ဖြုတ်ချခံရပြီးနောက် အမည်မသိတစ်နေရာတွင် ဖမ်းဆီးချုပ်နှောင်ခြင်းခံနေရသည်။

ကိုင်ရိုမြို့တွင် မစ္စတာမော်စီ ပြန်လွှတ်ပေးရေး ထောင်ပေါင်းများစွာသော ပြည်သူများကဆန္ဒပြ တောင်းဆိုလျက်ရှိသည်။ မော်စီ ထောက်ခံသူ ၁၀၀ ကျော်မှာ လုံခြုံရေးတပ်ဖွဲ့ဝင်များနှင့် အဓိကရုဏ်းဖြစ်စဉ် သေဆုံးခဲ့ရသည်။ ဇူလိုင် ၂၇ ရက်က ရာဘားအယ်လ်အာဒါဝီယာအနီး ဖြစ်ပွားခဲ့သော အဓိကရုဏ်းတွင် အနည်းဆုံး ၈၀ သေဆုံးခဲ့ရသည်။ **(ဘီဘီစီ)**

ဂျပန်နိုင်ငံအပေါ် အဏုမြူဗုံးကြဲချခဲ့မှု အမေရိကန်ဆုံးဖြတ်ချက်ကို ဗြိတိန်ကအဓိကထောက်ခံခဲ့

လန်ဒန် ဩဂုတ် ၆

ဒုတိယကမ္ဘာစစ်အဆုံးသတ်ရန် အမေရိကန်က ဂျပန်နိုင်ငံ၏ အဓိကမြို့များဖြစ်သည့် နာဂါဆာကီနှင့် ဟီရိုရှီးမားမြို့များကို အဏုမြူဗုံးကြဲချရန် ဆုံးဖြတ်ရာတွင် ဗြိတိန်နိုင်ငံက အဓိကထောက်ခံခဲ့ကြောင်း ထိပ်တန်းလျှို့ဝှက်မှတ်တမ်းတစ်ရပ်တွင် ဖော်ပြထားသည်ဟု ဩဂုတ် ၆ ရက်က ပရက်စ်တီဗွီသတင်း၌ ဖော်ပြသည်။

နှစ်ပေါင်း ၇၀ ခန့်ကြာပြီးနောက် အမေရိကန်အစိုးရ မှတ်တမ်းထိန်းဌာနက မှတ်တမ်းအမျိုးအစားများ ခွဲခြားသတ်မှတ်ရာတွင် လန်ဒန်က အမေရိကန်အဏုမြူဗုံးကြဲရာ၌ အဓိကထောက်ခံခဲ့ကြောင်း၊ ဗြိတိန်သည် အမေရိကန်၏ အဓိကမဟာမိတ်ဖြစ်ခဲ့ကြောင်း သတင်းတွင် ဖော်ပြထားသည်။

၁၉၄၅ ခုနှစ် ဩဂုတ် ၆ ရက်နှင့်၉ရက်တို့တွင် ကြဲချခဲ့သည့် အဏုမြူဗုံးတိုက်ခိုက်မှုများကြောင့် အရပ်သား ၂၅၀၀၀၀ သေဆုံးခဲ့ရသည်။

ယင်းဗုံးများ မကြဲချမီ တစ်လအလိုတွင် ဗြိတိန်က အမေရိကန်ကို ထောက်ခံခဲ့ကြောင်း တရားဝင်ထုတ်ဖော်ပြောကြားခဲ့သည်။ **(ပရက်စ်တီဗွီ)**

ဝါရှင်တန်ပို့စ်သတင်းစာ ဒေါ်လာ သန်း ၂၅၀ ဖြင့်ရောင်း

ဝါရှင်တန် ဩဂုတ် ၆

အမေရိကန်နိုင်ငံ၏ နည်းပညာ ကုမ္ပဏီကြီးတစ်ခုဖြစ်သော အမာဇွန် အမှုဆောင်အကြီးအကဲ ဂျက်ဖ်ဘီဇော့စ်က ဝါရှင်တန်ပို့စ်သတင်းစာကို အမေရိကန်ဒေါ်လာ သန်း ၂၅၀ ဖြင့် ဝယ်ယူလိုက်ကြောင်း ဩဂုတ် ၆ ရက်က ဘီဘီစီသတင်းတွင် ဖော်ပြသည်။ ဝါရှင်တန်ပို့စ်သတင်းစာသည် ဂရာဟမ်မိသားစုက နှစ် ၈၀ ကြာ ပိုင်ဆိုင်ထားခဲ့သော သတင်းစာဖြစ်သည်။ အခြားသော ပိုင်ရှင်အသစ်လက်ထဲတွင် ပိုမိုကောင်းမွန်သော အနေအထားများနှင့် တွေ့ရနိုင်ကြောင်း ဝါရှင်တန်ပို့စ် အမှုဆောင်အကြီးအကဲ ဒေါ်နယ်ဂရာဟမ်းက ပြောသည်။ **(ဘီဘီစီ)**

တရားရုံးအတွင်း ဝင်ရောက်ရန်ကြိုးစားသော သတင်းထောက်ကို လုံခြုံရေးအဖွဲ့ ဟန့်တားထားစဉ်။

တူရကီအစိုးရကို ဖြုတ်ချရန် ကြိုးပမ်းမှု ဗိုလ်ချုပ်ကြီးဟောင်း ထောင်ဒဏ်တစ်သက်ချမှတ်

အစ္စတန်ဘူလ် ဩဂုတ် ၆

အစိုးရကိုဖြုတ်ချရန် ကြိုးပမ်းမှုဖြင့် တူရကီစစ်ဦးစီးချုပ်ဟောင်းအား ထောင်ဒဏ် တစ်သက်တစ်ကျွန်း ချမှတ်လိုက်ကြောင်း ဩဂုတ် ၆ ရက် ဘီဘီစီ သတင်းတွင်ဖော်ပြသည်။

စစ်ဘက်အရာရှိများ၊ ရှေ့နေများ၊ စာရေးဆရာနှင့် သတင်းထောက်များအပါအဝင် လူပေါင်းများစွာတို့ကို ငါးနှစ်ကြာစစ်ဆေးခဲ့ပြီးနောက် ယင်းကဲ့သို့ ထောင်ဒဏ်ချမှတ်လိုက်ခြင်းဖြစ်သည်ဟု ဆိုသည်။

ဗိုလ်ချုပ်ကြီး အီကာဘက်စ်ဘတ်အား အာဂျင်နက်ကွန်းဟု ခေါ်ဆိုသော ကွန်ရက်အတွင်းပါဝင်သော လူဒါဇင်ပေါင်းများစွာနှင့်အတူ ပြစ်ဒဏ်စီရင်ခြင်းခံရသည်။ ယင်းကဲ့သို့ဆောင်ရွက်ခြင်းမှာ တူရကီဝန်ကြီးချုပ် ရေးဆက်တေရစ်အာဒိုဂန်က သူ၏ အဓိကရန်သူများအား ရှင်းလင်းဖယ်ရှားလိုက်ခြင်းဖြစ်ကြောင်းလည်း ဝေဖန် ပြောကြားခဲ့သည်။

ဦးဆောင်ခဲ့သူ

ဗိုလ်ချုပ်ကြီး ဘက်စ်ဘတ်သည် ၂၀၀၈ ခုနှစ်မှ ၂၀၁၀ ခုနှစ်အတွင်း စစ်တပ်ကို ဦးဆောင်ခဲ့သူဖြစ်သည်။ ၎င်းနှင့်အတူ အနည်းဆုံး ဗိုလ်ချုပ်ကြီး ငါးဦးကိုလည်း ဩဂုတ် ၅ ရက်က ထောင်ဒဏ် တစ်သက်တစ်ကျွန်း စီရင်ခဲ့ပြီးနောက် အစ္စတန်ဘူလ်မြို့ အနောက်ပိုင်း အထူးအကျဉ်းစခန်း၌ အကျဉ်းချထားလိုက်ကြောင်း သိရသည်။ **(ဘီဘီစီ)**

သံတမန်ဆက်ဆံရေးတင်းမာနေသည့် စပိန်နှင့်ဗြိတိန်ကြား မြေပြုရာကင်းမှောင့်စေမည့် နယ်စပ်ဝင်ကြေး စပိန်က ကောက်ခံမည်ဆို

လန်ဒန် ဩဂုတ် ၆

စပိန်နိုင်ငံက ဂျီဘရော်လ်တာနယ်စပ်တွင် ဝင်ကြေးကောက်ခံတော့မည် ဆိုခြင်းနှင့် ဗြိတိန်လေယာဉ်များ ဝေဟင်ပိုင်နက် ဖြတ်သန်းမှုတို့ကို ပိတ်ပင်ဖွယ်ရှိသည်ဆိုလာခြင်းကြောင့် ဗြိတိန်ဝန်ကြီးချုပ် ဒေးဗစ်ကင်မရွန်းအနေဖြင့် အလွန်စိုးရိမ်ကြောင့်ကြဖြစ်နေရကြောင်း ပြောရေးဆိုခွင့်ရှိသူက ဩဂုတ် ၅ ရက်တွင် ပြောကြားခဲ့သည်။

ဩဂုတ် ၄ ရက်က ပြုလုပ်သော အင်တာဗျူးတစ်ခု၌ စပိန်နိုင်ငံခြားရေးဝန်ကြီး ဂျိုဆေးမန်နျူရယ်ဂါစီယာ မာဂယ်လိုက နယ်စပ်ဝင်ကြေးကို ယူရို ၅၀ ကောက်ခံသွားဖို့သုံးသပ်လျက်ရှိကြောင်း၊ ယင်းနည်းတူစွာပင် ဂျီဘရော်လ်တာဒေသတွင် နေထိုင်သူများကိုလည်း စပိန်နိုင်ငံအတွင်း ပိုင်ဆိုင်မှုဥစ္စာ ပစ္စည်းများအပေါ် အခွန်အတုပ်စည်းကြပ်ရေးစုံစမ်းမှုများ ပြုလုပ်သွားရန်လည်း စဉ်းစားနေပြီဖြစ်ကြောင်း ဖြေကြားလိုက်သည်။

စပိန်တောင်ဘက်စွန်းဒေသ ဂျီဘရော်လ်တာနယ်မြေတွင် ဗြိတိန်၏ ရာစုသုံးခုကြာ အုပ်စိုးထားမှုကို စပိန်နိုင်ငံက ငြင်းဆန်ကန့်ကွက်သည်။ ယင်းဂျီဘရော်လ်တာနယ်စပ်သည် ကမ်းလွန်ဘဏ်လုပ်ငန်း၊ အင်တာနက်လောင်းကစားကုမ္ပဏီများနှင့် ခရီးသွားလုပ်ငန်းများဖြင့် စီးပွားရေးလမ်းဖြောင့်နေပြီး နေထိုင်သူ ၃၀၀၀၀ နီးပါးရှိသည်။

ဂျီဘရော်လ်တာနယ်ဘက်မှလာသော လှေများက ငါးဖမ်းလုပ်ငန်းအတွက် သန္တာကျောက်တန်းတုပြုလုပ်ရန် ဘလောက်တုံးများ မြေထဲပင်လယ်ဝတွင် စုပုံပစ်ချပြီးနောက်ပိုင်း စပိန်နှင့်ဗြိတိန်ကြား သံတမန်ဆက်ဆံရေး တင်းမာခဲ့သည်။ ယင်းကျောက်တန်းတုက ငါးဖမ်းလှေများ အဝင်အထွက်ကို ပိတ်ဆို့မှုဖြစ်စေနိုင်သည်ဟု စပိန်ဘက်က ပြောကြားခဲ့သည်။ **(ရိုက်တာ)**

" အောင်ချမ်းသာဗုဒ္ဓဂယာဘုရားဖူးအဖွဲ့ "

[illegible]

(၁) ၃၀-၉-၂၀၁၃ (၅) ၂၅-၁၁-၂၀၁၃ (၉) ၂၀-၁-၂၀၁၄ (၁၃) ၁၇-၃-၂၀၁၄
(၂) ၁၄-၁၀-၂၀၁၃ (၆) ၉-၁၂-၂၀၁၃ (၁၀) ၃-၂-၂၀၁၄ (၁၄) ၃၁-၃-၂၀၁၄
(၃) ၂၈-၁၀-၂၀၁၃ (၇) ၂၃-၁၂-၂၀၁၃ (၁၁) ၁၇-၂-၂၀၁၄ (၁၅) ၁၄-၄-၂၀၁၄
(၄) ၁၁-၁၁-၂၀၁၃ (၈) ၆-၁-၂၀၁၄ (၁၂) ၃-၃-၂၀၁၄

[illegible] Power Palace Hotel [illegible]

လွှတ်တော်ရေးရာကဏ္ဍ

ပြည်ထောင်စုလွှတ်တော်နာယက၊ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်း တိုင်းရင်းသားလူမျိုးများ၏ အခွင့်အရေးကာကွယ်စောင့်ရှောက်သည့် ဥပဒေကြမ်းနှင့်စပ်လျဉ်း၍ ပဏ္ဍာမတွေ့ဆုံရှင်းလင်းခြင်းနှင့် Federal အကြောင်း စာတမ်းဖတ်ကြားတင်ပြခြင်း အခမ်းအနားတက်ရောက်

နေပြည်တော် ဩဂုတ် ၆

"တိုင်းရင်းသားလူမျိုးများ၏ အခွင့်အရေးကာကွယ်စောင့်ရှောက်သည့် ဥပဒေကြမ်း"နှင့် စပ်လျဉ်း၍ ပြည်ထောင်စုလွှတ်တော် နာယက၊ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်းနှင့် တိုင်းရင်းသားလွှတ်တော်ကိုယ်စားလှယ်များ ပဏ္ဍာမတွေ့ဆုံရှင်းလင်းခြင်းနှင့် Federal အကြောင်း စာတမ်းဖတ်ကြား တင်ပြခြင်းအခမ်းအနားကို ယနေ့နံနက် ၈ နာရီခွဲတွင် နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံ သဘင်ဆောင်ခန်းမ၌ ကျင်းပသည်။

အခမ်းအနားသို့ ပြည်ထောင်စုလွှတ်တော်နာယက၊ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌသူရဦးရွှေမန်း၊ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ ဦးခင်အောင်မြင့်၊ ပြည်ထောင်စုတရားသူကြီးချုပ် ဦးထွန်းထွန်းဦး၊ ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ ခုံရုံးဥက္ကဋ္ဌ ဦးမြသိန်း၊ ပြည်သူ့လွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးနန္ဒကျော်စွာ၊ အမျိုးသားလွှတ်တော်ဒုတိယဥက္ကဋ္ဌ ဦးမြညိမ်း၊ ပြည်ထောင်စုဝန်ကြီးများ၊ ပြည်ထောင်စုရှေ့နေချုပ်၊ ပြည်ထောင်စုလွှတ်တော် ကိုယ်စားလှယ်များနှင့် ဖိတ်ကြားထားသူများတက်ရောက်ကြသည်။

ရှေ့ဦးစွာ ပြည်ထောင်စုလွှတ်တော် နာယက၊ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်းနှင့် အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ ဦးခင်အောင်မြင့်တို့က အမှာစကားပြောကြားကြပြီး ပြည်သူ့လွှတ်တော် ဥပဒေကြမ်းကော်မတီဥက္ကဋ္ဌ ဦးတီခွန်မြတ်က "တိုင်းရင်းသားလူမျိုးများ၏ အခွင့်အရေးကာကွယ်စောင့်ရှောက်သည့် ဥပဒေကြမ်း"နှင့် စပ်လျဉ်း၍ ပြင်ဆင်ထားရှိမှုကို ရှင်းလင်းတင်ပြသည်။

စာတမ်းဖတ်ကြား

ထို့နောက် ပြည်သူ့လွှတ်တော်၊ ဥပဒေရေးရာနှင့် အထူးကိစ္စရပ်များ လေ့လာဆန်းစစ်သုံးသပ်ရေးကော်မရှင် အဖွဲ့ဝင် ဦးဝင်းမြင့်နှင့် ဦးဝင်းသိမ်း၊ အမျိုးသားလွှတ်တော်ဘဏ္ဍာရေးနှင့် ဥပဒေရေးရာကော်မရှင်အဖွဲ့ဝင် ဦးကျော်ဝင်းတို့က Federal အကြောင်း စာတမ်းဖတ်ကြားတင်ပြကြသည်။

ယင်းနောက် ပြည်ထောင်စုလွှတ်တော် နာယက၊ ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌ သူရဦးရွှေမန်းက အကြံပြုဆွေးနွေး တင်ပြချက်များအပေါ် ပြန်လည်သုံးသပ်ရှင်းလင်းပြောကြားခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

✽ ပြည်ထောင်စုလွှတ်တော်မှ

ပြည်ထောင်စုစာရင်းစစ်ချုပ် ဦးသိန်းထိုက်က ရှင်းလင်းဆွေးနွေးရာတွင် ပြည်သူ့ငွေစာရင်း ပူးပေါင်းကော်မတီ၏ အစီရင်ခံစာ(၁/၂၀၁၃)ပါစာပိုဒ် ၃၈၊ ၄၀၊ ၄၁၊ ၄၄၊ ၄၅ နှင့် ၄၆ ပါသုံးသပ်ဖော်ပြချက်များသည် လက်တွေ့အခြေအနေမှန်များ၊ တည်ဆဲဥပဒေနှင့်အညီဆောင်ရွက်မှုများ၊ တည်ဆဲဘဏ္ဍာရေးစည်းမျဉ်းများနှင့်အညီဆောင်ရွက်မှုများနှင့်ပတ်သက်သော ခိုင်လုံသည့် အထောက်အထားများ၊ အချက်အလက်များကို ပြည့်စုံစွာရယူခဲ့ခြင်းမရှိ၊ မျှတမှန်ကန်စွာထုတ်ဖော်ပြနိုင်ခြင်းမရှိသော သုံးသပ်ချက်များသာဖြစ်သည်ဟု ထင်မြင်ယူဆမိပါကြောင်း။

ပြည်ထောင်စု၏ဘဏ္ဍာငွေအရအသုံးဆိုင်ရာ ဥပဒေပါပြဋ္ဌာန်းချက်များအရ လွတ်လပ်စွာစာရင်းစစ်ဆေးမှုများကို နိုင်ငံတကာစာရင်းကိုင်၊ စာရင်းစစ်စံနှုန်းများအတိုင်းစစ်ဆေးခြင်း၊ တွေ့ရှိချက်များကို အပြုသဘောဆောင် ထောက်ပြခြင်း၊ ပြင်ဆင်စေခြင်း၊ ပြုပြင်စေခြင်း၊ လုပ်ဆောင်မှုများအားလုံးကို ဥပဒေသတ်မှတ်ချက်အတိုင်း တင်ပြခြင်းတို့ကို ပီပြင်စွာဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ရှင်းလင်းသည်။

ယင်းနောက် ပြည်ထောင်စုလွှတ်တော်နာယက သူရဦးရွှေမန်းက သုံးသပ်ပြောကြားရာတွင် ယနေ့ဆွေးနွေးသွားသည့် သတ္တုတွင်းဥပဒေနှင့် ပတ်သက်၍ ပြည်ထောင်စုလွှတ်တော်က ပြန်လည်သုံးသပ်ပြီး ပြင်ဆင်ပြဋ္ဌာန်းနိုင်ခွင့်ရှိပါကြောင်း။

ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ ၉၇ (က)တွင် ဖော်ပြထားသည်မှာ ပြည်ထောင်စုလွှတ်တော်သည် ဥပဒေတစ်ရပ် ပြဋ္ဌာန်းသည့်အခါ (၁)ဖွဲ့စည်းပုံအခြေခံဥပဒေအရ ဖွဲ့စည်းသည့် ပြည်ထောင်စုအဆင့်အဖွဲ့အစည်းတစ်ရပ်အား ယင်းဥပဒေနှင့်သက်ဆိုင်သည့် နည်းဥပဒေ၊ စည်းမျဉ်းနှင့်စည်းကမ်းများ ထုတ်ပြန်ခွင့်ကို အပ်နှင်းနိုင်သည်၊ (၂) သက်ဆိုင်ရာ အဖွဲ့အစည်း သို့မဟုတ် အာဏာပိုင်အား ယင်းဥပဒေနှင့် သက်ဆိုင်သည့် အမိန့်ကြော်ငြာစာ၊ အမိန့်၊ ညွှန်ကြားချက်နှင့် လုပ်ထုံးလုပ်နည်းများ ထုတ်ပြန်ခွင့်ကို အပ်နှင်းနိုင်သည်ဟု ပြဋ္ဌာန်းထားပါကြောင်း။

သက်ဆိုင်ရာ ပြည်ထောင်စုအဆင့်များက ထပ်ဆင့်ထုတ်ပြန်ထားသည့် ဥပဒေ၊ နည်းဥပဒေ၊ လုပ်ထုံးလုပ်နည်း၊ အမိန့်ကြော်ငြာစာ၊ ညွှန်ကြားချက်များ အတိုင်း ဥပဒေနှင့်မညီညွတ်ပါက ဥပဒေအစမှအဆုံးအထိ ပြည်ထောင်စုလွှတ်တော်က ထုတ်ဆင့်ပိုင်ခွင့်ရှိကြောင်းသိရှိပြီး လိုအပ်သည့်အခါ ယင်းသို့ ဆက်လက်ဆောင်ရွက်ရန် လိုပါကြောင်း။

ယနေ့ အပြန်အလှန်ဆွေးနွေးမှုများသည် ဒီမိုကရေစီ၏ အနှစ်သာရကို ဖော်ဆောင်သကဲ့သို့ တစ်ဖက်ကလည်း လွှတ်တော်၏တာဝန်၊ ပြည်ထောင်စုအဆင့်အဖွဲ့အစည်းများ၏တာဝန်၊ တစ်နည်းအားဖြင့် ဥပဒေပြုရေး၊ အုပ်ချုပ်ရေး၊ တရားစီရင်ရေးအဖွဲ့အစည်းများသည် တတ်နိုင်သမျှ ပိုင်းခြားသုံးစွဲရမည်၊ တစ်ဖန် အချင်းချင်း အပြန်အလှန် ထိန်းကျောင်းရမည်ဖြစ်ပါကြောင်း။

မိမိရရှိခဲ့သည့် ဗဟုသုတတစ်ခုကို ပြန်လည်တင်ပြလိုပါကြောင်း၊ စာရင်းစစ်အဖွဲ့များသည် ပြည်သူများကိုကိုယ်စားပြုပြီး ပြည်သူ့ဘဏ္ဍာများ စနစ်တကျသုံးစွဲရန် အဓိကတာဝန်ယူရသည့် အဖွဲ့အစည်းဖြစ်သည်ဟု ယေဘုယျအားဖြင့် ပြောလိုပါကြောင်း၊ ရုရှားနိုင်ငံတွင် အောက်လွှတ်တော်ခေါ်သော စတိတ်ဒူးမားရှိပြီး အထက်လွှတ်တော်ခေါ် ဖက်ဒရေးရှင်းကောင်စီ ရှိပါကြောင်း။

ယင်းနိုင်ငံတွင် စာရင်းစစ်ချုပ်ကို စတိတ်ဒူးမားက တာဝန်ပေးခန့်အပ်ပါကြောင်း၊ ဒုတိယစာရင်းစစ်ချုပ်ကို ဖက်ဒရေးရှင်းကောင်စီက ခန့်အပ်ပါကြောင်း၊ စာရင်းစစ်များသည် သီးခြားလွတ်လပ်ပြီး မည်သည့်အဖွဲ့အစည်း၏

ပြည်ထောင်စု ဝန်ကြီး ဒေါက်တာမြင့်အောင် ပြန်လည်ရှင်းလင်းစဉ်။ (သတင်းစဉ်)

ပြည်ကြီးတံခွန်မဲဆန္ဒနယ်မှ ဦးမောင်ကို ဆွေးနွေးစဉ်။ (သတင်းစဉ်)

အောက်တွင်မှ မရှိဘဲ ပြည်သူများကို ကိုယ်စားပြုပြီးဖွဲ့စည်းထားခြင်းဖြစ်ပါကြောင်း၊ ထို့နည်းတူ ဗဟိုဘဏ်ဥက္ကဋ္ဌကို စတိတ်ဒူးမားက ခန့်အပ်တာဝန်ပေးအပ်ပြီး ဒုတိယဥက္ကဋ္ဌကို ဖက်ဒရေးရှင်းကောင်စီက ခန့်ပါကြောင်း။

ငွေရေးကြေးရေးနှင့် ပတ်သက်ပြီး အဖွဲ့အစည်းတစ်ခုအောက်တွင်ထားမည်ဆိုလျှင် အခြားမလိုလားအပ်သော ပြဿနာဖြစ်နိုင်ပါကြောင်း၊ သီးခြားလွတ်လပ်သော အဖွဲ့အစည်းထားပြီး ယင်းကိုပြည်သူများကိုယ်စားပြုသည့် မိမိတို့နိုင်ငံတွင် ပြည်ထောင်စုလွှတ်တော်၊ ရုရှားနိုင်ငံတွင် နှစ်ရပ်ပေါင်းဖွဲ့စည်းပြီးလုပ်သည့် လွှတ်တော်ဆွေးနွေးပွဲများမရှိပါကြောင်း၊ တစ်ဖွဲ့ချင်းစီသာ ဆွေးနွေးခွင့်ပြုပါကြောင်း။

သို့ရာတွင် နိုင်ငံတော်သမ္မတက လိုအပ်၍ လွှတ်တော်ခေါ်ပေးရန်၊ သို့မဟုတ် စကားပြောချင်သည်ဆိုပါက လွှတ်တော်ခေါ်ပေးရသည့် အချိန်မှလွဲပြီး သို့မဟုတ် နိုင်ငံခြားဧည့်သည်တစ်ဦးကစကားပြောချင်၍ စကားပြောခွင့်ပြုသည့် အချိန်ကလွဲ၍ အောက်လွှတ်တော်နှင့် အထက်လွှတ်တော်ပေါင်းပြီး အစည်းအဝေးထိုင်ခြင်းမရှိပါကြောင်း၊ ကျန်သည့်အချိန်တွင် သီးခြားလွှတ်တော်၏ လုပ်ငန်းများကို Check and Balance ဖြစ်အောင် လွှတ်တော်အချင်းချင်းလည်း Check and Balance ရှိအောင်၊ ထို့အတူ အုပ်ချုပ်ရေးအဖွဲ့၊ တရားစီရင်ရေးအဖွဲ့ Check and Balance ဖြစ်အောင် ဆောင်ရွက်နေခြင်းလည်း ရှိပါကြောင်း။

ထို့ကြောင့် စာရင်းစစ်အဖွဲ့သည် ပြည်သူ့ဘဏ္ဍာကို မှန်မှန်ကန်ကန်၊ သက်ဆိုင်ရာ အဖွဲ့အစည်းများသုံးသည့်အခါတွင်လည်း မှန်မှန်ကန်ကန်သုံးရန်၊ မှားယွင်းစွာ မသုံးရန်တို့အတွက် အဓိကစစ်ဆေးတာဝန်ယူရသည့်အဖွဲ့ဖြစ်သကဲ့သို့ ယနေ့ စာရင်းစစ်ချုပ်သည်လည်း ၎င်း၏တာဝန်အရ ပြည်သူ့ဘဏ္ဍာများရရှိရန်တွေ့ရှိချက်များအပေါ် မူတည်ပြီး ကန့်ကွက်ပြောဆိုခြင်းဖြစ်သည်ဟု ယူဆပါကြောင်း။

ယနေ့ ဆွေးနွေးမှုများသည် လွန်စွာအသက်ဝင်ပြီး ဒီမိုကရေစီစနစ်ကိုဖော်ဆောင်ရာတွင် ကြုံဆိုရမည့်ကိစ္စဖြစ်ပါကြောင်း၊ ယခုကဲ့သို့ပွင့်လင်းမြင်သာမှုရှိအောင် ဆောင်ရွက်ပြီးသည့်အခါ မိမိ၏လုပ်ငန်း၊ မိမိ၏တာဝန်များကို တာဝန်ခံပြီးဆောင်ရွက်ရမည်ဖြစ်ပါကြောင်း၊ထို့ကြောင့် ပြည်သူ့ငွေစာရင်းပူးပေါင်းကော်မတီသည်လည်း မိမိ၏လုပ်ငန်းတာဝန်များကို ထမ်းဆောင်ပြီး ပြည်ထောင်စုလွှတ်တော်သို့ တင်ပြခဲ့ခြင်းဖြစ်သကဲ့သို့ သတ္တုတွင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးနှင့်ပြည်ထောင်စုစာရင်းစစ်ချုပ်တို့သည်လည်း မိမိတို့၏ တာဝန်ကို ထမ်းဆောင်ပြီး ပြည်ထောင်စုလွှတ်တော်သို့ တင်ပြခဲ့ခြင်းဖြစ်ပါကြောင်း၊ ထိုသို့ဆောင်ရွက်သည့်နေရာတွင် ဤကာလမှာ စာရင်းစစ်ချုပ်တာဝန်ယူသည့်ကာလက ဖြစ်ပွားခဲ့ခြင်း မဟုတ်ဘဲ ပြီးခဲ့သည့် သတ္တုတွင်းဝန်ကြီးဌာန ၂၀၀၈ ခုနှစ်၏ ဟိုဘက်ပိုင်းကဖြစ်ခဲ့သည့် ကိစ္စများဖြစ်၍ ယင်းကိစ္စကို ပြန်လည်သုံးသပ်ပြီး ဆောင်ရွက်ရန်ရှိပါကြောင်း သုံးသပ်ပြောကြားသည်။

ပြည်ထောင်စုလွှတ်တော် သတ္တမပုံမှန်အစည်းအဝေး (၁၂)ရက်မြောက် နေ့ကို ဩဂုတ် ၈ ရက် နံနက် ၁၀ နာရီတွင် ကျင်းပမည်ဖြစ်ကြောင်း သိရှိရသည်။ **(သတင်းစဉ်)**

ဆွစ်ဇာလန်အမျိုးသားနေ့

ဩဂုတ် ၆ရက်က ဆွစ်ဇာလန်နိုင်ငံ အမျိုးသားနေ့ အထိမ်းအမှတ် ဧည့်ခံပွဲအခမ်းအနား တက်ရောက်လာသော နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးသန့်ကျော်အား မြန်မာနိုင်ငံဆိုင်ရာ ဆွစ်ဇာလန်နိုင်ငံ သံအမတ်ကြီး H.E. Mr. Christoph BURGENER ဆီဒိုးနားဟိုတယ်၌ ကြိုဆိုနှုတ်ဆက်စဉ်။ (သတင်းစဉ်)

စာပေမြင့်မှ လူမျိုးတင့်မည်

ဇေယျာသီရိမြို့နယ် ရေဆင်းကျေးရွာ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းပိုင် မူလတန်းကြိုကျောင်းဖွင့်

နေပြည်တော် ဩဂုတ် ၆

မြန်မာနိုင်ငံ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းက ကြီးမှူး၍ တည်ဆောက်ပြီးစီးခဲ့သော ဇေယျာသီရိမြို့နယ် ရေဆင်းကျေးရွာ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းပိုင် မူလတန်းကြိုကျောင်းဖွင့်ပွဲအခမ်းအနားကို ဩဂုတ် ၅ ရက် နံနက် ၁၀ နာရီက အဆိုပါကျေးရွာ၌ ဖွင့်လှစ်သည်။

အခမ်းအနားသို့ မြန်မာနိုင်ငံ မိခင်နှင့် ကလေးစောင့်ရှောက်ရေး အသင်းဥက္ကဋ္ဌ ဒေါက်တာမွန်မွန်အောင်၊ ဒုတိယဥက္ကဋ္ဌ ဒေါ်ခင်သန်းဝင်း၊ ဒုတိယဥက္ကဋ္ဌ ဒေါ်သက်သက်ဆွေနှင့် ဗဟိုအလုပ်အမှုဆောင်အဖွဲ့ဝင်များ၊ နေပြည်တော်ကောင်စီ မိခင်နှင့်ကလေးစောင့်ရှောက်မှုကြီးကြပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဒေါ်အေးအေးစန်းနှင့် အဖွဲ့ဝင်များ၊ ခရိုင်မိခင်နှင့်ကလေးစောင့်ရှောက်မှု ကြီးကြပ်ရေးအဖွဲ့ ဥက္ကဋ္ဌ၊ ဇေယျာသီရိမြို့နယ် မိခင်နှင့်ကလေးစောင့်ရှောက်ရေး အသင်းဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များ၊ နေပြည်တော်ကောင်စီနယ်မြေအတွင်းရှိ မြို့နယ်များမှ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း ဥက္ကဋ္ဌများ၊ ရပ်မိရပ်ဖများ၊ နှင့် ကျောင်းသားမိဘများတက်ရောက်ကြသည်။

အဆိုပါ အခမ်းအနားတွင် မြန်မာနိုင်ငံမိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်းဥက္ကဋ္ဌ၊ နေပြည်တော်ကောင်စီ မိခင်နှင့်ကလေးစောင့်ရှောက်မှုကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌနှင့် ဇေယျာသီရိမြို့နယ်မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဥက္ကဋ္ဌတို့က မူလတန်းကြိုကျောင်းကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးသည်။ **(ယာပုံ)**

ဆက်လက်၍ မြန်မာနိုင်ငံမိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်း ဥက္ကဋ္ဌ ဒေါက်တာမွန်မွန်အောင်က မူကြိုကျောင်းဖွင့်လှစ်ရခြင်း၏ ရည်ရွယ်ချက်များနှင့် မြန်မာနိုင်ငံ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း၏ လုပ်ငန်းဆောင်ရွက်ချက်များကို ရှင်းလင်းပြောကြားသည်။ ထို့နောက် ခရိုင်မိခင်နှင့်ကလေးစောင့်ရှောက်မှု ကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌက ကျောင်းဆောင်သစ်ဆောက်လုပ်ရာတွင် လှူဒါန်းခဲ့သည့် အလှူရှင်များအား ဂုဏ်ပြုမှတ်တမ်းလွှာများ ပေးအပ်သည်။ ဇေယျာသီရိမြို့နယ် မိခင်နှင့်ကလေးစောင့်ရှောက်ရေး အသင်းဥက္ကဋ္ဌ ဒေါ်လှလှဝင်းက အဆိုပါမူကြိုကျောင်း ဖြစ်မြောက်ရေးအတွက် ကြီးမှူးဆောင်ရွက်ပေးသော မြန်မာနိုင်ငံ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းကို ကျေးဇူးတင်စကား ပြန်လည်ပြောကြားခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ဆောင်းပါးနှင့်ပြည်တွင်းသတင်း

အင်္ဂလိပ်စာသင်ကြားမှုထိရောက်ရေး

ပါမောက္ခ မင်းဓာတု

အင်္ဂလိပ်စာကောင်းစွာတတ်မြောက်ရေးသည် မြန်မာနိုင်ငံတွင် တစ်နေ့တခြား ပိုမိုအရေးပါလျက်ရှိနေပါသည်။ ထိုအခြေအနေမျိုးတွင် အင်္ဂလိပ်စာကောင်းစွာတတ်မြောက်သူများ ရှားပါးလာကြောင်းကို အင်္ဂလိပ်လိုထုတ်ဝေသော သတင်းစာနှင့်မဂ္ဂဇင်းများ စောင်ရေကျဆင်းနေခြင်းက သက်သေခံလျက်ရှိသည်။ မြန်မာစာဖြင့်ထုတ်ဝေသော သတင်းစာ၊ ဂျာနယ်၊ မဂ္ဂဇင်းများ တစ်နေ့တခြားပလူပျံလာသလို အင်္ဂလိပ်စာဖြင့်ထုတ်ဝေသော သတင်းစာ၊ ဂျာနယ်၊ မဂ္ဂဇင်းများမှာမူ ကြက်ပျောက်ငှက်ပျောက်ဆိုသလို ဖြစ်ကုန်ကြပါပြီ။

စာရေးသူ တက္ကသိုလ်ဝင်တန်းအောင်သောအချိန် ၁၉၅၅ ခုနှစ်တွင် အင်္ဂလိပ်သတင်းစာများကို ဖတ်တတ်ခဲ့သည်။ နားလည်နိုင်ခဲ့ပြီဖြစ်သည်။ ထိုစဉ်က အင်္ဂလိပ်သတင်းစာကြီး The Nation နှင့် အင်္ဂလိပ်သတင်းစာငယ် The New Light of Burma ဟူ၍ နှစ်စောင်ရှိပြီး စောင်ရေများစွာ ရောင်းချနိုင်ခဲ့ကြသည်။ ထိုစဉ်က မြန်မာနိုင်ငံလူဦးရေမှာ ယခုလူဦးရေ၏ တစ်ဝက်ခန့်ပင်မရှိသေးပါ။ The Times, Newsweekနှင့် Readers'Digest မဂ္ဂဇင်းများအရောင်းတွင်ကျယ်ခဲ့ပါသည်။ ထိုစဉ်က အရှေ့တောင်အာရှနိုင်ငံများတွင် မြန်မာများက အင်္ဂလိပ်စာ အတတ်မြောက်ဆုံးဖြစ်ကြောင်း နိုင်ငံတကာအစည်းအဝေးများ၊ Forum များတွင်လည်း မြန်မာများက ထိပ်တန်းမှ ဆွေးနွေးသူများ၊ သဘာပတိများ၊ အခမ်းအနားမှူးများဖြစ်ခဲ့ကြောင်း၊ အချို့သောနိုင်ငံများမှ ကိုယ်စားလှယ်များက ၎င်းတို့အလှည့်ကို မြန်မာများအား ထိုးအပ်ခဲ့ကြရကြောင်းကို ကျန်းမာရေးဒုတိယဝန်ကြီးဖြစ်ခဲ့ဖူးသူ ဦးကျော်ခင်က စာရေးသူကို ပြောကြားခဲ့ဖူးပါသည်။ ထိုသို့ ပြောကြားချိန်တွင် ၎င်းမှာ ဒုဝန်ကြီးမဖြစ်သေးပါ။ ဆေးတက္ကသိုလ်(၁) မော်ကွန်းထိန်းဘဝတွင် ပြောကြားခဲ့ခြင်းဖြစ်ပြီး စာရေးသူက သရုပ်ပြဆရာတစ်ဦးပါ။ ဦးကျော်ခင်သည် အင်္ဂလိပ်စာလွန်စွာကျွမ်းကျင်သူဖြစ်ပြီးForum များစွာ တက်ရောက်ခဲ့ဖူးသူလည်း ဖြစ်ပါသည်။

မြန်မာလူမျိုးတွေအဘယ်ကြောင့် ထိုစဉ်က အင်္ဂလိပ်စာကို ထူးချွန်စွာ ကျွမ်းကျင်တတ်မြောက်ခဲ့ကြပါသနည်း။ ဆရာ ဆရာမများအရည်အချင်း ပြည့်ဝကြသည်။ ပြဋ္ဌာန်းစာအုပ်များ (Text Books) အဆင့်မြင့်သည်။ Grammer ခေါ် သဒ္ဒါကိုသင်ပေးသည်။ သင်ကြားပုံစနစ်ကောင်းမွန်ပြီး စာမေးပွဲစနစ်လည်း ကောင်းမွန်သည်ဟု သုံးသပ်ချင်ပါသည်။ ထိုစဉ်က အခြေအနေမျိုး၊ စနစ်မျိုးကို ပြန်လည်ရောက်ရှိရန် ဝိုင်းဝန်းကြိုးစားပေးကြလျှင် အင်္ဂလိပ်စာကောင်းမွန်စွာ တတ်ကျွမ်းသူများပေါ်များမှုကြောင့် မြန်မာနိုင်ငံ ဂုဏ်ယူနိုင်စရာဖြစ်လာပါလိမ့်မည်။ အဆင့်မြင့်ပညာများတတ်မြောက်ရေးနှင့်နိုင်ငံတကာဆက်ဆံရေးနယ်ပယ်တွင် ပိုမိုထိရောက်မှုလည်း များစွာ ရှိလာမည်မှာ သေချာလှပါသည်။

အင်္ဂလိပ်စာပြ ဆရာ ဆရာမများ၏ အရည်အချင်းပိုမိုပြည့်ဝစေရန် နိုင်ငံတော်က ပြည်တွင်းပြည်ပအစီအစဉ်များဖြင့် ဆောင်ရွက်ရန်စီစဉ်လျက်ရှိကြောင်း ကြားသိရ၍ ဝမ်းသာမိပါသည်။ အခြေခံပညာအတွက်သာမက အဆင့်မြင့်ပညာအတွက်လည်း လိုအပ်ပါသည်။ အရည်အချင်းပိုမိုပြည့်ဝရုံသာမက မခိုမကတ်စေတနာထားပြီး သင်ကြားပေးလိုသည့် စိတ်ဓာတ်များ ပြည့်ဝနေရန်လည်း အရေးကြီးပါသေးသည်။ ကျောင်းသား ကျောင်းသူများကို နှုတ်ဖြင့်သာ သင်ကြားပေးကြရုံဖြင့် မပြီးသေးပါ။ Essay ခေါ် စာစီစာကုံးများ ရေးခိုင်းခြင်း၊ Text Bookခေါ် ပြဋ္ဌာန်းစာအုပ်နှင့်ဆိုင်သော မေးခွန်းများကို ရေးသားဖြေဆိုစေခြင်း စသည်တို့ မှန်မှန်ဆောင်ရွက်ပြီး အပင်ပန်းခံစစ်ဆေးခြင်း၊ ပြင်ဆင်ပေးခြင်း၊ ဆွေးနွေးခြင်းများကိုလည်း စေတနာထားလုပ်ဆောင်ရပါလိမ့်မည်။ နိုင်ငံတော်အပိုင်းမှာလည်း ဆရာ ဆရာမများ၏ စားဝတ်နေရေး အဆင်ပြေနိုင်ရန် ဂရုစိုက်ပြီး လိုအပ်သလို စီစဉ်ဆောင်ရွက်သင့်ပါသည်။

၁၉၆၂ခုနှစ် တော်လှန်ရေးကောင်စီမတက်မီကာလတွင် မင်္ဂလာဒုံမြို့နယ်မှ အောင်ဆန်းသူရိယလှသောင်းအထက်တန်းကျောင်းသည် ပညာရေးဌာန လက်အောက်ရှိ ကျောင်းမဟုတ်ပါ။ တပ်မတော်ပညာရေးကျောင်းမျှသာ ဖြစ်ပါသည်။ ထိုစဉ်က အောင်ဆန်းသူရိယလှသောင်းကျောင်းရှိ ဆရာ ဆရာမများ၏ လစာငွေမှာ အစိုးရအထက်တန်းကျောင်းရှိ ဆရာ ဆရာမများ၏ လစာထက်မြင့်မားခဲ့ပါသည်။ ကျိုက္ကဆံကွင်း အရှေ့ဘက်နံရံတွင် ကပ်လျက်တည်ရှိသော အထက(၃)တာမွေကျောင်းမှာလည်း ထိုစဉ်က ပညာရေးဝန်ကြီးဌာန လက်အောက်ရှိ ကျောင်းမဟုတ်ခဲ့ပါ။ ရန်ကုန်မြင်းပြိုင်ကွင်း ကွပ်ကဲရေးအဖွဲ့ပိုင် ကျောင်းဖြစ်ပါသည်။ ထိုကျောင်းမှ ဆရာ ဆရာမများလည်း ပညာရေးဝန်ကြီးဌာနမှ အဆင့်တူ ဆရာ ဆရာမများထက် လစာပိုမိုရရှိခဲ့ကြပါသည်။ မေမြို့စစ်တက္ကသိုလ်မှ နည်းပြ/သရုပ်ပြများသည် ရန်ကုန်တက္ကသိုလ်၊ မန္တလေးတက္ကသိုလ်ရှိ နည်းပြ/သရုပ်ပြများထက် လစာပိုမိုရရှိခဲ့ကြဖူးပါသည်။ B.O.C မှ ဖွင့်သောကျောင်း၊ ခရစ်ယာန်သာသနာပြုအဖွဲ့များမှ ဖွင့်သောကျောင်း၊ တရုတ်ကျောင်းနှင့်အိန္ဒိယကျောင်းများလည်း ရှိခဲ့ဖူးရာ ထိုကျောင်းများတွင် အမှုထမ်းကြသော ဆရာ ဆရာမများ၏ လစာများမှာ အထူးကောင်းမွန်ခဲ့ကြသည်ကို သံသယရှိစရာမလိုပါ။ နိုင်ငံတော်အစိုးရအနေဖြင့် ပညာရေးမြှင့်တင်ရာတွင် ဆရာ ဆရာမများ၏လစာမြင့်မားရေးသည်လည်း တိုက်ရိုက်ပတ်သက်မှုရှိနေသည်ကို အထူးသတိပြုသင့်ပါသည်။

ဆရာ ဆရာမများ အရည်အချင်းပြည့်ဝပြီး စိတ်ဓာတ်တက်ကြွနေရုံမျှဖြင့်လည်း အင်္ဂလိပ်စာသင်ကြားမှု ထိရောက်ပြီဟုတော့ မဆိုနိုင်သေးပါ။ အင်္ဂလိပ်စာတွင် ဝေါဟာရခေါ် Vocabulary စကားလုံးများစွာကြွယ်ဝသည်ဖြစ်ရာ ကျောင်းသား ကျောင်းသူများ Vocabulary နိုင်ငံတကာအဆင့် ကြွယ်ဝစေနိုင်ရန် အင်္ဂလန်မှ ထုတ်ဝေသော ကျောင်းသုံးပြဋ္ဌာန်းစာအုပ်များ Text Books ကို အသုံးပြုကြရန် လိုအပ်ပါသည်။ စာရေးသူတို့ကျောင်းသားဘဝက Oxford University Press မှ ထုတ်သော စာအုပ်များကိုသာ ဖတ်ရှုလေ့လာသင်ကြားခဲ့ရပါသည်။ ထို့အတွက် နိုင်ငံခြားငွေကုန်ကျပါဦးမည်။ မနှမြောသင့်ပါ။ ရင်းနှီးမြှုပ်နှံသည်ဟူ၍သာ သဘောထားကြရပါလိမ့်မည်။ သက်ဆိုင်ရာပုဂ္ဂိုလ်များ အဖွဲ့အစည်းများနှင့် ညှိနှိုင်းနားလည်မှုရယူပြီး မြန်မာနိုင်ငံတွင် မိတ္တူပွားစာအုပ်များ ရိုက်နှိပ်နိုင်ပါလျှင်မူ အကုန်အကျများစွာ သက်သာပါလိမ့်မည်။

စာရေးသူတက္ကသိုလ်ဝင်တန်း(၁၀တန်း)ကျောင်းသားဘဝ ၁၉၅၄-၁၉၅၅ တွင် အင်္ဂလိပ်စာပြဋ္ဌာန်းစာအုပ်များ(Text Books)သုံးအုပ် ရှိပါသည်။ တစ်အုပ်မှာ ဒေါက်တာထင်အောင်၏ Thirty Burmese Tales ဖြစ်ပြီး နောက် ကျန်တစ်အုပ်မှာ ပြဇာတ်စာအုပ်ဖြစ်သည့် She Stoops To Conquer ဖြစ်ပါသည်။ ကျန်တစ်အုပ်မှာ ကဗျာစာအုပ်ဖြစ်သည့် The Golden Gate ဖြစ်ပါသည်။ အင်္ဂလိပ်သဒ္ဒါ (Grammer)အတွက် P C.Wren ၏ English Grammer and Composition စာအုပ်ကို ပြဋ္ဌာန်းပါသည်။ ထိုစာအုပ်အားလုံးမှာ အဆင့်အတန်းမြင့်သော စာအုပ်များဖြစ်ကြသည်ကိုယုံမှားစရာမလိုပါ။ အင်္ဂလိပ်စာသင်ကြားမှု ထိရောက်စေလိုပါလျှင် ထိုကဲ့သို့သော စာအုပ်များကို ထိုမျှလောက်အရေးအတွက်ဖြင့် ပြဋ္ဌာန်းပေးရန်လိုအပ်ပါသည်။

အင်္ဂလိပ်စာသင်ကြားရေးတွင် သဒ္ဒါခေါ် Grammerသည် အလွန်အရေးကြီးပါသည်။ အင်္ဂလိပ်သဒ္ဒါမတတ်လျှင် အင်္ဂလိပ်စာမတတ်ပါ။ အင်္ဂလိပ်စာသင်ကြားရေးတွင် သဒ္ဒါ (Grammer) သင်ကြားရေးကို ဆန့်ကျင်သူများမှာ အင်္ဂလိပ်စာသင်ကြားမှုကို အားနည်းယုတ်လျော့စေသူများသာ ဖြစ်ကြပါသည်။ သဒ္ဒါ(Grammer) မပါသော အင်္ဂလိပ်စာရေးသားခြင်းနှင့် ပြောဆိုခြင်းသည် လွန်စွာအဆင့်နိမ့်၍ နိုင်ငံခြားသားများ၏လှောင်ပြောင်ရယ်မောစရာဖြစ်ပါလိမ့်မည်။ ထိုကဲ့သို့ရေးသားခြင်းမျိုးကို အင်္ဂလိပ်လိုနှိုးဆော်စာများ သတိပေးစာများအနေနှင့်ဟိုနားသည်နား တစ်ခါတစ်ရံတွေ့ရတတ်သည်။ စာရေးသူတို့ အထက်တန်းကျောင်းသားဘဝတွင် သဒ္ဒါ(Grammer)သင်ရန် သီးသန့်စာသင်ချိန်များရှိပါသည်။ ပြဋ္ဌာန်စာအုပ်များ (Text Books) သင်ချိန်နှင့်ရောမထားပါ။ (၁၀တန်း) ဖြေဆိုရာတွင် အင်္ဂလိပ်စာ မေးခွန်းလွှာနှစ်ခု ဖြေဆိုရပါသည်။ သုံးနာရီမေးခွန်းများဖြစ်ပြီး ပထမမေးခွန်းလွှာမှာ Text Books များအတွက်ဖြစ်ပြီး၊ ဒုတိယမေးခွန်းလွှာမှာ Grammer and Composition အတွက်ဖြစ်ပါသည်။ ကျောင်းသား ကျောင်းသူများ အင်္ဂလိပ်စာကောင်းစွာ တတ်ကျွမ်းစေလိုပါက ထိုစနစ်မျိုး ပြန်လည်ကျင့်သုံးရပါလိမ့်မည်။

အင်္ဂလိပ်စာသင်ကြားရေးတွင် Student Centre ခေါ် ကျောင်းသားဗဟိုပြုသင်ကြားရေးလုပ်မည်ကို ကန့်ကွက်ဝေဖန်စရာမရှိပါ။ သို့သော်စာလုံးအမှားအမှန်ရွေးချယ်စေခြင်း၊ ကွက်လပ်ဖြည့်စေခြင်းစသည့် သင်ကြားမှုမျိုးကို ဦးစားမပေးသင့်ပါ။ စနစ်ဟောင်းမှာ သင်ကြားခဲ့သည့် Short Questions နှင့် Long Questions များကို ရေးသားဖြေဆိုစေပြီး အမှားကို အမှန်ပြင်ပေးခြင်း၊ နမူနာပြဖြေဆိုပေးခြင်းများဖြင့် Text Books များကို သင်ကြားစေလိုပါသည်။ Essay ခေါ် စာစီစာကုံးများကို ခေါင်းစဉ်အမျိုးမျိုးဖြင့် တစ်ပတ်တစ်ကြိမ်မှန်မှန် ကျောင်းချိန်အတွင်း ရေးသားစေပြီး ဆရာ ဆရာမများက စစ်ဆေးအမှတ်ပေးကာ အချိန်မီ ကျောင်းသား ကျောင်းသူအား ပြန်လည်ပေးအပ်ခြင်း ရှိစေလိုပါသည်။ ရေးသားပုံများနှင့်ပတ်သက်၍လည်း ဝေဖန်ဆွေးနွေးပေးသင့်ပါသေးသည်။ ဆရာ ဆရာမအလုပ်သည် စေတနာနှင့်လုပ်ပါက ပင်ပန်းစရာမရှိပါ။ ဆရာကောင်းတပည့်များ ပန်းကောင်းပန်ကြရလိမ့်မည်သာ ဖြစ်ပါကြောင်း။ ။

မော်ကျွန်း၌ မိကျောင်းသုံးကောင်သွားလာလှုပ်ရှား ဒေသခံပြည်သူများနှင့် ရေလုပ်သားများ စိုးရိမ်နေ

မော်လမြိုင်ကျွန်း ဩဂုတ် ၆

မော်လမြိုင်ကျွန်းမြို့နယ်အောက်ဘက် ရှောက်ချောင်းကျေးရွာအုပ်စု ရေချိုရေငန်စပ်နေသော ဆင်မဝဲချောင်းကျေးရွာအနီး ဆန်းသစ်ကျေးရွာ ချောင်းကမ်းစပ်တွင် ဩဂုတ် ၅ ရက် နံနက် ၉ နာရီက မိကျောင်းသုံးကောင် သွားလာလှုပ်ရှားနေကြောင်း ဒေသခံပြည်သူများနှင့် ရေလုပ်သားများက တွေ့မြင်ကြရသည်။

ယင်းမိကျောင်းသုံးကောင်မှာ အလျား ၁၃ ပေကျော်ခန့်ရှိ မိကျောင်းတစ်ကောင်နှင့် အလျားကိုးပေခန့်ရှိ မိကျောင်းနှစ်ကောင်တို့ဖြစ်ပြီး မျက်မြင်တွေ့ခဲ့ရကြောင်း ရေလုပ်သားများက ပြောသည်။ ယင်းမိကျောင်းများမှာ ဆင်မဝဲချောင်း၊ ဆန်းသစ်၊ ပုဂံပုံ၊ ဖုန်းဆိုးနှင့် ငါးတန်တစ်ရာကျေးရွာများတွင် နံနက်ပိုင်းနှင့်မွန်းလွဲပိုင်းတို့၌ သွားလာလှုပ်ရှားနေပြီး ဒေသခံပြည်သူများနှင့် ရေလုပ်သားများကို အန္တရာယ်မပြုသော်လည်း ကျေးရွာချောင်းကမ်းစပ်များရှိ ကြက်၊ ဘဲနှင့် ဝက်များကို ဆွဲယူစားသောက်နေသည်ဟု သိရသည်။

သတိထားဖို့

အဆိုပါ မိကျောင်းများခိုလှုံနေထိုင်သည့် ဆင်မဝဲချောင်း ဆန်းသစ်ကျေးရွာနေ ဦးမြင့်အေး၊ ဦးမြင့်ဇော်နှင့် ဦးထွန်းရှင်တို့က“ဒီမိကျောင်းတွေ မနှစ်က မိကျောင်းအသိုက်လုပ်ပြီး ဒီရွာတွေဘက်မှာ ခိုလှုံနေထိုင်ကြပါတယ်။ ဒီနှစ်တော့ အသိုက်လုပ်တာ မတွေ့ရတော့ပါဘူး။ လူတွေကို လောလောဆယ်အန္တရာယ်မပြုသေးပေမယ့် ရေကြောင်းခရီးသွားလာလှုပ်ရှားနေတဲ့ ဒေသခံပြည်သူတွေနဲ့ ရေလုပ်သားတွေကတော့ သတိထားဖို့လိုပါတယ်”ဟု ဆိုသည်။

အန္တရာယ်ရှိသော အဆိုပါမိကျောင်းများကို ထိန်းသိမ်းစောင့်ရှောက်ရေးစခန်းများက ဖမ်းယူထိန်းသိမ်းပေးနိုင်ပါရန် နယ်မြေခံပြည်သူများက လိုလားနေကြကြောင်း သိရသည်။ **(ဝ၆၅)**

မိခင်နှင့်ကလေးများကို ကျန်းမာရေးစောင့်ရှောက်မှုပေး

ရန်ကုန် ဩဂုတ် ၆

ရန်ကုန်တိုင်းဒေသကြီး ရွှေပြည်သာမြို့နယ် မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်းပိုင် သားဖွားဆေးခန်း၌ ဩဂုတ် ၄ ရက် နံနက် ၁၁ နာရီက ကိုယ်ဝန်ဆောင်မိခင် စောင့်ရှောက်ခြင်းနှင့် အသက် ငါးနှစ်အောက်ကလေးငယ်များ အာဟာရ ပြည့်မပြည့် ပေါင်ချိန်ခြင်းတို့ကို ဆောင်ရွက်ခဲ့ကြရာ ခရိုင်နှင့်မြို့နယ် မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်းဥက္ကဋ္ဌများ ဖြစ်ကြသော ဒေါ်စန်းစန်းမာ၊ ဒေါ်ခင်စိုးမိုးနှင့်အမှုဆောင်အသင်းဝင်များ၊ မြို့နယ်ကျန်းမာရေးဦးစီးဌာနမှ လက်ထောက်ဆရာဝန်ဒေါက်တာဒေါ်မြမြနှင်းနှင့် သူနာပြုဆရာမတို့သည် မိခင်များနှင့် ကလေးတို့၏ စားသုံးသင့်သည့် ကျန်းမာရေးနှင့်ညီညွတ်သော အစာအာဟာရအုပ်စု သုံးစုအကြောင်း ပညာပေးဟောပြောခြင်း၊ ကလေးငယ်များအား ပေါင်ချိန်ပြည့် မပြည့် တိုင်းတာစစ်ဆေးခြင်းတို့ကို ပူးပေါင်းဆောင်ရွက်ခဲ့ကြပြီး **(အပေါ်ပုံ)** ပေါင်ချိန်မပြည့်မီသောကလေးတို့အား တစ်ပတ်လျှင်နှစ်ကြိမ် အစာအာဟာရ ဖြည့်တင်း ကျွေးမွေးပြုစု စောင့်ရှောက်သွားမည်ဖြစ်ကြောင်း သိရသည်။ **(၁၆၆)**

မိုးရွာနေစဉ် မြေအက်ကွဲကြောင်း တစ်ခုဖြစ်ပေါ်

မိတ္ထီလာ ဩဂုတ် ၆

မိတ္ထီလာခရိုင် ဝမ်းတွင်းမြို့နယ် ရှောက်တောကျေးရွာအုပ်စု ရှောက်တောကျေးရွာတွင် ဩဂုတ် ၁ ရက် ည ၈ နာရီခွဲက မိုးရွာနေစဉ် မြေအက်ကွဲကြောင်း တစ်ခုဖြစ်ပေါ်ခဲ့သည်။

ဖြစ်စဉ်မှာ ဦးသိန်းလွင်၏ နေအိမ်ခြံဝင်းအတွင်း မိုးရွာနေစဉ် မြေပြိုသံများကြား၍သွားရောက်ကြည့်ရာ မြေအက်ကွဲကြောင်းကိုနင်းမိသဖြင့် နေအိမ်အတွင်းသို့ ပြန်လည်ဝင်ရောက်ခဲ့သည်။ မိုးတိတ်၍ငြိမ်နေရာသို့ လက်နှိပ်ဓာတ်မီးဖြင့်ကြည့်ခဲ့ရာ အလျား ပေ ၅၀ ရှိပြီး အနက် ၄ပေခန့်တွေ့ရပြီး နေအိမ်ခြံဝင်းအနီးရှိ အခြေခံပညာမူလတန်းကျောင်းဘက်သို့ ဦးတည်နေကြောင်း နေအိမ်ပိုင်ရှင် ဦးသိန်းလွင်က ပြောကြားသည်။ **(ခရိုင် ပြန်/ဆက်)**

သတိပေးနှိုးဆော်ချက်

ရွှေဂုံတိုင်လမ်းဆုံ တည်ဆောက်ရေးစီမံကိန်း၏ ရွှေဂုံတိုင်မီးပွိုင့်တောင်ဘက်ခြမ်းရှိ တံတားတိုင်အမှတ် P4, P3, P2, P1,P200 နှင့် P100 တို့တွင် Cross Beam လုပ်ငန်းများ လုပ်ဆောင်သွားရန်ရှိရာ တံတားတိုင်အမှတ် P3 နေရာမှစတင်၍ P100 နေရာအထိ လမ်း၏အရှေ့ဘက်ခြမ်းနှင့် အနောက်ဘက်ခြမ်းတစ်လျှောက်တွင် မော်တော်ယာဉ်ငယ်တစ်စီးစီသာ သွားလာနိုင်မည့် အခြေအနေရှိပါသည်။ ကမ္ဘာအေးဘုရားလမ်းသို့ ဖြတ်သန်းသွားလာနေသည့် ခရီးသည်တင်ယာဉ်များနှင့် အမြင့် (၁၀)ပေနှင့်အထက်ပိုသော ယာဉ်လတ်များ၊ ယာဉ်ကြီးများ အန္တရာယ်ကင်းစွာသွားလာနိုင်မည့် အမြင့်ကင်းလွတ်ချက်မရနိုင်သဖြင့် Cross Beam လုပ်ငန်းများ လုပ်ဆောင်နေသည့်ကာလအတွင်း အမြင့် (၁၀)ပေနှင့်အထက်ပိုမိုသော ယာဉ်လတ်များ၊ ယာဉ်ကြီးများနှင့်ခရီးသည်တင်ယာဉ်များသည် ရှောင်ကွင်းလမ်းများမှ သွားလာကြရမည်ဖြစ်ပါသည်။

သို့ဖြစ်ပါ၍ ၆-၈-၂၀၁၃ ရက်နေ့မှ ၁၈-၉-၂၀၁၃ရက်နေ့အထိ ရက်သတ္တခြောက်ပတ်ကာလအတွင်း ကမ္ဘာအေးဘုရားလမ်းမှ ဖြတ်သန်းမည့် ယာဉ်များသည် အနောက်ရွှေဂုံတိုင်လမ်း၊ ရေတာရှည်လမ်း၊ ကြားတောရလမ်းများမှ ဖြတ်သန်းသွားလာကြပါရန် သတိပေးနှိုးဆော်အပ်ပါသည်။

ရန်ကုန်တိုင်းဒေသကြီး ယာဉ်စည်းကမ်း
ထိန်းသိမ်းရေးကြီးကြပ်မှုကော်မတီ

၂၀၁၃ ခုနှစ်၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော်ဆိုင်ရာဥပဒေပြဋ္ဌာန်း

၂၀၁၃ ခုနှစ်၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော်ဆိုင်ရာဥပဒေ

(၂၀၁၃ ခုနှစ်၊ ပြည်ထောင်စုလွှတ်တော်ဥပဒေအမှတ် ၂၂ ။)

၁၃၇၅ ခုနှစ်၊ ဝါဆိုလပြည့်ကျော် ၁၅ ရက်

(၂၀၁၃ ခုနှစ်၊ ဩဂုတ်လ ၆ ရက်)

ပြည်ထောင်စုလွှတ်တော်သည် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၉၈ အရ ဤဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

အခန်း(၁)
အမည်၊ အာဏာတည်ခြင်းနှင့်အဓိပ္ပာယ်ဖော်ပြချက်

၁။ (က) ဤဥပဒေကို **၂၀၁၃ ခုနှစ်၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော်ဆိုင်ရာဥပဒေ** ဟု ခေါ်တွင်စေရမည်။

(ခ) ဤဥပဒေသည် ပြဋ္ဌာန်းသည့်နေ့မှစ၍ နိုင်ငံတော်တစ်ဝန်းလုံး၌ အာဏာတည်ရမည်။

၂။ ဤဥပဒေတွင်ပါရှိသော အောက်ပါစကားရပ်များသည် ဖော်ပြပါအတိုင်း အဓိပ္ပာယ်သက်ရောက်စေရမည် -

(က) **ဖွဲ့စည်းပုံအခြေခံဥပဒေ** ဆိုသည်မှာ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေကို ဆိုသည်။

(ခ) **လွှတ်တော်** ဆိုသည်မှာ ဤဥပဒေပါကိစ္စအလို့ငှာ ဖွဲ့စည်းပုံအခြေခံဥပဒေအရ ဖွဲ့စည်းသော တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော်ကို ဆိုသည်။

(ဂ) **သဘာပတိ** ဆိုသည်မှာ လွှတ်တော်သက်တမ်းတစ်ရပ်၏ ပထမအစည်းအဝေးစတင်ကျင်းပသည့်အခါ လွှတ်တော်ဥက္ကဋ္ဌနှင့် ဒုတိယဥက္ကဋ္ဌ ရွေးကောက်တင်မြှောက်ပြီးသည်အထိ လွှတ်တော်အစည်းအဝေးအား ကြီးကြပ်ကွပ်ကဲရန် တင်မြှောက်ခြင်းခံရသော လွှတ်တော်ကိုယ်စားလှယ်ကို ဆိုသည်။

(ဃ) **ဥက္ကဋ္ဌ** ဆိုသည်မှာ လွှတ်တော်သက်တမ်းတစ်ရပ်အတွက် လွှတ်တော်ဥက္ကဋ္ဌအဖြစ် ရွေးကောက်တင်မြှောက်ခြင်းခံရသော လွှတ်တော်ကိုယ်စားလှယ်ကို ဆိုသည်။

(င) **ဒုတိယဥက္ကဋ္ဌ** ဆိုသည်မှာ လွှတ်တော်သက်တမ်းတစ်ရပ်အတွက် လွှတ်တော်ဒုတိယဥက္ကဋ္ဌအဖြစ် ရွေးကောက်တင်မြှောက်ခြင်းခံရသော လွှတ်တော်ကိုယ်စားလှယ်ကို ဆိုသည်။

(စ) **လွှတ်တော်ကိုယ်စားလှယ်** ဆိုသည်မှာ ဤဥပဒေပါ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော်ရွေးကောက်ပွဲဥပဒေအရ ရွေးကောက်တင်မြှောက်ခြင်းခံရသော လွှတ်တော်ကိုယ်စားလှယ်နှင့်တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်အဖြစ် ဥပဒေနှင့်အညီ အမည်စာရင်းတင်သွင်းသည့် တပ်မတော်သားလွှတ်တော်ကိုယ်စားလှယ်တို့ကိုဆိုသည်။

(ဆ) **လွှတ်တော်အဖွဲ့အစည်းများ** ဆိုသည်မှာ ဤဥပဒေပုဒ်မ ၂၃ အရ လွှတ်တော်က ဖွဲ့စည်းသော ကော်မတီများနှင့်အဖွဲ့များကို ဆိုသည်။

(ဇ) **တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အဆင့်အဖွဲ့အစည်း** ဆိုသည်မှာ ဖွဲ့စည်းပုံအခြေခံဥပဒေအရ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်တရားလွှတ်တော်နှင့် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်စာရင်းစစ်ချုပ်တို့ကို လည်းကောင်း၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော်က ဖွဲ့စည်းသည့် ကော်မတီနှင့်အဖွဲ့တို့ကိုလည်းကောင်း ဆိုသည်။

(ဈ) **ရွေးကောက်ပွဲဥပဒေ** ဆိုသည်မှာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော် ရွေးကောက်ပွဲဥပဒေကို ဆိုသည်။

(ည) **လွှတ်တော်ရုံး** ဆိုသည်မှာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော်၏ ရုံးလုပ်ငန်းနှင့် အုပ်ချုပ်မှုကိစ္စအဝဝတို့ကိုဆောင်ရွက်ရန် ဖွဲ့စည်းထားသောရုံးကို ဆိုသည်။

(ဋ) **လွှတ်တော်ကိုယ်စားလှယ်ရုံး** ဆိုသည်မှာ လွှတ်တော်ကိုယ်စားလှယ်များ၏ လုပ်ငန်းတာဝန်များကို ထမ်းဆောင်နိုင်ရန် သက်ဆိုင်ရာမဲဆန္ဒနယ်များတွင် ဖွင့်လှစ်ထားသော ရုံးကိုဆိုသည်။

အခန်း(၂)
လွှတ်တော်ဖွဲ့စည်းခြင်း

၃။ လွှတ်တော်ကို လွှတ်တော်ကိုယ်စားလှယ်များဖြင့် အောက်ပါအတိုင်း ဖွဲ့စည်းရမည်-

(က) တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်များတွင် မြို့နယ်တစ်မြို့နယ်လျှင် ၂ ဦးကျစီ ရွေးကောက်တင်မြှောက်သည့် လွှတ်တော်ကိုယ်စားလှယ်များ၊

(ခ) တိုင်းဒေသကြီးတွင် ထိုတိုင်းဒေသကြီးရရှိပြီးသော သို့မဟုတ် ထိုတိုင်းဒေသကြီးအတွင်း ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ စီရင်စုရရှိပြီးသော တိုင်းရင်းသားလူမျိုးများမှအပ ကျန်တိုင်းရင်းသားလူမျိုးများအနက် လျော်ကန်သင့်မြတ်သော လူဦးရေဖြစ်သည့် နိုင်ငံတော်ရှိ လူဦးရေစုစုပေါင်း၏ သုည ဒသမ တစ်ရာခိုင်နှုန်းနှင့် အထက်ရှိကြောင်း သက်ဆိုင်ရာက သတ်မှတ်သော တိုင်းရင်းသားလူမျိုးအသီးသီးက လူမျိုးတစ်မျိုးလျှင် တစ်ဦးကျစီ ရွေးကောက်တင်မြှောက်သည့် တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များ၊

(ဂ) ပြည်နယ်များတွင် ထိုပြည်နယ်ရရှိပြီးသော သို့မဟုတ် ထိုပြည်နယ်အတွင်း ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ စီရင်စုရရှိပြီးသော တိုင်းရင်းသားလူမျိုးများမှအပ ကျန်တိုင်းရင်းသား လူမျိုးများအနက် လျော်ကန်သင့်မြတ်သော လူဦးရေဖြစ်သည့် နိုင်ငံတော်ရှိ လူဦးရေစုစုပေါင်း၏ သုည ဒသမ တစ်ရာခိုင်နှုန်းနှင့် အထက်ရှိကြောင်း သက်ဆိုင်ရာက သတ်မှတ်သောတိုင်းရင်းသားလူမျိုးအသီးသီးက လူမျိုးတစ်မျိုးလျှင် တစ်ဦးကျစီ ရွေးကောက်တင်မြှောက်သည့် ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ၊

(ဃ) ပုဒ်မခွဲ(က)နှင့် ပုဒ်မခွဲ(ခ) သို့မဟုတ် ပုဒ်မခွဲ(က) နှင့် ပုဒ်မခွဲ(ဂ)တို့အရ ရွေးကောက်တင်မြှောက်သည့် လွှတ်တော်ကိုယ်စားလှယ်စုစုပေါင်း၏ သုံးပုံတစ်ပုံနှင့် ညီမျှသော တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က ဥပဒေနှင့်အညီ အမည်စာရင်းတင်သွင်းသည့် တပ်မတော်သား လွှတ်တော်ကိုယ်စားလှယ်များ။

သက်တမ်း

၄။ လွှတ်တော်၏သက်တမ်းသည် ပြည်သူ့လွှတ်တော်၏ သက်တမ်းနှင့်အညီဖြစ်သည်။ ပြည်သူ့လွှတ်တော်၏သက်တမ်းကုန်ဆုံးသောနေ့တွင် လွှတ်တော်၏ သက်တမ်းသည်လည်း ကုန်ဆုံးသည်။

အခန်း(၃)
သဘာပတိ

၅။ လွှတ်တော်သက်တမ်းတစ်ရပ်၏ ပထမပုံမှန်အစည်းအဝေး စတင်ကျင်းပသည့်အခါ လွှတ်တော်ကိုယ်စားလှယ်များသည် လွှတ်တော်ကိုယ်စားလှယ်တစ်ဦးအား ဤဥပဒေအရထုတ်ပြန်သော နည်းဥပဒေများတွင် သတ်မှတ်ထားသည့်အတိုင်း သဘာပတိအဖြစ် တင်မြှောက်ရမည်။

၆။ သဘာပတိသည် လွှတ်တော်ကိုယ်စားလှယ်အဖြစ် လည်းကောင်း၊ သဘာပတိအဖြစ်လည်းကောင်း လွှတ်တော်ရှေ့မှောက်တွင် သတ်မှတ်ထားသည့်အတိုင်း ကတိသစ္စာပြုပြီး လက်မှတ်ရေးထိုးရမည်။

၇။ သဘာပတိသည် လွှတ်တော်ကိုယ်စားလှယ်များထဲမှ ဥက္ကဋ္ဌနှင့် ဒုတိယဥက္ကဋ္ဌ ရွေးကောက်တင်မြှောက်ပြီးသည်အထိ လွှတ်တော်အစည်းအဝေးကို ကြီးကြပ်ကွပ်ကဲရမည်။

အခန်း(၄)
လွှတ်တော်ကိုယ်စားလှယ်များ

ကတိသစ္စာပြုခြင်းနှင့် လက်မှတ်ရေးထိုးခြင်း

၈။ (က) လွှတ်တော်သက်တမ်းတိုင်း၏ ပထမပုံမှန်အစည်းအဝေးတွင် လွှတ်တော်ကိုယ်စားလှယ်များသည် သဘာပတိရှေ့မှောက်၌ ဖွဲ့စည်းပုံအခြေခံဥပဒေဇယား ၄ တွင် ဖော်ပြထားသည့်အတိုင်း ကတိသစ္စာပြုပြီး လက်မှတ်ရေးထိုးရမည်။

(ခ) ကတိသစ္စာမပြုရသေးသော လွှတ်တော်ကိုယ်စားလှယ်များသည် စတင်တက်ရောက်သော လွှတ်တော်အစည်းအဝေးတွင် ဥက္ကဋ္ဌရှေ့မှောက်၌ ကတိသစ္စာပြုပြီး လက်မှတ်ရေးထိုးရမည်။

တာဝန်များ

၉။ လွှတ်တော်ကိုယ်စားလှယ်များ၏တာဝန်များမှာ အောက်ပါအတိုင်းဖြစ်သည် -

(က) ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် တည်ဆဲဥပဒေများကို ကာကွယ်စောင့်ရှောက်ခြင်း၊

(ခ) နိုင်ငံတော်နှင့်စပ်လျဉ်းသော လျှို့ဝှက်ချက်များကို ထိန်းသိမ်းစောင့်ရှောက်ခြင်း၊

(ဂ) လွှတ်တော်သို့ တင်သွင်းသောဥပဒေကြမ်းများ၊ အဆိုများနှင့်စပ်လျဉ်း၍ ဆွေးနွေးရာတွင် နိုင်ငံတော်နှင့် နိုင်ငံသားများ၏အကျိုးစီးပွားကိုသာ အဓိကထားခြင်း၊

(ဃ) နိုင်ငံသားများ၏ မူလအခွင့်အရေးများရရှိခံစားနိုင်ရေးကို ရှေးရှုဆောင်ရွက်ခြင်း၊

(င) မဲဆန္ဒနယ်မြေနှင့် နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်မဆန့်ကျင်စေဘဲ သက်ဆိုင်ရာအာဏာပိုင်အဖွဲ့အစည်းများနှင့် ဖြစ်စေ၊ အာဏာပိုင်ပုဂ္ဂိုလ်များနှင့် ဖြစ်စေ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခြင်း၊

(စ) မဲဆန္ဒရှင်များအား လွှတ်တော်အတွေ့အကြုံ ပြန်လည်ရှင်းလင်းတင်ပြခြင်း၊

(ဆ) မဲဆန္ဒရှင်များ၏ တင်ပြချက်များနှင့် စပ်လျဉ်း၍ လွှတ်တော်သို့တင်ပြခြင်း၊

(ဇ) လွှတ်တော်ကပေးအပ်သည့် အခြားတာဝန်များကို ထမ်းဆောင်ခြင်း။

လုပ်ပိုင်ခွင့်များ

၁၀။ လွှတ်တော်ကိုယ်စားလှယ်များ၏ လုပ်ပိုင်ခွင့်များမှာ အောက်ပါအတိုင်းဖြစ်သည်-

(က) ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်အညီ ဥပဒေကြမ်းများတင်သွင်းခြင်း၊

(ခ) ဥက္ကဋ္ဌ၏ခွင့်ပြုချက်ဖြင့် အဆိုများတင်သွင်းခြင်းနှင့် မေးခွန်းများမေးမြန်းခြင်း၊

(ဂ) လွှတ်တော်တွင် တင်ပြဆွေးနွေးသည့်ကိစ္စရပ်များနှင့် စပ်လျဉ်း၍ဖြစ်စေ၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အဆင့်အဖွဲ့အစည်းများနှင့် ယင်းတို့ကိုကိုယ်စားပြုသော အဖွဲ့အစည်းဝင်များ သို့မဟုတ် ပုဂ္ဂိုလ်များ၏ဆောင်ရွက်ချက်များနှင့်စပ်လျဉ်း၍ဖြစ်စေ မေးမြန်းခြင်း၊ ဆွေးနွေးခြင်းနှင့် အချက်အလက်ရယူခြင်း၊

(ဃ) ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် ဤဥပဒေပါ ပြဋ္ဌာန်းချက်များကို မဆန့်ကျင်လျှင် လွှတ်တော်နှင့်လွှတ်တော်အဖွဲ့အစည်းများတွင် လွတ်လပ်စွာ ပြောဆိုဆွေးနွေးခွင့်နှင့် ဆန္ဒမဲပေးခွင့်ရှိခြင်း၊

(င) လွှတ်တော်ကတင်မြှောက်သည့် သဘာပတိအဖြစ်လည်းကောင်း၊ လွှတ်တော်က ရွေးကောက်တင်မြှောက်သည့် ဥက္ကဋ္ဌ သို့မဟုတ် ဒုတိယ ဥက္ကဋ္ဌအဖြစ် လည်းကောင်း ရွေးကောက်တင်မြှောက်ခံခွင့် သို့မဟုတ် ယင်းသို့ ရွေးကောက်တင်မြှောက်ခံရသူအဖြစ်မှ နုတ်ထွက်ခွင့်ရှိခြင်း၊

(စ) လွှတ်တော်အဖွဲ့အစည်းများတွင် အဖွဲ့ဝင်အဖြစ် ပါဝင်ဆောင်ရွက်ခွင့် သို့မဟုတ် ယင်းအဖွဲ့ဝင်အဖြစ်မှ နုတ်ထွက်ခွင့်ရှိခြင်း၊

(ဆ) လွှတ်တော်ကိုယ်စားလှယ်အဖြစ်မှ နုတ်ထွက်ခွင့်ရှိခြင်း၊

(ဇ) လွှတ်တော်အစည်းအဝေး ကျင်းပသည့်နေရာသို့ တက်ရောက်လေ့လာရန် လေ့လာသူအဖြစ် ပြည်သူများကို လွှတ်တော်ဥက္ကဋ္ဌ၏ သဘောတူညီချက်ဖြင့် ဖိတ်ကြားခြင်း။

ကျင့်ဝတ်နှင့်စည်းကမ်းများ

၁၁။ လွှတ်တော်ကိုယ်စားလှယ်များသည် အောက်ပါကျင့်ဝတ်နှင့်စည်းကမ်းများကို လိုက်နာရမည် -

(က) ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေး၊ အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေးတို့ကို လိုက်နာစောင့်ထိန်းခြင်း၊

(ခ) ဖွဲ့စည်းပုံအခြေခံဥပဒေ၊ ဤဥပဒေနှင့် တည်ဆဲဥပဒေများပါ ပြဋ္ဌာန်းချက်များကို လိုက်နာစောင့်ထိန်းခြင်း၊

(ဂ) လွှတ်တော်ကိုယ်စားလှယ်အဖြစ် ပေးအပ်ထားသည့် တာဝန်နှင့် လုပ်ပိုင်ခွင့်များကို အလွဲသုံးစားပြု၍ ကိုယ်ကျိုးရှာမှု၊ လာဘ်ပေးလာဘ်ယူမှုနှင့် ခြိမ်းခြောက်မှုတို့ကို ရှောင်ကြဉ်ခြင်း၊

(ဃ) လွှတ်တော်ကိုယ်စားလှယ်များ၏ ဂုဏ်သိက္ခာနှင့်လျော်ညီစွာ ပြုမူပြောဆိုဆက်ဆံနေထိုင်ခြင်း၊

(င) လွှတ်တော်ကိုယ်စားလှယ်များ၏တာဝန်များကို ကျေပွန်စွာ ထမ်းဆောင်ခြင်း။

ရပိုင်ခွင့်နှင့်အခွင့်အရေးများ

၁၂။ လွှတ်တော်ကိုယ်စားလှယ်များ၏ ရပိုင်ခွင့်နှင့် အခွင့်အရေးများမှာ အောက်ပါအတိုင်း ဖြစ်သည် -

(က) လွှတ်တော်နှင့် လွှတ်တော်အဖွဲ့အစည်းများတွင် တင်ပြဆွေးနွေးဆောင်ရွက်ချက်များနှင့်စပ်လျဉ်း၍ ဤဥပဒေမှအပ အခြားဥပဒေအရ အရေးယူခံရခြင်းမှ ကင်းလွတ်ခွင့်ရှိခြင်း၊

(ခ) သတ်မှတ်ထားသော ချီးမြှင့်ငွေ၊ ခရီးစရိတ်၊ နေ့တွက်စရိတ်နှင့် အခြားစရိတ်များကို ခံစားခွင့်ရှိခြင်း၊

(ဂ) လွှတ်တော်အစည်းအဝေး တက်ရောက်နေစဉ်အတွင်း ဥက္ကဋ္ဌ၏ ကြိုတင်ခွင့်ပြုချက်မရရှိပါက -

(၁) ဖမ်းဆီးခံရခြင်းမှ ကင်းလွတ်ခွင့်ရှိခြင်း၊

(၂) တရားရုံးတစ်ခုခုက သက်သေအဖြစ် ဆင့်ခေါ်ခံရခြင်းမှ ကင်းလွတ်ခွင့်ရှိခြင်း၊

(ဃ) လွှတ်တော်အဖွဲ့အစည်းတစ်ရပ်ရပ်၏ အစည်းအဝေးတက်ရောက်နေစဉ်အတွင်း သက်ဆိုင်ရာအဖွဲ့အစည်း၏ အကြီးအမှူးမှတစ်ဆင့် ဥက္ကဋ္ဌ၏ကြိုတင်ခွင့်ပြုချက်မရှိဘဲ ဖမ်းဆီးခံရခြင်းမှ ကင်းလွတ်ခွင့်ရှိခြင်း၊

(င) ပြစ်မှုတစ်ရပ်ရပ်ဖြင့် ဖမ်းဆီးခြင်းခံရပါက ပြစ်ဒဏ်စီရင်ခြင်းမခံရမီ ဥက္ကဋ္ဌ၏ခွင့်ပြုချက်ဖြင့် လွှတ်တော်နှင့် လွှတ်တော်အဖွဲ့အစည်းများ၏ အစည်းအဝေးများသို့ တက်ရောက်ခွင့်ရှိခြင်း၊

(စ) လွှတ်တော်ကိုယ်စားလှယ်တစ်ဦးသည် မိမိမဲဆန္ဒနယ်မြေရှိ မဲဆန္ဒရှင်များနှင့်တွေ့ဆုံရာတွင် နေရာထိုင်ခင်းနှင့် လိုအပ်ချက်များကို မိမိအစီအစဉ်ဖြင့် ဆောင်ရွက်ရာ၌ လိုအပ်ပါက သက်ဆိုင်ရာအာဏာပိုင်အဖွဲ့အစည်းများနှင့်ဖြစ်စေ၊ အာဏာပိုင်ပုဂ္ဂိုလ်များနှင့်ဖြစ်စေ ညှိနှိုင်းဆောင်ရွက်နိုင်ခြင်း၊ လုံခြုံရေးဆိုင်ရာကိစ္စရပ်များနှင့်စပ်လျဉ်း၍ သက်ဆိုင်ရာအာဏာပိုင်အဖွဲ့အစည်းများထံ ဖြစ်စေ၊ အာဏာပိုင်ပုဂ္ဂိုလ်များထံ ဖြစ်စေ တောင်းခံရယူခွင့်ရှိခြင်း။

ဖွံ့ဖြိုးရေးရန်ပုံငွေသုံးစွဲခြင်း

၁၃။ သက်ဆိုင်ရာလွှတ်တော်ကိုယ်စားလှယ်သည် နှစ်စဉ် ပြည်ထောင်စု၏ အရအသုံး ခန့်မှန်းခြေငွေစာရင်းတွင် လွှတ်တော်မဲဆန္ဒနယ်မြေအလိုက် ခွဲဝေသတ်မှတ်သည့် ဖွံ့ဖြိုးရေးရန်ပုံငွေကို နယ်မြေဒေသခံပြည်သူများနှင့် ညှိနှိုင်းပြီး သတ်မှတ်ချက်များနှင့်အညီ သုံးစွဲခွင့်ရှိသည်။

အခန်း(၅)
လွှတ်တော်ဥက္ကဋ္ဌနှင့် ဒုတိယဥက္ကဋ္ဌ

ရွေးကောက်တင်မြှောက်ခြင်း

၁၄။ လွှတ်တော်ကိုယ်စားလှယ်များသည် ဥက္ကဋ္ဌတစ်ဦးနှင့် ဒုတိယဥက္ကဋ္ဌတစ်ဦးကို လွှတ်တော်ကိုယ်စားလှယ်များထဲမှ ရွေးကောက်တင်မြှောက်ရမည်။

၁၅။ ဥက္ကဋ္ဌ သို့မဟုတ် ဒုတိယဥက္ကဋ္ဌနေရာ လစ်လပ်လျှင် အနီးကပ်ဆုံးကျင်းပသော လွှတ်တော်အစည်းအဝေးတွင် အစားထိုးရွေးကောက်တင်မြှောက်ရမည်။

တာဝန်ထမ်းဆောင်ခြင်း

၁၆။ ဥက္ကဋ္ဌနှင့် ဒုတိယဥက္ကဋ္ဌတို့သည် နောက်တစ်ကြိမ် လွှတ်တော်သက်တမ်း ပထမပုံမှန်အစည်းအဝေး စတင်မကျင်းပမီအချိန်အထိ ဥက္ကဋ္ဌနှင့် ဒုတိယဥက္ကဋ္ဌ တာဝန်ကို ထမ်းဆောင်ရမည်။

၁၇။ ဥက္ကဋ္ဌသည် ယင်း၏တာဝန်ကို ထမ်းဆောင်နိုင်စွမ်းမရှိလျှင်သော်လည်းကောင်း၊ ဥက္ကဋ္ဌအား ဥပဒေနှင့်အညီ တာဝန်မှရုပ်သိမ်းရန်ကိစ္စဖြစ်ပေါ်လာလျှင် သော်လည်းကောင်း ဒုတိယဥက္ကဋ္ဌက ဥက္ကဋ္ဌတာဝန်ကို ယာယီထမ်းဆောင်ရမည်။

၁၈။ ဥက္ကဋ္ဌ သို့မဟုတ် ဒုတိယဥက္ကဋ္ဌသည် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အဆင့် အဖွဲ့အစည်းတစ်ရပ်ရပ်တွင် တာဝန်ပေးအပ်ခြင်းခံရပါက ဥက္ကဋ္ဌ သို့မဟုတ် ဒုတိယဥက္ကဋ္ဌအဖြစ်မှ နုတ်ထွက်ပြီးဖြစ်သည်ဟု မှတ်ယူရမည်။

တာဝန်မှရပ်စဲခြင်း

၁၉။ ဥက္ကဋ္ဌ သို့မဟုတ် ဒုတိယဥက္ကဋ္ဌသည် နုတ်ထွက်လျှင်ဖြစ်စေ၊ လွှတ်တော်ကိုယ်စားလှယ်အဖြစ်မှ ရပ်စဲခြင်းခံရလျှင်ဖြစ်စေ၊ လွှတ်တော်ကိုယ်စားလှယ်အဖြစ် ဆက်လက်ရပ်တည်ပိုင်ခွင့်မရှိလျှင်ဖြစ်စေ၊ ဥက္ကဋ္ဌ သို့မဟုတ် ဒုတိယဥက္ကဋ္ဌတာဝန်မှ လွှတ်တော်၏ရုပ်သိမ်းခြင်းကိုခံရလျှင် ဖြစ်စေ၊ ကွယ်လွန်လျှင်ဖြစ်စေ ဥက္ကဋ္ဌ သို့မဟုတ် ဒုတိယဥက္ကဋ္ဌ အဖြစ်မှ ရပ်စဲပြီး ဖြစ်စေရမည်။

၂၀။ ဥက္ကဋ္ဌကို ဖြစ်စေ၊ ဒုတိယဥက္ကဋ္ဌကို ဖြစ်စေ၊ ဥက္ကဋ္ဌနှင့် ဒုတိယဥက္ကဋ္ဌ နှစ်ဦးလုံးကိုဖြစ်စေ လွှတ်တော်က အောက်ပါအကြောင်းတစ်ရပ်ရပ်ဖြင့် သတ်မှတ်သည့် နည်းလမ်းနှင့်အညီ တာဝန်မှရုပ်သိမ်းနိုင်သည် -

(က) နိုင်ငံတော်၏ ကျေးဇူးသစ္စာတော်ကို ဖောက်ဖျက်ခြင်း၊

(ခ) ဖွဲ့စည်းပုံအခြေခံဥပဒေပါ ပြဋ္ဌာန်းချက်များကို ဖောက်ဖျက်ကျူးလွန်ခြင်း၊

(ဂ) အကျင့်သိက္ခာပျက်ပြားခြင်း၊

(ဃ) ဥပဒေအရ ပေးအပ်သောတာဝန်များကို ကျေပွန်စွာ မဆောင်ရွက်ခြင်း။

၂၁။ ဥက္ကဋ္ဌ သို့မဟုတ် ဒုတိယဥက္ကဋ္ဌသည် ပုဒ်မ ၂၀ ပါ အကြောင်းတစ်ရပ်ရပ်ကြောင့် ဥက္ကဋ္ဌ သို့မဟုတ် ဒုတိယဥက္ကဋ္ဌ တာဝန်မှရုပ်သိမ်းခံရလျှင် လွှတ်တော်ကိုယ်စားလှယ်အဖြစ်မှ ရပ်စဲပြီး ဖြစ်စေရမည်။

အခန်း(၆)
လွှတ်တော်ကိုယ်စားလှယ်အဖြစ်မှ ရပ်စဲခြင်း

၂၂။ လွှတ်တော်ကိုယ်စားလှယ်တစ်ဦးသည် အောက်ပါအကြောင်းတစ်ရပ်ရပ်ဖြစ်ပေါ်လျှင် လွှတ်တော်ကိုယ်စားလှယ်အဖြစ်မှ ရပ်စဲပြီးဖြစ်သည်ဟု မှတ်ယူရမည်-

(က) ဥပဒေနှင့်အညီ နုတ်ထွက်ခြင်း၊

(ခ) တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော်ရွေးကောက်ပွဲဥပဒေအရ လွှတ်တော်ကိုယ်စားလှယ်အဖြစ် ဆက်လက်ရပ်တည်ပိုင်ခွင့်ကို ဆုံးရှုံးခြင်း၊

(ဂ) တပ်မတော်သားလွှတ်တော်ကိုယ်စားလှယ်အဖြစ်မှ ပြန်လည် ရုပ်သိမ်းခံရခြင်း၊

(ဃ) ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၃၉၆၊ ပုဒ်မခွဲ(က)တွင် ပြဋ္ဌာန်းထားသော အကြောင်းတစ်ရပ်ရပ်ကြောင့် ဥပဒေနှင့်အညီ တာဝန်မှ ပြန်လည်ရုပ်သိမ်းခံရခြင်း၊

(င) တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော်ဆိုင်ရာ ဥပဒေ၊ နည်းဥပဒေများအရ လွှတ်တော်ကိုယ်စားလှယ်အဖြစ်မှ ရပ်စဲခံရခြင်း၊

(စ) ကွယ်လွန်ခြင်း။

အခန်း(၇)
လွှတ်တော်အဖွဲ့အစည်းများ

ဖွဲ့စည်းခြင်း

၂၃။ လွှတ်တော်သည် ဖွဲ့စည်းပုံအခြေခံဥပဒေအရ အပ်နှင်းထားသည့် ဥပဒေပြုရေး၊ တိုင်းရင်းသားလူမျိုးများအရေးတို့အပြင် လိုအပ်ပါက

စာမျက်နှာ ၈ သို့

ဥပဒေ

စာမျက်နှာ ၇ မှ

အခြားရေးရာကိစ္စများကို လေ့လာတင်ပြနိုင်စေရေးအတွက် လွှတ်တော်ကော်မတီများကို သက်ဆိုင်ရာလွှတ်တော်ကိုယ်စားလှယ်များဖြင့် ကာလသတ်မှတ်၍ ဖွဲ့စည်းနိုင်သည်။ လွှတ်တော်အစည်းအဝေးတစ်ရပ်နှင့် တစ်ရပ်အကြား ဆောင်ရွက်ရန်လိုအပ်လာသည့်အခါ ဥက္ကဋ္ဌသည် ကော်မတီတွင်ပါဝင်ရမည့် လွှတ်တော်ကိုယ်စားလှယ်များကို ရွေးချယ်တာဝန်ပေးအပ်ပြီး အနီးကပ်ဆုံးကျင်းပသည့် လွှတ်တော်အစည်းအဝေး၌ တင်ပြအတည်ပြုချက် ရယူရမည်။

၂၄။ လွှတ်တော်သည် လွှတ်တော်ကော်မတီများကသာ လေ့လာရန်ဖြစ်သော အကြောင်းကိစ္စရပ်များမှအပ ကျန်အကြောင်းကိစ္စများကို လေ့လာရန်လိုအပ်ပါက အဖွဲ့များကို လွှတ်တော်ကိုယ်စားလှယ်များဖြင့် လည်းကောင်း၊ သင့်လျော်သည့် နိုင်ငံသားများထည့်သွင်း၍လည်းကောင်း ဖွဲ့စည်းနိုင်သည်။ လွှတ်တော်အစည်းအဝေးတစ်ရပ်နှင့်တစ်ရပ်အကြား ဆောင်ရွက်ရန် လိုအပ်လာသည့်အခါ ဥက္ကဋ္ဌသည်အဖွဲ့များကို လွှတ်တော်ကိုယ်စားလှယ်များဖြင့်လည်းကောင်း၊ သင့်လျော်သည့် နိုင်ငံသားများကို ထည့်သွင်း၍လည်းကောင်း ဖွဲ့စည်းနိုင်သည်။ ယင်းသို့ ဖွဲ့စည်းခြင်းကို အနီးကပ်ဆုံးကျင်းပသည့် လွှတ်တော်အစည်းအဝေး၌ တင်ပြအတည်ပြုချက်ရယူရမည်။

အဖွဲ့ဝင်ဦးရေ၊ တာဝန်၊ လုပ်ပိုင်ခွင့်၊ ရပိုင်ခွင့်နှင့် သက်တမ်းသတ်မှတ်ခြင်း

၂၅။ လွှတ်တော်သည် ကော်မတီနှင့်အဖွဲ့များကို ဖွဲ့စည်းသည့်အခါ ယင်းကော်မတီ သို့မဟုတ် အဖွဲ့များ၏ အဖွဲ့ဝင်ဦးရေ၊ တာဝန်၊ လုပ်ပိုင်ခွင့်၊ ရပိုင်ခွင့်နှင့် သက်တမ်းကိုပါ သတ်မှတ်ပေးရမည်။

၂၆။ လွှတ်တော်အဖွဲ့အစည်းများသည် လွှတ်တော်ကို တာဝန်ခံရမည်။ လွှတ်တော်အစည်းအဝေး ကျင်းပချိန်မဟုတ်လျှင် ဥက္ကဋ္ဌကို တာဝန်ခံရမည်။

အခန်း(၈)
လွှတ်တော်အစည်းအဝေးများ

ပုံမှန်အစည်းအဝေးများ

၂၇။ (က) လွှတ်တော်သက်တမ်း စတင်သည့်နေ့ရက်သည် ပြည်သူ့လွှတ်တော်သက်တမ်း စတင်သည့်နေ့ရက်ဖြစ်သည်။
(ခ) လွှတ်တော်၏ ပထမပုံမှန်အစည်းအဝေးကို ယင်းလွှတ်တော်၏ သက်တမ်းစတင်သည့်နေ့မှ ၁၅ ရက်အတွင်း ကျင်းပရမည်။

၂၈။ လွှတ်တော်အစည်းအဝေးများကို ဥက္ကဋ္ဌက ခေါ်ယူကျင်းပရမည်။ လွှတ်တော်အစည်းအဝေးများ ကျင်းပရန် လိုအပ်သည့် အစီအစဉ်များကို ဥက္ကဋ္ဌက စီစဉ်ဆောင်ရွက်ရမည်။

၂၉။ လွှတ်တော်၏ နောင်သက်တမ်းများအတွက် ပထမပုံမှန်အစည်းအဝေးများကို ဖွဲ့စည်းပုံအခြေခံဥပဒေပါ ပြဋ္ဌာန်းချက်နှင့်အညီ တာဝန်ဆက်လက်ထမ်းဆောင်လျက်ရှိသော ဥက္ကဋ္ဌက ခေါ်ယူကျင်းပရမည်။

၃၀။ လွှတ်တော်ပုံမှန်အစည်းအဝေးကို ဥက္ကဋ္ဌက တစ်နှစ်လျှင် အနည်းဆုံးတစ်ကြိမ် ခေါ်ယူကျင်းပရမည်။ ပုံမှန်အစည်းအဝေးတစ်ကြိမ်နှင့် တစ်ကြိမ်အကြား အရှည်ကြာဆုံးကာလသည် ၁၂ လ ထက်မပိုစေရ။

၃၁။ (က) ဥက္ကဋ္ဌသည် လွှတ်တော်သက်တမ်းတစ်ရပ်၏ ပထမပုံမှန်အစည်းအဝေးသို့တက်ရောက်လာသော လွှတ်တော်ကိုယ်စားလှယ်များအား စိစစ်ရန် သင့်လျော်သောပုဂ္ဂိုလ်များဖြင့် လွှတ်တော်ကိုယ်စားလှယ်များ စိစစ်ရေးကော်မတီကို ဖွဲ့စည်းတာဝန်ပေးအပ်ရမည်။
(ခ) လွှတ်တော်ကိုယ်စားလှယ်များ စိစစ်ရေးကော်မတီသည် လွှတ်တော်သက်တမ်းတစ်ရပ်၏ ပထမပုံမှန်အစည်းအဝေးသို့ တက်ရောက်လာသော လွှတ်တော်ကိုယ်စားလှယ်များကို ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က ထုတ်ပေးသည့် အသိအမှတ်ပြုလွှာဖြင့် စိစစ်အတည်ပြုရမည်။ သက်တမ်းအတွင်း ဆက်လက်ကျင်းပသည့် လွှတ်တော်အစည်းအဝေးများသို့ တက်ရောက်လာသော လွှတ်တော်ကိုယ်စားလှယ်များကို လွှတ်တော်ကိုယ်စားလှယ် စိစစ်ရေးလက်မှတ်ဖြင့် စိစစ်အတည်ပြုရမည်။
(ဂ) လွှတ်တော်သည် ဒုတိယပုံမှန်အစည်းအဝေးမှစ၍ လွှတ်တော်ကိုယ်စားလှယ်များအား စိစစ်ရန်သင့်လျော်သော လွှတ်တော်ကိုယ်စားလှယ်များဖြင့် လွှတ်တော်ကိုယ်စားလှယ်များ စိစစ်ရေးကော်မတီကို ဖွဲ့စည်းတာဝန်ပေးအပ်ရမည်။

အထူးအစည်းအဝေးနှင့် အရေးပေါ်အစည်းအဝေးများ

၃၂။ လွှတ်တော်အထူးအစည်းအဝေးကိုဖြစ်စေ၊ အရေးပေါ်အစည်းအဝေးကိုဖြစ်စေကျင်းပရန် လိုအပ်လျှင် ဥက္ကဋ္ဌက ခေါ်ယူကျင်းပနိုင်သည်။

၃၃။ လွှတ်တော်အစည်းအဝေးကို ခေါ်ယူကျင်းပပေးရန် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဝန်ကြီးချုပ်က အကြောင်းကြားလျှင် ဥက္ကဋ္ဌသည် လွှတ်တော်အထူးအစည်းအဝေးကိုဖြစ်စေ၊ အရေးပေါ်အစည်းအဝေးကိုဖြစ်စေ အမြန်ဆုံး ခေါ်ယူကျင်းပရမည်။

၃၄။ လွှတ်တော်အစည်းအဝေးကို ခေါ်ယူကျင်းပပေးရန် လွှတ်တော်ကိုယ်စားလှယ် စုစုပေါင်းဦးရေအနက် အနည်းဆုံး လေးပုံတစ်ပုံက တောင်းဆိုလျှင် ဥက္ကဋ္ဌက အထူးအစည်းအဝေးကို အမြန်ဆုံးခေါ်ယူကျင်းပရမည်။

အစည်းအဝေးနေ့ရက်၊ အချိန်သတ်မှတ်ခြင်းနှင့် အထမြောက်ခြင်း

၃၅။ လွှတ်တော်အစည်းအဝေးများကို ဥက္ကဋ္ဌက သတ်မှတ်သည့်နေ့ရက်နှင့်အချိန်တို့တွင် ကျင်းပရမည်။

၃၆။ လွှတ်တော်သက်တမ်းတစ်ခုအတွင်း ကျင်းပသော လွှတ်တော်အစည်းအဝေးတစ်ရပ်ရပ်၏ ပထမနေ့တိုင်း၌ လွှတ်တော်အစည်းအဝေးသို့တက်ရောက်ခွင့်ရှိသည့် လွှတ်တော်ကိုယ်စားလှယ် စုစုပေါင်းဦးရေ၏ ထက်ဝက်ကျော်ဦးရေ တက်ရောက်လျှင် ယင်းအစည်းအဝေးအထမြောက်သည်။ အကယ်၍ အထမမြောက်ပါက အစည်းအဝေးကို ရွှေ့ဆိုင်းကျင်းပရမည်။

၃၇။ ပုဒ်မ ၃၆ အရ အစည်းအဝေး အထမမြောက်သည့်အတွက် ရွှေ့ဆိုင်းကျင်းပသော အစည်းအဝေးများနှင့် အစည်းအဝေးအထမြောက်ပြီး နောက်ဆက်လက်ကျင်းပသော အစည်းအဝေးများတွင် လွှတ်တော်အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိသည့် လွှတ်တော်ကိုယ်စားလှယ် စုစုပေါင်းဦးရေအနက် အနည်းဆုံး သုံးပုံတစ်ပုံတက်ရောက်လျှင် ယင်းအစည်းအဝေးများအထမြောက်သည်။

အစည်းအဝေး၌ဆောင်ရွက်ရမည့်ကိစ္စရပ်များ

၃၈။ လွှတ်တော်အစည်းအဝေး၌ အောက်ပါကိစ္စရပ်များကို ဆောင်ရွက်သည် -
(က) နိုင်ငံတော်သမ္မတပြောကြားသည့် မိန့်ခွန်းကို မှတ်တမ်းတင်ခြင်း၊
(ခ) နိုင်ငံတော်သမ္မတကပေးပို့သော သဝဏ်လွှာနှင့် ဥက္ကဋ္ဌက ခွင့်ပြုသော အခြားသဝဏ်လွှာများကို ဖတ်ကြားခြင်းနှင့် မှတ်တမ်းတင်ခြင်း၊
(ဂ) တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဝန်ကြီးချုပ် ပြောကြားသည့် မိန့်ခွန်းကို မှတ်တမ်းတင်ခြင်း၊
(ဃ) ဥပဒေကြမ်းတင်သွင်းခြင်း၊ ဆွေးနွေးခြင်းနှင့် ဆုံးဖြတ်ခြင်း၊
(င) ဖွဲ့စည်းပုံအခြေခံဥပဒေပါ ပြဋ္ဌာန်းချက်များအရ လည်းကောင်း၊ တည်ဆဲဥပဒေတစ်ရပ်ရပ်ပါ ပြဋ္ဌာန်းချက်များအရ လည်းကောင်း လွှတ်တော်က ဆောင်ရွက်ရမည့် ကိစ္စရပ်များနှင့် စပ်လျဉ်း၍ ဆွေးနွေးခြင်းနှင့် ဆုံးဖြတ်ခြင်း၊
(စ) လွှတ်တော်သို့တင်သွင်းမည့် အစီရင်ခံစာများကို ဆွေးနွေးခြင်း၊ ဆုံးဖြတ်ခြင်းနှင့် မှတ်တမ်းတင်ခြင်း၊
(ဆ) အဆိုတင်သွင်းခြင်း၊ ဆွေးနွေးခြင်းနှင့်ဆုံးဖြတ်ခြင်း၊
(ဇ) မေးခွန်းမေးမြန်းခြင်းနှင့် ဖြေကြားခြင်း၊
(ဈ) ဥက္ကဋ္ဌကခွင့်ပြုသည့်ကိစ္စရပ်များနှင့်စပ်လျဉ်း၍ ဆောင်ရွက်ခြင်း။

၃၉။ လွှတ်တော်၏အဆုံးအဖြတ်ရယူမည့်ကိစ္စရပ်များ၊ သဘောတူညီချက်ရယူမည့်ကိစ္စရပ်များနှင့် အတည်ပြုချက်ရယူမည့် ကိစ္စရပ်များကို အောက်ပါအတိုင်း ဆောင်ရွက်ရမည် -
(က) လွှတ်တော်အစည်းအဝေးကျင်းပဆဲကာလဖြစ်လျှင် ယင်းအစည်းအဝေး၌ ဆွေးနွေးဆုံးဖြတ်ရမည်။
(ခ) လွှတ်တော်အစည်းအဝေးကျင်းပဆဲကာလ မဟုတ်လျှင် အနီးကပ်ဆုံးလွှတ်တော်အစည်းအဝေး၌ ဆွေးနွေးဆုံးဖြတ်ရမည်။
(ဂ) အများပြည်သူအကျိုးငှာ အလျင်အမြန်ဆောင်ရွက်ရမည့် ကိစ္စရပ်များကို အထူးအစည်းအဝေး သို့မဟုတ် အရေးပေါ်အစည်းအဝေး ခေါ်ယူကျင်းပ၍ ဆွေးနွေးဆုံးဖြတ်ရမည်။

မဲခွဲဆုံးဖြတ်ခြင်း

၄၀။ လွှတ်တော်အစည်းအဝေးများတွင် အဆုံးအဖြတ်ပြုရမည့် အကြောင်းအရာတစ်ရပ်နှင့် စပ်လျဉ်း၍ မဲခွဲဆုံးဖြတ်ရာ၌ ဖွဲ့စည်းပုံအခြေခံဥပဒေတွင် အခြားနည်းပြဋ္ဌာန်းထားခြင်းမရှိလျှင် အစည်းအဝေးသို့ တက်ရောက်၍ ဆန္ဒမဲပေးသည့် လွှတ်တော်ကိုယ်စားလှယ်များ၏ များရာဆန္ဒမဲဖြင့် ဆုံးဖြတ်ရမည်။

၄၁။ ပုဒ်မ ၄၀ အရ ဆောင်ရွက်ရာတွင် ဥက္ကဋ္ဌ သို့မဟုတ် ဥက္ကဋ္ဌတာဝန်ထမ်းဆောင်နေသည့် ဒုတိယဥက္ကဋ္ဌသည် ဆန္ဒမဲမပေးရ။ ထောက်ခံဆန္ဒမဲနှင့် ကန့်ကွက်ဆန္ဒမဲအရေအတွက်ချင်း တူညီနေသည့် ကိစ္စရပ်တွင်သာ အနိုင်မဲပေးရမည်။

၄၂။ ဥက္ကဋ္ဌနှင့် ဒုတိယဥက္ကဋ္ဌ ရွေးချယ်တင်မြှောက်ရာတွင် သတ်မှတ်ထားသည့် နည်းလမ်းများနှင့်အညီ လွှတ်တော်အစည်းအဝေးတွင် သဘာပတိအပါအဝင် လွှတ်တော်ကိုယ်စားလှယ်အားလုံးက မဲခွဲဆုံးဖြတ်ရမည်။ သဘာပတိသည် အနိုင်မဲပေးပြီး ဆုံးဖြတ်ပိုင်ခွင့် မရှိစေရ။

လွှတ်လပ်စွာပြောဆိုခွင့်နှင့် ဆန္ဒမဲပေးပိုင်ခွင့်

၄၃။ လွှတ်တော်ကိုယ်စားလှယ်များသည် လွှတ်တော် သို့မဟုတ် လွှတ်တော်ကဖွဲ့စည်းသည့် ကော်မတီနှင့် အဖွဲ့များတွင် ဆွေးနွေးပြောဆိုရာ၌ ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေးနှင့် အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေးတို့ကို ထိခိုက်ခြင်း၊ အခြားဘာသာသာသနာကို ပုတ်ခတ်ပြောဆိုခြင်း၊ အခြားပါတီတစ်ခုခုကို ထိခိုက်ပုတ်ခတ်ပြောဆိုခြင်း၊ နိုင်ငံတော်နှင့် နိုင်ငံသားများ၏ အကျိုးစီးပွားကို ထိခိုက်စေခြင်း၊ နိုင်ငံတော်၏ ကျေးဇူးသစ္စာကို ဖောက်ဖျက်ခြင်း၊ နိုင်ငံတော်၏လုံခြုံရေးနှင့် လျှို့ဝှက်ချက်ကို တိုက်ရိုက်သော်လည်းကောင်း၊ သွယ်ဝိုက်၍သော်လည်းကောင်း ပေါက်ကြားစေခြင်း၊ ပုဂ္ဂိုလ်တစ်ဦးဦး၏ အကျင့်စာရိတ္တ သို့မဟုတ် အပြုအမူနှင့် စပ်လျဉ်း၍ပြောဆိုခြင်း၊ ဖွဲ့စည်းပုံအခြေခံဥပဒေပါ ပြဋ္ဌာန်းချက်များကို ဖောက်ဖျက်ခြင်း စသည့် ဆွေးနွေးပြောဆိုခြင်းမှအပ လွှတ်လပ်စွာပြောဆိုခွင့်နှင့် ဆန္ဒမဲပေးခွင့်ရှိသည်။ ထိုသို့ လွှတ်တော် သို့မဟုတ် လွှတ်တော်က ဖွဲ့စည်းသည့်ကော်မတီနှင့် အဖွဲ့တို့တွင် တင်ပြဆွေးနွေးခြင်း၊ မေးခွန်းများ မေးမြန်းခြင်းတို့နှင့် စပ်လျဉ်း၍ လွှတ်တော်ကိုယ်စားလှယ်တစ်ဦးအား ဤဥပဒေမှအပ အခြားဥပဒေအရ အရေးယူခြင်း မပြုရ။

၄၄။ လွှတ်တော်အစည်းအဝေးသို့ တက်ရောက်ရန် ဖိတ်ကြားခြင်းခံရသော ဖွဲ့စည်းပုံ အခြေခံဥပဒေအရ ဖွဲ့စည်းသည့် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အဆင့် အဖွဲ့အစည်းတစ်ရပ်ရပ်ကို ကိုယ်စားပြုသော အဖွဲ့အစည်းဝင်များ သို့မဟုတ် ပုဂ္ဂိုလ်များသည် လွှတ်တော် သို့မဟုတ် လွှတ်တော်က ဖွဲ့စည်းသည့်ကော်မတီနှင့် အဖွဲ့များတွင် ဆွေးနွေးပြောဆိုရာ၌ ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေးနှင့် အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေးတို့ကိုထိခိုက်ခြင်း၊ အခြားဘာသာသာသနာကို ပုတ်ခတ်ပြောဆိုခြင်း၊ နိုင်ငံတော်နှင့် နိုင်ငံသားများ၏ အကျိုးစီးပွားကို ထိခိုက်စေခြင်း၊ နိုင်ငံတော်၏ကျေးဇူးသစ္စာကိုဖောက်ဖျက်ခြင်း၊ နိုင်ငံတော်၏ လုံခြုံရေးနှင့် လျှို့ဝှက်ချက်ကို တိုက်ရိုက်သော်လည်းကောင်း၊ သွယ်ဝိုက်၍သော်လည်းကောင်း ပေါက်ကြားစေခြင်း၊ ပုဂ္ဂိုလ်တစ်ဦးဦး၏ အကျင့်စာရိတ္တ သို့မဟုတ် အပြုအမူနှင့် စပ်လျဉ်း၍ပြောဆိုခြင်း၊ ဖွဲ့စည်းပုံအခြေခံဥပဒေပါ ပြဋ္ဌာန်းချက်များကိုဖောက်ဖျက်ခြင်း စသည့်ဆွေးနွေးပြောဆိုခြင်းမှအပ လွှတ်လပ်စွာ ပြောဆိုခွင့်ရှိသည်။ ထိုသို့ လွှတ်တော် သို့မဟုတ် လွှတ်တော်ကော်မတီများတွင် တင်ပြပြောဆိုမှုများနှင့်စပ်လျဉ်း၍ ယင်းအဖွဲ့အစည်းဝင်များ သို့မဟုတ် ပုဂ္ဂိုလ်များအား ဤဥပဒေမှအပ အခြားဥပဒေအရ အရေးယူခြင်း မပြုရ။

၄၅။ ပုဒ်မ ၄၃ နှင့် ၄၄ တို့တွင် ပါရှိသော ပုဂ္ဂိုလ်များသည် အထက်ပါ အခွင့်အရေးများကို ကျင့်သုံးကြရာတွင် ကိုယ်ထိလက်ရောက် ကျူးလွန်မှုများရှိခဲ့ပါက ယင်းတို့သည် လွှတ်တော်၏ စည်းမျဉ်းစည်းကမ်း၊ လုပ်ထုံးလုပ်နည်းများအရ လည်းကောင်း၊ တည်ဆဲဥပဒေများအရလည်းကောင်း အရေးယူခြင်းခံရမည်။

တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အဆင့်အဖွဲ့အစည်းဝင်များ၏ တင်ပြခွင့်

၄၆။ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အဆင့်အဖွဲ့အစည်းတစ်ရပ်ရပ်ကို ကိုယ်စားပြုသော အဖွဲ့အစည်းဝင်များအနက် လွှတ်တော်ကိုယ်စားလှယ်ဖြစ်သော အဖွဲ့အစည်းဝင်များသည် လွှတ်တော် အစည်းအဝေးများတွင် မိမိအဖွဲ့အစည်းနှင့် သက်ဆိုင်သော ဥပဒေကြမ်းများ သို့မဟုတ် ကိစ္စရပ်များနှင့် စပ်လျဉ်း၍ ရှင်းလင်းပြောဆိုဆွေးနွေးခွင့်နှင့် ဆန္ဒမဲပေးပိုင်ခွင့်ရှိသည်။

၄၇။ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အဆင့် အဖွဲ့အစည်း တစ်ရပ်ရပ်ကို ကိုယ်စားပြုသော အဖွဲ့အစည်းဝင်များအနက် လွှတ်တော်ကိုယ်စားလှယ်မဟုတ်သော အဖွဲ့အစည်းဝင်များသည် ဥက္ကဋ္ဌ၏ ခွင့်ပြုချက်ဖြင့် လွှတ်တော်အစည်းအဝေးသို့ တက်ရောက်သည့်အခါ မိမိအဖွဲ့အစည်းနှင့် သက်ဆိုင်သော ဥပဒေကြမ်းများ သို့မဟုတ် ကိစ္စရပ်များနှင့်စပ်လျဉ်း၍ ရှင်းလင်းပြောဆို ဆွေးနွေးခွင့်ရှိသည်။

အခန်း(၉)
တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အဆင့်အဖွဲ့အစည်းဝင်များ

တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အဆင့် ဝန်ကြီးဌာန အရေအတွက်နှင့် အဖွဲ့အစည်းဝင်ဦးရေကို အဆုံးအဖြတ်ပေးခြင်း

၄၈။ လွှတ်တော်သည် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၂၄၈ ပုဒ်မခွဲ (ဂ) ပုဒ်မခွဲငယ်(၁) နှင့်အညီ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရဝန်ကြီးဌာန အရေအတွက်ကိုလည်းကောင်း၊ ပုဒ်မ ၂၄၈ ပုဒ်မခွဲ (ဂ) ပုဒ်မခွဲငယ်(၂) နှင့်အညီ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရဝန်ကြီးဦးရေကို လည်းကောင်း၊ ပုဒ်မ ၃၀၈ ပုဒ်မခွဲ (က) ပုဒ်မခွဲငယ်(၂)ပါ သတ်မှတ်ချက်အတွင်း ခန့်ထားရမည့် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်တရားလွှတ်တော် တရားသူကြီးဦးရေကိုလည်းကောင်း သတ်မှတ်ရေးအတွက် နိုင်ငံတော်သမ္မတ၏ အဆိုပြုချက်နှင့်စပ်လျဉ်း၍ အဆုံးအဖြတ်ပေးရမည်။

၄၉။ လွှတ်တော်သည် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရဝန်ကြီးဌာနအရေအတွက်နှင့် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဝန်ကြီးဦးရေကို လည်းကောင်း၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်တရားလွှတ်တော် တရားသူကြီးဦးရေကိုလည်းကောင်း အခါအားလျော်စွာပြင်ဆင်ခြင်း၊ ဖြည့်စွက်ခြင်း၊ ဦးရေကိုတိုးခြင်း၊ လျှော့ခြင်းပြုလုပ်လိုကြောင်း နိုင်ငံတော်သမ္မတ၏ အဆိုပြုချက်နှင့် စပ်လျဉ်း၍ အဆုံးအဖြတ်ပေးရမည်။

တိုင်းဒေသကြီး သို့မဟုတ် [cut off]
ခန့်အပ်တာဝန်ပေးရန် သ [cut off]

၅၀။ ဥက္ကဋ္ဌသည်
ပြည်နယ်ဝန်ကြီးချုပ်အဖြ
အခြေခံဥပဒေပုဒ်မ ၂၆၁
စပ်လျဉ်း၍ လွှတ်တော်၏

၅၁။ ဥက္ကဋ္ဌသည်
ပြည်နယ်တရားလွှတ်တော
အတွက် ဖွဲ့စည်းပုံအခြေခံ
အမည်စာရင်း အဆိုပြု
ချက်ရယူရမည်။

၅၂။ ဥက္ကဋ္ဌသည်
အောက်ပါတိုင်းဒေသကြီ
တာဝန်ပေးနိုင်ရေးအတွ
ပုဒ်မ ၂၆၆ ပုဒ်မခွဲ (က)
ပုဒ်မခွဲငယ်(၁)တို့နှင့်အည
လွှတ်တော်၏ သဘော
(က) တိုင်း
(ခ) တိုင်း
တရာ
(ဂ) တိုင်း
(ဃ) တိုင်း

၅၃။ လွှတ်တော်သ
အဆိုပြုသော အမည်စာ
ဒေသကြီး သို့မဟုတ် ပြ
အမည်စာရင်းပါ ပုဂ္ဂိုလ်
သတ်မှတ်ထားသော အ
မပြနိုင်ပါက သက်ဆိုင်ရ
မရှိစေရ။

၅၄။ ပုဒ်မ ၅၀၊ ၅
ပုဂ္ဂိုလ်များအနက် လွှ
အစား အမည်စာရင်းသစ်
ပြည်နယ်ဝန်ကြီးချုပ်တို့က

ကတိသစ္စာပြုခြင်း

၅၅။ လွှတ်တော်သ
လွှတ်တော်၏ သဘောတ
ဒေသကြီး သို့မဟုတ် ပြ
သို့မဟုတ် ပြည်နယ်တရာ
တိုင်းဒေသကြီး သို့မဟုတ်
ပြည်နယ်စာရင်းစစ်ချုပ်
ရှေ့မှောက်၌ ကတိသစ္စာ

ဥပဒေပြုခွင့်

၅၆။ လွှတ်တော်သ
သော တိုင်းဒေသကြီး
နှင့်စပ်လျဉ်း၍ တိုင်းဒေ
လည်းကောင်း၊ တိုင်းဒေသ
သော်လည်းကောင်း အာ

၅၇။ တိုင်းဒေသကြီ
ဖွဲ့စည်းပုံအခြေခံဥပဒေ
သို့မဟုတ် ပြည်နယ်ဥပဒေ
သည့်ကိစ္စရပ်များနှင့် စပ်
နည်းလမ်းများနှင့်အညီ

၅၈။ တိုင်းဒေသကြီ
တင်သွင်းခွင့်ရှိသော တို
နှစ်စဉ်အရ အသုံးခန့်မှန်
ကြမ်းများကို သတ်မှတ်
တင်သွင်းရမည် ။

၅၉။ လွှတ်တော်ကို
၂ တွင် ဖော်ပြထားသော
ကိစ္စရပ်များအနက် တိုင်
ဥပဒေကြမ်းတင်သွင်းရမ
ကိစ္စရပ်များမှအပ ကျန်
သတ်မှတ်ထားသည့် နည်
ရှိသည်။

စာပေရေချမ်းစင်များထားရှိခြင်းကြောင့် စာဖတ်သည့်အလေ့အကျင့်ကောင်းများရရှိ

မန္တလေး ဩဂုတ် ၆

လူများသည် စာအုပ်စာပေများကို လေ့လာဖတ်ရှုနိုင်ရန်အတွက် စာအုပ်စာပေများရှိရာသို့ သွားရောက်ကြရသည်။ သို့သော် အကြောင်းကြောင်းကြောင့် စာအုပ်စာပေများရှိရာသို့ သွားရောက်နိုင်ခြင်းမရှိသောအခါ လူများရှိရာသို့ စာအုပ်စာပေများကို အရောက်ပို့ဆောင်နိုင်ရေး စာပေရေချမ်းစင်များဖြစ်သော Book Corner များနှင့် Mini Book Corner များကို ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာနက နိုင်ငံတစ်ဝန်းရှိ လူစည်ကားရာနေရာများတွင် ထားရှိပေးထားသည်။ ထိုသို့ ဆောင်ရွက်ပေးထားခြင်းကြောင့် ပြည်သူများသည် လွယ်လင့်တကူ စာအုပ်စာပေများကို ဖတ်ရှုနိုင်ကြပြီး စာဖတ်သည့် အလေ့အကျင့်ကောင်းများလည်း ရရှိကြမည်ဖြစ်သည်။ စာပေရေချမ်းစင်များထားရှိရာနေရာဖြစ်သော မန္တလေးဘူတာကြီးနှင့် မန္တလေးအထွေထွေရောဂါကုဆေးရုံကြီးတို့တွင် ဩဂုတ် ၄ ရက် နံနက်ပိုင်းက ပြန်ကြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးပိုက်ထွေး သွားရောက်၍ စာပေရေချမ်းစင်များကို ကြည့်ရှုပြီး စာဖတ်နေသူများကို တွေ့ဆုံအားပေးသည်။ **(ယာပုံ)**

ဒုတိယဝန်ကြီးသည် ဩဂုတ် ၅ ရက်တွင် အထက်မြန်မာပြည်အစိုးရ ပုံနှိပ်စက်ရုံ(မန္တလေး)သို့ ရောက်ရှိပြီး ရေထိန်းတံခါး ရေထိန်းနံရံတည်ဆောက်ပြီးစီးမှုနှင့် စက္ကူသိုလှောင်ရုံ တည်ဆောက်ပြီးစီးမှုတို့ကို လှည့်လည် ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် အောင်မြေသာစံ မြို့နယ်ရှိ စာပေဗိမာန်စာကြည့်တိုက်နှင့် စာပေဗိမာန်အရောင်းဆိုင်၌ လှည့်လည်ကြည့်ရှုပြီး အောင်မြေသာစံမြို့နယ်ရှိ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာနရုံး၌ မန္တလေးမြို့ပေါ်မှ ပြန်ကြားရေးဝန်ကြီးဌာနလက်အောက်ရှိ တာဝန်ခံများ၊ ဝန်ထမ်းများနှင့် တွေ့ဆုံသည်။

ယင်းနောက် အောင်မြေသာစံမြို့နယ် သီရိမန္တလာကားကြီးဝင်းရှိ စာပေရေချမ်းစင်ကို လည်းကောင်း၊ ပြင်ဦးလွင်၊ ကျောက်ဆည်နှင့် မိတ္ထီလာမြို့တို့ရှိ စာပေရေချမ်းစင်များကိုလည်းကောင်း ကြည့်ရှုခဲ့သည်။

အဆိုပါ ရေချမ်းစင်များကို မန္တလေးခရိုင်၌ Book Corner ခြောက်ခုနှင့် Mini Book Corner ၄၀ ထားရှိပြီး တစ်တိုင်းလုံးတွင် Book Corner ၁၂ ခုနှင့် Mini Book Corner ၁၂၅ ခုကို လူစည်ကားရာ နေရာများဖြစ်သော ဘူတာရုံ၊ ကားကြီးဝင်း၊ အစိုးရဌာနများ၊ ဆေးရုံများ၊ လက်ဖက်ရည်ဆိုင်များနှင့်အအေးဆိုင်များတွင် စီစဉ်ထားရှိပေးထားကြောင်း သိရသည်။

(မန္တလေးကိုယ်ပွား)

တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အဆင့် အဖွဲ့အစည်းဝင် ခန့်အပ်တာဝန်ပေးရန် သဘောတူညီချက် ရယူခြင်း

၅၀။ ဥက္ကဋ္ဌသည် နိုင်ငံတော်သမ္မတက တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဝန်ကြီးချုပ်အဖြစ် ခန့်အပ်တာဝန်ပေးနိုင်ရေးအတွက် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၂၆၁ ပုဒ်မခွဲ (ခ)နှင့်အညီ အမည်စာရင်း အဆိုပြုချက်နှင့် စပ်လျဉ်း၍ လွှတ်တော်၏သဘောတူညီချက်ရယူရမည်။

၅၁။ ဥက္ကဋ္ဌသည် နိုင်ငံတော်သမ္မတက တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်တရားလွှတ်တော်တရားသူကြီးချုပ်အဖြစ် ခန့်အပ်တာဝန်ပေးနိုင်ရေး အတွက် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၃၀၈ ပုဒ်မခွဲ(ခ) ပုဒ်မခွဲငယ်(၁)နှင့်အညီ အမည်စာရင်း အဆိုပြုချက်နှင့်စပ်လျဉ်း၍ လွှတ်တော်၏ သဘောတူညီချက်ရယူရမည်။

၅၂။ ဥက္ကဋ္ဌသည် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဝန်ကြီးချုပ်က အောက်ပါတိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အဆင့် ပုဂ္ဂိုလ်များကို ခန့်အပ် တာဝန်ပေးနိုင်ရေးအတွက် ဖွဲ့စည်းပုံအခြေခံ ဥပဒေပုဒ်မ ၂၆၂ ပုဒ်မခွဲ (ခ)၊ ပုဒ်မ ၂၆၆ ပုဒ်မခွဲ (က)၊ ပုဒ်မ ၂၇၁ ပုဒ်မခွဲ (က)၊ ပုဒ်မ ၃၀၈ ပုဒ်မခွဲ(ခ) ပုဒ်မခွဲငယ်(၁)တို့နှင့်အညီ အမည်စာရင်းအဆိုပြုချက်နှင့် စပ်လျဉ်း၍ လွှတ်တော်၏ သဘောတူညီချက် ရယူရမည်-

(က) တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဝန်ကြီးများ၊
(ခ) တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်တရားလွှတ်တော် တရားသူကြီးများ၊
(ဂ) တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဥပဒေချုပ်၊
(ဃ) တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်စာရင်းစစ်ချုပ်။

၅၃။ လွှတ်တော်သည် နိုင်ငံတော်သမ္မတက ပုဒ်မ ၅၀ နှင့် ၅၁ တို့အရ အဆိုပြုသော အမည်စာရင်းပါ ပုဂ္ဂိုလ်များအား လည်းကောင်း၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဝန်ကြီးချုပ်က ပုဒ်မ ၅၂ အရ အဆိုပြုသော အမည်စာရင်းပါ ပုဂ္ဂိုလ်များအားလည်းကောင်း ဖွဲ့စည်းပုံအခြေခံဥပဒေပါ သတ်မှတ်ထားသော အရည်အချင်းများနှင့်မပြည့်စုံကြောင်း အထင်အရှား မပြနိုင်ပါက သက်ဆိုင်ရာပုဂ္ဂိုလ်အား ခန့်အပ်တာဝန်ပေးရန် ငြင်းပယ်ခွင့် မရှိစေရ။

၅၄။ ပုဒ်မ ၅၀၊ ၅၁ နှင့် ၅၂ တို့အရ အဆိုပြုသော အမည်စာရင်းပါ ပုဂ္ဂိုလ်များအနက် လွှတ်တော်၏ သဘောတူညီချက်မရရှိသည့်ပုဂ္ဂိုလ် အစား အမည်စာရင်းသစ်ကို နိုင်ငံတော်သမ္မတနှင့် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဝန်ကြီးချုပ်တို့က လွှတ်တော်သို့ ထပ်မံတင်ပြခွင့် ရှိသည်။

ကတိသစ္စာပြုခြင်း

၅၅။ လွှတ်တော်သည် ပုဒ်မ ၅၀၊ ပုဒ်မ ၅၁ နှင့် ပုဒ်မ ၅၂ တို့အရ လွှတ်တော်၏ သဘောတူညီချက်ဖြင့် ခန့်အပ်တာဝန်ပေးခြင်းခံရသော တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဝန်ကြီးချုပ်နှင့် ဝန်ကြီးများ၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်တရားလွှတ်တော်တရားသူကြီးချုပ်နှင့် တရားသူကြီးများ၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဥပဒေချုပ်နှင့် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်စာရင်းစစ်ချုပ်တို့အား လွှတ်တော်အစည်းအဝေးတွင် ဥက္ကဋ္ဌ၏ ရှေ့မှောက်၌ ကတိသစ္စာပြုစေရမည်။

အခန်း (၁၀)
ဥပဒေပြုခြင်း

ဥပဒေပြုခွင့်

၅၆။ လွှတ်တော်သည် ဖွဲ့စည်းပုံအခြေခံဥပဒေဇယား ၂ တွင် ဖော်ပြထားသော တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဥပဒေပြုစာရင်းပါကိစ္စရပ်များနှင့်စပ်လျဉ်း၍ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်တစ်ဝန်းလုံးအတွက်သော် လည်းကောင်း၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်တစ်စိတ်တစ်ဒေသအတွက် သော်လည်းကောင်း အာဏာသက်ရောက်စေရန် ဥပဒေပြုခွင့်ရှိသည်။

၅၇။ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အဆင့်အဖွဲ့အစည်းများသည် ဖွဲ့စည်းပုံအခြေခံဥပဒေဇယား ၂ တွင် ဖော်ပြထားသော တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဥပဒေပြုစာရင်းပါ ကိစ္စရပ်များအနက် မိမိတို့ စီမံခန့်ခွဲသည့်ကိစ္စရပ်များနှင့် စပ်လျဉ်းသော ဥပဒေကြမ်းများကို သတ်မှတ်ထားသည့် နည်းလမ်းများနှင့်အညီ လွှတ်တော်သို့ တင်သွင်းခွင့်ရှိသည်။

၅၈။ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့သည် ယင်းကသာ တင်သွင်းခွင့်ရှိသော တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဒေသန္တရ စီမံကိန်း၊ နှစ်စဉ်အရ အသုံးခန့်မှန်းခြေငွေစာရင်းနှင့် အခွန်အကောက်ဆိုင်ရာ ဥပဒေကြမ်းများကို သတ်မှတ်ထားသည့် နည်းလမ်းများနှင့်အညီ လွှတ်တော်သို့ တင်သွင်းရမည် ။

၅၉။ လွှတ်တော်ကိုယ်စားလှယ်များသည် ဖွဲ့စည်းပုံအခြေခံဥပဒေဇယား ၂ တွင် ဖော်ပြထားသော တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဥပဒေပြုစာရင်းပါ ကိစ္စရပ်များအနက် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့ကသာ ဥပဒေကြမ်းတင်သွင်းရမည်ဟု ဖွဲ့စည်းပုံအခြေခံဥပဒေ၌ သတ်မှတ်ထားသော ကိစ္စရပ်များမှအပ ကျန်ကိစ္စရပ်များနှင့်စပ်လျဉ်းသော ဥပဒေကြမ်းများကို သတ်မှတ်ထားသည့် နည်းလမ်းများနှင့်အညီ လွှတ်တော်သို့ တင်သွင်းခွင့် ရှိသည်။

နည်းဥပဒေ၊ စည်းမျဉ်း၊ စည်းကမ်း၊ အမိန့်ကြော်ငြာစာ၊ အမိန့်၊ ညွှန်ကြားချက်နှင့် လုပ်ထုံးလုပ်နည်းများ ထုတ်ပြန်ခွင့်

၆၀။ လွှတ်တော်သည် ဥပဒေတစ်ရပ်ပြဋ္ဌာန်းသည့်အခါ -

(က) တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အဆင့်အဖွဲ့အစည်း တစ်ရပ်ရပ်အား ယင်းဥပဒေနှင့် သက်ဆိုင်သည့် နည်းဥပဒေ၊ စည်းမျဉ်းနှင့် စည်းကမ်းများ ထုတ်ပြန်ခွင့်ကို အပ်နှင်းနိုင်သည်။
(ခ) သက်ဆိုင်ရာအဖွဲ့အစည်း သို့မဟုတ် အာဏာပိုင်အား ယင်းဥပဒေနှင့် သက်ဆိုင်သည့် အမိန့်ကြော်ငြာစာ၊ အမိန့်၊ ညွှန်ကြားချက်နှင့် လုပ်ထုံးလုပ်နည်းများ ထုတ်ပြန်ခွင့်ကို အပ်နှင်းနိုင်သည်။
(ဂ) အထက်အပိုဒ်ခွဲ (က) နှင့် (ခ) အရ ထုတ်ပြန်ခွင့်ရှိသည့် နည်းဥပဒေ၊ စည်းမျဉ်း၊ စည်းကမ်းများ၊ အမိန့်ကြော်ငြာစာများ၊ အမိန့်၊ ညွှန်ကြားချက်နှင့် လုပ်ထုံးလုပ်နည်းများကို ထုတ်ပြန်ရာတွင် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အဆင့် အဖွဲ့အစည်းများ သို့မဟုတ် အာဏာပိုင်များသည် နည်းဥပဒေ၊ စည်းမျဉ်း၊ စည်းကမ်းများ၊ အမိန့်ကြော်ငြာစာ၊ ညွှန်ကြားချက်နှင့် လုပ်ထုံးလုပ်နည်းများကို ထုတ်ပြန်သည့်နေ့မှစ၍ သတ်မှတ်ရက်အတွင်း လွှတ်တော်သို့ ပေးပို့နိုင်ရေးအတွက် ဆက်သွယ်ညှိနှိုင်းဆောင်ရွက်ရမည်။

၆၁။ ဥပဒေတစ်ရပ်က အပ်နှင်းသည့် လုပ်ပိုင်ခွင့်အရ ပြုလုပ်သော နည်းဥပဒေ၊ စည်းမျဉ်း၊ စည်းကမ်း၊ အမိန့်ကြော်ငြာစာ၊ အမိန့်၊ ညွှန်ကြားချက်နှင့် လုပ်ထုံးလုပ်နည်းများသည် ဖွဲ့စည်းပုံ အခြေခံဥပဒေပါ ပြဋ္ဌာန်းချက်များနှင့် လည်းကောင်း၊ သက်ဆိုင်ရာ ဥပဒေပါပြဋ္ဌာန်းချက်များနှင့် လည်းကောင်း ညီညွတ်မှုရှိရမည်။

၆၂။ လွှတ်တော်က ပြဋ္ဌာန်းသည့် ဥပဒေအရပြုသည့် နည်းဥပဒေ၊ စည်းမျဉ်း သို့မဟုတ် စည်းကမ်းတစ်ရပ်ရပ်ကို ထုတ်ပြန်ပြီးသည့်အခါ သက်ဆိုင်ရာ အဖွဲ့အစည်းသည် မိမိထုတ်ပြန်သည့် နည်းဥပဒေ၊ စည်းမျဉ်း သို့မဟုတ် စည်းကမ်းကို အနီးကပ်ဆုံးကျင်းပသော လွှတ်တော်ပုံမှန်အစည်းအဝေးကာလတွင် ဥက္ကဋ္ဌက ခွင့်ပြုသည့် အစီအစဉ်ဖြင့် လွှတ်တော်ကိုယ်စားလှယ်များထံ ဖြန့်ဝေတင်ပြရမည်။

၆၃။ နည်းဥပဒေ၊ စည်းမျဉ်း သို့မဟုတ် စည်းကမ်းတစ်ရပ်ရပ်သည် သက်ဆိုင်ရာဥပဒေပါ ပြဋ္ဌာန်းချက်များနှင့် ညီညွတ်မှုမရှိကြောင်း တွေ့ရှိပါက ယင်းနည်းဥပဒေ၊ စည်းမျဉ်း သို့မဟုတ် စည်းကမ်းကို ပယ်ဖျက်ရန် သို့မဟုတ် ပြင်ဆင်စေရန် နည်းဥပဒေ၊ စည်းမျဉ်း သို့မဟုတ် စည်းကမ်းဖြန့်ဝေတင်ပြသော နေ့ရက်မှ ရက်ပေါင်း ၉၀ အတွင်း လွှတ်တော်ကိုယ်စားလှယ်များက လွှတ်တော်တွင် အဆိုတင်သွင်းနိုင်သည်။

၆၄။ နည်းဥပဒေ၊ စည်းမျဉ်း သို့မဟုတ် စည်းကမ်းတစ်ရပ်ရပ်ကို ပယ်ဖျက်ရန် သို့မဟုတ် ပြင်ဆင်စေရန် လွှတ်တော်က ဆုံးဖြတ်ပါက ထိုသို့ ပယ်ဖျက်ခြင်း သို့မဟုတ် ပြင်ဆင်စေခြင်း မပြုမီ နည်းဥပဒေ၊ စည်းမျဉ်း သို့မဟုတ် စည်းကမ်းအရ ဆောင်ရွက်ခဲ့ပြီးသော အမှုကိစ္စများကို ထိခိုက်ခြင်း မရှိစေရ။

အခန်း(၁၁)
နယ်နိမိတ်ပြင်ဆင်သတ်မှတ်ခြင်း

၆၅။ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်တစ်နယ်၏နယ်နိမိတ်ကို ပြင်ဆင်သတ်မှတ်ရန် အကြောင်းပေါ်ပေါက်သဖြင့် ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ ၅၃ ပုဒ်မခွဲ (က) နှင့် (ဂ) တို့အရ ဆောင်ရွက်သည့်အခါ ယင်းနယ်နိမိတ်နှင့် အကျုံးဝင်သည့် မြို့နယ်များအတွင်း နေထိုင်ကြသော ဆန္ဒမဲပေးပိုင်ခွင့်ရှိသူဦးရေစုစုပေါင်း၏ထက်ဝက်ကျော်က နယ်နိမိတ်ပြင်ဆင်သင့်ကြောင်း ထောက်ခံဆန္ဒမဲပေးလျှင် ယင်းနယ်နိမိတ်နှင့် အကျုံးဝင်သည့် သက်ဆိုင်ရာ လွှတ်တော်ကိုယ်စားလှယ်များ၏ ဆန္ဒရယူရမည်။

၆၆။ သက်ဆိုင်ရာ လွှတ်တော်ကိုယ်စားလှယ် စုစုပေါင်း၏ လေးပုံသုံးပုံနှင့်အထက် ထောက်ခံ ဆန္ဒမဲရရှိလျှင်သော်လည်းကောင်း၊ သက်ဆိုင်ရာ လွှတ်တော်တစ်ရပ်ရပ်က နယ်နိမိတ်ပြင်ဆင်ရန် သဘောမတူကြောင်း ဆုံးဖြတ်လျှင်သော်လည်းကောင်း ပြည်ထောင်စုလွှတ်တော်၏ အဆုံးအဖြတ်ကို ရယူနိုင်ရန် ပြည်ထောင်စုလွှတ်တော်သို့ တင်ပြရမည်။

အခန်း(၁၂)
နိုင်ငံတော်သမ္မတ၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဝန်ကြီးချုပ်နှင့် လွှတ်တော်ဆက်သွယ်ရေး

၆၇။ လွှတ်တော်အစည်းအဝေးသို့ တက်ရောက်၍ မိန့်ခွန်းပြောကြားလိုကြောင်း နိုင်ငံတော်သမ္မတက အကြောင်းကြားလျှင် ဥက္ကဋ္ဌသည် နိုင်ငံတော်သမ္မတအား ဖိတ်ကြား၍ လိုအပ်သည်များကို စီစဉ်ဆောင်ရွက်ပေးရမည်။

၆၈။ လွှတ်တော်သည် နိုင်ငံတော်သမ္မတအား အကြောင်းကြားရန် ရှိသောအခါ အောက်ဖော်ပြပါ နည်းလမ်းတစ်ရပ်ရပ်ဖြင့် အကြောင်းကြားနိုင်သည်-

(က) လွှတ်တော်သည် အဆိုတစ်ရပ် တင်သွင်းအတည်ပြုပြီးနောက် သဝဏ်လွှာအဖြစ်ဖြင့် ဥက္ကဋ္ဌထံမှတစ်ဆင့် နိုင်ငံတော်သမ္မတထံ ပေးပို့ခြင်း၊
(ခ) လွှတ်တော်ကိုယ်စား ဥက္ကဋ္ဌက နိုင်ငံတော်သမ္မတထံ သဝဏ်လွှာပေးပို့ခြင်း။

၆၉။ လွှတ်တော်အစည်းအဝေးတွင် မိန့်ခွန်းပြောကြားလိုကြောင်း တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဝန်ကြီးချုပ်က အဆိုပြုလျှင် ဥက္ကဋ္ဌက လိုအပ်သည်များကို စီစဉ်ဆောင်ရွက်ပေးရမည်။

အခန်း(၁၃)
အရေးပေါ်ကာလဆိုင်ရာပြဋ္ဌာန်းချက်နှင့် လွှတ်တော်

၇၀။ ဖွဲ့စည်းပုံအခြေခံ ဥပဒေပုဒ်မ ၄၁၈ အရ နိုင်ငံတော်သမ္မတသည် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်အား နိုင်ငံတော်၏ ဥပဒေပြုရေး၊ အုပ်ချုပ်ရေးနှင့် တရားစီရင်ရေးအာဏာများကို လွှဲအပ်ကြောင်း ကြေညာသည့်နေ့မှစ၍ လွှတ်တော်၏ဥပဒေပြုရေးဆိုင်ရာ လုပ်ငန်းများကို ရပ်ဆိုင်းထားသည်ဟု မှတ်ယူရမည်။ လွှတ်တော်သက်တမ်းကုန်ဆုံးသည့်အခါ လွှတ်တော်သည် အလိုအလျောက် ဖျက်သိမ်းပြီးဖြစ်သည်ဟု မှတ်ယူရမည်။

၇၁။ မိမိအားပေးအပ်ထားသော တာဝန်ကို ပြီးမြောက်အောင် ဆောင်ရွက်ပြီးစီးကြောင်း တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ထံမှ အစီရင်ခံစာရရှိသည့်အခါ လွှတ်တော်သက်တမ်းကုန်ဆုံးခြင်း မရှိသေးသဖြင့် နိုင်ငံတော်သမ္မတက ပြည်ထောင်စုလွှတ်တော်၊ ပြည်သူ့လွှတ်တော်၊ အမျိုးသားလွှတ်တော်၊ လွှတ်တော်အားလုံးနှင့် သက်ဆိုင်ရာဦးစီးအဖွဲ့များ၏ ဥပဒေပြုရေးဆိုင်ရာ လုပ်ငန်းများ ယာယီရပ်ဆိုင်းထားခြင်းကို ဖွဲ့စည်းပုံ အခြေခံဥပဒေပုဒ်မ ၄၂၃ အရ ပယ်ဖျက်လျှင် လွှတ်တော်သည် ကျန်ရှိသော လွှတ်တော်သက်တမ်းအတွက် ဆက်လက်တာဝန်ထမ်းဆောင်ရမည်။

အခန်း(၁၄)
တားမြစ်ချက်နှင့် ပြစ်ဒဏ်များ

၇၂။ မည်သူမဆို အောက်ဖော်ပြပါ တားမြစ်ချက်တစ်ရပ်ရပ်ကိုဖောက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကို တစ်နှစ်ထက် မပိုသော ထောင်ဒဏ်ဖြစ်စေ၊ ကျပ်တစ်သိန်းထက် မပိုသော ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ရမည်-

(က) လွှတ်တော်အစည်းအဝေးကျင်းပနေစဉ် အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိသော လွှတ်တော်ကိုယ်စားလှယ်များမှအပ အခြားမည်သူမျှ ဥက္ကဋ္ဌ၏ ခွင့်ပြုချက်မရရှိဘဲ လွှတ်တော်အစည်းအဝေး ခန်းမအတွင်းသို့ မဝင်ရ။
(ခ) လွှတ်တော်အစည်းအဝေးကျင်းပနေစဉ် လွှတ်တော်အစည်းအဝေးခန်းမအတွင်းသို့ လိမ်လည်ပြောဆို၍ သို့မဟုတ် သူတစ်ပါးအယောင်ဆောင်၍ ဝင်ရောက်ခြင်း မပြုရ။
(ဂ) လွှတ်တော်အစည်းအဝေးကျင်းပချိန်၌ဖြစ်စေ၊ အစည်းအဝေးကျင်းပချိန်အပ၌ဖြစ်စေ ဥက္ကဋ္ဌ၏ခွင့်ပြုချက်မရှိဘဲ သတ်မှတ်ထားသော လွှတ်တော်ပရဝုဏ်အတွင်း ညဥ့်အိပ်ညဥ့်နေမပြုရ။

၇၃။ မည်သူမဆို အောက်ဖော်ပြပါ တားမြစ်ချက်တစ်ရပ်ရပ်ကို ဖောက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကို နှစ်နှစ် ထက်မပိုသော ထောင်ဒဏ်ဖြစ်စေ၊ ကျပ်နှစ်သိန်းထက် မပိုသောငွေဒဏ် ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ရမည်-

(က) သတ်မှတ်ထားသော လွှတ်တော်ပရဝုဏ်အတွင်း ဆန္ဒပြခြင်း သို့မဟုတ် တစ်နည်းနည်းဖြင့် ဆူပူနှောင့်ယှက်ခြင်း မပြုရ။
(ခ) လွှတ်တော် သို့မဟုတ် လွှတ်တော်အဖွဲ့အစည်းတစ်ရပ်မှ ဆွေးနွေးမေးမြန်းရန် ဖိတ်ခေါ်ခြင်းခံရသူတစ်ဦးအား မတရားသြဇာလွှမ်းမိုးခြင်း၊ သွေးဆောင်ခြင်း သို့မဟုတ် ခြိမ်းခြောက်ခြင်း မပြုရ။
(ဂ) လွှတ်တော်အစည်းအဝေးခန်းမ၌ဖြစ်စေ၊ လွှတ်တော်ပရဝုဏ်အတွင်း၌ဖြစ်စေ လွှတ်တော်ကိုယ်စားလှယ်တစ်ဦးအား ကိုယ်ထိလက်ရောက်ပြုခြင်း သို့မဟုတ် အနှောင့်အယှက်ပေးခြင်း မပြုရ။
(ဃ) လွှတ်တော်ကိစ္စရပ်များ ဆောင်ရွက်ရန် တာဝန်ပေးထားသော ဝန်ထမ်းတစ်ဦး သို့မဟုတ် လွှတ်တော်လုံခြုံရေး တာဝန်ရှိသူတစ်ဦးအား ယင်း၏တာဝန်ဝတ္တရားများ ဆောင်ရွက်ရာ၌ နှောင့်ယှက်ခြင်း သို့မဟုတ် ဟန့်တားခြင်း မပြုရ။
(င) လွှတ်တော် သို့မဟုတ် လွှတ်တော်အဖွဲ့အစည်းတစ်ရပ်ကို လိမ်လည်လှည့်ဖြားရန် အကြံဖြင့် အတုပြုလုပ်ထားသည့် စာရွက်စာတမ်း၊ အထောက်အထားများကို တင်ပြခြင်း မပြုရ။
(စ) လျှို့ဝှက်စွာ ထိန်းသိမ်းထားရှိရမည့် လွှတ်တော်ဆိုင်ရာ စာရွက်စာတမ်းများ၊ အကြောင်းအရာများ၊ အချက်အလက်များ၊ ကိန်းဂဏန်းများ၊ ရုပ်ပုံကားချပ်များနှင့် အခြား အထောက်အထားများကို ပြင်ပသို့ပေါက်ကြားစေရန် ပြောဆိုခြင်း၊ ရေးသားခြင်း၊ ပုံနှိပ်ခြင်း၊ ဖြန့်ချိခြင်း သို့မဟုတ် တစ်နည်းနည်းဖြင့် ဆက်သွယ်ပေးပို့ခြင်း မပြုရ။
(ဆ) လွှတ်တော်အစည်းအဝေးခန်းမ၌ ဖြစ်စေ၊ လွှတ်တော် ပရဝုဏ်အတွင်း၌ဖြစ်စေ ခွင့်ပြုထားသူမှအပ လက်နက် ယူဆောင်လာခြင်းမပြုရ။

၇၄။ (က) လွှတ်တော်ကိုယ်စားလှယ်တစ်ဦးသည် ပုဒ်မ ၇၂ နှင့် ပုဒ်မ ၇၃ တို့ပါ တားမြစ်ချက်တစ်ရပ်ရပ်ကို ဖောက်ဖျက် ကျူးလွန်လျှင် လွှတ်တော်ရုံးက ဥက္ကဋ္ဌ၏ ခွင့်ပြုချက်ရယူပြီး သက်ဆိုင်ရာတရားရုံးတွင် တရားစွဲဆိုနိုင်ရန် ဆောင်ရွက်ရမည်။
(ခ) လွှတ်တော်ကိုယ်စားလှယ် မဟုတ်သော ပုဂ္ဂိုလ်တစ်ဦးသည် ပုဒ်မ ၇၂ နှင့် ပုဒ်မ ၇၃ တို့ပါ တားမြစ်ချက်တစ်ရပ်ရပ်ကို ဖောက်ဖျက်ကျူးလွန်လျှင် လွှတ်တော်ရုံးက သက်ဆိုင်ရာ တရားရုံးတွင် တရားစွဲဆိုနိုင်ရန် ဆောင်ရွက်ရမည်။

၇၅။ လွှတ်တော်ကိုယ်စားလှယ်တစ်ဦးသည် ဤဥပဒေပုဒ်မ ၁၁ ပုဒ်မခွဲ (က)၊ ပုဒ်မခွဲ (ခ) နှင့် ပုဒ်မခွဲ(ဂ)တို့မှအပ ပုဒ်မ ၁၁ ပါ ကျင့်ဝတ်နှင့် စည်းကမ်းများဆိုင်ရာအချက်တစ်ခုခုကို မလိုက်နာကြောင်း တွေ့ရှိပါက ဥက္ကဋ္ဌသည် အောက်ပါနည်းလမ်းများဖြင့် အရေးယူနိုင်သည် -

(က) သတိပေးခြင်း၊
(ခ) လွှတ်တော်အစည်းအဝေးသို့ တက်ရောက်ခွင့်အား ယာယီရပ်စဲခြင်း။

၇၆။ ဤအခန်းပါ ပုဒ်မ ၇၂ နှင့် ပုဒ်မ ၇၃ တို့ပါ ပြစ်မှုများကို ရဲအရေးယူပိုင်ခွင့်ရှိသော ပြစ်မှုများအဖြစ် သတ်မှတ်သည်။

အခန်း(၁၅)
အထွေထွေ

၇၇။ ဤဥပဒေ၊ နည်းဥပဒေများအရ ဆောင်ရွက်ချက်များနှင့် စပ်လျဉ်း၍ မည်သည့်တရားရုံးတွင်မျှ တရားစွဲဆိုပိုင်ခွင့်မရှိစေရ။

၇၈။ လွှတ်တော်သည် ဖွဲ့စည်းပုံအခြေခံဥပဒေဇယား ၂ ဥပဒေပြုစာရင်းပါ ဥပဒေပြုရေးကို အထောက်အကူပြုရန်နှင့် လွှတ်တော်လုပ်ငန်းဆိုင်ရာကိစ္စရပ်များ အောင်မြင်စွာ အကောင်အထည်ဖော်နိုင်ရန် လိုအပ်သော ဖွဲ့စည်းမှုများကို ရေးဆွဲဖွဲ့စည်းတည်ထောင်နိုင်သည်။

၇၉။ လွှတ်တော်သည် လွှတ်တော်၏ ဥပဒေပြုရေး၊ အုပ်ချုပ်ရေးနှင့် တရားစီရင်ရေးဆိုင်ရာ ကိစ္စရပ်များကို အချင်းချင်း အပြန်အလှန်ထိန်းကျောင်း ကူညီဆောင်ရွက်ရေးနှင့် လိုက်လျောညီထွေမှုရှိသော လွှတ်တော်ရုံးကို ဖွဲ့စည်းထူထောင်ရမည်။

၈၀။ လွှတ်တော်သည် လွှတ်တော်ရုံး၊ လွှတ်တော်ကိုယ်စားလှယ်ရုံးများနှင့် လွှတ်တော်လုပ်ငန်းဆိုင်ရာကိစ္စရပ်များအတွက် သုံးစွဲရန် ကုန်ကျမည့် နှစ်စဉ်ဘဏ္ဍာငွေ အရအသုံးခန့်မှန်းခြေငွေစာရင်း လျာထားချက်ကို ရေးဆွဲပြုစုပြီး တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့မှတစ်ဆင့် သက်ဆိုင်ရာသို့ ပေးပို့ရမည်။

၈၁။ လွှတ်တော်သည် လိုအပ်သော မြို့နယ်များတွင် လွှတ်တော် ကိုယ်စားလှယ်ရုံးများကို ဖွင့်လှစ်တည်ထောင်ခွင့်ပေးနိုင်သည်။

၈၂။ လွှတ်တော်ကိုယ်စားလှယ်ရုံးများကို လွှတ်တော်က တာဝန်ယူ ဖွင့်လှစ်ပေးနိုင်ခြင်း မရှိသေးမီ လွှတ်တော်ကိုယ်စားလှယ်များသည် မိမိ အစီအစဉ်ဖြင့် ဖွင့်လှစ်လိုပါက နေရာထိုင်ခင်း၊ ရုံးလုပ်ငန်းဆိုင်ရာ ကုန်ကျစရိတ်များကျခံ၍ ဖွင့်လှစ်နိုင်သည်။

၈၃။ လွှတ်တော်၏ရုံးလုပ်ငန်းနှင့် အုပ်ချုပ်မှုကိစ္စအဝဝကို လွှတ်တော် ရုံးက တာဝန်ယူဆောင်ရွက်ရမည်။

၈၄။ ပြည်သူကရွေးချယ်ပေးသော လွှတ်တော်ကိုယ်စားလှယ်များသည် မိမိအားရွေးချယ်ပေးသည့် မဲဆန္ဒနယ်ကို ကိုယ်စားပြုပြီး ဂုဏ်ထူးဝိသေသ နှင့် ပြည့်စုံသော အများက လေးစားထိုက်သည့် ပုဂ္ဂိုလ်များဖြစ်သည့်အလျောက် သက်ဆိုင်ရာ မဲဆန္ဒနယ်၌ ဒေသဖွံ့ဖြိုးရေး စီမံကိန်းများရေးဆွဲရာတွင် လည်းကောင်း၊ အုပ်ချုပ်ရေး၊ လူမှုစီးပွားရေးကဏ္ဍတို့နှင့် စပ်လျဉ်း၍ ပြည်သူများ၏ သဘောထားဆန္ဒဖော်ဆောင်ရာတွင်လည်းကောင်း သက်ဆိုင်ရာ အာဏာပိုင် အဖွဲ့အစည်းများကဖြစ်စေ၊ အာဏာပိုင်ပုဂ္ဂိုလ်ကဖြစ်စေ အလေးထား တိုင်ပင်အပ်သော ပုဂ္ဂိုလ်များဖြစ်သည်ဟု မှတ်ယူရမည်။

၈၅။ လွှတ်တော်ကသော်လည်းကောင်း၊ လွှတ်တော်၏ အခွင့်အာဏာ အရသော်လည်းကောင်း ဖြန့်ချိထုတ်ဝေသည့် အစီရင်ခံစာများ၊ စာရွက်စာတမ်းများ၊ လွှတ်တော်မှတ်တမ်းများနှင့် စပ်လျဉ်း၍ တရားစွဲဆိုပိုင်ခွင့် မရှိစေရ။

၈၆။ ဤဥပဒေပါ ပြဋ္ဌာန်းချက်များကို အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် လွှတ်တော်သည် နည်းဥပဒေများ၊ စည်းမျဉ်း၊ စည်းကမ်း၊ အမိန့်ကြော်ငြာစာ၊ အမိန့်၊ ညွှန်ကြားချက်နှင့် လုပ်ထုံးလုပ်နည်းများကို ထုတ်ပြန်နိုင်သည်။

၈၇။ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော်ဆိုင်ရာ ဥပဒေ (နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥပဒေအမှတ် ၁၄/၂၀၁၀)ကို ဤဥပဒေဖြင့် ရုပ်သိမ်းလိုက်သည်။

ပြည်သူများ သား၊ ငါး ပြည့်စုံဖူလုံစွာ စားသုံးနိုင်ရေး မျိုးကောင်းမျိုးသန့် သား၊ ငါးတိရစ္ဆာန်များနှင့် တိရစ္ဆာန်အစာများကို ဖြည့်ဆည်းကူညီ

ရန်ကုန် ဩဂုတ် ၆

ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် ပြည်သူများ သား၊ငါး ပြည့်စုံဖူလုံစွာ စားသုံးနိုင်ရေးအတွက် မျိုးကောင်းမျိုးသန့် သား၊ ငါးတိရစ္ဆာန်များနှင့် တိရစ္ဆာန်အစာများကို ဖြည့်ဆည်းကူညီပေးပို့ပေးခြင်းဖြင့် ကျေးလက်နေ အခြေခံလူတန်းစားပြည်သူများ၏မွေးမြူရေးကဏ္ဍ ဖွံ့ဖြိုးလာကာ လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်လာစေရေး ဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ မျိုးကောင်းမျိုးသန့်အသားစားနွားမျိုးများ မွေးမြူနိုင်ရန် Braman မျိုး နွားသိုးများမှ မျိုးသန့် မျိုးရည်ချောင်းများ ထုတ်ယူပြီး မျိုးပွားပေးခြင်း၊ အသားစားနွားများ တိုးချဲ့မွေးမြူနိုင်ရေး နွားမွေးမြူရေး လုပ်ငန်းရှင်များအား စည်းရုံးမွေးမြူ လုပ်ကိုင်သွားရန် လိုအပ်ကြောင်း မွေးမြူရေးနှင့် ရေလုပ်ငန်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအုန်းမြင့်က ဩဂုတ် ၅ ရက် ညနေ ၄ နာရီခွဲတွင် ရွာသာကြီး နို့စားနွား နှင့် အသားတိုး နွားမွေးမြူရေးခြံများ သို့ သွားရောက် ကြည့်ရှုအားပေးစဉ် ပြောကြားပြီး ဘဲမွေးမြူရေးခြံများ၌ အသားတိုးဘဲများ မွေးမြူထားမှုကို ကြည့်ရှုအားပေးပြီး ကျေးလက်နေ ပြည်သူများ လူမှုဘဝဖွံ့ဖြိုးတိုးတက်ရေးအတွက် မျိုးခံဥစားဘဲများ အဖြစ်မွေးမြူပြီး ဖြန့်ဖြူးပေးခြင်း၊ မျိုးကောင်းမျိုးသန့် အသားတိုး/ ဥစားဘဲသားပေါက်များ ထုတ်လုပ်ကာ ကျေးရွာများအရောက် ဖြန့်ဖြူးပေးခြင်းဖြင့် ကျေးလက်ပြည်သူများဘဝ တိုးတက်လာမည့် အပြင် ဥစားဘဲ၊ အသားစားဘဲ မွေးမြူရေး လုပ်ငန်းများလည်း တိုးတက်လာမည် ဖြစ်ကြောင်း မှာကြားသည်။

ကြည့်ရှုအားပေး

ယင်းနောက် ငါးကန်များ၌ ငါးမြစ်ချင်း၊ တီလားပီးယားငါးများ မွေးမြူထားမှုနှင့် ရွာသာကြီး အအေးခန်းစက်ရုံ၌ ရေချို၊ ရေငန်ငါးများ ပြည်ပသို့တင်ပို့ရန် ပြင်ဆင်နေမှု၊ ထုပ်ပိုးနေမှု၊ သိုလှောင်ထားမှုများကို ကြည့်ရှုအားပေးခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ပြည်တွင်းသတင်း

အိန္ဒိယနိုင်ငံသို့ သွားရောက်ဖူးမြော်နိုင်ခြင်းမရှိသည့် ဘုရားဖူးများအတွက် မြန်မာနိုင်ငံအတွင်း၌ပင် သံဝေဇနီယလေးဌာနကို ဖူးမြော်ကြည်ညိုနိုင်ရန် ရည်မှန်း၍တည်ထား

နေပြည်တော် ဥတ္တရသီရိမြို့နယ်တွင် တည်ထားကိုးကွယ်မည့် သံဝေဇနီယလေးဌာနရှိ ဘုရားလောင်းဖွားမြင်တော်မူရာနေရာနှင့် ဓမ္မစကြာတရားဦး ဟောတော်မူရာနေရာများတွင် ရတနာပန္နက်တော်တင်၊ တွင်းတော်ဝင် မဟာမင်္ဂလာနှင့် အလှူတော်ငွေပေးအပ်ပွဲအခမ်းအနား အောင်မြင်စွာကျင်းပနိုင်ရေးအတွက် ပထမအကြိမ်လုပ်ငန်းညှိနှိုင်းအစည်းအဝေး ကျင်းပရာ ပြည်ထောင်စုဝန်ကြီး ဦးသိန်းညွန့် အမှာစကားပြောကြားစဉ်။(သတင်းစဉ်)

နေပြည်တော် ဩဂုတ် ၆

နေပြည်တော် ဥတ္တရသီရိမြို့နယ်တွင် တည်ထားကိုးကွယ်မည့် သံဝေဇနီယလေးဌာနရှိ ဘုရားလောင်းဖွားမြင်တော်မူရာနေရာနှင့် ဓမ္မစကြာတရားဦး ဟောတော်မူရာနေရာများတွင် ရတနာပန္နက်တော်တင်၊ တွင်းတော်ဝင် မဟာမင်္ဂလာနှင့် အလှူတော်ငွေပေး အပ်ပွဲအခမ်းအနား အောင်မြင်စွာကျင်းပနိုင်ရေးအတွက် ပထမအကြိမ်လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယနေ့ မွန်းလွဲ ၂ နာရီက နေပြည်တော် စည်ပင်သာယာရေးကော်မတီမြို့တော်ခန်းမရှိ အစည်းအဝေးခန်းမ၌ ကျင်းပရာ သမ္မတရုံးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး နေပြည်တော်ကောင်စီ ဥက္ကဋ္ဌ ဦးသိန်းညွန့် တက်ရောက်အမှာစကားပြောကြားသည်။

အဆိုပါ လုပ်ငန်းညှိနှိုင်းအစည်းအဝေးသို့ ဒုတိယဝန်ကြီးများ၊ နေပြည်တော်ကောင်စီဝင်များ၊ နေပြည်တော် စည်ပင်သာယာရေးကော်မတီ ဒုတိယမြို့တော်ဝန်နှင့် တာဝန်ရှိသူများ၊ ညွှန်ကြားရေးမှူးချုပ်များနှင့် ဆပ်ကော်မတီဝင်များ တက်ရောက်ကြသည်။

ရှေးဦးစွာ နမောတဿသုံးကြိမ် ရွတ်ဆိုဘုရားကန်တော့၍ အစည်းအဝေးစတင်ပြီး ပြည်ထောင်စုဝန်ကြီး ဦးသိန်းညွန့်က အမှာစကားပြောကြားရာတွင် အိန္ဒိယနိုင်ငံသို့ အကြောင်းအမျိုးမျိုးကြောင့် သွားရောက်ဖူးမြော်နိုင်ခြင်းမရှိသည့် ဘုရားဖူးများအတွက် မြန်မာနိုင်ငံအတွင်း၌ပင် ဗုဒ္ဓမြတ်စွာဘုရားရှင်၏ ဖွား၊ ပွင့်၊ ဟော၊ စံ အစရှိသည့် သံဝေဇနီယလေးဌာနကို ဖူးမြော်ကြည်ညိုနိုင်ရန် ရည်မှန်း၍ တည်ထားခဲ့ကြောင်း။

သံဝေဇနီယဌာန လေးဌာနအနက် ဗုဒ္ဓမြတ်စွာဘုရား ပွင့်တော်မူရာ မဟာဗောဓိစေတီတော်နှင့် သတ္တဌာန ခုနစ်ဌာနအား တည်ထားပြီးစီးခဲ့ပြီး ကျန်ရှိသည့် ဗုဒ္ဓမြတ်စွာဘုရား ဖွားတော်မူရာနေရာ၊ တရားဦးဟောတော်မူရာနေရာနှင့် ပရိနိဗ္ဗာန်စံတော်မူရာနေရာတို့ကို ဆက်လက်တည်ထားရန်ဖြစ်ကြောင်း၊ တည်ဆောက်ရေးလုပ်ငန်းအတွက် လှူဒါန်းမှုပြုကြရာတွင် အလှူရှင်တစ်ဦးချင်း၏ လှူဒါန်းမှုများကို ကမ္ပည်းမော်ကွန်းများ ရေးထိုးထားမည်ဖြစ်ပြီး သားစဉ်မြေးဆက်တိုင်အောင် ထိန်းသိမ်းစောင့်ရှောက်နိုင်ရေး ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း စသည်ဖြင့် ပြောကြားသည်။

ထို့နောက် အခမ်းအနားကျင်းပရေး ကော်မတီအတွင်းရေးမှူး နေပြည်တော်ကောင်စီဝင်ဦးမျိုးညွန့်က အခမ်းအနားကျင်းပရေးကော်မတီနှင့် ဆပ်ကော်မတီများ ဖွဲ့စည်းထားရှိမှုများကို ရှင်းလင်းတင်ပြသည်။

ယင်းနောက် ဆပ်ကော်မတီဥက္ကဋ္ဌများက မိမိတို့ဆပ်ကော်မတီများအလိုက် ဆောင်ရွက်ရမည့်လုပ်ငန်းများကို ရှင်းလင်းတင်ပြကြသည်။

ယင်းနောက် သံဝေဇနီယလေးဌာန တည်ဆောက်ရေးလုပ်ငန်း အထူးအကြံပေး ဦးဝင်းဇော်က သံဝေဇနီယလေးဌာနရှိ ဘုရားလောင်းဖွားမြင်တော်မူရာနေရာ၊ ဓမ္မစကြာတရားဦးဟောတော်မူရာနေရာများ တည်ဆောက်ရေးအတွက် အိန္ဒိယနိုင်ငံသို့ သွားရောက်လေ့လာခဲ့မှု အတွေ့အကြုံများနှင့် သံဝေဇနီယဌာနလေးဌာန တည်ဆောက်ရာတွင် အဓိကထည့်သွင်းတည်ဆောက်ရမည့် လုပ်ငန်းများနှင့် ပတ်သက်၍ ရှင်းလင်းတင်ပြသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီး ဦးသိန်းညွန့်က နိဂုံးချုပ်အမှာစကားပြောကြားပြီး ဗုဒ္ဓသာသနံစိရံတိဋ္ဌတု သုံးကြိမ်ရွတ်ဆိုဆုတောင်း၍ အစည်းအဝေးကို ရုပ်သိမ်းလိုက်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

အမှတ်(၂) သံမဏိစက်ရုံ(ပင်းပက်)အဆောက်အအုံ ၈၀ ရာခိုင်နှုန်းခန့် ပြီးစီး လိုအပ်သည့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းမှုဆိုင်ရာအစီအမံများ ဆောင်ရွက်ထား

နေပြည်တော် ဩဂုတ် ၆

စက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမောင်မြင့်သည် ဩဂုတ် ၅ ရက် နံနက်ပိုင်းက ရှမ်းပြည်နယ်(တောင်ပိုင်း) တောင်ကြီးမြို့နယ် ပင်းပက်ဒေသရှိ အမှတ်(၂) သံမဏိစက်ရုံ(ပင်းပက်)သို့ ရောက်ရှိရာ ရှင်းလင်းဆောင်၌ စက်ရုံမှူးနှင့် တာဝန်ရှိသူများက သံစိမ်းထုတ်လုပ်နိုင်ရန် လိုအပ်သည့် အခြေခံကုန်ကြမ်းများ ထုတ်ယူရရှိနိုင်မှု အခြေအနေများ၊ စက်ရုံမှ ထုတ်လုပ်နိုင်မည့် ပစ္စည်းများ၊ စီမံကိန်းဆိုင်ရာ အချက်အလက်များ၊ တည်ဆောက်ရေး လုပ်ငန်းများနှင့် လုပ်ငန်းလိုအပ်ချက်များကို ရှင်းလင်းတင်ပြရာ ပြည်ထောင်စုဝန်ကြီးက စီမံကိန်းလုပ်ငန်းများ သတ်မှတ်ချက်အတိုင်း ပြီးစီးရေး၊ သတ်မှတ်အရည်အသွေးများရရှိရေး၊ လုပ်ငန်းခွင်အန္တရာယ်ကင်းရှင်းရေးတို့ကို မှာကြားပြီး သတ္တုရိုင်းများ ထုတ်ယူရရှိနိုင်မည့်နေရာများ၊ သံသတ္တုရိုင်းများ ပဏာမကြိတ်ခွဲသန့်စင်ခြင်းအလုပ်ရုံ တည်ဆောက်နေမှု၊ သံသတ္တုရိုင်းများ အချောသပ်ကြိတ်ခွဲသန့်စင်အလုပ်ရုံ တည်ဆောက်နေမှု၊ ထုံးကျောက်နှင့် ဒိုလိုမိုက်ကျောက် စက်ရုံတည်ဆောက်နေမှုနှင့် သံစိမ်းထုတ်လုပ်မည့် အလုပ်ရုံတို့ကို ကြည့်ရှုစစ်ဆေးသည်။ **(အပေါ်ပုံ)**

အမှတ်(၂) သံမဏိစက်ရုံ(ပင်းပက်)မှ ကုန်ကြမ်းသံစိမ်း ထုတ်လုပ်နိုင်ရန် ရုရှားဖယ်ဒရေးရှင်း Tyazhpromexport Co., Ltd. (TPE)နှင့် ၂၀၀၄ ခုနှစ်တွင် စာချုပ်ချုပ်ဆိုတည်ဆောက်ခဲ့ရာ စက်ရုံအဆောက်အအုံများ ၈၀ ရာခိုင်နှုန်းခန့် ပြီးစီးနေပြီဖြစ်ပြီး စက်နှင့်စက်ပစ္စည်းများ တပ်ဆင်လျက်ရှိသည်။ အဆိုပါ စီမံကိန်း ပြီးစီးသွားပါက တစ်နှစ်လျှင်သံစိမ်း (Pig Iron) တန်ချိန် ၂၀၀၀၀၀ ကိုလည်းကောင်း၊ Direct Reduction Plan တွင် အသုံးပြုနိုင်သည့် သံရိုင်းတန်ချိန် ၇၂၀၀၀၀ ကိုလည်းကောင်း၊ ဘိလပ်မြေ ထုတ်လုပ်ရာတွင် လိုအပ်သည့် ဂေါဒန်ကျောက်များအား အစားထိုး အသုံးပြုနိုင်သည့် Granulated Slag တန်ချိန် ၂၈၆၀၀၀ ကိုလည်းကောင်း၊ သံရည်ကျိုမီးဖိုများမှ ထွက်ရှိလာသည့် စွန့်ပစ်အပူ (Flue Gas) ဖြင့် တစ်နှစ်လျှင် လျှပ်စစ်ဓာတ်အား ၄၂၄ ကီလိုဝပ်နာရီသန်းပေါင်းကို လည်းကောင်း ထုတ်လုပ်သွားနိုင်မည် ဖြစ်ပါသည်။ သံရိုင်းမှ သံစိမ်းအဖြစ် ထုတ်လုပ်သည့် နည်းစဉ်များတွင် Romelt Process သည် သဘာဝပတ်ဝန်းကျင် ညစ်ညမ်းမှုနည်းပါးသည့် နည်းစဉ်တစ်ခုဖြစ်ကြောင်းနှင့် လိုအပ်သည့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းမှုဆိုင်ရာအစီအမံများ ဆောင်ရွက်ထားရှိပြီးဖြစ်ကြောင်း သိရှိရသည်။

ထို့နောက် ကလောမြို့နယ် ဟဲဟိုးလွင်ပြင်ရှိ ဆေးဝါးနှင့်စားသောက်ကုန်လုပ်ငန်း၏ မြင်းမွေးမြူရေးဌာန(ဟဲဟိုး)သို့ သွားရောက်၍ မြင်းများမွေးမြူထားမှု မြင်းဇောင်းများနှင့် စိုက်ကွင်းများကို လှည့်လည်ကြည့်ရှုစစ်ဆေးခဲ့သည်။

ကျန်းမာရေးဦးစီးဌာန၏ နှစ်စဉ် ထုတ်ပြန်လျက်ရှိသော စာရင်းများအရ မြန်မာနိုင်ငံ၌ နှစ်စဉ်မြွေကိုက်ခံရမှု အပါအဝင် အဆိပ်ရှိသတ္တဝါများ အကိုက်ခံရမှုဖြစ်စဉ် ၁၅၀၀၀ ခန့်ရှိသည့်အနက် မြွေပွေးအကိုက်ခံရမှုဖြစ်စဉ် ၁၀၀၀၀ ခန့်ရှိကြောင်း၊ မြွေကိုက်ခံရမှုကြောင့် နှစ်စဉ် ၄၀၀ ခန့် သေဆုံးလျက်ရှိကြောင်း၊ သို့ဖြစ်၍ မြန်မာနိုင်ငံတွင် နှစ်စဉ်မြွေပွေးအဆိပ်ဖြေဆေး ၅၀၀၀၀ ခန့်နှင့် မြွေဟောက်အဆိပ်ဖြေဆေး ၅၀၀၀ ခန့်လိုအပ်လျက်ရှိရာ စက်မှုဝန်ကြီးဌာနအနေဖြင့် မြင်းများမှ မြွေဆိပ်ဖြေဆေးကို ၁၉၆၅ ခုနှစ်တွင် စတင်ထုတ်လုပ်ခဲ့ကြောင်း၊ လက်ရှိအခြေအနေတွင် မြွေဟောက်အဆိပ်ဖြေဆေးကို လိုအပ်ချက်အတိုင်း ထုတ်လုပ်ပေးနိုင်သော်လည်း မြွေပွေးအဆိပ်ဖြေဆေးကို အပြည့်အဝထုတ်လုပ်ပေးနိုင်ရေး စီမံဆောင်ရွက်လျက်ရှိကြောင်း၊ ယခင်က မြွေဆိပ်ဖြေဆေးကို မြင်းသွေးရည်ကြည်မှ ထုတ်လုပ်ခဲ့ပြီး ယခု သိုးသွေးရည်ကြည်မှလည်း ထုတ်လုပ်နိုင်ရေး စမ်းသပ်ဆောင်ရွက်နိုင်ခဲ့ရာ ကျန်းမာရေးဝန်ကြီးဌာန FDA မှ ထုတ်လုပ်ခွင့်လိုင်စင်ကို ရရှိခဲ့ပြီးဖြစ်သည့်အတွက် ထုတ်လုပ်ဖြန့်ဖြူး အသုံးပြုနေပြီးဖြစ်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ငါန်းဇွန်မြို့တွင် မိုးရာသီသစ်ပင်စိုက်ပျိုး

ငါန်းဇွန် ဩဂုတ် ၆

မန္တလေးတိုင်းဒေသကြီး ငါန်းဇွန်မြို့၌ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းကာကွယ်ရေးအတွက် ၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ်အတွင်း မိုးရာသီသစ်ပင်စိုက်ပျိုးပွဲကို ဩဂုတ် ၄ ရက် နံနက် ၇ နာရီက ငါန်းဇွန်-ငါန်းမြာ မော်တော်ကားလမ်းဘေး၌ ကျင်းပသည်။ အခမ်းအနားသို့ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးကျော်တင်၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးတင်ဝင်း၊ မြို့နယ်သစ်တောဦးစီးမှူး ဦးမင်းမင်းသိုက်နှင့်ဝန်ထမ်းများ၊ ဌာနဆိုင်ရာဝန်ထမ်းများနှင့် ဒေသခံပြည်သူ စုစုပေါင်း ၂၅၂ ဦးတို့က ယူကလစ်၊ တမာ၊ မန်ကျည်းနှင့် ကုက္ကို စုစုပေါင်းအပင် ၁၀၀၀ စိုက်ပျိုးခဲ့ကြောင်း သိရသည်။

သက်နောင်ဦး

ကျုံဒိုးမြို့နယ်ခွဲအတွင်းရှိ ရေဘေးသင့်ပြည်သူများအား စားသောက်ကုန်နှင့်လူသုံးကုန်များ ပေးအပ်

နေပြည်တော် ဩဂုတ် ၆

ကရင်ပြည်နယ်အတွင်း မိုးသည်းထန်စွာ အဆက်မပြတ်ရွာသွန်းခဲ့မှုကြောင့် ကျုံဒိုးမြို့နယ်ခွဲအတွင်းရှိ ကျေးရွာတချို့ ရေကြီးနစ်မြုပ်မှုများ ဖြစ်ပွားခဲ့သဖြင့် ရေဘေးသင့်ပြည်သူများအား ကျွန်းကလေးကျေးရွာ အခြေခံပညာ မူလတန်းကျောင်း၊ ဓမ္မသုခ ဘုန်းတော်ကြီးကျောင်းနှင့် အခြေခံပညာ အထက်တန်းကျောင်းတို့ရှိ ရေဘေးကယ်ဆယ်ရေးစခန်းများသို့ ကူညီရွှေ့ပြောင်းပေးခဲ့ပြီးဖြစ်သည်။

အဆိုပါ ရေဘေးကယ်ဆယ်ရေးစခန်းများသို့ ဩဂုတ် ၅ ရက် ညနေပိုင်းက အရှေ့တောင်တိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ်တင်မောင်ဝင်းနှင့် တာဝန်ရှိသူများ သွားရောက်၍ ရေဘေးသင့်ပြည်သူများအား ရင်းရင်းနှီးနှီး တွေ့ဆုံအားပေးစကားပြောကြားကာ စားသောက်ဖွယ်ရာနှင့်လူသုံးကုန်ပစ္စည်းများ ပေးအပ်ခဲ့သည်။ **(မြဝတီ)**

မုတ်သုံလေအားအသင့်အတင့်ရှိမည်

နေပြည်တော် ဩဂုတ် ၆

ယနေ့နံနက် ၉နာရီခွဲ မိုးလေဝသတိုင်းထွာချက်အကျဉ်းချုပ်မှာ လွန်ခဲ့သော ၂၄ နာရီအတွင်းက မကွေးတိုင်းဒေသကြီးနှင့် ကယားပြည်နယ်တို့တွင် နေရာကွက်ကျား၊ စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်း၊ မန္တလေးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီးနှင့်မွန်ပြည်နယ်တို့တွင် နေရာကျဲကျဲ၊ ပဲခူးတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီးနှင့် ရခိုင်ပြည်နယ်တို့တွင် နေရာစိပ်စိပ်နှင့်ကျန်တိုင်းဒေသကြီးနှင့်ပြည်နယ်တို့တွင် နေရာအနှံ့အပြား မိုးထစ်ချုန်းရွာခဲ့သည်။ မှတ်သားဖွယ်ရာမိုးရေချိန်များမှာ ပူတာအိုမြို့တွင် ၁ ဒသမ ၉၇ လက်မ၊ ညောင်လေးပင်မြို့တွင် ၁ ဒသမ ၇၇ လက်မ၊ ကသာမြို့တွင် ၁ ဒသမ ၅၄ လက်မ၊ သံတွဲမြို့တွင် ၁ ဒသမ ၅၀ လက်မနှင့် ညောင်တုန်းမြို့တွင် ၁ ဒသမ ၄၀ လက်မတို့ဖြစ်ကြသည်။

ဘင်္ဂလားပင်လယ်အော်အခြေအနေမှာ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တို့တွင် မုတ်သုံလေ အားအသင့်အတင့်ရှိနေသည်။

မြန်မာ့ပင်လယ်ပြင်အခြေအနေမှာ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် တစ်ခါတစ်ရံ မိုးသက်လေပြင်းများ ကျရောက်ပြီး လှိုင်းအသင့်အတင့်မှ လှိုင်းကြီးနိုင်သည်။ မိုးသက်လေပြင်းကျစဉ် ရေပြင်/မြေပြင်လေသည် တစ်နာရီလျှင် ၃၅ မိုင်အထိ တိုက်ခတ်နိုင်သည်။

နောက်နှစ်ရက်အတွက် ခန့်မှန်းချက်မှာ မုတ်သုံလေအားအသင့်အတင့်ရှိမည်။ **နေပြည်တော်နှင့် မန္တလေးမြို့တို့အနီးတစ်ဝိုက်တွင်** ယနေ့ နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ **ရန်ကုန်မြို့နှင့်အနီးတစ်ဝိုက်တွင်** ယနေ့ မိုးတစ်ကြိမ်၊ နှစ်ကြိမ် ထစ်ချုန်းရွာမည်။

ဥတုရာသီ တောကိုမှီ

ပြည်တွင်းသတင်း

သတင်းစာစောင်ရေ တိုးတက်ရောင်းချနိုင်ရေး တွေ့ဆုံဆွေးနွေး

တောင်ကြီး ဩဂုတ် ၆

သတင်းနှင့် စာနယ်ဇင်းလုပ်ငန်းသည် နေ့စဉ်ထုတ်သတင်းစာများ အရည်အသွေးကောင်းမွန်ပြီး စာဖတ်ပရိသတ်လက်ဝယ်သို့ ဆောလျင်စွာရောက်ရှိရေး၊ သတင်းဦးသတင်းထူးများ ပါရှိရေးအတွက် တိုက်ပိုင်သတင်းထောက်များ ထားရှိပြီး နယ်သတင်းများစုံလင်စွာပါရှိရေး ဆောင်ရွက်လျက်ရှိရာ ရှမ်းပြည်နယ်အတွင်း ဖြန့်ချိရေးဆောင်ရွက်နေကြသည့် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနများနှင့် ကိုယ်ပွားသတင်းစာတိုက်တောင်ကြီးမှ တာဝန်ခံတို့ တွေ့ဆုံဆွေးနွေးပွဲကို ဩဂုတ် ၄ ရက် နံနက် ၉ နာရီက တောင်ကြီးမြို့ ပြည်နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ကျင်းပခဲ့သည်။ အဆိုပါ ဆွေးနွေးပွဲသို့ ရှမ်းပြည်နယ် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူး ဦးစိုင်းဆမ်တစ်နှင့်ရှမ်းပြည်နယ်(တောင်ပိုင်း)၊ ရှမ်းပြည်နယ်(မြောက်ပိုင်း)နှင့် ရှမ်းပြည်နယ်(အရှေ့ပိုင်း)မှ ခရိုင်မှူးများ၊ ရှမ်းပြည်နယ် (တောင်ပိုင်း)မှ မြို့နယ်၊ မြို့နယ်ခွဲဦးစီးမှူးများ တက်ရောက်ကြပြီး သတင်းစာဖြန့်ဝေမှုအခြေအနေ၊ စောင်ရေတိုးတက်ရေးနှင့်ယာဉ်လိုင်းများမှ ပေးပို့မှုအခြေအနေများ အသေးစိတ်ညှိနှိုင်းဆွေးနွေးကြသည်။ ဆွေးနွေးပွဲတွင် ကိုယ်ပွားသတင်းစာတိုက်၊ တောင်ကြီးတာဝန်ခံက သတင်းနှင့် စာနယ်ဇင်းလုပ်ငန်းအနေဖြင့် ဆောင်ရွက်ပေးနိုင်မည့်အချက်များ၊ ကြော်ငြာရရှိရေး၊ စောင်ရေတိုးတက်ရေးကိစ္စများ ပြန်လည်ရှင်းလင်းဆွေးနွေးပြီး ရှမ်းပြည်နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနသို့ မောင်ကိုယ်ပွား(တောင်ကြီး) ရေးသားသည့် နှစ် ၁၀၀ ကျော် မြို့တောင်ကြီး၊ ရှမ်းပြည်နယ်က ဂုဘုရားသုံးဆူနှင့် အခြားဆောင်းပါးများ စာအုပ်၊ သတင်းစာ၊ ဂျာနယ်မျိုးစုံတို့ကို ပေးအပ်လှူဒါန်းခဲ့ကြောင်း သိရှိရသည်။

နိုင်ထွန်း(TGI)

မှုခင်းသတင်းများ

စစ်ကိုင်းတိုင်းဒေသကြီးအတွင်း တရားမဝင်သစ်များ ဖမ်းဆီးရမိ

စစ်ကိုင်း ဩဂုတ် ၆

စစ်ကိုင်းတိုင်းဒေသကြီး သစ်တောဦးစီးဌာနမှ ဝန်ထမ်းများသည် ဇူလိုင် ၂၈ ရက်နှင့် ၂၉ ရက်တို့တွင် မုံရွာခရိုင် ဘုတလင်မြို့နယ်၊ ရွှေဘိုခရိုင် ကွန်းလှမြို့နယ်နှင့် ကလေးခရိုင် မင်းကင်းမြို့နယ်တို့မှ တရားမဝင်အင်နှင့် အခြားသား ၁၉ ဒသမ ၉၉၈၁ တန်ကို ပိုင်ရှင်မဲ့ဖမ်းဆီးရမိပြီး ဇူလိုင် ၂၉ ရက်တွင် မုံရွာခရိုင် ကနီမြို့နယ် မုံရွာ-ယာကြီး-ကလေးဝကားလမ်း မိုင်တိုင်အမှတ် (၁၆)၊ (၁၇)၊ (၁၈) အနီးတို့မှ တရားမဝင်သစ်မာနှင့် အခြားသား ၇ ဒသမ ၈၈၆၂ တန်တို့ကို မော်တော်ယာဉ်သုံးစီး၊ ယာဉ်မောင်းနှစ်ဦးတို့နှင့် ဖမ်းဆီးမိကြောင်း သိရှိရသည်။

(သတင်းစဉ်)

ပြုတ်ကျကြေးနန်းကြိုးမှ ဓာတ်လိုက်သေဆုံးမှု ဖြစ်ပွား

သနပ်ပင် ဩဂုတ် ၆

သနပ်ပင်မြို့နယ် မိုးခိုင်လေး ကျေးရွာနေ ဒေါ်အုန်းကြည်(၆၄နှစ်)သည် ဇူလိုင် ၂၈ ရက် ည ၉ နာရီခွဲက သမီးဖြစ်သူ မချယ်ရီသိန်းဆောင်နှင့်အတူ နေအိမ်၌ရှိနေစဉ် တစ်ရွာတည်းနေ ကိုကျော်ထွန်း ဈေးရောင်းသူထံမှ တစ်လငွေကျပ် ၃၀၀၀ နှုန်းဖြင့် မီးယူထားသောဓာတ်ကြိုးပြုတ်ကျပြီး နေအိမ်အနောက်ဘက်သစ်ပင်တွင် ချည်နှောင်ထားသောဝက် ဓာတ်လိုက်နေသည်ကို မချယ်ရီသိန်းဆောင်ကတွေ့၍ မိခင်ဒေါ်အုန်းကြည်ကိုပြောပြသဖြင့် ဒေါ်အုန်းကြည်က ကြေးနန်းကြိုးကိုလက်ဖြင့်ကိုင်ကာ ဆွဲဖယ်လိုက်ရာမှ ဝဲလက်မနှင့်လက်ညှိုးကြားတွင် ပွန်းပဲ့ဒဏ်ရာရရှိပြီး သေဆုံးနေကြောင်း သတင်းရသဖြင့် သနပ်ပင်မြို့နယ် ရဲတပ်ဖွဲ့မှူး ရဲမှူးမျိုးညွန့်က ဓမ္မတာအတိုင်းသေဆုံးခြင်း ဟုတ် မဟုတ် အမှုဖွင့်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ **ရဲထွဋ်(မင်းရွာ)**

ကျောက်တော်မြို့နယ်တွင် လူသတ်မှုကျူးလွန်သူကို ဖမ်းဆီး

ကျောက်တော် ဩဂုတ် ၆

ကျောက်တော်မြို့နယ် ဝဲကြီးတောင့်ရွာသစ်နေ ဦးမောင်စံလုံး (၂၇နှစ်)သည် ၎င်းရွာနေ ဒေါ်မြလေးဖြူ(၅၃နှစ်)အား ဇူလိုင် ၂၉ ရက် ည ၁၁ နာရီခွဲခန့်က လည်ပင်းကို ဓားဖြင့်လှီးဖြတ်ကာ လူသတ်မှုကျူးလွန်ခဲ့သည်။ စစ်ဆေးချက်များအရ ဒေါ်မြလေးဖြူ(အနည်းငယ်စိတ်မနှံ့သူ)သည် ဦးမောင်စံလုံးကို မကြာခဏဆဲဆိုသည်။ ယင်းနေ့က ဦးမောင်စံလုံးသည် အရက်အနည်းငယ်သောက်ထားပြီး ည ၁၁ နာရီခွဲခန့်တွင် ဒေါ်မြလေးဖြူအိမ်သို့သွားရာ ဒေါ်မြလေးဖြူက ဆဲဆိုခဲ့သဖြင့် ဒေါ်မြလေးဖြူအနီးရှိ ဓားကိုယူကာ လည်ပင်းကိုဓားဖြင့်လှီးဖြတ်သတ်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

(လ/၀၀၃)

ကြမ်းပိုးဆေးကို ဆေးရည်အဖြစ် မှားသောက်မိ၍သေဆုံး

ပိန်းဇလုပ် ဩဂုတ် ၆

ဩဂုတ် ၃ ရက် နံနက် ၉ နာရီ ၄၅ မိနစ်ခန့်က ညောင်လေးပင်မြို့ ရဲစခန်းတွင် ဒုရဲအုပ်ကြည်လွင် တာဝန်မှူး တာဝန်ထမ်းဆောင်နေစဉ် ညောင်လေးပင်မြို့ ပြည်သူ့ဆေးရုံ ဒေါက်တာအေးမင်းစိုးက အဆိပ်သင့်၍အမျိုးသမီးတစ်ဦး ဆေးရုံသို့ရောက်ရှိနေကြောင်း ဖုန်းဆက်အကြောင်းကြားသဖြင့် စခန်းမှူး ဒုရဲမှူး သက်လွင်၊ တာဝန်မှူး ဒုရဲအုပ်ကြည်လွင်တို့က သွားရောက်စစ်ဆေးရာ ဒေါ်မာမာမြင့် (၅၃နှစ်) ထူပါရုံလမ်း မြို့မ(၄)ရပ်ကွက် ညောင်လေးပင်မြို့နေသူဖြစ်ကြောင်းသိရှိရသည်။ ၎င်းသည် နာတာရှည်ရောဂါခံစားနေရသူဖြစ်၍ နေအိမ်တွင် တစ်ဦးတည်းရှိနေစဉ် ကြမ်းပိုးသတ်ရန်ထားရှိသော ဆေးပုလင်းနှင့် ရောဂါသက်သာရန်အတွက် သောက်ရန်ထားသော ဆေးပုလင်းမှား၍ သောက်မိသဖြင့် အဆိပ်သင့်၍ ညောင်လေးပင်မြို့ ပြည်သူ့ဆေးရုံသို့ ပို့ဆောင်ခဲ့ရာ နံနက် ၁၁ နာရီ ၅ မိနစ်တွင် ဆေးရုံ၌သေဆုံးသွားသည်။ ဒေါ်မာမာမြင့် သေဆုံးရခြင်းနှင့်စပ်လျဉ်း၍ ညောင်လေးပင်မြို့ရဲစခန်းက အမှုဖွင့်စစ်ဆေးလျက်ရှိကြောင်း သိရသည်။

သိန်းညွန့်

မူးယစ်ဆေးဝါးများ ဖမ်းဆီးရမိ

အင်းတော် ဩဂုတ် ၆

စစ်ကိုင်းတိုင်းဒေသကြီး ကသာခရိုင် အင်းတော်မြို့နယ် မန်လည်မြောက်ရွာတွင် ဩဂုတ် ၄ ရက် နံနက် ၆ နာရီက အင်းတော်ရဲစခန်းမှ နယ်ထိန်းဒုရဲအုပ်သောင်းစိန်ထွန်းနှင့်အဖွဲ့သည် သတင်းအရသက်သေများနှင့်အတူ မန်လည်မြောက်ရွာနေ ဦးဖိုးချော၏နေအိမ်ကို သွားရောက်ရှာဖွေရာ ၎င်းအိမ်၌ရောက်ရှိနေသူနှင့် ဦးဖိုးချောအိမ်အတွင်းမှ မူးယစ်ဆေးဝါးများကို ဖမ်းဆီးရမိခဲ့သည်။

ဖမ်းဆီးရမိသော သက်သေခံပစ္စည်းများမှာ ဘိန်းဖြူဟုယူဆရသော အဖြူမှုန့်ထည့်ထားသည့် အလေးချိန်ငါးဂရမ်ပါ ပင်နီဆီလင်ဘူးတစ်ဘူး၊ အင်ဒီဂိုတံဆိပ်ပါ အမည်းရောင်ဘေးလွယ်အိတ်တစ်လုံး၊ ဂျီအက်စ်အမ် ဆင်းကတ်တစ်ခုနှင့် လန်ဒိုဘာတံဆိပ်ပါ ဟန်းဆက်တစ်လုံး၊ အောင်အောင်အမည်ပါ နယ်စပ်ဖြတ်သန်းခွင့်လက်မှတ်စာအုပ်အနီတစ်အုပ်၊ ဒေါ်ကြည်ဝင်းအမည်ပါ နိုင်ငံသားစိစစ်ရေးကတ်ပြားတစ်ခု၊ ပန်းရောင် မိန်းမကိုင်လက်ကိုင်ပိုက်ဆံအိတ်တစ်လုံးတို့ဖြစ်ကြသည်။ သို့ဖြစ်၍ မူးယစ်ဆေးဝါးလက်ဝယ်ကိုင်ဆောင်သူ ကျော်သူရဝင်း(ခ) အောင်အောင် (၃၂ နှစ်) တောင်မှော်ရွာ ပင်လည်ဘူးမြို့နယ်၊ ဖိုးချော(ခ) ဇော်လွင်(၄၀ နှစ်) မန်လည်မြောက်ရွာ အင်းတော်မြို့နယ်နေသူနှင့် မကြည်ဝင်း (၄၇ နှစ်) သက္ကယ်ကျင်းရွာ ကသာမြို့နယ်နေသူတို့ကို ဖမ်းဆီးအရေးယူဆောင်ရွက်ထားကြောင်း သိရသည်။ **လူအောင်(ကသာ)**

ရေစီးရေလာကောင်းမွန်ရေးဆောင်ရွက်

ပျဉ်းမနား ဩဂုတ် ၆

နေပြည်တော်ကောင်စီနယ်မြေ ပျဉ်းမနားမြို့ မြို့ပေါ်ရပ်ကွက်များရှိ အချို့ရပ်ကွက်မြေနေရာတချို့တွင် ရေမြောင်းများပိတ်ဆို့ခြင်း၊ မြေကွက်များ ညီညာပြန့်ပြူးမှုမရှိသည့်အတွက် ချိုင့်ကွက်မြေနေရာများတွင် မိုးရာသီကာလ ရေများပြည့်လျှံမှုများဖြစ်ပေါ်လာသဖြင့် ရေစီးရေလာကောင်းမွန်စေရေးအတွက် ဩဂုတ် ၂ ရက် နံနက်ပိုင်းက နေပြည်တော်စည်ပင်သာယာရေးကော်မတီဝင် ဦးအောင်ကျော်ငြိမ်နှင့်အဖွဲ့ ပျဉ်းမနားမြို့ ပေါင်းလောင်း (၂)ရပ်ကွက်နှင့် ဥယျာဉ်စုကျေးရွာအတွင်း အရှည် ပေ ၆၂၀၀ ရေမြောင်းကို စက်ယန္တရားများ အသုံးပြု၍ ကွင်းဆင်းဆောင်ရွက်ခဲ့ကြောင်း သိရသည်။ **(ဓါတ်ပုံ)**

မင်းမင်းလတ်(မန်းတက္ကသိုလ်)

ဥပဒေဆိုင်ရာ အခြေခံဗဟုသုတများ အခမဲ့သင်တန်းပို့ချမည်

မန္တလေး ဩဂုတ် ၆

ဉာဏစွမ်းအားနှင့်သက်ဆိုင်သော ဥပဒေဆိုင်ရာ အခြေခံဗဟုသုတများ၊ ဉာဏပစ္စည်းဆိုင်ရာ ဥပဒေနှင့်လုပ်ငန်းစဉ်များကို ၆၂ လမ်းရှိ နဒီမြန်မာဟိုတယ်တွင် ဖွင့်လှစ်သင်ကြားသွားမည်ဖြစ်သည်။

အဆိုပါသင်တန်းသို့ အိန္ဒိယနိုင်ငံမှ ဥပဒေပညာရှင် Dr.Manish Arora ကသင်ကြားပို့ချပေးမည်ဖြစ်ပြီး ဥပဒေဆိုင်ရာ အခြေခံဗဟုသုတများ၊ ဉာဏပစ္စည်းဆိုင်ရာ ဥပဒေနှင့် လုပ်ငန်းစဉ်များကို ဟောပြောမည်ဖြစ်ရာ သင်တန်းတက်ရောက်လိုသူများ Namdar & Associate Law Firm(ဘီ-၇) မင်္ဂလာဈေး ဒုတိယထပ် အနောက်ဘက်ခြမ်း ဖုန်း ၀၉-၄၀၂၅၁၁၃၈၉၊ ၀၉-၄၃၀၅၈၅၄၄၊ ၀၉-၂၀၃၅၈၅၅ တို့သို့ ဆက်သွယ်စာရင်း ပေးသွင်းနိုင်ကြောင်း သိရသည်။ **(၀၄၀)**

လယ်ရေများ လုံလုံလောက်လောက်ရရှိရန် ဆည်မြောင်းဦးစီးဌာနမှ ဆောင်ရွက်

မောက်မယ် ဩဂုတ် ၆

ရှမ်းပြည်နယ် လင်းခေးခရိုင် မောက်မယ်မြို့နယ် စဉ့်ဆိုင်ကျေးရွာအုပ်စု နားသဲကျေးရွာရှိ နမ့်အွန်ရေထွက် သဲနုန်းတူးဖော်ခြင်းနှင့် ရေလွှဲမြောင်းတူးဖော်ခြင်းလုပ်ငန်းကို ဆည်မြောင်းဦးစီးဌာနက ၂၀၁၃- ၂၀၁၄ ဘဏ္ဍာရေးနှစ် ရန်ပုံငွေဖြင့် ဇူလိုင် ၂၉ ရက်က စတင်တူးဖော်ကြောင်း သိရသည်။

ဤကဲ့သို့ဆောင်ရွက်ပေးခဲ့မှုကြောင့် ဒေသခံတောင်သူလယ်သမားများ ပျော်ရွှင်ဝမ်းသာလျက်ရှိပြီး လယ်ဧက ၃၀၀ ခန့်အတွက် ရေများလုံလုံလောက်လောက်အကျိုးသက်ရောက်မှုရှိကြောင်း သိရသည်။ **(၁၄၂)**

အားကစားအထူးအချပ်ပို ကြော်ငြာထည့်နိုင်

အားကစားဝတ်စုံ၊ အားကစားပစ္စည်း၊ ဆုတံဆိပ်၊ ဆေးဝါးစသည့် ကြော်ငြာများကို အပတ်စဉ် သောကြာနေ့တိုင်း ထုတ်ဝေသည့် မြန်မာ့အလင်းအားကစားကဏ္ဍ အထူးရောင်စုံအချပ်ပိုတွင် ထည့်သွင်းခြင်းဖြင့် အောင်မြင်မှု ရယူပါ။

မန္တလေးမြို့တွင် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း ပညာပေးဟောပြောခြင်း၊ အရေးယူခြင်းများ ဆောင်ရွက်လျက်ရှိသော်လည်း လိုက်နာမှုအားနည်းနေသေးကြောင်း တွေ့ရှိရသည်။ ဇူလိုင် ၅ ရက် ယာဉ်များသွားလာမှု ရှုပ်ထွေးသည့် ညနေ ၅ နာရီခွဲခန့်တွင် မန္တလေးမြို့ ကျုံးအနောက်ဘက်လမ်း ၈၀၊၂၃×၂၄ လမ်းကြားတွင် မြောက်မှတောင်သို့ ဆိုင်ကယ်စီးရင်း လက်ကိုင်ဖုန်းပြောလာသူအမျိုးသမီးငယ်တစ်ဦးကို လျှပ်တစ်ပြက်ဓာတ်ပုံမြင်ကွင်းအဖြစ် ဖော်ပြလိုက်ပါသည်။ ရဲညွန့်(မန်း)

စုပေါင်းသစ်ပင်စိုက်ပျိုး

မိတ္ထီလာ ဩဂုတ် ၆

မန္တလေးတိုင်းဒေသကြီး မိတ္ထီလာခရိုင် မိတ္ထီလာမြို့ ပြည်သာယာမြောက်ပိုင်းရပ်ကွက်ရှိ ရွှေပြည်သာအားကစားကွင်း ပတ်ဝန်းကျင်စိမ်းလန်းစိုပြည်ရေး ရည်ရွယ်ချက်ဖြင့် စုပေါင်းသစ်ပင်စိုက်ပျိုးပွဲကို ဩဂုတ် ၄ ရက် နံနက် ၉ နာရီက အားကစားကွင်းအနီး၌ ကျင်းပသည်။

အဆိုပါ စုပေါင်းသစ်ပင်စိုက်ပျိုးပွဲတွင် မြန်မာ့ရတနာကျွန်းသစ် ၅၀၊ စိန်တလုံးသရက် ၅၀၊ နွယ်သာကီ ၅၀ စုစုပေါင်း အပင် ၁၅၀ ကို ပြည်သာယာမြောက်ပိုင်းရပ်ကွက်အုပ်ချုပ်ရေးမှူး ဦးအောင်ငွေနှင့် ရပ်မိရပ်ဖများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များ၊ ဒေသခံပြည်သူများက စုပေါင်းစိုက်ပျိုးကြကြောင်း သိရသည်။

ချမ်းသာ(မိတ္ထီလာ)

ဘီလပ်မြေများ တင်ဆောင်မောင်းနှင်လာသော မော်တော်ယာဉ်တိမ်းမှောက်

ဘီးလင်း ဩဂုတ် ၆

ရန်ကုန်- မုတ္တမ အဝေးပြေးလမ်း မိုင်တိုင်အမှတ် (၁၂၀/၃)နှင့် (၁၂၀/၄) အကြား ဝင်းပြန်ကျေးရွာတွင် ဩဂုတ် ၅ ရက် ၀၀း၃၀ နာရီက ဘီလပ်မြေအိတ်များ တင်ဆောင်ကာ ယာဉ်မောင်း အောင်မြင့်ဦး မောင်းနှင်လာသော ၆ခ/--- နစ်ဆန်း မော်တော်ယာဉ်သည် အရှိန်မထိန်းနိုင်ဘဲ တိမ်းမှောက်မှု ဖြစ်ပွားခဲ့သည်။ ယာဉ်တိမ်းမှောက်မှုကြောင့် ယာဉ်မောင်း အောင်မြင့်ဦး (၂၇ နှစ်) လောင်းကြီးကျေးရွာအုပ်စု အိုးထိန်းကုန်းကျေးရွာ သဲကုန်းမြို့နေသူမှာ ညာလက်ဖျံ၊ ယာတံတောင်ဆစ်နှင့် ယာရင်အုံဘေး ပွန်းပဲ့ဒဏ်ရာ၊ ဘယ်ရင်အုံဖူးရောင်နှင့် ညာခြေထောက်တစ်ချောင်းလုံး နာကျင်ဒဏ်ရာများ ရရှိခဲ့သည်။ ယာဉ်မဆင်မခြင်မောင်းနှင်သူ ယာဉ်မောင်း အောင်မြင့်ဦးအား ဘီးလင်းရဲစခန်းမှ ဒုရဲအုပ်မြတ်ကျော်ထွေးက အမှုဖွင့်အရေးယူထားကြောင်း သိရသည်။

(မြို့နယ် ပြန်/ဆက်)

ဥပဒေဘောင်အတွင်း နေထိုင်ခြင်း ဘေးကင်းရန်ကွာ စိတ်ချမ်းသာ

ပြည်တွင်းသတင်း

ရေထရက် စံပြငါးဈေးသို့ ငါးပုစွန်အဝင်များ နယ်အော်ဒါနှင့် ဝယ်လိုအားများ၍ ဈေးမကျ

ရန်ကုန် ဩဂုတ် ၆

မိုးရာသီကာလ ရေထရက်များတွင် ရန်ကုန်မြို့ ကြည့်မြင်တိုင် ဗဟိုစံပြငါးဈေးသို့ ငါးပုစွန်များအဝင်များလျက်ရှိသည်ကို တွေ့မြင်ရသည်။ မိုးရာသီ ဇူလိုင် ၁၆ ရက်မှ ၃၁ ရက်အထိ (လဝက်အတွင်း) ဗဟိုစံပြငါးဈေးကြီးအတွင်းရှိ ကုန်စည်ဒိုင် ၁၀၈ ခုသို့ ငါးပုစွန်ပိဿာချိန် ၂၇၈၅၄၅၀ ဝင်ရောက်ခဲ့သဖြင့် တစ်ရက်လျှင်ပျမ်းမျှပိဿာချိန် တစ်သိန်းခုနစ်သောင်းလေးထောင်ကျော် ဝင်ရောက်ခဲ့ကြောင်း ငါးဒိုင်ကိုယ်စားလှယ်ရုံး စာရင်းအရ သိရှိရသည်။ ယခုရက်ပိုင်းအတွင်း ဧရာဝတီတိုင်းဒေသကြီး မြို့နယ်များနှင့်ရန်ကုန်တိုင်းဒေသကြီး မြို့နယ်များမှ လှေ၊ သင်္ဘော၊ စက်တပ်သမ္ဗန်တို့ဖြင့် ဝင်ရောက်လာရာတွင် သဘာဝအင်းအိုင် ငါးပုစွန်များက မွေးမြူရေးများထက် ပိုမိုများပြားကြောင်း ကုန်စည်ဒိုင်ဝန်ထမ်းတစ်ဦးက ပြောပြသည်။ ဩဂုတ် ၁ရက် တစ်နေ့တည်းမှာပင် ကုန်စည်ဒိုင်ရုံသုံးရုံသို့ ငါးပုစွန်ပိဿာချိန် ၂၀၆၀၉၈ ဝင်ရောက်ခဲ့ရာတွင် ငါးမြစ်ချင်း၊ ငါးကြင်း၊ ပုစွန်ဖော့ချိတ်နှင့် ပုစွန်ကျော့တို့က ပိဿာချိန် ၁၂၃၆၆၀ အများဆုံးဖြင့် ပါဝင်ခဲ့သည်။ ကချင်ပြည်နယ်၊ ရှမ်းပြည်နယ်နှင့် မန္တလေးတိုင်းဒေသကြီးတို့အတွက် ပိဿာချိန် နှစ်သောင်းကျော်နှင့် ပျဉ်းမနား၊ တောင်ငူ၊ မကွေး၊ ပြည်၊ ရွှေဘိုမြို့များသို့ ကား၊ ရထားများဖြင့် ပိဿာချိန် ၄၈၀၀ တင်ပို့ခဲ့ပြီး ကျန်ငါး၊ ပုစွန်များကို ရန်ကုန်မြို့တွင်း ဈေးကြီးများနှင့် ပတ်ဝန်းကျင်မြို့ဈေးကြီးများသို့ ခွဲဝေပို့ပေးရောင်းချရသည်ဟု သိရသည်။

ရုံ(ဃ)မှ ငါး၊ ပုစွန်ရောင်းဝယ်သူ ကိုမြင့်ဦးက "အခုအချိန်က ပုစွန်ပေါက်ပွားရာသီလေ၊ မိုးရွာလိုက် နေပူလိုက်ဆို ပုစွန်ဖော့ချိတ်က တအားမြူးတယ်၊ ရေထရက်ဆို ရေပေါ်တက်လာတာ လဆန်း ၁၃၊ ၁၄ ရက်မှ လပြည့်ကျော် ၅ ရက်လောက် အထိ၊ ရေထရက်ဆိုတော့ ပုစွန်အဝင်များတယ်၊ ငါးကန်တွေကလည်း ဒီအချိန်ဆို လျှော့ဖော်တော့ အဝင်နည်းပြီး ပုစွန်အဝင်များတာပေါ့၊ ဒီတော့ ယှဉ်လိုက်ရင် ပုစွန်ဈေးထက် ငါးဈေးနည်းနည်းပိုတာပေါ့၊ အများကြီးလည်း မဟုတ်ပါဘူး၊ သုံးလေးရာလောက်တက်တာပါ၊ အခုအချိန် နယ်အော်ဒါကလည်း များတယ်၊ ဝယ်လိုအားများတော့ ငါး၊ ပုစွန်အဝင်များပေမယ့် ဈေးမကျဘူးပေါ့" ဟု ရေထရက် ငါး၊ ပုစွန်အဝင်များခြင်းနှင့် ငါးဈေးအနည်းငယ်တက်ခြင်း အကြောင်းတို့ကို ရှင်းပြသည်။ **အောင်သန်း(တောင်ညွန့်)**

ရွှေ၊ ငွေ၊ စက်သုံးဆီနှင့် အခြေခံစားကုန်ဈေးနှုန်း

၆-၈-၂၀၁၃ **ရွှေဈေး** (အောင်သမာဓိရွှေဆိုင်)

၁၆ ပဲရည်(အခေါက်ရွှေ)	တစ်ကျပ်သား	၆၈၆၀၀၀
၁၅ ပဲရည်	တစ်ကျပ်သား	၆၄၅၆၀၀

(အချိန်နှင့်အမျှ ဈေးနှုန်းအပြောင်းအလဲရှိနိုင်ပါသည်)

နိုင်ငံတကာသုံးငွေကြေးပေါက်ဈေး (ပြင်ပငွေလဲပေါက်ဈေး)

အမေရိကန်	တစ်ဒေါ်လာ	၉၆၉ - ၉၇၉	ကျပ်
ဥရောပ	တစ်ယူရို	၁၂၈၄ - ၁၃၀၂	ကျပ်
စင်ကာပူ	တစ်ဒေါ်လာ	၇၆၄ - ၇၇၆	ကျပ်
ထိုင်း	တစ်ဘတ်	၃၀. ၆ - ၃၂	ကျပ်
အိန္ဒိယ	တစ်ရူပီး	၁၆. ၆ - ၁၆. ၈၅	ကျပ်
တရုတ်	တစ်ယွမ်	၁၅၄ - ၁၅၇	ကျပ်
မလေးရှား	တစ်ရင်းဂစ်	၂၉၅ - ၃၀၀	ကျပ်

စက်သုံးဆီဈေးနှုန်းများ (Max/Newday စက်သုံးဆီအရောင်းဆိုင်)

ဓာတ်ဆီ	တစ်လီတာ	၈၁၄	ကျပ်
ဒီဇယ်	တစ်လီတာ	၉၃၀	ကျပ်
အောက်တိန်း ၉၂	တစ်လီတာ	၉၃၀	ကျပ်
အောက်တိန်း ၉၅	တစ်လီတာ	၁၀၉၀	ကျပ်
ပရီမီယံဒီဇယ်	တစ်လီတာ	၉၄၀	ကျပ်

သားငါးနှင့်ဟင်းချက်စရာဈေးနှုန်း (သား/ငါးဒိုင်များ)

၁။	ငါးကြင်း	တစ်ပိဿာ	၃၀၀၀ - ၄၂၀၀	ကျပ်
၂။	ငါးမြစ်ချင်း	တစ်ပိဿာ	၁၉၀၀ - ၃၂၀၀	ကျပ်
၃။	ငါးရံ့	တစ်ပိဿာ	၃၂၀၀ - ၆၅၀၀	ကျပ်
၄။	ငါးဖယ်	တစ်ပိဿာ	၅၀၀၀ - ၁၂၀၀၀	ကျပ်
၅။	ပုစွန်(ကျော့)	တစ်ပိဿာ	၃၈၀၀ - ၆၂၀၀	ကျပ်
၆။	ပုစွန်တုပ်	တစ်ပိဿာ	၁၂၀၀၀ -၂၇၀၀၀	ကျပ်
၇။	ငါးသလောက်	တစ်ပိဿာ	၇၂၀၀ -၁၈၀၀၀	ကျပ်
၈။	ကြက်	တစ်ပိဿာ	၅၀၀၀ -၁၂၀၀၀	ကျပ်
၉။	ဝက်	တစ်ပိဿာ	၄၅၀၀ - ၈၀၀၀	ကျပ်
၁၀။	အမဲ	တစ်ပိဿာ	၄၀၀၀ - ၇၀၀၀	ကျပ်
၁၁။	ဆိတ်	တစ်ပိဿာ	၁၁၀၀၀ -၁၅၀၀၀	ကျပ်

ခင်ရတနာ-စုစည်းသည်။

ဘုရင့်နောင်ကုန်စည်ဒိုင်ဈေးနှုန်း

၁။	နွေဆန်	တစ်အိတ်	၁၈၅၀၀
၂။	ပေါ်ကျွဲ	တစ်အိတ်	၂၂၀၀၀
၃။	ပေါ်ဆန်း	တစ်အိတ်	၂၅၀၀၀-၂၉၅၀၀
၄။	မြေပဲဆီ	တစ်ပိဿာ	၃၇၀၀
၅။	စားအုန်းဆီ	တစ်ပိဿာ	၁၅၃၀
၆။	ဆိပ်ဖြူကြက်သွန်နီ	တစ်ပိဿာ	၄၉၀-၅၈၀
၇။	ရှမ်းကြက်သွန်ဖြူ	တစ်ပိဿာ	၁၁၅၀-၁၈၀၀
၈။	ကြူကုတ်ကြက်သွန်ဖြူ	တစ်ပိဿာ	၁၀၂၅-၁၀၇၅
၉။	အာလူး(အောင်ပန်း)	တစ်ပိဿာ	၃၇၀-၅၀၀
၁၀။	ဝါးခယ်မငရုတ်ရှည်	တစ်ပိဿာ	၂၂၅၀-၂၃၀၀
၁၁။	ဆင်ဖြူကျွန်းငရုတ်ပွ	တစ်ပိဿာ	၄၀၀၀
၁၂။	သကြား	တစ်ပိဿာ	၉၄၀-၁၀၆၀

ကုန်စည်ဒိုင်ဈေးနှုန်းဖြစ်ပြီး အချိန်နှင့်အမျှ အပြောင်းအလဲရှိနိုင်သည်။

ခင်ဆိုင်-စေ့ငုတင်ပြသည်။

အငှားယာဉ်က ဆိုင်ကယ်ကိုတိုက်မိ

ရန်ကုန် ဩဂုတ် ၆

မရမ်းကုန်းမြို့နယ် ဘုရင့်နောင်လမ်းအတိုင်း ဘုရင့်နောင်ဘက်မှ လှိုင်သာယာဘက်သို့ ယာဉ်မောင်း မျိုးလွင်ဦး မောင်းနှင်သည့် ၅ဃ/. . . တိုယိုတာဗင်(အငှားယာဉ်)သည် ဩဂုတ် ၄ ရက်နံနက် ၅ နာရီက တိုးဂိတ်ပောင်းအရောက် တစ်ဖက်ယာဉ်ကြောသို့ရောက်ရှိပြီး လှိုင်သာယာဘက်မှ ဘုရင့်နောင်ဘက်သို့ ကိုသိန်းထွန်းနိုင် လှိုင်သာယာမြို့နယ်နေသူ မောင်းနှင်၍ နောက်မှ ဒေါ်မြမြဦး လိုက်ပါစီးနင်းလာသည့် ၂၆ယ/. . . ဆိုင်ကယ်ကို တိုက်မိရာ ကိုသိန်းထွန်းနိုင်နှင့် ဒေါ်မြမြဦးတို့တွင် ဒဏ်ရာများရရှိကြသဖြင့် အငှားယာဉ်မောင်း မျိုးလွင်ဦးကို ဘုရင့်နောင်နယ်မြေရဲစခန်းက အမှုဖွင့်အရေးယူဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ **စိုးဝင်း(SP)**

မိုးရာသီသစ်ပင်စိုက်ပျိုးပွဲကျင်းပ

မတ္တရာ ဩဂုတ် ၆

မန္တလေးတိုင်းဒေသကြီး ပြင်ဦးလွင်ခရိုင် မတ္တရာမြို့နယ်တွင် မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနနှင့် မြို့နယ်သစ်တောဦးစီးဌာနတို့ ကြီးမှူးကျင်းပသော မိုးရာသီသစ်ပင်စိုက်ပျိုးပွဲကို ဇူလိုင် ၂၉ ရက် နံနက် ၈ နာရီက မတ္တရာမြို့နယ် အနာကြီးဆေးရုံဝင်းအတွင်း၌ ကျင်းပသည်။မိုးရာသီ သစ်ပင်စိုက်ပျိုးပွဲတွင် မတ္တရာမြို့နယ် တိုင်းဒေသကြီးလွှတ်တော် ကိုယ်စားလှယ် ဦးကိုလေး၊ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဦးအောင်ဆွေမြင့်၊ မြို့နယ်သစ်တောဦးစီးဌာနဦးစီးအရာရှိ ဦးမိုးဇော်နှင့် ဌာနဆိုင်ရာတာဝန်ရှိသူများက ကျွန်းပင်၊ ပိတောက်ပင်နှင့် မဲဇလီပင်စုစုပေါင်း ၇၃၀ ကို စုပေါင်းစိုက်ပျိုးကြသည်။ (ဝ၄ဝ)

Job Vacancy (Yangon)

Multinational Company Requires outdoor/Field assistant.Must have excellent English spoken and written skills and must know Microsoft Office and Microsoft word. Send CVs to waris@merchantassociates.com and call 09-41010175.

ကြွေပြားကပ်ကျွမ်းကျင်သူများ/အဖွဲ့

အမြန် အလိုရှိသည်။

'ကံကောင်း'

အိမ်၊ ခြံ၊ မြေ အကျိုးဆောင်

သီလဝါ၊ ဖလမ်း၊ တပ်ရာကုန်း၊ စံချိန်မီ(၃)၊ (၂)၊ (၁)

အောင်ချမ်းသာတိုးချဲ့၊ V.I.P အကွက်များ၊ လုံးချင်းတိုက်များ

သန်လျင်၊ ကျောက်တန်းမြေကွက်များရောင်းဝယ်ရန်ရှိသည်။

(သန်လျင်၊ ကျောက်တန်း၊ သီလဝါသီးသန့်)

ဖုန်း-၀၉-၄၉၃၀၀၉၆၇၊ ၀၉-၄၂၀၁၈၅၅၉၉၊ ၀၉-၄၂၀၁၈၅၅၇၇

၀၉-၄၄၀၀၀၅၀၁၈၊ ၀၉-၇၃၂၂၇၅၅၆

အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

မကွေးတိုင်းဒေသကြီး၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံးအဆင့်ဆင့်တွင် အဆောက်အအုံများတည်ဆောက်လိုပါ၍ ကုမ္ပဏီများသည် သတ်မှတ်အချက်များနှင့်အညီ အိတ်ဖွင့်တင်ဒါတင်သွင်းရန် ဖိတ်ခေါ်အပ်ပါသည်-

(က) တိုင်းဒေသကြီးအတွင်း မြို့နယ် ၁၃ မြို့နယ်တွင် မြို့နယ်အုပ်ချုပ်ရေးမှူး (လက်ထောက်ညွှန်ကြားရေးမှူး) နေအိမ် ၁၃ လုံးဆောက်လုပ်ခြင်း။

(ခ) တိုင်းဒေသကြီးရုံးတွင် နှစ်ခန်းတွဲနေအိမ် (၂)လုံးနှင့် မြို့နယ် ၁၁ မြို့နယ်တွင် နှစ်ခန်းတွဲ နေအိမ် ၁၁ လုံး ဆောက်လုပ်ခြင်း။

၂။ တင်ဒါစည်းကမ်းချက်များနှင့် တင်ဒါပုံစံများကို ၉-၈-၂၀၁၃ ရက်မှစတင်၍ ရောင်းချမည်ဖြစ်ပါသည်။ တင်ဒါပိတ်သိမ်းမည့်ရက်မှာ ၁၆-၈-၂၀၁၃ ရက် ၁၆း၃၀ နာရီ နောက်ဆုံးထားတင်သွင်းရမည်ဖြစ်ပါသည်။

၃။ အိတ်ဖွင့်တင်ဒါတင်သွင်းရန် အသေးစိတ်အချက်အလက်များကို မကွေးတိုင်းဒေသကြီး အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ ဖုန်းအမှတ် ၀၆၃-၂၅၀၂၂/၂၅၅၁၅ သို့ ရုံးချိန်အတွင်း ဆက်သွယ်မေးမြန်းနိုင်ပါသည်။

တင်ဒါခေါ်ယူရေးလုပ်ငန်းကော်မတီ

မကွေးတိုင်းဒေသကြီး အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန

အများသိစေရန်ကြေညာခြင်း

၂-၇-၂၀၁၂ရက်စွဲပါ မြန်မာ့အလင်းသတင်းစာ စာမျက်နှာ(၁၇)မှ ဒေါ်သက်သက်ဝေ၏ လွှဲအပ်ညွှန်ကြားချက်အရ အများသိစေရန်တားမြစ်ခြင်းကြော်ငြာကို ယနေ့မှစ၍ ပြန်လည်ရုပ်သိမ်းပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ဒေါ်သက်သက်ဝေ ၁၃/လလန(နိုင်)၀၀၅၁၈၈

အမည်ပြောင်း

ရခိုင်ပြည်နယ်၊ ဘူးသီးတောင်မြို့၊ အမှတ် ၆ ရပ်ကွက်နေ ဦးအောင်ချစ်နိုင်၏သမီး မမေငြိမ်းခိုင် ၁၁/ဘသတ(နိုင်)၀၃၈၅၅၇အား မခင်မြင့်ဇူလှိုင်ဟု ပြောင်းလဲခေါ်ဆိုပါရန်။ **မခင်မြင့်ဇူလှိုင်**

အမည်ပြောင်း

စစ်ကိုင်းတိုင်းဒေသကြီး၊ ရွှေဘိုတက္ကသိုလ် တတိယနှစ် ရူပဗေဒအထူးပြု (၃-ရပ ၁၀၈) မောင်ထက်ထက် ၅/ရဘန(နိုင်)၂၀၀၉၁၆အား ယနေ့မှစ၍ မောင်ထက်အောင်ဟု ပြောင်းလဲခေါ်ဆိုပါရန်။ **မောင်ထက်အောင်**

ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ သန်လျင်မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ဘုရားကုန်း အဆင့်(၁)၊ အမှတ် ၁၁၁၀၊ ပေ(၄၀×၆၀)အကျယ်ရှိ ခြံမြေ ဦးသိန်းအောင် SRM-၀၄၅၄၈၀ ကိုင်ဆောင်သူ၏ အမည်ပေါက်ပြီး လက်ရှိပိုင်ဆိုင်ခွင့်ရှိပြီး ရောင်းချခွင့်ရှိသူ ဦးပြည့်ဖြိုးအောင် ၁၂/သလန(နိုင်) ၀၇၈၃၈၀ ထံမှ ခြံမြေအား ကျွန်ုပ်၏မိတ်ဆွေက အပြီးအပိုင်ဝယ်ယူရန် ရောင်းဖိုးငွေ တစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ရာ ကန့်ကွက်လိုသူရှိပါက ခိုင်လုံသောပိုင်ဆိုင်မှုစာချုပ်စာတမ်းမူရင်းများနှင့်တကွ ကျွန်ုပ်ထံသို့ ငါးရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်က အရောင်းအဝယ်အား ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-

ဒေါ်အိဖြူသွင် LL.B

(စဉ်-၉၀၀၈)၊ တရားလွှတ်တော်ရှေ့နေ

အမှတ် ၃၀၆(သုံးလွှာ)၊ ယုဇနတာဝါ၊ ဗဟန်းမြို့နယ်

ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ စမ်းချောင်းမြို့နယ်၊ ဦးဖိုးလမ်း၊ အခန်းအမှတ် ၁၅၊ သုံးလွှာ၊ အလျား ၅၅ပေ×အနံ ၁၂ ပေခွဲ ခေါင်းရင်းခန်းအား အကျိုးခံစားခွင့် အရပ်ရပ်ကို စာချုပ်အဆက်အစပ်များနှင့် လက်ဝယ်ထားရှိ၍ ရောင်းချပိုင်ခွင့်ရှိသည်ဟု အဆိုပြုသူ ဦးဝင်းဇော်ဦး ၁၂/လမတ(နိုင်)၀၂၅၉၀၃ ထံမှ ကျွန်ုပ်၏မိတ်ဆွေက ဝယ်ယူရန် ရောင်းဖိုးငွေ တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေပြီးဖြစ်ပါသည်။

၎င်းအရောင်းအဝယ်ကိစ္စအပေါ် ပိုင်ဆိုင်မှုနှင့် ပတ်သက်၍ ကန့်ကွက်လိုပါက ကြော်ငြာပါသည့်ရက်မှ ခုနစ်ရက်အတွင်း ခိုင်လုံသော စာချုပ်စာတမ်းမူရင်း အထောက်အထားများ တင်ပြ၍ ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ အကယ်၍ ကန့်ကွက်သူမရှိပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ပြီးပြတ်သည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ဝယ်ယူသူ၏ လွှဲအပ်ညွှန်ကြားချက်အရ-

ဒေါ်မြတ်သီဂီကျော် LL.B, D.B.L
အထက်တန်းရှေ့နေ (စဉ်-၄၀၈၅၆)

ဒေါ်ကြည်ကြည်ခိုင်
တရားလွှတ်တော်ရှေ့နေ (စဉ်-၄၆၀၆)
အမှတ် ၉၆၈၊ အေးသိဒ္ဓိကျောင်းလမ်း၊
ရွာမရှေ့၊ အင်းစိန်မြို့နယ်၊
ဖုန်း-၀၉-၄၄၈၀၂၁၅၉၈၊

ပျောက်ဆုံးကြောင်း

ကျွန်တော် မောင်စောရန်နိုင်ကျိုး ၇/ရကန(နိုင်)၀၅၆၅၉၃ ၏ မြန်မာနိုင်ငံကူးလက်မှတ်သည် ခရီးသွားရင်းပျောက်ဆုံးသွားသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ **ဖုန်း-၀၉-၂၅၀၁၀၉၉၂၈**

လက်တွေ့အသုံးချစီးပွားရေးသုံး အင်္ဂလိပ်စကား

ဆရာဦးကျော်ဆွေ

[illegible]

City Mart, Ocean Hyper Mart [illegible] Super Market [illegible]

[illegible]

ဝါဘိုတိုက်နယ်ဆေးရုံသစ် အလျင်အမြန် ဖွင့်လှစ်နိုင်ရေး ကွင်းဆင်းစစ်ဆေး

စစ်တွေ ဩဂုတ် ၆

စစ်တွေမြို့နယ် ဝါဘိုကျေးရွာတွင် ငွေကျပ်သိန်း ၃၉၀၀ ကျော်ခွင့်ပြုချက်ဖြင့် ၁၆ ခုတင်ဆံ့ တိုက်နယ်ဆေးရုံသစ်ကို မေဃဝရဇိန် ဆောက်လုပ်ရေးကုမ္ပဏီက တာဝန်ယူတည်ဆောက်လျက်ရှိသည်။ ၎င်းဆေးရုံကို အလျင်အမြန်ဖွင့်လှစ်နိုင်ရေးအတွက် ဆောက်လုပ်ပြီးစီးမှုအခြေအနေများကို မြို့နယ်ကျန်းမာရေးဆောက်လုပ်မှုကော်မတီဥက္ကဋ္ဌ စစ်တွေမြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှူး ဦးတင်မြင့်နှင့် ဆောက်လုပ်ရေးကော်မတီဝင်များ ဩဂုတ် ၃ ရက်က ကွင်းဆင်းစစ်ဆေးခဲ့ကြသည်။ (ယာပုံ)

အဆိုပါ တိုက်နယ်ဆေးရုံသစ်ကို ၂၀၀၉-၂၀၁၀ဘဏ္ဍာနှစ်တွင် ငွေကျပ်သိန်း ၂၀၀၊ ၂၀၁၀-၂၀၁၁ ဘဏ္ဍာနှစ်တွင် ငွေကျပ် ၅၅၈ ဒသမ ၁၄ သိန်း၊ ၂၀၁၁-၂၀၁၂ ဘဏ္ဍာနှစ်တွင် ငွေကျပ်သိန်း ၁၅၀၀၊ ၂၀၁၂-၂၀၁၃ ဘဏ္ဍာနှစ်တွင် ငွေကျပ် သိန်း ၁၇၀၀ နိုင်ငံတော်က ခွင့်ပြုပေးခဲ့ခြင်းဖြစ်သည်။ မေဃဝရဇိန်ဆောက်လုပ်ရေး ကုမ္ပဏီမှ ၂၀၀၉ ခုနှစ် ဩဂုတ် ၁၅ ရက်တွင် စာချုပ်ချုပ်ဆိုပြီး တည်ဆောက်လျက်ရှိရာ ယခုအခါဆေးရုံ ပင်မဆောင်နှင့် ဆရာဝန်နေအိမ်မှာ ရေ၊ မီးအပါအဝင် ၁၀၀ ရာခိုင်နှုန်းပြီးစီးပြီဖြစ်သည်။ သို့သော် လေးခန်းတွဲသူနာပြုနေအိမ်ပြီးစီးမှုမှာ ခွင့်ပြုငွေမလုံလောက်၍ ၈၀ ရာခိုင်နှုန်းသာ ပြီးစီးပြီး ပြတင်းတံခါးတပ်ဆင်ခြင်း၊ မျက်နှာကြက်တပ်ဆင်ခြင်း၊ ဆီဆေးသုံးထပ်သုတ်ခြင်း၊ မျက်နှာကြက် ပလတ်စတစ်မိန့် သုံးထပ်သုတ်ခြင်း လုပ်ငန်းများ ကျန်ရှိနေသေးသည်။

ယင်းဆေးရုံကို မကြာမီကာလအတွင်း ဖွင့်လှစ်နိုင်ရန် ဆောင်ရွက်လျက်ရှိပြီး ဆေးရုံဖွင့်လှစ်ပြီးပါက ဝါဘိုကျေးရွာနှင့် အနီးပတ်ဝန်းကျင်မှ ကျေးလက်နေပြည်သူများ၏ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများကို များစွာ အထောက်အကူပြုနိုင်မည်ဖြစ်သည်။ **လေးဝတီထွန်းစောခိုင်**

ပြည်တွင်းသတင်းနှင့်ဆောင်းပါး

ပုဏ္ဏားကျွန်း၌ ဖုန်းဆင်းကတ်များရောင်းချ

ပုဏ္ဏားကျွန်း ဩဂုတ် ၆

မိုဘိုင်းဖုန်း ဆင်းကတ်များကို ရခိုင်ပြည်နယ်အတွင်းရှိ မြို့နယ်များသို့ လွှတ်တော်ကိုယ်စားလှယ်များ၊ မြို့နယ်အုပ်ချုပ်ရေးမှူး၊ မြို့နယ်ဆက်သွယ်ရေးဝန်ထမ်းနှင့် မြို့နယ်ဌာနဆိုင်ရာများ ပါဝင်သောအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် ဩဂုတ် ၁ ရက်က စတင်ဖြန့်ဝေရောင်းချလျက်ရှိသည်။

ရခိုင်ပြည်နယ် ၁၇ မြို့နယ်အတွင်း အစိုးရဝန်ထမ်းများနှင့် ဒေသခံပြည်သူများအတွက် စုစုပေါင်း GSM ဖုန်းဆင်းကတ် ၃၀၀၀ ကို ပထမအကြိမ်အဖြစ် ဖြန့်ဝေရောင်းချပေးမည်ဖြစ်သည်။

ဖြန့်ဝေရောင်းချ

ပုဏ္ဏားကျွန်းမြို့နယ် အနေဖြင့် GSM မိုဘိုင်းဖုန်းဆင်းကတ် ၂၅၀ ဖြန့်ဝေရောင်းချခွင့်ရရှိခဲ့ရာ တယ်လီဖုန်းကိုင်ဆောင်လိုသော ဌာနဆိုင်ရာဝန်ထမ်းများ၊ အသင်းအဖွဲ့ဝင်များ၊ ရပ်ကွက် ကျေးရွာနေပြည်သူများအား တာဝန်ရှိသူများက မဲစနစ်ဖြင့် ရိုးသားပွင့်လင်းစွာ ဖြန့်ဝေရောင်းချပေးကြောင်း သိရသည်။

ညသူ

ချိန်ခါမရွေး သတိပေး မီးဘေးကင်းဝေးမှာ

ပျဉ်းမနားမြို့ အရှေ့တောင်ပေါ်ဒေသ ပညာရေးဝန်ထမ်းများအတွက် မိုဘိုင်းဆင်းကတ်များပေးအပ်

ပျဉ်းမနား ဩဂုတ် ၆

ပျဉ်းမနားမြို့ အရှေ့တောင်ပေါ် ဆိတ်ဖူးတောင်ကျောင်း၌ ပညာရေးဝန်ထမ်းများအတွက် GSM မိုဘိုင်းဆင်းကတ်များကို ဩဂုတ် ၅ရက် မွန်းလွဲ ၂နာရီက နေပြည်တော်ကောင်စီဝင် ဗိုလ်မှူးကြီး မြင့်အောင်သန်းက ပေးအပ်ခဲ့ကြောင်း သိရသည်။**(အပေါ်ပုံ)**

အခမ်းအနားတွင် နေပြည်တော်ကောင်စီဝင် ဗိုလ်မှူးကြီးမြင့်အောင်သန်းက ဆရာ ဆရာမများကို လိုအပ်သော မိမိတို့၏ ပညာရေး၊ ကျန်းမာရေး၊ လူမှုရေးအခက်အခဲများကို တင်ပြကြရန်နှင့် နေပြည်တော်ကောင်စီဥက္ကဋ္ဌ၏ လမ်းညွှန်ချက်များအတိုင်း ဖြည့်ဆည်းဆောင်ရွက်ပေးမည်ဖြစ်ကြောင်း၊ တောင်ပေါ်ဒေသရှိ ကျောင်းပေါင်း ၄၄ ကျောင်းမှ ဆရာ ဆရာမ ၅၆ ဦးအား GSM မိုဘိုင်းဆင်းကတ်များပေးအပ်ရာ ဆရာ ဆရာမများအားလုံး ဝမ်းသာပျော်ရွှင်လျက်ရှိကြောင်း၊ ကျန်ရှိသောပညာရေးဝန်ထမ်းများအား ဆက်လက်၍ပေးအပ်သွားမည်ဖြစ်ကြောင်းနှင့် လိုအပ်သည်များ ဖြည့်စွက်မှာကြားခဲ့ကြောင်း သိရသည်။

ဇော်မျိုးနိုင်

သန်းခေါင်စာရင်းကောက်ယူရေး အသိပညာပေး

ဘူးသီးတောင် ဩဂုတ် ၆

ဘူးသီးတောင် မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ မြို့နယ်လူဝင်မှုကြီးကြပ်ရေးနှင့်မှတ်ပုံတင်ရေးဦးစီးဌာန၊ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနတို့ ပူးပေါင်း၍ ဩဂုတ် ၄ ရက် မွန်းလွဲ ၁ နာရီက ၂၀၁၄ ခုနှစ် မတ် ၃၀ ရက်တွင် ပြည်လုံးကျွတ် သန်းခေါင်စာရင်း ကောက်ယူရေးနှင့် ပတ်သက်သည့် အသိပညာပေးဟောပြောပွဲကို မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံး အစည်းအဝေးခန်းမ၌ ကျင်းပရာ မြို့နယ်အထွေထွေအုပ်ချုပ်ရေးမှူး ဦးသန်းရွှေ၊ မြို့နယ်လူဝင်မှုကြီးကြပ်ရေးနှင့် မှတ်ပုံတင်ရေးဦးစီးဌာန ဦးစီးမှူး ဦးခင်မောင်မြင့်၊ မြို့နယ်ပြန်/ဆက်ဦးစီးမှူး ဒေါ်ခင်ယုယုနွယ်တို့က သန်းခေါင်စာရင်းကောက်ယူရေး အသိပညာပေးဟောပြောခဲ့ကြသည်။ **(မြို့နယ်ပြန်/ဆက်)**

ပေါက်တောမြို့၌ ဆင်းကတ်များ ပထမအကြိမ် မဲဖောက်ပေး

ပေါက်တော ဩဂုတ် ၆

ရခိုင်ပြည်နယ် စစ်တွေခရိုင် ပေါက်တောမြို့နယ်တွင် ပထမအကြိမ်အဖြစ် တန်ဖိုးနည်း ဂျီအက်စ်အမ် ဖုန်းဆင်းကတ် ၂၂၅ ကတ်ကို ခွဲဝေရရှိခဲ့ရာ မြို့နယ်အတွင်းရှိ ရပ်ကွက် ၄ရပ်ကွက်အတွက် အိမ်ထောင်စုအလိုက် အခြေခံ၍ ခွဲဝေချထားပေးခဲ့သည်။ ရပ်ကွက်လိုက်ခွဲဝေချထားပေးသော ဆင်းကတ်များကို ဩဂုတ် ၃ ရက် မွန်းလွဲ ၁ နာရီက မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံးခန်းမတွင် မြို့နယ်အုပ်ချုပ်ရေးမှူးနှင့် ဌာနဆိုင်ရာများ၊ ရပ်မိ ရပ်ဖများ၊ လွှတ်တော်ကိုယ်စားလှယ်များ၊ ဖုန်းရောင်းချရေးကော်မတီများ၊ ဖုန်းလျှောက်ထားသော အများပြည်သူများရှေ့မှောက်တွင် ပွင့်လင်းမြင်သာစွာ ဖွင့်လှစ်ရောင်းချကြောင်း သိရသည်။ **(၄၄၉)**

ကြော်ငြာ

YUFC 2009

အထူးဂုဏ်ပြုကျေးဇူးတင်လွှာ

YUFC 2009

မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်မှ ကြီးမှူးကျင်းပခဲ့သည့် MNL Myanmar 2013 အမှတ်ပေးဘောလုံးပြိုင်ပွဲကြီးတွင်
၃နှစ်ဆက်တိုက် အမှတ်ပေးချန်ပီယံရန်ကုန်ယူနိုက်တက်အသင်းအား အဘက်ဘက်မှ ကူညီပံ့ပိုးခဲ့ကြပါသော
ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမြင့်ဆွေနှင့် အစိုးရအဖွဲ့ဝင်ဝန်ကြီးများ၊
ရန်ကုန်တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌနှင့် တာဝန်ရှိသူများ၊
ရန်ကုန်တိုင်းဒေသကြီးမြို့မိမြို့ဖများ၊ ရန်ကုန်ယူနိုက်တက် ဘောလုံးအသင်းအား ကိုယ်တိုင်ကိုယ်ကျ လာရောက်အားပေးသော
ပရိသတ်များ၊ ရုပ်မြင်သံကြားမှ တိုက်ရိုက်ထုတ်လွှင့်မှုကို ကြည့်ရှုအားပေးခဲ့ကြသော အနယ်နယ်အရပ်ရပ်မှပရိသတ်များ
နှင့် Online မှတစ်ဆင့်ကြည့်ရှုအားပေးခဲ့ကြသော အဝေးရောက်ပရိသတ်များ၊
အသင်းအတွက် အကောင်းဆုံးပံ့ပိုးအားပေးခဲ့သော Htoo Group Of Companies မှ ဥက္ကဋ္ဌ ၊ ဒုဥက္ကဋ္ဌများနှင့်ဝန်ထမ်းများ၊
Main Sponsor အဖြစ်ကူညီပံ့ပိုးပေးခဲ့သော Air Bagan Co.,Ltd ၊
Co Sponsor များဖြစ်ကြသည့် Elite Tech ၊ AGD Bank ၊ Asian Wings
Yangon Airport Group၊ Htoo Group Of Companies မှအုပ်စုဝင် Company များ၊
Treasure Hotel & Resort Group Co.,Ltd
Aureum Palace Hotels & Resorts ၊ Kandawgyi Palace Hotel ၊ J'Donuts ၊
မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ် ဥက္ကဋ္ဌ၊ တာဝန်ရှိသူများ၊ ဝန်ထမ်းများနှင့်
ကျေးဇူးတင်ထိုက်သူများအားလုံးကို အထူးကျေးဇူးတင်ရှိပါကြောင်း ....

ရန်ကုန်ယူနိုက်တက်ဘောလုံးအသင်း

Main Sponsor

HTOO GROUP OF COMPANIES

airBagan Treasure of Myanmar

AGD BANK Asia Green Development Bank Limited

Co Sponsors

Kandawgyi Palace

TREASURE HOTEL & RESORT GROUP CO., LTD.

Asian Wings Airways

APEX

Elite

Htoo Foundation

Bagan

J'DONUTS

Treasure

FM Bagan

သတင်းရောင်းစားသူများ မဖြစ်ပါစေနှင့်

ကောင်းညွှန့်ဝေ(ရေစကြို)

ဇူလိုင် ၃၀ ရက်ထုတ် မြန်မာ့အလင်းသတင်းစာတွင် **“ မြို့နယ်သတင်းထောက်များနှင့် စာမူပေးပို့သူများသို့ ပန်ကြားချက်”** ဟူသည့် စာတည်းအဖွဲ့၏ ပန်ကြားချက်ကို ဖတ်ရှုလိုက်ရပါသည်။ သတင်းနှင့်စာမူများပေးပို့ကြရာတွင် မိမိတို့ကိုယ်တိုင်ရေးသားကြောင်းနှင့် အခြားမည်သည့်သတင်းဌာနများကိုမှပေးပို့ထားခြင်းမရှိကြောင်း ဝန်ခံချက်ကို သတင်းပေးပို့သည့် စာမူနှင့်အတူ တစ်ပါတည်းထည့်သွင်း ဖော်ပြ၍ ပေးပို့ရန်ပန်ကြားထားခြင်းဖြစ်သည်။ နေ့စဉ်ထုတ်သတင်းစာ လေးမျိုးနှင့် အပတ်စဉ်ထုတ်ဂျာနယ် အမျိုးမျိုးတို့ကို အမြဲဖတ်ရှုနေသည့် စာရေးသူအနေဖြင့် အဆိုပါပန်ကြားချက်ကို ဝမ်းမြောက်ဝမ်းသာ ကြိုဆိုထောက်ခံလိုက်ပါသည်။ နေ့စဉ်သတင်းစာ တစ်စောင်တည်းသို့မဟုတ် အပတ်စဉ်ထုတ်ဂျာနယ် တစ်စောင်နှစ်စောင်တည်းသာဖတ်ရှုနေကြသည့် စာဖတ်သူများအဖို့ အဆိုပါပန်ကြားချက်မှာ သာမန်မျှသာဟုဆိုနိုင်ပါသော်လည်း စာရေးသူကဲ့သို့ နေ့စဉ်သတင်းစာ သုံးလေးမျိုးနှင့် ဂျာနယ်အမျိုးမျိုးတို့ကို ဖတ်ရှုနေသောစာဖတ်သူများအတွက်မူ များစွာအကျိုးထူးစေမည့် ပန်ကြားချက်တစ်ခုဟု ယူဆရပေမည်။

ပုဂ္ဂလိကသတင်းစာ၊ ဂျာနယ်များ လွတ်လပ်စွာ ထုတ်ဝေခွင့်ပြုလိုက်သည်နှင့်သတင်းစာ၊ ဂျာနယ်များ ပလူပျံသလို ထွက်လာခဲ့သကဲ့သို့ သတင်းထောက်များလည်း မှိုလိုပေါက်လာခဲ့ပါသည်။ မှိုလိုပေါက်လာသော သတင်းထောက်များထဲတွင် သတင်းထောက်များ သိရှိလိုက်နာရမည့်ကျင့်ဝတ်နှင့်တာဝန်ဝတ္တရားများကို သိရှိ လိုက်နာသူများရှိသကဲ့သို့ မသိရှိ မလိုက်နာကြသူများလည်း အုတ်အရောရော ကျောက်အရောရော ပါဝင်လာသည်ကိုတွေ့ရသည်။ အုတ်အရောရော ကျောက်အရောရော ပါဝင်လာသော သတင်းထောက်အချို့(အချို့)သည် သိရှိလိုက်နာရမည့် ကျင့်ဝတ်နှင့် တာဝန်ဝတ္တရားများကို သိရှိအောင်လည်း မလေ့လာ၊ သိရှိသော်လည်း မလိုက်နာကြသဖြင့် ယနေ့ထုတ်ဝေနေသော သတင်းစာ၊ ဂျာနယ်များတွင် သတင်းခေါင်းစဉ်ကအစ သတင်းဓာတ်ပုံအဆုံး အကြောင်းအရာတူ **‘၏’**၊ **‘သည်’** မလွဲ အရေးအသားတူ သတင်းများကို ဖတ်ရှုနေရသည်မှာ စာဖတ်သူများအတွက် အလွန်စိတ်ပျက်ဖွယ်ကောင်းလှပေသည်။

သတင်းထောက်များသည် မိမိပါဝင်ရေးသားနေသည့် သတင်းဌာနအပေါ် သစ္စာရှိရမည်။ စာဖတ်ပရိသတ်ပြည်သူများအပေါ် သစ္စာရှိရမည်။ သတင်းများကို မိမိကိုယ်တိုင်စုံစမ်းမေးမြန်းထောက်လှမ်းခြင်းမပြုဘဲ သူတစ်ပါးရေးသောသတင်းများကို မှီငြမ်းကူးယူပြုပြင်ရေးသားပေးပို့ခြင်း၊ သတင်းတစ်ပုဒ်တည်းကို သတင်းဌာန(သတင်းစာ၊ဂျာနယ်)တစ်ခုတည်းသို့ မပို့ဘဲ အခြားသတင်းဌာနနှစ်ခု သုံးခုသို့ပါ မိတ္တူပွား၍ ပေးပို့ခြင်းသည် သတင်းရောင်းစားသကဲ့သို့ ဖြစ်နေပြီး သတင်းဌာနများနှင့်စာဖတ်ပရိသတ်များအပေါ်သစ္စာမဲ့ခြင်းပင်ဖြစ်သည်။

မြန်မာ့သတင်းစာလောက တစ်ခေတ်ဆန်းချိန်တွင် သတင်းစာလောက ဖွံ့ဖြိုးတိုးတက်ရေးနှင့် ရေရှည်တည်တံ့ရေး၊ သတင်းစာပညာ ထွန်းကားပြန့်ပွားရေးနှင့် သတင်းစာဆရာများ အရည်အသွေးမြင့်မားရေးတို့သည် ထုတ်ဝေသူများနှင့် အယ်ဒီတာအဖွဲ့၊ စာတည်းအဖွဲ့များတွင်သာ တာဝန်ရှိသည်မဟုတ်ပေ။ သတင်းစာလောက၏ အခြေခံအုတ်မြစ်သဖွယ်ဖြစ်သည့်သတင်းထောက်များတွင်လည်း များစွာတာဝန်ရှိသည်ကို သတင်းထောက်တိုင်း နားလည်သဘောပေါက်ကြပြီးလျှင် **“ကျင့်ဝတ်ကိုလိုက်နာ၊ တာဝန်ကိုလေးစား၊ ဝတ္တရားကိုကျေပွန်”**ကြသည့် သတင်းထောက်ကောင်း တစ်ယောက်ဖြစ်အောင် ကြိုးစားအားထုတ်ကြဖို့ လိုနေသေးသည်ကို မြန်မာ့အလင်းသတင်းစာ စာတည်းအဖွဲ့၏ ပန်ကြားချက်က သက်သေပြလျက်ရှိနေပါကြောင်း။ ။

သတင်းဆောင်းပါးနှင့်ကြော်ငြာ

မိုးမိစပါးများကို စပါးအခြောက်ခံစက်ဖြင့် ကျေးရွာများ၌ ခြောက်သွေ့စေလျက်ရှိ

နေပြည်တော် ဩဂုတ် ၆

နေပြည်တော်ဝန်းကျင်၌ ရက်အတန်ကြာ မိုးဆက်တိုက်ရွာသွန်းခဲ့သဖြင့် ရိတ်သိမ်းပြီးမိုးမိစပါးများကို နေပြည်တော်ဇမ္ဗူသီရိမြို့နယ်အလျင်လိုကျေးရွာ စိုက်ပျိုးရေးဦးစီးဌာနဝင်းအတွင်း တည်ထောင်ထားသောစပါးအခြောက်ခံစက်ဖြင့် စပါးများကို ခြောက်သွေ့စေလျက်ရှိကြောင်း သိရသည်။

အဆိုပါ စပါးအခြောက်ခံစက်သည်တစ်နေ့လျှင်စပါးတင်း၃၀၀ခန့်ကို အခြောက်ခံစေနိုင်ပြီးစပါးတင်း ၁၅၀ လျှင် အချိန် လေးနာရီကြာမြင့်ကြောင်း၊ စပါးအခြောက်ခံဝန်ဆောင်ခအဖြစ်စပါးတစ်တင်းလျှင်ငွေကျပ်၁၅၀ ကျသင့်မည်ဖြစ်ကြောင်း၊ စပါးများမည်မျှ

ပင်စိုနေပါစေ အဆိုပါစပါးအခြောက်ခံစက်သည် အစိုများ စပါးကို အချိန်ပိုမိုကြာမြင့်စွာ ခြောက်သွေ့စေရကြောင်း အလျင်လိုကျေးရွာ စပါးအခြောက်ခံစက်မှ တာဝန်ရှိသူတစ်ဦးထံမှသိရသည်။ **ကာရန်ခ**

သွေးလွန်တုပ်ကွေး ကြိုတင်ကာကွယ်ရေး ခြင်ဆေးဖျန်း

ပန်းတောင်း ဩဂုတ် ၆

ပဲခူးတိုင်းဒေသကြီး ပြည်ခရိုင် ပန်းတောင်းမြို့နယ် မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန မြို့နယ်အုပ်ချုပ်ရေးမှူး၏ လမ်းညွှန်မှုအရ မြို့နယ်ကျန်းမာရေး ဦးစီးဌာနနှင့် ပညာရေးဦးစီးဌာနတို့ ပူးပေါင်းလျက် ဩဂုတ် ၃ ရက် မွန်းလွဲ၂ နာရီမှ ညနေ ၅ နာရီအထိ ပန်းတောင်းမြို့နယ် အခြေခံပညာအထက်တန်းကျောင်း၊ သူရဲဇီးရပ်ကွက်မူလတန်းလွန်ကျောင်း၊ ကြခတ်ရပ်ကွက်ရှိ မူလတန်းလွန်ကြခတ်ကျောင်းနှင့် အမက ဆုတောင်းပြည့်ကျောင်း၊ မင်းရပ် ရပ်ကွက်ရှိ အမက ပေါင်းတည်ကျောင်း၊ ဝန်လိုရပ်ကွက်ရှိ မူလတန်းလွန် ဝန်လိုကျောင်းနှင့်အမက တပ်ကုန်းကျောင်း၊ စည်သာရပ်ကွက် မူလတန်းလွန်ကျောင်းနှင့်ဖောင်းကန်ရပ်ကွက်မူလတန်းလွန်ကျောင်းများတွင် ကျောင်းနေအရွယ်ကလေးငယ်များ သွေးလွန်တုပ်ကွေးရောဂါဖြစ်ပွားမှုအန္တရာယ် ကြိုတင်ကာကွယ်တားဆီးရေးအတွက် ခြင်ဆေးဖျန်းခြင်းလုပ်ငန်းကို ဆောင်ရွက်ခဲ့ကြသည်။ အဆိုပါ ခြင်ဆေးဖျန်းခြင်းလုပ်ငန်းကို မြို့နယ်ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာသင်းသင်းလှိုင်က ကြီးကြပ်ကွပ်ကဲပြီး ငှက်ဖျားကြီးကြပ်ရေးမှူး ဦးတိုးရွှေနှင့် ငှက်ဖျားတိုက်ဖျက်ရေး ကျန်းမာရေးဝန်ထမ်းများ၊ ဆရာ ဆရာမများက ဝိုင်းဝန်းကူညီဆောင်ရွက်ခဲ့ကြသည်။ ယခုကဲ့သို့ စာသင်ကျောင်းများ ခြင်ဆေးဖျန်းဆောင်ရွက်ခြင်းသည် ၂၀၁၃ ခုနှစ်အတွင်း တတိယအကြိမ်မြောက် ဆောင်ရွက်ခြင်းဖြစ်ကြောင်း သိရသည်။

မင်းဟန်ထွဋ်(ပန်းတောင်း)

ကုန်ကြမ်းပစ္စည်းများ အဝယ်တင်ဒါ

၁။ ဝယ်ယူမည့်ပစ္စည်းအမည်နှင့် အရေအတွက်-

အမှတ်(၁)ဆေးဝါးစက်ရုံ(ရန်ကုန်)

စဉ်	**ကုန်ကြမ်းပစ္စည်းအမည်**	**အရေအတွက်**
(က)	Brown Paper (85 gm) (30"x40") ၅၀၀ ရွက်ပါ	၄၄၄ ထုပ်
	မြင်းနှင့်သိုးမွေးမြူရေးစခန်း(ရန်ပယ်/ဟဲဟိုး)	
(ခ)	မြင်းစာဆန်ကွဲ	၁၈၅၃ တင်း
(ဂ)	မြင်းစာကုလားပဲလုံး	၄၁၁၁၉ ပိဿာ

၂။ **တင်ဒါပိတ်ရက်နှင့်အချိန်** - ၄-၉-၂၀၁၃ ရက် ညနေ ၄:၀၀နာရီ

၃။ **တင်ဒါပေးသွင်းရမည့်စက်ရုံ** - အမှတ်(၁)ဆေးဝါးစက်ရုံ(ရန်ကုန်) မြင်းနှင့်သိုးမွေးမြူရေးစခန်း (ရန်ပယ်/ဟဲဟိုး)

တင်ဒါပုံစံနှင့်တင်ဒါစည်းကမ်းအသေးစိတ်အချက်အလက်များကို အောက်ဖော်ပြပါဌာနတွင် စုံစမ်းမေးမြန်းနိုင်ပါသည်-

တယ်လီဖုန်းအမှတ်

ဆေးဝါးနှင့်စားသောက်ကုန်လုပ်ငန်း(ရုံးချုပ်) ၀၆၇-၄၀၈၀၇၆

ရုံးအမှတ် ၃၇၊ စက်မှုဝန်ကြီးဌာန၊ ၀၆၇-၄၀၈၃၅၄

နေပြည်တော်

လျှပ်စစ်စွမ်းအားဝန်ကြီးဌာန
ရေအားလျှပ်စစ်ဓာတ်အားထုတ်လုပ်ရေးလုပ်ငန်း
(အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း)

၁။ ရေအားလျှပ်စစ်ဓာတ်အားထုတ်လုပ်ရေးလုပ်ငန်းမှ အောက်ဖော်ပြပါပစ္စည်းများအား ဂိုဒေါင်အရောက်တန်ဖိုး DDP (ပေါင်းလောင်း) မြန်မာ(ကျပ်)ငွေဖြင့် ဝယ်ယူလိုပါသည်-

Tender No.10/HPGE/2013-2014

(က) တီကျစ်စက်ရုံအတွက် 70 mm Ø Steel Ball (120) Tons

Tender No.11/ HPGE/2013-2014

(က) ရုံးချုပ်နှင့် စက်ရုံများအတွက် တာယာမျိုးစုံ (450) Sets

Tender No.12/HPGE/2013-2014

(က) ရုံးချုပ်နှင့်စက်ရုံများအတွက် ရုံးသုံးစက်ကိရိယာပစ္စည်း(၄)မျိုး (28) Nos

Tender No.13/HPGE/2013-2014

(က) ရုံးချုပ်နှင့် စက်ရုံများအတွက် 12 Volt 120 Ah ဘက်ထရီ (100) Nos

Tender No.14/HPGE/2013-2014

(က) တီကျစ်စက်ရုံအတွက် ဓာတုဗေဒပစ္စည်းများ (10) Items

Tender No.15/HPGE/2013-2014

(က) ဘီလူးချောင်း(၂)စက်ရုံအတွက် စက်ဆီ/ချောဆီများ (220) Drums

၂။ အိတ်ဖွင့်တင်ဒါပိတ်ရက်မှာ ၂၀၁၃ခုနှစ် စက်တင်ဘာ ၅ရက် မွန်းတည့် ၁၂နာရီ ဖြစ်ပါသည်။

၃။ အိတ်ဖွင့်တင်ဒါပုံစံနှင့် အသေးစိတ်အချက်အလက်များကို သတင်းစာတွင် ကြော်ငြာပါသည့်ရက်မှစတင်၍ ရုံးချိန်အတွင်း အောက်ဖော်ပြပါဌာနတွင် လာရောက်စုံစမ်းနိုင်ပါသည်။

ရေအားလျှပ်စစ်ဓာတ်အားထုတ်လုပ်ရေးလုပ်ငန်း
ရုံးအမှတ် (၃၈)၊ နေပြည်တော်
ဖုန်း-၀၆၇-၄၁၁၁၆၈နှင့် ၄၁၁၀၇၆

သတ္တုတွင်းဝန်ကြီးဌာန
သတ္တုတွင်းဦးစီးဌာန
(အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း)

၁။ သတ္တုတွင်းဦးစီးဌာနမှ အောက်ပါပစ္စည်းများအား မြန်မာကျပ်ငွေဖြင့် ဝယ်ယူလိုပါသဖြင့် အိတ်ဖွင့်တင်ဒါများ တင်သွင်းရန် ဖိတ်ခေါ်အပ်ပါသည်-

(က) Lap Top (1) No

(ခ) Copier Toner, Printer Cartridge စသည်များ (၆) မျိုး

(ဂ) ရုံးသုံးစာရေးကိရိယာ (၃၄) မျိုး

(ဃ) ဘက်ထရီ၊ တာယာ ဆိုဒ်စုံ

တင်ဒါပိတ်ရက်နှင့်အချိန် - ၂-၉-၂၀၁၃ရက်၊ ၁၅:၀၀နာရီ

၂။ တင်ဒါပုံစံများကို အောက်ဖော်ပြပါဌာနများတွင် သတင်းစာပါ ကြော်ငြာသည့်ရက်မှစ၍ ရုံးချိန်အတွင်း ဝယ်ယူနိုင်ပြီး အသေးစိတ်အချက်အလက်များကိုလည်း ဆက်သွယ်စုံစမ်း မေးမြန်းနိုင်ပါသည်။

ဓာတ်သတ္တုထိန်းသိမ်းရေးနှင့် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဌာနခွဲ/ငွေစာရင်းဌာန
သတ္တုတွင်းဦးစီးဌာန
ရုံးအမှတ် ၁၉၊ နေပြည်တော်၊
ဖုန်း-၀၆၇-၄၀၉၃၇၂၊ ၀၆၇-၄၀၉၃၇၇

ဆက်သွယ်ရေးနှင့်သတင်းအချက်အလက်နည်းပညာဝန်ကြီးဌာန
မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း
လုပ်ငန်းသုံးပစ္စည်းများဝယ်ယူရန် အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ဆက်သွယ်ရေးနှင့် သတင်းအချက်အလက်နည်းပညာဝန်ကြီးဌာန၊ မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းအတွက် အသုံးပြုရန်လိုအပ်သော အောက်ဖော်ပြပါ လုပ်ငန်းသုံးပစ္စည်းများကို ပြည်တွင်းငွေဖြင့် ဝယ်ယူလိုပါသည်။

(က) Overhead Cable & Underground Cable - (2) Items

(ခ) လိုင်းပစ္စည်း - (14) Items

(ဂ) Drop Wire(2x0.8mm) - (50000) Meters

(ဃ) Computer Table, Chair နှင့်ဗီရို - (4) Items

(င) Web Server & Accessories - (9) Items

(စ) Video Conferencing Device & Accessories - (6) Items

(ဆ) UPS(3KVA) Auto Voltage Regulator - (44) Nos

(ဇ) Battery - (2) Items

(ဈ) Motorcycle - (50) Units

(ည) Engine Generator - (3) Items

(ဋ) ရုံးသုံးစက်ပစ္စည်း - (7) Items

(ဌ) Letter Scale, Parcel Scale နှင့် Hand Held Metal Detector - (3) Items

(ဍ) Vacuum Cleaner - (5) Nos

(ဎ) Aircon - (5) Items

(ဏ) Inverter,3KVA Voltage Regulator & Charger - (4) Items

၂။ တင်ဒါပုံစံတစ်စောင်လျှင် ၁၀၀၀ိ/-နှုန်းဖြင့် ဝယ်ယူနိုင်ပြီး ၁၉-၈-၂၀၁၃ရက် ၁၃:၀၀ နာရီတွင် တင်ဒါပိတ်သိမ်းပါမည်။

၃။ တင်ဒါပုံစံနှင့် တင်ဒါခေါ်ယူသည့်ပစ္စည်းများ၏ အသေးစိတ်အချက်အလက်များကို အောက်ပါလိပ်စာတွင် စုံစမ်းနိုင်ပါသည်။

တင်ဒါစိစစ်ရွေးချယ်ရေးကော်မတီ
ဆက်သွယ်ရေးနှင့်သတင်းအချက်အလက်နည်းပညာဝန်ကြီးဌာန
မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း(ပစ္စည်းဌာန)
အမှတ်(၄၃)၊ ဗိုလ်အောင်ကျော်လမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့
ဖုန်း-၀၁-၃၈၀၂၃၁၊ ၀၁-၃၈၄၇၂၂

သတ္တုတွင်းဝန်ကြီးဌာန
ဘူမိဗေဒလေ့လာရေးနှင့်ဓာတ်သတ္တုရှာဖွေရေးဦးစီးဌာန
အိတ်ဖွင့်တင်ဒါ(Open Tender)ခေါ်ယူခြင်း

၁။ ဘူမိဗေဒလေ့လာရေးနှင့် ဓာတ်သတ္တုရှာဖွေရေးဦးစီးဌာနအတွက် အောက်ဖော်ပြပါ ပစ္စည်းများကို ၂၀၁၃-၂၀၁၄ ဘဏ္ဍာရေးနှစ်တွင် ဂိုဒေါင်အရောက်တန်ဖိုး(DDP နေပြည်တော်/ရန်ကုန်)မြန်မာကျပ်ငွေဖြင့် ဝယ်ယူလိုပါသည်-

(က) Computer အပါအဝင်ရုံးသုံးစက်ပစ္စည်း ၁၉ မျိုး

(ခ) Geological Equipments & Laboratory Equipments ၃ မျိုး

(ဂ) ဓာတ်ခွဲခန်းသုံးဓာတ်ဆေးနှင့်လုပ်ငန်းသုံးပစ္စည်း ၇၁ မျိုး

(ဃ) Computer Toner, Copier Toner & Accessories ၃၆ မျိုး

(င) ဆေးဝါးပစ္စည်း ၃၁ မျိုး

(စ) ဘူမိကွင်းဆင်းလုပ်ငန်းသုံးပစ္စည်း ၄ မျိုး

(ဆ) ဝတ်စုံ ၄ မျိုး

(ဇ) Sample Bag ၂ မျိုး

(ဈ) ဘက်ထရီနှင့်စက်ဆီချောဆီ ၂ မျိုး

၂။ တင်ဒါတင်သွင်းခြင်းကို ၅-၈-၂၀၁၃ ရက်မှ ၄-၉-၂၀၁၃ ရက် ၁၂:၀၀ နာရီအတွင်း မည်သူမဆိုလွတ်လပ်စွာတင်သွင်းနိုင်ပါသည်။ တင်ဒါပုံစံနှင့် အသေးစိတ်အချက်အလက်များကို အောက်ပါလိပ်စာတွင် လာရောက်စုံစမ်းထုတ်ယူနိုင်ပါသည်။

ဝယ်ယူရေးနှင့်ထောက်ပံ့ရေးဌာနစု
ဘူမိဗေဒလေ့လာရေးနှင့်ဓာတ်သတ္တုရှာဖွေရေးဦးစီးဌာန
မြန်မာ့ကျောက်မျက်ရတနာပြတိုက်၊ ရာဇသင်္ဂဟလမ်း၊ နေပြည်တော်၊
ဖုန်း-၀၆၇-၄၁၄၀၇၉

အမှတ်(၂)ပလတ်စတစ်စက်ရုံ(ကျောက်ဆည်)ငှားရမ်းရန် အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ စက်မှုဝန်ကြီးဌာန၊ ဆေးဝါးနှင့်စားသောက်ကုန်လုပ်ငန်းလက်အောက်ရှိ အမှတ်(၂) ပလတ်စတစ်စက်ရုံ (ကျောက်ဆည်)အား ငှားရမ်းရန် အိတ်ဖွင့်တင်ဒါ ဖိတ်ခေါ်အပ်ပါသည်-

(က) **တင်ဒါစတင်ရောင်းချမည့်ရက်နှင့်အချိန်** - ၂-၈-၂၀၁၃ရက် (သောကြာနေ့) ရုံးချိန်

(ခ) **တင်ဒါပိတ်မည့်ရက်နှင့်အချိန်** - ၂-၉-၂၀၁၃ရက် (တနင်္လာနေ့) ညနေ ၄:၀၀ နာရီ

(ဂ) **တင်ဒါပေးသွင်းရမည့်နေရာ** - ရုံးအမှတ်(၃၇)၊ စက်မှုဝန်ကြီးဌာန

၂။ စည်းကမ်းချက်များနှင့် တင်ဒါပုံစံများကို ဖော်ပြပါလိပ်စာ၌ ရုံးချိန်အတွင်း ရယူနိုင်ပြီး အသေးစိတ်အချက်အလက်များကို သိလိုပါက စုံစမ်းနိုင်ပါသည်။

ပစ္စည်းစီမံရေးဌာန
ဆေးဝါးနှင့်စားသောက်ကုန်လုပ်ငန်း(ရုံးချုပ်)
စက်မှုဝန်ကြီးဌာန
ရုံးအမှတ်(၃၇)၊ နေပြည်တော်
ဖုန်း-၀၆၇-၄၀၈၁၉၅၊ ၄၀၈၂၇၅၊ ၄၀၈၂၇၆

ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၁၁ဃ/၃၇၃၄၅၊ Loncin 110,M/C ယာဉ်လက်ဝယ်ရှိသူ ဒေါ်မြမြလွင် ၉/မရမ(နိုင်)၀၂၉၀၉၂က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

ကညန၊ ခရိုင်ရုံး(မန္တလေးမြောက်ပိုင်း)၊ မန္တလေးမြို့

ပြည်တွင်းသတင်းနှင့်ကြော်ငြာ

ပြည်သူ့အခက်အခဲများကို ပြည်သူ့ဆန္ဒဝန်ဆောင်မှုပေးရေးအဖွဲ့ကူညီမည်

ရန်ကုန် ဩဂုတ် ၆

ရန်ကုန်တိုင်းဒေသကြီး နယ်မြေအတွင်း တရားဥပဒေစိုးမိုးရေးနှင့် ရပ်ရွာအေးချမ်းသာယာရေးအတွက် သက်ဆိုင်ရာရဲစခန်းများသို့ အမှုလာရောက်တိုင်တန်းသည့် ပြည်သူများအပေါ် တာဝန်ကျတပ်ဖွဲ့ဝင်များ၏ မချေမငံပြောဆိုမှုများ ပပျောက်စေရေးအတွက် တိုင်းဒေသကြီးရဲတပ်ဖွဲ့မှူး၏အစီအမံဖြင့် ပြည်သူများအပေါ် အသွင်သစ်ဖြင့် ဆက်ဆံနိုင်ရေး ရှေးရှု၍ ဇူလိုင် ၁ ရက်မှ စတင်က ရဲစခန်းများတွင် အရာရှိတပ်ဖွဲ့ဝင်တစ်ဦး၊ အခြားအဆင့်တပ်ဖွဲ့ဝင်တစ်ဦးတို့ဖြင့် ပြည်သူ့ဆန္ဒ ဝန်ဆောင်မှုပေးရေးအဖွဲ့ကို ဖွဲ့စည်း၍ ကူညီဆောင်ရွက်ပေးလျက်ရှိရာ ပြည်သူများက ရဲစခန်းများသည် ယခင်နှင့်မတူဘဲ နွေးထွေးစွာဆက်ဆံပြီး အခက်အခဲများ ချက်ချင်း ကူညီဆောင်ရွက် ဖြေရှင်းပေးနေကြသဖြင့် ကျေနပ်မှုများရှိနေကြကြောင်း ရန်ကုန်တိုင်းဒေသကြီး ရဲတပ်ဖွဲ့မှူးရုံးမှ ထုတ်ပြန်ချက်အရ သိရသည်။

စိုးဝင်း (SP)

ရွှေရင်အေးစပါးမျိုးစေ့ထုတ် စိုက်ပျိုးနည်းစနစ် သရုပ်ပြပွဲကျင်းပ

ခန္တီး ဩဂုတ် ၆

ခန္တီးခရိုင် စိုက်ပျိုးရေးဦးစီးဌာန၏ ရွှေရင်အေးစပါးစိုက်ပျိုးနည်းစနစ် သရုပ်ပြပွဲကို အင်းတော်ကျေးရွာ တောင်သူ ဦးစံညွှန့်၏ ကွင်းအမှတ် (၂) ဦးပိုင်အမှတ်(၇)တွင် ဩဂုတ် ၃ ရက် နံနက် ၈ နာရီက ကျင်းပရာ ခရိုင်အုပ်ချုပ်ရေးမှူး ဦးထွန်းထွန်းနိုင်၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးမင်းစိုး၊ ခရိုင်/ မြို့နယ်အဆင့် ဌာနဆိုင်ရာများ၊ စိုက်ပျိုးရေးဝန်ထမ်းများနှင့် စပါးစိုက် တောင်သူများ လာရောက်လေ့လာကြသည်။

ပြန်လည်ဖြန့်ဝေ

ရွှေရင်အေးစပါး မျိုးစေ့ထုတ်စိုက်ခင်းပြုလုပ်ခြင်းသည် ဦးစီးဌာနနှင့် တောင်သူအကျိုးတူ ဆောင်ရွက်ခြင်းဖြစ်ပြီး လက်ရှိစိုက်ပျိုးသည့် တစ်ဧကမှ ထွက်ရှိလာမည့် စပါးများကို အခြားတောင်သူများသို့ မျိုးစပါးအဖြစ် ပြန်လည်ဖြန့်ဝေသွားမည်ဖြစ်ကြောင်း၊ ယခုသရုပ်ပြစိုက်ပျိုးခြင်းမှာလည်း စပါးစိုက်တောင်သူများအနေဖြင့် စိုက်နည်းစနစ်ကို သိရှိနားလည်ပြီး လိုက်ပါစိုက်ပျိုးသွားကြရန် ရည်ရွယ်ခြင်းဖြစ်ကြောင်း ခရိုင်စိုက်ပျိုးရေးဦးစီးမှူး ဒေါ်နန်းအမ်းတော်က ရှင်းလင်းပြောကြားသည်။

ချန်လော

ကလေးဒေသထွက်ဆန်များ ပြည်ပသို့တင်ပို့နိုင်ရေး ရောမင်းမျိုးသန့်စံပြကွက်များ စိုက်ပျိုး

ကလေး ဩဂုတ် ၆

စစ်ကိုင်းတိုင်းဒေသကြီး ကလေးမြို့နယ်ထွက်ဆန်များ ပြည်ပသို့ တင်ပို့နိုင်ရေး ရည်ရွယ်၍ ရောမင်းမျိုးသန့်စံပြစိုက်ကွင်းအဖြစ် ချင်းဆိုင်ကျေးရွာ၌ကွင်းအမှတ် ၈၀၀(င) ဦးပိုင်အမှတ်-၂၄ တောင်သူ ဦးမောင်တင့်၏ လယ်မြေတွင် ရောမင်းမျိုးသန့် စိုက်ကွင်း ၁၀ ဧက ကို ဇူလိုင် ၃၀ ရက်က စတင်စိုက်ပျိုးခဲ့ကြောင်း သိရသည်။

ပို့ဆောင်

"ကျွန်တော်တို့ မြန်မာ့ဆန်တွေ တစ်ချိန်က ကမ္ဘာမှာ ရင်ပေါင်တန်းနိုင်ခဲ့ပါတယ်၊ အာရှ၏ ဆန်အိုးကြီးလို့တောင် တင်စားခံခဲ့ရပါတယ်။ တောင်ကိုရီးယား၊ ဂျပန်၊ တရုတ်၊ လာအို၊ အိန္ဒိယ၊ ဘင်္ဂလားဒေ့ရှ်၊ အနောက်တိုင်း နိုင်ငံများအထိ ပို့ဆောင်ခဲ့ရပါတယ်။

ကြိုးစား

နည်းပညာတွေ မြင့်မားလာလို့ စိုက်နည်းစနစ်တွေ ပြောင်းလဲလာလို့ အကြောင်း အမျိုးမျိုးကြောင့် ခေတ်နောက် ကျန်ခဲ့တာကို ပြန်လည်ပြုပြင်နိုင်ဖို့ ကြိုးစားကြရပါမယ်"ဟု တောင်သူတစ်ဦးက ပြောသည်။

ဖြန့်ဖြူးပေး

ကလေးဒေသထွက် ရောမင်းဆန်ကို မြန်မာပြည်တွင် နာမည်ရလာရန်သာမက ပြည်ပသို့တင်ပို့နိုင်ရေး ရည်ရွယ်ပြီး မြို့နယ်စိုက်ပျိုးရေးဦးစီးဌာန ဦးစီးအရာရှိ ဦးတင်မောင်ဆွေနှင့် ဝန်ထမ်းများသည် သိပ္ပံနည်းကျ ပျိုးပေါင်စနစ်ဖြင့် ပျိုးထောင်၍ ခြောက်တန်း တစ်တန်း လှပ်စနစ်ဖြင့် စိုက်ပျိုးခဲ့ကြောင်း၊ ကလေးနယ်တွင် ယခင်နှစ်က မိုးစပါးဧက တစ်သိန်းကျော် စိုက်ပျိုးခဲ့ရာ ရောမင်းစပါးစိုက်ဧက ငါးသောင်းနီးပါး စိုက်ပျိုးခဲ့ကြောင်း၊ ထို့ကြောင့် ရောမင်းကို မျိုးကောင်းမျိုးသန့်ရရှိ၍ ကမ္ဘာ့အဆင့်အတန်းမီ ဆန်အဖြစ် ပြည်ပတင်ပို့နိုင်ရေး ရည်ရွယ်ပြီး ရောမင်းမျိုးသန့်များ ပိုမိုစိုက်ပျိုးရန် ဖြန့်ဖြူးပေးသွားမည်ဖြစ်ကြောင်း သိရသည်။

သျှင်နေမင်း

မသန်စွမ်းစစ်သည်အငြိမ်းစားများ၏ သားသမီးများအား ပညာသင်ထောက်ပံ့ငွေပေးအပ်

လှိုင်ကော် ဩဂုတ် ၆

ကယားပြည်နယ် လှိုင်ကော်မြို့ သန်မြန်သူမော်တော်ယာဉ်အသင်းက မသန်စွမ်းအငြိမ်းစားစစ်သည်များ၏ သားသမီး ၇၀ တို့အား ၂၀၁၃-၂၀၁၄ ပညာသင်နှစ်အတွက် ပညာသင်ထောက်ပံ့ငွေ ကျပ်ငါးသိန်းကျော်ကို ယင်းမော်တော်ယာဉ်အသင်းရုံး၌ ဩဂုတ် ၄ ရက် နံနက်က ပေးအပ်လှူဒါန်းသည်။ တက္ကသိုလ်အဆင့် ကျောင်းသား ကျောင်းသူ ကိုးဦးတို့ကို တစ်ဦးလျှင် ငွေကျပ် ၁၄၀၀၀ ဖြင့် စုစုပေါင်း ငွေကျပ် ၁၂၆၀၀၀၊ အထက်တန်းအဆင့် ၁၆ ဦးအတွက် တစ်ဦးလျှင် ငွေကျပ် ၁၁၀၀၀ နှုန်းဖြင့် စုစုပေါင်း ၁၇၆၀၀၀၊ အလယ်တန်းအဆင့် ၂၂ ဦးအတွက် တစ်ဦးလျှင် ငွေကျပ် ၈၀၀၀စီဖြင့် စုစုပေါင်း ၁၇၆၀၀၀၊ မူလတန်းအဆင့် ၂၃ ဦးအတွက် တစ်ဦးလျှင်ငွေကျပ်၅၀၀၀ ဖြင့် စုစုပေါင်းငွေကျပ် ၁၁၅၀၀၀၊ ကျောင်းသား ကျောင်းသူ စုစုပေါင်း ၇၀ အတွက် ငွေကျပ် ၅၉၃၀၀၀ ကို ပေးအပ်လှူဒါန်းခဲ့သည်။ ယင်း ပညာသင်ထောက်ပံ့ငွေများကို ပေးအပ်လှူဒါန်းရာတွင် သန်မြန်သူယာဉ်ပိုင်ရှင်များက ထည့်ဝင်လှူဒါန်းငွေကျပ် ၄၅၃၀၀၀ နှင့် သန်မြန်သူကော်မတီမှ ထည့်ဝင်လှူဒါန်း ငွေကျပ် ၁၄၀၀၀၀ တို့ပါဝင်ကြောင်း သိရသည်။

ကြီးမြင့်နိုင်(လှိုင်ကော်)

လူမှုဝန်ထမ်းလုပ်ငန်း သင်တန်းဖွင့်

ကန်ပက်လက် ဇူလိုင် ၆

ချင်းပြည်နယ် ဝန်ကြီးချုပ်၏ ထောက်ပံ့ကူညီမှုဖြင့် ပြည်နယ်လူမှုဝန်ထမ်းဦးစီးဌာနက ကြီးမှူးဖွင့်လှစ်သော ကလေးသူငယ်ဘက်စုံဖွံ့ဖြိုးရေး သင်တန်း၊ ကလေးသူငယ်ကာကွယ်စောင့်ရှောက်ရေးသင်တန်း၊ အခြေခံလူမှုရေးဝန်ထမ်းသင်တန်း၊ စေတနာ့ဝန်ထမ်းအဖွဲ့အစည်းများ စောင့်ရှောက်မှုမြှင့်တင်ရေး သင်တန်းများ ဖွင့်ပွဲကို ဇူလိုင် ၃၀ ရက် နံနက် ၉ နာရီက ကန်ပက်လက်မြို့ အခြေခံပညာအထက်တန်းကျောင်း ဇလပ်ဝါခန်းမ၌ ကျင်းပသည်။

အဆိုပါ သင်တန်းသို့ သင်တန်းသား ၁၀၀ ကျော်တက်ရောက်ခဲ့ကြကြောင်း သိရသည်။

(မြို့နယ် ပြန်/ဆက်)

သတ္တုတွင်းဝန်ကြီးဌာန
မြန်မာ့ကျောက်မျက်ရတနာရောင်းဝယ်ရေးလုပ်ငန်း
အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ်အတွင်း မြန်မာ့ကျောက်မျက်ရတနာရောင်းဝယ်ရေးလုပ်ငန်းအတွက် လိုအပ်သော အောက်ဖော်ပြပါရုံးလုပ်ငန်းသုံးပစ္စည်းများကို မြန်မာကျပ်ငွေဖြင့် ဝယ်ယူမည်ဖြစ်ပါ၍ အိတ်ဖွင့်တင်ဒါခေါ်ယူအပ်ပါသည်-

(က) သုတေသနသုံးပစ္စည်း(၁)မျိုး
(ခ) ကျောက်မျက်ပန်းထိမ်လုပ်ငန်းသုံးပစ္စည်းများ
(ဂ) ကျောက်စိမ်းအလုပ်ရုံသုံးပစ္စည်းများ
(ဃ) သန့်ရှင်းရေးသုံးပစ္စည်းများ
(င) လျှပ်စစ်ပစ္စည်းများ
(စ) ဘက်ထရီ/တာယာ/စက်ဆီချောဆီများ
(ဆ) ဝန်ထမ်းတူညီဝတ်စုံ(အမျိုးသား/အမျိုးသမီး)

၂။ **တင်ဒါပုံစံထုတ်ပေးမည့်ရက်** - ၅-၈-၂၀၁၃ ရက်
၃။ **တင်ဒါပိတ်မည့်ရက်** - ၄-၉-၂၀၁၃ ရက်
၄။ အိတ်ဖွင့်တင်ဒါပုံစံနှင့်အသေးစိတ်အချက်အလက်များကို အောက်ပါလိပ်စာတွင် လာရောက်စုံစမ်းနိုင်ပါသည်။

မြန်မာ့ကျောက်မျက်ရတနာရောင်းဝယ်ရေးလုပ်ငန်း
ကျောက်မျက်ပြတိုက်(နေပြည်တော်)၊ ဖုန်း-၀၆၇-၄၁၄၈၁၈

လျှပ်စစ်စွမ်းအားဝန်ကြီးဌာန
မြန်မာ့လျှပ်စစ်ဓာတ်အားလုပ်ငန်း
(အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း)

လျှပ်စစ်စွမ်းအားဝန်ကြီးဌာန၊ မြန်မာ့လျှပ်စစ်ဓာတ်အားလုပ်ငန်း ဓာတ်အားပို့လွှတ်ရေးစီမံကိန်းများဌာနမှ အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသော အောက်ဖော်ပြပါဓာတ်အားလိုင်းနှင့် ဓာတ်အားခွဲရုံတို့အတွက် လိုအပ်သော ပစ္စည်းများအား နိုင်ငံခြားငွေဖြင့် တင်ဒါခေါ်ဆိုဝယ်ယူလိုပါသည်-

(၁) ကျောက်ဖြူ GT မှ မဒဲကျွန်းရှိ LNG Project သို့ ၆၆ ကေဗွီဓာတ်အားလိုင်း တည်ဆောက်ခြင်း
(၂) ပင်လယ်ဖြတ်ကျော်ဓာတ်အားလိုင်း (မဒဲ) ၆၆ကေဗွီဓာတ်အားလိုင်း
(၃) ကျောက်ဖြူ ၂၃၀ ကေဗွီ ဓာတ်အားခွဲရုံတွင် ၆၆ကေဗွီ Switch Bay(2)Nos တိုးချဲ့ခြင်း
(၄) မဒဲကျွန်းတွင် ၆၆/၁၁ ကေဗွီ၊ ၄၀အမ်ဗွီအေဓာတ်အားခွဲရုံတည်ဆောက်ခြင်း

တင်ဒါပုံစံရောင်းချမည့်ရက် - ၆-၈-၂၀၁၃ ရက်
တင်ဒါပိတ်မည့်ရက် - ၅-၉-၂၀၁၃ ရက်
တင်ဒါပိတ်မည့်အချိန် - ၁၂း၀၀ နာရီ

တင်ဒါပုံစံနှင့်အသေးစိတ်အချက်အလက်များကို အောက်ပါလိပ်စာတွင် လာရောက်စုံစမ်းဝယ်ယူနိုင်ပါသည်။

လျှပ်စစ်စွမ်းအားဝန်ကြီးဌာန
တင်ဒါကြီးကြပ်ရေးအဖွဲ့
မြန်မာ့လျှပ်စစ်ဓာတ်အားလုပ်ငန်း၊ ပစ္စည်းစီမံရေးဌာန
ရုံးအမှတ် ၂၇၊ နေပြည်တော်
ဖုန်း-၀၆၇-၄၁၀၂၀၉၊ ၄၁၀၂၈၂

ပျောက်ဆုံးကြောင်း

ကျွန်တော် ကိုကိုလွင် ၁၂/ရကန(နိုင်)၀၆၂၅၈၃ (PSCRB)လက်မှတ်သည် ခရီးသွားရင်း ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၃၁၀၃၃၉၂၉ **ကိုကိုလွင်**

စက်ရုံငှားရမ်းရန်အတွက် ဖိတ်ခေါ်ခြင်း

စက်မှုဝန်ကြီးဌာန အထည်အလိပ်လုပ်ငန်းလက်အောက်ရှိ အမှတ်(၈) အထည်စက်ရုံ (ပျော်ဘွယ်)အား ငှားရမ်းလိုပါသဖြင့် စိတ်ဝင်စားသူ ပုဂ္ဂလိက ပြည်တွင်း/ပြည်ပ လုပ်ငန်းရှင်များထံမှ ဈေးနှုန်းတင်သွင်းရန် အိတ်ဖွင့်တင်ဒါ ဖိတ်ခေါ်ပါသည်။

(က) **ဈေးနှုန်းတင်သွင်းလွှာပုံစံရောင်းချမည့်ရက်** - ၁-၈-၂၀၁၃ ရက်
(ခ) **တင်ဒါပိတ်မည့်ရက်** - ၂-၉-၂၀၁၃ ရက်
(ဂ) **ဆက်သွယ်ရန်ဖုန်းနံပါတ်** - ၀၆၇-၄၀၈၃၃၈၊ ၄၀၈၁၈၅

အထည်အလိပ်လုပ်ငန်း၊ ပစ္စည်းစီမံရေးဌာန၊ နေပြည်တော်၊ ရုံးအမှတ်(၃၇)

ကော့ကရိတ်မြို့နယ်အသင်း(ရန်ကုန်)၏ နှိုးဆော်လွှာ

ကော့ကရိတ်မြို့နယ်အသင်း(ရန်ကုန်)မှ ကော့ကရိတ်မြို့ ရေဘေးဒုက္ခသည်များအား ကူညီထောက်ပံ့နိုင်ရန်အတွက် ငွေနှင့် စားသောက်ကုန် အဝတ်အထည်အသုံးအဆောင်များ လှူဒါန်းလိုပါက ဦးသန်းအောင် ဖုန်း-၀၉-၇၃၂၂၃၄၁၊ ဦးဝမ်ထုံး ဖုန်း-၀၉-၇၃၂၀၆၄၂၂၊ ဦးသန်းဝင်း ဖုန်း-၀၉-၄၃၀၈၆၀၂၊ ဒေါ်နန်းရေစင်ဦး ဖုန်း-၀၉-၅၁၅၄၇၀၉၊ ဒေါ်နွဲ့နွဲ့ဝင်း ဖုန်း-၀၉-၄၂၀၁၃၀၅၄၊ ဦးသိန်းဝင်း ဖုန်း-၀၉-၄၉၂၃၉၉၉၊ ဦးစိုးမြင့် ဖုန်း-၀၉-၅၀၀၁၈၄၉ တို့ထံသို့ ဆက်သွယ်လှူဒါန်းနိုင်ကြပါကြောင်း နှိုးဆော်အပ်ပါသည်။

အမှုဆောင်အဖွဲ့
ကော့ကရိတ်မြို့နယ်အသင်း(ရန်ကုန်)

စွမ်းအင်ဝန်ကြီးဌာန
မြန်မာ့ရေနံနှင့်သဘာဝဓာတ်ငွေ့လုပ်ငန်း
(အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း)
(၆/၂၀၁၃)

၁။ မြန်မာ့ရေနံနှင့်သဘာဝဓာတ်ငွေ့လုပ်ငန်းအတွက် အောက်ဖော်ပြပါရေနံတူးဖော်/ထုတ်လုပ်ရေးလုပ်ငန်းသုံး ပစ္စည်းများအား နိုင်ငံခြားငွေ (အမေရိကန်ဒေါ်လာ)/မြန်မာကျပ်ငွေဖြင့် ဝယ်ယူလိုပါသည်။

စဉ်	တင်ဒါအမှတ်	ပစ္စည်းအမျိုးအမည်	အရေအတွက်	မှတ်ချက်
(၁)	IFB-051(2013-2014)	3.3KV High Tension Auto Transformer Type Motor Starter Complete Set	(1) Set	US$
(၂)	IFB-052(2013-2014)	Spares for Komatsu Dozer	(15) Items	US$
(၃)	IFB-053(2013-2014)	Spares for GM 6V 71 Engine (Ex Cooper Well Servicing Unit)	(13) Items	US$
(၄)	IFB-054(2013-2014)	20" Factory Made Hot Bends	(8) Items	US$
(၅)	IFB-055(2013-2014)	10" Steel Ball Valves and Pipe Fittings	(1) Lot	US$
(၆)	IFB-056(2013-2014)	Spares for CAT D 379 Engine	(9) Items	US$
(၇)	IFB-057(2013-2014)	Spares for CAT D 399 Engine	(1) Item	US$
(၈)	IFB-058(2013-2014)	Spares for CAT D 399 Engine	(20) Items	US$
(၉)	IFB-059(2013-2014)	Over Running Clutch for Gefco Rig	(2) Nos	US$
(၁၀)	IFB-060(2013-2014)	Spares for GM 8V 71 Engine	(11) Items	US$
(၁၁)	DMP/L-026(2013-2014)	7:00 × 16 & 7:50 × 16 Tyres	(2) Items	Kyat
(၁၂)	DMP/L-027(2013-2014)	Electronic Cards for Mud Pump Field Thyristor of Main PCR Unit Ex D3 T2 Drilling Rig	(2) Items	Kyat
(၁၃)	DMP/L-028(2013-2014)	Insert Bowl for ZP -375 Rotary Table Ex ZJ 70L Drilling Rig	(1) Pair	Kyat

၂။ အိတ်ဖွင့်တင်ဒါပုံစံများကို ကြော်ငြာပါသည့်ရက်မှစ၍ ရုံးချိန်အတွင်း စွမ်းအင်ဝန်ကြီးဌာန၊ မြန်မာ့ရေနံနှင့်သဘာဝဓာတ်ငွေ့လုပ်ငန်း၊ ရုံးအမှတ်(၄၄) နေပြည်တော်တွင် လာရောက်ဝယ်ယူနိုင်ပါသည်။

၃။ အဆိုပါအိတ်ဖွင့်တင်ဒါများကို ၂-၉-၂၀၁၃ရက် ၁၃း၀၀နာရီတွင် နောက်ဆုံးထား၍ ပစ္စည်းစီမံဌာန၊ မြန်မာ့ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်း၊ ရုံးအမှတ်(၄၄)၊ နေပြည်တော်သို့ လာရောက်ပေးသွင်းရန် ဖြစ်ပါသည်။

ဖုန်း-၀၆၇-၄၁၁၀၉၇/၄၁၁၂၀၆
မြန်မာ့ရေနံနှင့်သဘာဝဓာတ်ငွေ့လုပ်ငန်း

ပြည်တွင်းသတင်းနှင့်ကြော်ငြာ

ကျေးရွာဖွံ့ဖြိုးရေး ကွန်ကရစ်လမ်းသစ် ဖွင့်ပွဲကျင်းပ

တွံတေး ဩဂုတ် ၆

ရန်ကုန်တိုင်းဒေသကြီး တွံတေးမြို့နယ် ပျော်ဘွယ်လေးကျေးရွာ၏ အဓိက ဖြစ်သော ဖွံ့ဖြိုးရေးကွန်ကရစ်လမ်းမကြီးကို ကိုယ့်အားကိုယ်ကိုးဖြင့် ကျေးရွာ အုပ်ချုပ်ရေးမှူးနှင့်ရပ်မိရပ်ဖများ၊ ကျေးရွာအထောက်အကူပြုကော်မတီနှင့် ကျေးရွာ ပြည်သူများ ပူးပေါင်း၍ တည်ဆောက်ထားပြီး လမ်းသစ်ဖွင့်ပွဲကို ဇူလိုင် ၂၃ ရက်က ကျင်းပရာ မြို့နယ်အုပ်ချုပ်ရေးမှူးဦးသန်းဇော်ဟန်က အမှာစကားပြောကြားပြီး ကျေးရွာအုပ်ချုပ်ရေးမှူး ဦးခင်မောင်ဦးက လမ်းသစ်ခင်းရခြင်း ရှင်းလင်းပြောကြား ကာ ရပ်မိရပ်ဖ ဦးစိန်ထွန်းက ကျေးဇူးတင်စကားပြောကြားသည်။

ဖွံ့ဖြိုးရေးကွန်ကရစ်လမ်းသစ်ကို တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဒေါက်တာအုန်းကြွယ်၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးသန်းဇော်ဟန်၊ ကျေးရွာအုပ်ချုပ်ရေးမှူး ဦးခင်မောင်စိုးတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးပြီး ကွန်ကရစ်လမ်းမှာ အရှည် ၁၀၀၅ ပေ၊ အကျယ် ၁၀ ပေရှိပြီး ကျေးရွာပြည်သူများထည့်ဝင်ငွေကျပ် ၃၅ သိန်း ကျော်ကုန်ကျခဲ့ကာ လမ်းသစ်ကြီးကြောင့် ကျေးရွာပြည်သူများ၊ ကျောင်းသား ကျောင်းသူများ လွယ်ကူချောမွေ့စွာသွားလာနိုင်ပြီဖြစ်ကြောင်း သိရသည်။

မျိုးလှိုင်(တွံတေး)

တန်ဖိုးနည်းတယ်လီဖုန်း ဆင်းကတ်

ဝင်းပကျေးရွာတွင် စတုတ္ထအကြိမ် မဲစနစ်ဖြင့် ရောင်းချပေး

သထုံ ဩဂုတ် ၆

သထုံမြို့နယ် ဝင်းပကျေးရွာအုပ်စု ဝင်းပကျေးရွာ အုပ်ချုပ်ရေးမှူးရုံး၌ နိုင်ငံတော်အစိုးရက ပြည်သူလူထု အတွက် ဆက်သွယ်ရေးဆိုင်ရာ လုပ်ငန်းကိစ္စများ အဆင်ပြေစေရန် ရည်ရွယ်၍ တန်ဖိုးနည်း CDMA ဆင်းကတ်များကို ဧပြီလမှစတင်၍ မဲစနစ်ဖြင့် ရောင်းချ ပေးနေခြင်းကြောင့် စတုတ္ထအကြိမ် မဲစနစ်ဖြင့်ရောင်းချ ရာတွင် ကျေးရွာသူ၊ ကျေးရွာသားများနှင့်အထူးစည်ကား နေသည်ကို တွေ့ရသည်။

ရောင်းချပေးခဲ့

ဝင်းပကျေးရွာအုပ်စုအတွင်းရှိ ကျေးရွာ၊ ရပ်ကွက်များ အတွက် သထုံမြို့နယ်မှ တာဝန်ရှိသူများက ခွဲတမ်းနှင့် ချထားပေးခဲ့ရာ ပထမအကြိမ်တွင် CDMA ဆင်းကတ် ၁၅ ကတ်၊ ဒုတိယအကြိမ်တွင် CDMA ဆင်းကတ် ၁၅ ကတ်၊ တတိယအကြိမ်တွင် CDMA ဆင်းကတ် ကိုးကတ်ရောင်းချပေးခဲ့ပြီး ယခု စတုတ္ထအကြိမ်တွင် CDMA ဆင်းကတ် ခြောက်ကတ်ကို (GSM ဆင်း ကတ် မပါဝင်ပါ) မဲစနစ်ဖြင့် အများပြည်သူရှေ့တွင် ရောင်းချပေးခဲ့ခြင်းဖြစ်သည်။

ဩဂုတ် ၄ ရက် နံနက် ၁၁ နာရီက ဝင်းပ ကျေးရွာအုပ်ချုပ်ရေးမှူးရုံး၌ အုပ်ချုပ်ရေးမှူး ဦးဝင်းဌေး နှင့် တာဝန်ရှိသူများက စတုတ္ထအကြိမ် ခွဲတမ်းရရှိသည့် တန်ဖိုးနည်းဆင်းကတ်များကို ကျေးရွာသူ၊ ကျေးရွာ သားများ၏ရှေ့တွင် မဲစနစ်ဖြင့် လွတ်လပ်စွာရောင်းချ ပေးနေသည်ကို တွေ့ရသည်။ ခွဲတမ်းကျသည့် ဆင်းကတ် အရေအတွက်ထက် ဝယ်ယူလိုသူအဆမတန် များပြားနေ ခြင်းအတွက် မဲမပေါက်သည့် ကျေးရွာသူ၊ ကျေးရွာသား များ အားမလိုအားမရဖြစ်နေကြသည်ကို တွေ့မြင်ရ သည်။

ခွန်(ဝင်းပ)

ကျောက်မဲခရိုင်၌ ကျပန်းစကားပြော၊ စကားရည်လု၊ ပုံပြောနှင့် ကဗျာရွတ်ပြိုင်ပွဲများကျင်းပ

ကျောက်မဲ ဩဂုတ် ၆

ရှမ်းပြည်နယ် ကျောက်မဲခရိုင် အတွင်းရှိမြို့နယ်ကျောင်းများမှကျောင်း သားကျောင်းသူများ၏ ၂၀၁၃-၂၀၁၄ ပညာသင်နှစ်ကျပန်းစကားပြောပြိုင်ပွဲ၊ စကားရည်လုပြိုင်ပွဲ၊ ပုံပြောပြိုင်ပွဲနှင့် ကဗျာရွတ်ဆိုပြိုင်ပွဲ အခမ်းအနားကို ဩဂုတ်၅ရက် နံနက်ပိုင်းကကျောက်မဲမြို့ အမှတ်(၁)အခြေခံပညာ အထက် တန်းကျောင်းရှိ သီရိရတနာခန်းမ၌ ကျင်းပရာ ကျောက်မဲခရိုင်အထွေထွေ အုပ်ချုပ်ရေးမှူးဦးစိုးနိုင်၊ ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ ဆရာ ဆရာမများ နှင့်ကျောင်းသား ကျောင်းသူများတက် ရောက်ကြသည်။ ရှေးဦးစွာခရိုင်ပညာ ရေးမှူးဦးသိန်းမြင့်က အမှာစကား ပြောကြားပြီး အကဲဖြတ်ဒိုင်အဖွဲ့ဝင် ဦးလှဆွေက အမှတ်ပေး စည်းကမ်း ချက်များကို ဖတ်ကြားရှင်းလင်းသည်။ ထို့နောက် ကျောက်မဲခရိုင်အတွင်းရှိ ကျောက်မဲ၊ သီပေါ၊ နောင်ချို၊ နမ္မတူ၊ နမ့်ဆန်၊ မိုးမိတ်၊ မဘိမ်းမြို့နယ်များမှ ကျောင်းသား ကျောင်းသူများ ပြိုင်ပွဲအသီးသီးတွင် ဝင်ရောက်ယှဉ် ပြိုင်ကြကြောင်း သတင်းရရှိသည်။

(ခရိုင် ပြန်/ဆက်)

ငါးမျိုးများပေးအပ်ပွဲ တိုက်ကြီးမြို့၌ကျင်းပ

တိုက်ကြီး ဩဂုတ် ၆

ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် ဆင်းရဲမှုလျော့နည်းစေရေးအတွက် မွေးမြူ ရေးနှင့်သားငါး ထုတ်လုပ်မှုကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးအထောက်အကူပြု လုပ်ငန်းတစ်ရပ်အနေဖြင့် ရန်ကုန်တိုင်းဒေသကြီး ငါးလုပ်ငန်းဦးစီးဌာန၏ ကြီးကြပ်မှုဖြင့် တိုက်ကြီးမြို့နယ် ငါးလုပ်ငန်းဦးစီးဌာနက စပါးခင်းအတွင်း ထည့်သွင်းမွေးမြူရန်အတွက် ငါးမျိုးများပေးအပ်ပွဲကို ဇူလိုင် ၃၀ ရက် နံနက် ၈ နာရီက ကွမ်းခြံကုန်း ကျေးရွာအုပ်စုအုန်းပင်စု ကျေးရွာ၌ ကျင်းပသည်။

အဆိုပါပေးအပ်ပွဲသို့ ရန်ကုန်တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဦးမြင့်အောင်၊ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အုပ်ချုပ်ရေးမှူး ဦးဇော်စိုး၊ မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးမြင့်မောင်၊ မြို့နယ်ငါးလုပ်ငန်းဦးစီးမှူး ဦးတင့် အောင်၊ ဌာနဆိုင်ရာများ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ ကျေးရွာအုပ်စု အုပ်ချုပ် ရေးမှူးများနှင့် တောင်သူ ၁၅၀တို့ တက်ရောက်ကြသည်။

ထို့နောက် တာဝန်ရှိသူများက ကျေးရွာအုပ်စု ခုနစ်အုပ်စု လယ်မြေဧက ၃၈၀ ရှိ တောင်သူ ၈၆ ဦးအား ငါးမျိုးစိုက်ထည့်ရန်အတွက် ငါးခုံးမကောင်ရေ တစ်သိန်းကို သက်ဆိုင်ရာကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးများနှင့် တောင်သူ များသို့ လွှဲပြောင်းပေးအပ်ကာ တောင်သူဒေါ်မွှေး၏တစ်ဧက သရုပ်ပြစံကွက်၌ စပါးခင်းအတွင်း ငါးမျိုးစိုက်ထည့်ပေးကြကြောင်း သိရသည်။

သာညွန့်

သန်းခေါင်စာရင်းအကြောင်း ပညာပေးဟောပြော

မအူပင် ဩဂုတ် ၆

ဧရာဝတီတိုင်းဒေသကြီး မအူပင်မြို့နယ် ရေလဲကလေးကျေးရွာအုပ်စု ဈေး ပိုင်းရှိလူမှုကရုဏာရှင်အသင်းရုံးခန်း၌ ၂၀၁၄ ခုမတ်လ ၃၀ ရက်မှစတင်၍ ပြည်လုံးကျွတ်သန်းခေါင်စာရင်းကောက်ယူရေးလုပ်ငန်းကို ပြည်သူများ ကျယ် ကျယ်ပြန့်ပြန့်သိရှိစေရန် အသိပညာပေးဟောပြောပွဲကို ဇူလိုင် ၃၁ ရက်က ကျင်းပခဲ့သည်။ အခမ်းအနားတွင် ရေလဲကလေးကျေးရွာအုပ်ချုပ်ရေးမှူး ဦးညို က အမှာစကားပြောကြားပြီး မြို့နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန ဦးစီးမှူးဒေါ်တင်တင်လှိုင်က ၂၀၁၄ ခုနှစ် မတ်လ ၃၁ ရက်မှ ဧပြီ ၁၀ ရက်အထိ ပြည်လုံးကျွတ်သန်းခေါင်စာရင်းကောက်ယူမည့်လုပ်ငန်း အကြောင်း ရှင်းလင်းဆွေးနွေးဟောပြောသည်။ ထို့နောက် လူမှုကရုဏာရှင် အသင်းရုံး၌ ဖွင့်လှစ်ထားသော မေတ္တာဥယျာဉ်စာကြည့်တိုက်သို့ စာအုပ် စာစောင်များ ပေးအပ်လှူဒါန်းခဲ့ကြောင်း သိရသည်။

ပန်းလှိုင်မေ

ဖြူးမြို့၊ မဟာစည်သာသနာ့ရိပ်သာ ဝါတွင်းသုံးလ ဝိပဿနာတရားစခန်းဖွင့်ပြီ

ပဲခူးတိုင်းဒေသကြီး၊ ဖြူးမြို့၊ ပင်စင်လမ်း မဟာစည်သာသနာ့ရိပ်သာအတွင်း၌ ကျေးဇူးတော်ရှင် ဖြူးဆရာတော်ကြီး မိန့်မြွက်ထားရှိတော်မူခဲ့သော ဩဝါဒဆန္ဒတော်များကို ဦးထိပ်ပန်ဆင်လျက် (၃၇)ကြိမ်မြောက် ဝါတွင်းသုံးလ မဟာစည်သတိပဋ္ဌာန် ဝိပဿနာ အထူးတရားစခန်းဖွင့်ပွဲကြီးကို ဖြူးမဟာစည်ရိပ်သာများ၏ **ပဓာနနာယက ဆရာတော် ဘဒ္ဒန္တဝဂ္ဂအရ ဓမ္မာစရိယ ကမ္မဋ္ဌာနာစရိယ MA, Ph.D(Thesis)** နှင့် ဖြူးဆရာတော်၏ တပည့် ဓမ္မကထိက သံဃာတော်များ၊ ရိပ်သာအကျိုးတော်ဆောင်အဖွဲ့ တပည့်ဒါယကာ ဒါယိကာမများဦးဆောင်၍ (၁၃၇၅ခုနှစ် ဝါဆိုလပြည့်ကျော် ၈ရက်မှ သီတင်းကျွတ်လပြည့်ကျော် ၈ရက်) ၃၀-၇-၂၀၁၃ရက် (အင်္ဂါနေ့)မှ ၂၇-၁၀-၂၀၁၃ရက် (တနင်္ဂနွေနေ့)အထိ သုံးလတိုင်တိုင်ကျင်းပနေပြီဖြစ်ရာ တရားစခန်းဝင်လိုသူ ယောဂီသူတော်စင်များသည် မိမိတို့ အဓိဋ္ဌာန်ချက်ရှိသည့်အတိုင်း ရက်၊ လ၊ အပိုင်းအခြားဖြင့် ကြိုတင်စာရင်းပေးသွင်း၍ တရား အားထုတ်နိုင်ကြပါရန် ဖိတ်ခေါ်အပ်ပါသည်။

အရုဏ်ဆွမ်း၊ နေ့ဆွမ်း၊ ညနေ အချိုရည်လှူဒါန်းလိုသူများ-

ဖုန်း - ၀၅၄-၄၀၀၁၂၊ ၀၅၄-၄၀၇၇၁၊ ၀၉-၅၃၉၀၄၁၇၊ ၀၉-၆၃၀၇၀၉၄၊ ၀၉-၅၀၅၆၁၀၇ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ပါသည်။

တိပိဋကကျောင်းတော် (၃၂)ကြိမ်မြောက် ဝါဆိုသင်္ကန်းဆက်ကပ်လှူဒါန်းပွဲကျင်းပမည်

ကျေးဇူးတော်ရှင် မင်းကွန်းတိပိဋကဓရ-ဓမ္မဘဏ္ဍာဂါရိက ဘဒ္ဒန္တဝိစိတ္တသာရာဘိဝံသ ဆရာတော်ကြီး ဖွဲ့စည်းတည်ထောင်တော်မူခဲ့သော တိပိဋကကျောင်းတော်တွင် (၃၂)ကြိမ်မြောက် ဝါဆိုသင်္ကန်းဆက်ကပ်လှူဒါန်းပွဲကို ကျင်းပပြုလုပ်မည်ဖြစ်ပါသဖြင့် (၁၃၇၅ခုနှစ် ဝါခေါင် လဆန်း ၁၂ရက်) ၁၈-၈-၂၀၁၃ရက် မွန်းလွဲ ၂နာရီတွင် ဆက်ကပ်လှူဒါန်းမည်ဖြစ်ပါ၍ တိ=နိရာသက်ပန်အဖွဲ့ဝင်များနှင့် အကျိုးတော်ဆောင်များ စေတနာရှင်ဓမ္မမိတ်ဆွေများ ကြွရောက် ပါရန် လေးစားစွာဖြင့် ဖိတ်ကြားအပ်ပါသည်။

(၁၉)ကြိမ်မြောက် ဆွမ်းပဒေသာပင် ၂၀၀၀ ရေစက်ချအခမ်းအနားကိုပါ တစ်ပါတည်း ကျင်းပပြုလုပ်မည်ဖြစ်ပါသဖြင့် ဆွမ်းပဒေသာပင်များ လှူဒါန်းထားကြသော အလှူရှင်များ လည်း ကြွရောက်ကြပါရန် လေးစားစွာဖြင့် ဖိတ်ကြားအပ်ပါသည်။

ဝါဆိုသင်္ကန်းများ ကြွရောက်လှူဒါန်းနိုင်ပါသည်။

ကျင်းပမည့်နေ့ရက် - ၁၈-၈-၂၀၁၃ ရက် (တနင်္ဂနွေနေ့)

ကျင်းပမည့်အချိန် - မွန်းလွဲ ၂ နာရီ

ကျင်းပမည့်နေရာ - တိပိဋကကျောင်းတော် (ရွှေရတုခန်းမ)

ကြွရောက်လာမည့် ဧည့်ပရိသတ်များအား မွန်းလွဲ ၁နာရီတွင် မုန့်ဟင်းခါးဖြင့် ဧည့်ခံကျွေးမွေးပါမည်။

တိ=နိသာသနာပြုဥပဋ္ဌာကအဖွဲ့
အမှတ်(၁၂)၊ စကားဝါလမ်း၊ ဒဂုံမြို့နယ်၊
ဖုန်း-၂၂၂၂၇၇၊ ၂၂၂၂၇၈၊ ၂၂၂၂၇၉

အထူးဘတ်စ်ကားရောင်းမည်

လက်ရှိပြေးဆွဲနေသော မထသအထူး ယာဉ်(ဂျပန်)၊ မြောက်ဥက္ကလာပ-ဆူးလေ လိုင်း၊ **ညှိနှိုင်းဈေး။**

ဖုန်း-၀၉-၃၁၆၄၁၆၆၉

မုံရွာမြို့၊ အလယ်ရပ်၊ အောင်ရိပ်သာလမ်းနေ မထက်ထက်အေးလင်းလင်း ၅/မရန(နိုင်)၂၈၇၀၉ (ဘ) ဦးမြင့်ဆွေနှင့် အများသိစေရန်

ရန်ကုန်မြို့၊လှိုင်မြို့နယ်၊လှိုင်မြင့်မိုရ်(၇)လမ်း၊ အမှတ် ၁၃ တွင်တည်ရှိသော Lifeline Co., Ltd.(ရုံးချုပ်)၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်းအကြောင်းကြား သိစေအပ် သည်မှာ-

မထက်ထက်အေးလင်းလင်းသည် Lifeline Co., Ltd. ၏ မုံရွာဧရိယာတွင် တာဝန် ထမ်းဆောင်ခဲ့ပါသည်။ မထက်ထက်အေးလင်းလင်းသည် ရွှေဘိုမြို့ Trip မှ ပြန်ရောက်သော အချိန်တွင် Lifeline Co., Ltd. ရုံးသို့ ဆက်သွယ်ခြင်းမရှိဘဲ ခွင့်မဲ့ပျက်ကွက်ခဲ့သည်။ ဝန်ထမ်း စည်းကမ်းနှင့်မညီညွတ်၍ အလုပ်ကရပ်ဆိုင်းသဖြင့် Training ကာလအတွင်း မထက်ထက်အေး လင်းလင်း ကတိပြုထားသည့် ကုမ္ပဏီမှ ကြိုတင်စိုက်ထုတ်ငွေကျပ်အားလုံးကို ပေးလျော်ရမည်။ ထို့အပြင် မထက်ထက်အေးလင်းလင်းသည် ရွှေဘိုမြို့သို့ Trip သွားစဉ် ဆေးပစ္စည်းများ ရောင်းချထားသော ဘောက်ချာ ၁၃ စောင်တွင်ပါရှိသည့်ကျသင့်ငွေအား သိမ်းပြီး Lifeline Co., Ltd. သို့ ပြန်လည်ရှင်းလင်းအပ်နှံမှု မရှိခဲ့ပါ။

သို့ဖြစ်ပါ၍ မထက်ထက်အေးလင်းလင်းအနေဖြင့် ထုတ်ယူသွားသောအရောင်း ဘောက်ချာ ၁၃ စောင်တွင်ပါရှိသော ကျသင့်ငွေနှင့် ကုမ္ပဏီမှ ကြိုတင်စိုက်ထုတ်ငွေများကို ယနေ့မှစ၍ ခုနစ်ရက်အတွင်း သို့တည်းမဟုတ် ခုနစ်ရက်ပြည့်မြောက်သည့်နေ့နောက်ဆုံးထားပြီး လူကိုယ်တိုင် Lifeline Co., Ltd. ရုံးသို့ လာရောက်ရှင်းလင်းပေးရန် တောင်းဆိုလိုက်သည်။

အကယ်၍ပျက်ကွက်ပါက တည်ဆဲဥပဒေတစ်ရပ်ရပ်အရ ထိရောက်စွာ အရေးယူသွားမည် ဖြစ်ကြောင်း သိစေအပ်သည်။

ဦးခင်မောင်ဝင်း(သိဒ္ဓိ)
LL.B., D.B.L, D.M.L
တရားလွှတ်တော်ရှေ့နေ (စဉ်-၇၂၇၅)
(Lifeline Co., Ltd. ၏ အကျိုးဆောင်ရှေ့နေ)

ကန့်ကွက်ပါနိုင်ကြောင်း

ဒေါပုံမြို့နယ်၊ မြေတိုင်းရပ်ကွက် အမှတ် ၂/နွယ်အေး၊မြေကွက်အမှတ် ၁၃၃၊ မြေကွက် တည်နေရာအမှတ် ၁၁၃၊ နွယ်နီ ၄ လမ်း၊ နွယ်အေးရပ်ကွက်၊ ဒေါပုံမြို့နယ် ဦးတင် အောင်၊ မချို အမည်ပေါက် နှစ် ၆၀ ဂရန်မြေ ကွက်နှင့်ပတ်သက်၍ ဦးအောင်နန်းစိုးနှင့် ဒေါ်ခင်နီလာအေးတို့မှ ဒေါပုံမြို့နယ် တရားရုံး ၂၀၁၃ခုနှစ် တရားမကြီးမှုအမှတ်(၁၁)ဖြင့် ဦးတင်အောင်နှင့် မချိုတို့အား မြေနှင့်အိမ် အရောင်းအဝယ်စာချုပ်ရန် တရားစွဲဆိုခဲ့ပြီး ၂၃-၅-၂၀၁၃ရက်စွဲပါ စီရင်ချက်အမိန့်အရ အနိုင်ဒီကရီရရှိခဲ့ပြီး ယင်းရုံး၏ ၂၀၁၃ခုနှစ် တရားမဇာရီမှုအမှတ်(၁၀/၂၀၁၃)အရ တရား ရုံးများကိုယ်စား ဘိလစ်ဆောင်းလွင်ဦး ၁၂/ တမန(နိုင်)၀၂၉၅၃၁က အရောင်းအဝယ်စာချုပ် ရန် မြေပုံကူးလျှောက်ထားလာရာ၁၄ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

ကန့်ကွက်နိုင်ပါကြောင်း

နေပြည်တော်၊ ပျဉ်းမနားမြို့နယ်၊ ရွာကောက်ရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ် ၃၂/ ပေါင်းလောင်း(၂)၊ ၁၆ လမ်း၊ မြေကွက်အမှတ် ၄၇၈၃၊ မြေဧရိယာ ၀ဒသမ ၀၅၅၈ဧကရှိ မြေကွက်မှာ ဦးကျော်နိုင် (ဘ) ဦးညွန့်မောင် ၉/ပမန(နိုင်)၂၂၉၂၉၉အမည်ဖြင့် မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန၊ နေပြည်တော်စည်ပင်သာယာရေးကော်မတီမှ ချထားပေးသောမြေကွက် ဖြစ်ပါသည်။ အဆိုပါမြေကွက်နှင့် မြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အား လက်ဝယ်ရရှိ ပိုင်ဆိုင်ထားသူ ဦးဇော်မင်းထွေး ၉/ပမန(နိုင်)၁၄၃၃၇၅က အထက်ဖော်ပြပါမြေကွက်အား ပိုင်ဆိုင်ကြောင်း ဝန်ခံကတိပြုသည့်အတွက် အပြီးအပိုင်ဝယ်ယူရန် ကျွန်ုပ်မှ ငွေပေးချေပြီး ဖြစ်ပါသည်။ သို့ဖြစ်ပါ၍ အဆိုပါမြေကွက်နှင့်ပတ်သက်ပြီး မြေစီမံခန့်ခွဲမှုဆိုင်ရာကိစ္စရပ်များ ဆောင်ရွက်မည်ဖြစ်ပါ၍ ကန့်ကွက်လိုပါက ယနေ့မှစ၍ ၁၄ရက်အတွင်း တရားဝင်မှတ်ပုံတင်စာချုပ် စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများဖြင့် လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ရက် အတွင်း လာရောက်ကန့်ကွက်ခြင်းမရှိပါက ရုံးလုပ်ငန်းကိစ္စရပ်များကို ဥပဒေနှင့်အညီ ဆက်လက် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

ဒေါ်စိုးနန္ဒာဦး ၁၂/လမန(နိုင်)၁၃၅၈၅၇
အမှတ် ၃၁၊ လှိုင်ရတနာမွန်အိမ်ရာ၊ ၁၂ လမ်း၊
လှိုင်မြို့နယ်၊ ရန်ကုန်မြို့

ကန့်ကွက်နိုင်ပါကြောင်း

ယာဉ်အမှတ် ၃၁ယ/၃၃၇၁၅ လော်ဂျား ယာဉ်လက်ဝယ်ရှိသူ ဦးကျော်ကျော် ၁၃/ တကန(နိုင်)၀၄၆၇၅၇က (ကမ-၃) ပျောက် ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာ ပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့် ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါ သည်။

ကညန၊ တောင်ကြီး

ဖခင်အမည်မှန်

တောင်ကြီးမြို့၊ အထက(၂)၊ နဝမတန်း (ဂ)မှ ခွန်ချစ်ထွန်း၏ဖခင်အမည်မှန်မှာ ဦးခွန် မောင်အော ၁၃/ဆဆန(နိုင်)၀၀၅၅၄၉ ဖြစ်ပါကြောင်း။

ဦးခွန်မောင်အော

မှုခင်းသတင်းနှင့်ကြော်ငြာ

တာချီလိတ်၌ ရေကြီး၍ လူပျောက်ဆုံး

တာချီလိတ် ဩဂုတ် ၆

ရှမ်းပြည်နယ် (အရှေ့ပိုင်း) တာချီလိတ်မြို့တွင် ဇူလိုင် ၃၁ ရက်က ဟောင်လိတ်အုပ်စု မယ်ဟုတ်ချောင်း၌ ရှမ်းရိုးမသဲထုတ်လုပ်ငန်းတွင် ချောင်းရေလျှံမှုကြောင့် သဲထုတ်လုပ်သားစောအေး(၂၈နှစ်)သည်သဲစုပ်ပိုက်များ ရေတွင်မျောပါမသွားရန် ပြုပြင်မှုများပြုလုပ်နေစဉ် ပျောက်ဆုံးနေကြောင်း သိရသည်။

ဖြစ်စဉ်မှာ ယင်းနေ့တွင် မိုးအဆက်မပြတ်ရွာသွန်းမှုကြောင့် မယ်ဟုတ်ချောင်းရေလျှံတက်ကာ သဲစုပ်ပိုက်များ ချောင်းရေတွင်မျောပါမသွားရန်အတွက် သဲစုပ်လုပ်သားများဖြစ်သော ကိုဝေ၊ သီဟ၊ ကျော်စွာဝင်းနှင့်စောအေးတို့ လေးဦးမှာ တစ်ဦးချင်းစီ တစ်ဖက်ကမ်းရှိ ကြိုးချည်ထားသော နေရာသို့ ကြိုးနေရာပြောင်းရန် ကူးသွားခဲ့ကြရာ နောက်ဆုံးရေကူးသွားသူ စောအေးကို တစ်ဖက်ကမ်းမှ သုံးဦးက လာရန်မလိုတော့ကြောင်း လှမ်းပြောချိန်တွင် ၎င်းမှာ တစ်ဖက်ကမ်းစပ်အနီးရှိ ဝါးရုံ၌ ထိုင်၍နားနေကြောင်း၊ ထို့နောက် ပြန်ကူးလာသောအချိန်၌ ရေစီးတွင် မျောပါသွားသည်ကို တွေ့ရှိ၍ ကယ်ဆယ်ရေးအဖွဲ့များ၊ သဲစုပ်လုပ်သားများ ဝိုင်းဝန်းရှာကြသော်လည်း ပျောက်ဆုံးနေကြောင်း သိရသည်။

(မြို့နယ် ပြန်/ဆက်)

တရားမဝင်ကျွဲ၊ နွားများဖမ်းဆီးရမိ

ကသာ ဩဂုတ် ၆

ကသာရဲစခန်းမှ နယ်ထိန်းခေါင်းဆောင်ဒုရဲအုပ်ဌေးဝင်းနှင့်အဖွဲ့ဝင်များသည် သတင်းအရ ဩဂုတ်၄ ရက်က သစ်တောကြိုးဝိုင်းအတွင်း စုံစမ်း ရှာဖွေခဲ့ကြသည်။ နံနက် ၂နာရီခန့်တွင် ယင်းခဲသစ်တောကြိုးဝိုင်း အကွက်အမှတ်(၅၅)အတွင်းရှိ တောလမ်းတစ်ခုတွင် ဆင်ကုန်းကျေးရွာ၌ နေထိုင်သူနေအောင်(၂၁နှစ်)၊ကြက်တစ်ကောင်ကျေးရွာနေသူ ခင်မောင်သင်း(၂၅နှစ်)တို့သည် တရားမဝင်မှောင်ခိုကျွဲ ၁၉ ကောင်နှင့် နွား၁၀ကောင် (ကာလတန်ဖိုး ငွေကျပ် ၉၃သိန်း)ကို တိတ်တဆိတ်မောင်းနှင်သယ်ဆောင်လာကြောင်းတွေ့ရှိခဲ့သည်။ ဒုရဲအုပ်ဌေးဝင်းက ကျွဲ၊ နွား ၂၉ကောင်ကို ရှာဖွေပုံစံဖြင့် သိမ်းဆည်းပြီး ကသာရဲစခန်း၌ အမှုဖွင့်တိုင်ကြားခဲ့ကြောင်း သိရှိရသည်။ **စမ်းဦး(ကသာ)**

နေအိမ်အတွင်း ပိုက်ဆံအိတ်ဝင်ခိုးသူ ဖမ်းဆီးရမိ

တာချီလိတ် ဩဂုတ် ၆

ဩဂုတ် ၃ ရက်က ရှမ်းပြည်နယ် (အရှေ့ပိုင်း)တာချီလိတ်မြို့ မယ်ခေါင်ရပ်ကွက်အမှတ်(၄)ရပ်နယ်မြေ၌နေအိမ်အတွင်း ပိုက်ဆံအိတ် ဝင်ခိုးသူကို ဖမ်းဆီးရမိခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ ဦးခင်မောင်စိုး (၅၃ နှစ်)သည် နံနက်၉နာရီတွင် မိတ်ဆွေသူငယ်ချင်း ဓာတ်ပုံဆိုင်သို့သွားရာတွင် နေအိမ်၌လူမရှိ၍ အိမ်ပိတ်ထားခဲ့ ကြောင်း၊ နံနက် ၁၀ နာရီခန့်တွင် အိမ်သို့ပြန်ခဲ့ရာ မိမိနေအိမ်အခန်းအတွင်း၌အမည်မသိလူစိမ်းတစ်ဦးကို တွေ့ရှိ၍ဘယ်ကလဲဟု မေးကြည့်ရာ ၎င်းက ထွက်ပြေးသွားခဲ့သည်။ သူခိုး သူခိုးဟု အော်ရာ အိမ်နီးချင်းများက ဝိုင်းဝန်းဖမ်းဆီး၍တာချီလိတ်ရဲစခန်းသို့ အကြောင်းကြားခဲ့ကြောင်း သိရသည်။

အရေးယူထား

အခင်းဖြစ်ရာ နေရာသို့ တာချီလိတ်ရဲခစခန်းမှ စစ်ဆေးခဲ့ရာ မိုင်းကိုးအုပ်စု ပါပီးကျေးရွာ (၂)တွင် နေထိုင်သူ ယောဟန် (၁၉ နှစ်) ဖြစ်ပြီး ၎င်း၏ ညာဘက်ဘောင်းဘီအိတ်အတွင်းမှမိန်းမကိုင်ပိုက်ဆံအိတ်တစ်လုံးနှင့် ထိုင်းနိုင်ငံသုံး ဘတ်၄၀အကြွေစေ့များတွေ့၍တာချီလိတ်ရဲစခန်းက အရေးယူထားကြောင်း သိရသည်။

မြင့်မိုရ်(တာချီလိတ်)

ပန်းခြံအတွင်းရှိ ရေကန်ထဲသို့ ရေဆင်းချိုးရာမှ ရေနစ်သေဆုံး

နေပြည်တော် ဩဂုတ် ၆

နေပြည်တော်ကောင်စီနယ်မြေ ပုဗ္ဗသီရိမြို့နယ် အောင်သာယာရပ်ကွက် ရာဇဌာနီလမ်းမကြီးနှင့်ရန်ကုန်-မန္တလေး ကားလမ်းဟောင်း လမ်းထောင့်နှင်းဆီပန်းအဝိုင်းအနီး မြကန်သာပန်းခြံအတွင်းရှိ ရေကန်အတွင်းသို့ ရေဆင်းချိုးရာမှ ရေနစ်သေဆုံးမှု ဩဂုတ် ၂ ရက် ညနေ ၅ နာရီက ဖြစ်ပွားကြောင်း သိရသည်။

ဖြစ်စဉ်မှာ ယင်းနေ့က မြကန်သာ ပန်းခြံအတွင်းရှိ ရေကန်ထဲသို့ အမည်မသိ ကလေးငယ်နှစ်ဦး ရေဆင်းချိုးရာမှ ၁၀ နှစ်သားအရွယ် ကလေးတစ်ဦးသည် ရေကန်ထဲမှ ကန်ပေါ်သို့ပြန်တက်ခဲ့ပြီး ကျန်တစ်ဦးရေနစ်မြုပ်သွားကြောင်း ပြောပြသဖြင့် အောင်သာယာရပ်ကွက် အုပ်ချုပ်ရေးမှူး ဦးဌေးမင်းနှင့် အုပ်ချုပ်ရေးအဖွဲ့ဝင်များ၊ ပတ္တာရဲစခန်းမှ တာဝန်ရှိသူများသည် သတင်းရလျှင်ရချင်း ရေကျွမ်းကျင်သူတချို့နှင့် ရေကန်ထဲဆင်း၍ ရှာဖွေသော်လည်း မတွေ့ရှိရပေ။

ဩဂုတ် ၃ ရက် မွန်းတည့် ၁၂ နာရီတွင် သေဆုံးသူ၏ ရုပ်အလောင်းရေပေါ်သို့ ပေါ်လာ၍ ရပ်ကွက်အုပ်ချုပ်ရေးမှူးဦးဌေးမင်း၊ ပတ္တာရဲစခန်းမှူး ရဲအုပ်ဇော်မင်းခိုင်နှင့်တာဝန်ရှိသူများက ပျဉ်းမနား ခုတင် (၂၀၀) ဆေးရုံသို့ ရေနစ်သေဆုံးသူ၏ အလောင်းကို တင်ပို့အပ်နှံခဲ့ပြီး ဆက်လက်စုံစမ်းချက်အရ သေဆုံးသူမှာ ပျဉ်းမနားမြို့ တပ်ပိုးရပ်ကွက်နေ ဦးစံရင်-ဒေါ်ချိုပြုံးတို့၏သား မောင်စိန်တိုး (၁၃နှစ်)ဖြစ်ကြောင်း သိရှိရသဖြင့် ရေနစ်သေဆုံးမှုအပေါ် ပတ္တာရဲစခန်းက အမှုဖွင့် ဆောင်ရွက်ထားကြောင်း သိရသည်။

မင်းမင်းလတ်(မန်းတက္ကသိုလ်)

ဥပဒေဘောင်အတွင်း
နေထိုင်ခြင်း
ဘေးကင်းရန်ကွာ
စိတ်ချမ်းသာ

ရထားပို့ဆောင်ရေးဝန်ကြီးဌာန
မြန်မာ့မီးရထား
အိတ်ဖွင့်တင်ဒါ (Open Tender) ခေါ်ယူခြင်း

၁။ အောက်ပါပစ္စည်းများကို မြန်မာကျပ်ငွေဖြင့် ဝယ်ယူလိုပါသည်-

စဉ်	တင်ဒါအမှတ်	ပစ္စည်းအမျိုးအမည်	တင်ဒါပိတ်ရက်
(က)	၁၅၆/မမ/CE	သုတ်ဆေးရောင်နံ့ (6000-Gals)	20.8.2013
(ခ)	၁၅၇/မမ/CME	High Pressure Pump Motor 7.5 HP(2-Nos) 10 HP(2-Nos)& Motor Speed Control Device with 10 HP Motor (1-No)	6.9.2013
(ဂ)	၁၅၈/မမ/CME	အနွေးဆည်(၄၄၉-ထည်)	6.9.2013

၂။ တင်ဒါပုံစံများကို အောက်ဖော်ပြပါဌာနတွင်(၅.၈.၂၀၁၃)ရက်နေ့မှစ၍ ရုံးချိန်အတွင်း ဝယ်ယူနိုင်ကြောင်းနှင့် အသေးစိတ်သိရှိလိုပါက ၎င်းဌာနသို့ မေးမြန်းနိုင်ပါသည်။

ဒုတိယအထွေထွေမန်နေဂျာ၊ ထောက်ပံ့ဌာန၊ မြန်မာ့မီးရထား၊ ကုန်သည်လမ်းနှင့် သိမ်ဖြူလမ်းထောင့်၊ ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း -294352, 291994.

အထက(၂) ကမာရွတ် ၂၀၁၂-၂၀၁၃ ပညာသင်နှစ်၊ တက္ကသိုလ်ဝင်တန်းအောင်
ကျောင်းသား ကျောင်းသူများ၏ အာစရိယပူဇော်ပွဲ

တက္ကသိုလ်ဝင်တန်းအောင် သူငယ်ချင်းအပေါင်းတို့ရေ တို့ရဲ့ အာစရိယပူဇော်ပွဲအခမ်းအနားကို အောက်ပါအတိုင်း ကျင်းပမည်ဖြစ်ပါ၍ ရှိသေသဒ္ဓါ ဖွေးဖြူစွာဖြင့် ဂါရဝပြုကြရအောင် ဖိတ်ခေါ်အပ်ပါသည်။

နေ့ရက် - ၁၈-၈-၂၀၁၃ ရက် (တနင်္ဂနွေနေ့)
အချိန် - နံနက် ၉း၀၀ နာရီ
နေရာ - အထက(၂) ကမာရွတ် (သရဖီခန်းမသစ်)

အာစရိယပူဇော်ပွဲကျင်းပရေးကော်မတီ
၂၀၁၂-၂၀၁၃ တက္ကသိုလ်ဝင်တန်းအောင်
ကျောင်းသား ကျောင်းသူများ

မျောက်တံခွန်အနောက်ရည် စိန်မေတ္တာ ပဲငံပြာရည်လုပ်ငန်း၏
ကုန်အမှတ်တံဆိပ်အမှတ်အသားအား တစ်ဦးတည်းမူပိုင်ဖြစ်ကြောင်း
အများသိစေရန် အသိပေးကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ မြောက်ဥက္ကလာပမြို့နယ်၊ အမှတ် ၄၄၉၊ နှယ်နီ ၁ လမ်း၊ (ဃ)ရပ်ကွက်နေသူ ဦးစိန်လှ ၁၂/ဥကမ(နိုင်)၁၄၇၇၉၁သည် အောက်ဖော်ပြပါ ကုန်အမှတ်တံဆိပ် အမှတ်အသားများကို ရန်ကုန်မြို့စာချုပ်စာတမ်းများမှတ်ပုံတင်ရုံး၌ မှတ်ပုံတင်အမှတ် ၄/၃၅၇၆/၂၀၀၅ ဖြင့် တစ်ဦးတည်းမူပိုင်အဖြစ် သုံးစွဲရန် ဥပဒေနှင့်အညီ တရားဝင်မှတ်ပုံတင်သွင်းထားပြီး ဖြစ်ပါသည်။

မျောက်တံခွန်အနောက်ရည် စိန်မေတ္တာပဲငံပြာရည်လုပ်ငန်းအနေဖြင့် မိမိတစ်ဦးတည်းမူပိုင်အဖြစ် အသုံးပြုလျက်ရှိသော ဖော်ပြပါလုပ်ငန်းတံဆိပ်အမည်အမှတ်အသားများကို ပုံတူကူး၍လည်းကောင်း၊ ထင်ယောင်ထင်မှားဖြစ်စေ၊ တစ်စိတ်တစ်ဒေသဖြစ်စေ၊ သွယ်ဝိုက်၍ဖြစ်စေ၊ တုပပြုလုပ်သုံးစွဲသူများကို တွေ့မြင်သိရှိပါက ဦးစိန်လှ၏ လုပ်ငန်းအကျိုးစီးပွား ထိခိုက်နစ်နာဆုံးရှုံးမှုအတွက် တည်ဆဲဥပဒေများနှင့်အညီ ထိရောက်စွာ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

ဦးစိန်လှ ၁၂/ဥကမ(နိုင်)၁၄၇၇၉၁
အမှတ် ၄၄၉၊ နှယ်နီ ၁ လမ်း၊ (ဃ)ရပ်ကွက်၊
မြောက်ဥက္ကလာပမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး

ကန့်ကွက်ရန်ကြော်ငြာစာ

ရန်ကုန်တိုင်းဒေသကြီး၊ ကျောက်တန်းမြို့နယ်၊ စံချိန်မီအဆင့်(၁)၊ မြေကွက်အမှတ် ၆၉၈ အမည်ပေါက်ဦးတင်ဦး KTN-၀၅၅၅၂၁၏မြေကွက်ကို လက်ရှိဝယ်ယူပိုင်ဆိုင်သူ ဦးဝင်းဌေးညွန့် ၁၂/တမန(နိုင်)၀၁၂၈၇၇က မြေကွက်စလစ်မူရင်း၊ ငွေသွင်းချလန်မူရင်းနှင့် အရောင်းအဝယ်စာချုပ်မူရင်းတင်ပြပြီး မြေပါမစ်ထုတ်ပေးပါရန် လျှောက်ထားလာသဖြင့် ကြော်ငြာပါသည့်ရက်မှစ၍ ၁၄ရက်အတွင်း အထောက်အထားမူရင်းများတင်ပြ၍ ကန့်ကွက်လွှာ တင်သွင်းနိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်သည်အထိ ကန့်ကွက်ခြင်းမရှိပါက မြေပါမစ်ထုတ်ပေးရန် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

မြေယာရုံးခွဲ(၂)၊မြေနှင့်အခွန်ဌာနခွဲ
မြို့ရွာနှင့်အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာန

သန်လျင်မြို့နယ် သုသာန်မြေနှင့် မီးသင်္ဂြိုဟ်စက်တည်ဆောက်ရေး
အလှူရှင်များအား နှိုးဆော်ခြင်း

သန်လျင်မြို့နယ်တွင် မြို့မိ မြို့ဖများ၊ စေတနာရှင်ပြည်သူများ စုပေါင်းထည့်ဝင်လှူဒါန်းမှုများဖြင့် တည်ဆောက်လျက်ရှိသော မီးသင်္ဂြိုဟ်စက်၊ အအေးခန်း၊ ဇရပ် သုံးဆောင်၊ စကြံလမ်းများ၊ ခြံစည်းရိုးကာရံခြင်းအပါအဝင် အဝင်/အထွက်လမ်းများ၊ ကွန်ကရစ်ခင်းခြင်းလုပ်ငန်းများအား အရှိန်အဟုန်ဖြင့်ဆောင်ရွက်လျက်ရှိရာ ယခုအခါ တည်ဆောက်ရေးလုပ်ငန်း၏ ၉၀ ရာခိုင်နှုန်းဆောင်ရွက်ပြီးစီးပြီ ဖြစ်ပါသည်။ သို့ပါ၍ လုပ်ငန်းများအတွက် လိုအပ်လျက်ရှိသော အလှူငွေများအား ယာယီရုံးခန်း(အသေးစား ငွေစု/ငွေချေးရုံး၊ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှူးရုံး) ဖုန်း-၀၅၆-၂၁၀၆၉၊ သာသနာ့ဗိမာန် ဖုန်း-၀၅၆-၂၂၀၁၄ နှင့် သန်လျင်နာရေးကူညီမှုအသင်း ဖုန်း-၀၅၆-၂၂၀၁၀တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ပါသည်။ **ခြံစည်းရိုးအုတ်တံတိုင်း တစ်ခန်းလျှင် ကျပ်နှစ်သိန်းနှုန်းဖြင့် လှူဒါန်းနိုင်ပါသည်။**

ဖြစ်မြောက်ရေးအဖွဲ့

ဖခင်အမည်မှန်

ဟိုပင်မြို့၊ အထက(၁)မှ တက္ကသိုလ်ဝင်တန်းအောင် မောင်ချစ်သျှားနှင့် ပဋ္ဌမတန်း(B)မှ မဆူးဆူးတို့၏ ဖခင်အမည်မှန်မှာ ဦးသောင်းထွန်း ၁/မညန(နိုင်)၀၆၂၁၈၉ ဖြစ်ပါသည်။

ဖခင်အမည်မှန်

မြစ်ကြီးနားမြို့၊ အထက(၃)၊ တက္ကသိုလ်ဝင်တန်း(B)မှ မချိုသန္တာထွန်း၏ဖခင်အမည်မှန်မှာ ဦးအန်းဝါရ်(ခ) ဦးဇော်ထွန်း ဖြစ်ပါသည်။

ကန့်ကွက်နိုင်ပါကြောင်း

သာကေတမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၁၀/တောင်တိုးချဲ့၊ မြေကွက်အမှတ် ၂၄၂၂/ခ၊ မြေကွက်တည်နေရာအမှတ် ၂၄၂၂/ခ၊ ဇေယျာဝတီ ၃လမ်း၊ (၁၀)တောင်ရပ်ကွက်၊ သာကေတမြို့နယ် ဦးထွန်းကြည်အမည်ပေါက် နှစ် ၆၀ ဂရန်မြေအား အမည်ပေါက် ဦးထွန်းကြည်(ခင်ပွန်း) ကွယ်လွန်သဖြင့် တစ်ဦးတည်းသောဇနီး ဒေါ်မြင့် ၁၂/သကတ(နိုင်)၀၆၅၈၈၂က သေစာရင်း၊ ကျမ်းကျိန်လွှာ၊ ဂရန်မူရင်းသည် မီးလောင်ပျက်စီးကြောင်း ထောက်ခံချက်တင်ပြ၍ အမွေဆက်ခံပိုင်ဆိုင်ကြောင်းစာချုပ်ရန် မြေပုံကူးလျှောက်ထားလာရာ ၁၄ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

သားအဖြစ်မှအမွေပြတ်စွန့်လွှတ်ခြင်း

ကျွန်တော် ကျွန်မတို့၏သားဖြစ်သူ မောင်ရဲနိုင်မြင့်(ခ)ဘူရှူ ၁/ဟပန(နိုင်)၁၂၉၇၈၃ သည် မိဘများ၏ဆိုဆုံးမမှုကို မနာခံခြင်း၊ နည်းမျိုးစုံဖြင့် သည်းမခံနိုင်အောင်နှိပ်စက်ခြင်းများကြောင့် သားအဖြစ်မှအမွေပြတ်စွန့်လွှတ်လိုက်ပါသည်။ ၎င်းနှင့်ပတ်သက်သည့်ကိစ္စအားလုံးကို တာဝန်ယူ ဖြေရှင်းပေးမည်မဟုတ်ပါ။

(စုံစမ်းမေးမြန်းခြင်းသည်းခံပါရန်။)

မိဘများ- ဦးချိုမွေး ၁/မညန(နိုင်)၀၂၀၁၆၄၊ ဒေါ်ဆန်းမြင့် ၁/မညန(နိုင်)၀၂၀၁၆၅
ဟိုပင်မြို့၊ မြို့မတောင်ရပ်ကွက်

သုံးခွမြို့၌ ကျေးရွာစာကြည့်တိုက်များ ရှင်သန်ရေးနှင့် ၂၀၁၄ သန်းခေါင်စာရင်းကောက်ယူရေး ဟောပြော

သုံးခွ ဩဂုတ် ၆

သုံးခွမြို့နယ်အတွင်းရှိ ကျေးရွာစာကြည့်တိုက်များ ရှင်သန်ဖွံ့ဖြိုးတိုးတက်ရေးနှင့် မြန်မာနိုင်ငံတစ်ဝန်း ပြည်လုံးကျွတ် သန်းခေါင်စာရင်းကောက်ယူရေး လုပ်ငန်းကို ၂၀၁၄ ခုနှစ် မတ်၃၀ရက်မှစတင်၍ စာရင်းကောက်ယူဆောင်ရွက်သွားမည်ဖြစ်ရာ သန်းခေါင်စာရင်း ကောက်ယူရေး လုပ်ငန်းများကို ပြည်သူများ ကျယ်ကျယ်ပြန့်ပြန့် သိရှိနိုင်စေရေး အတွက် အသိပညာပေးဟောပြောပွဲ အခမ်းအနားကိုဇူလိုင်၂၆ရက် ညနေ ၃ နာရီက ရန်ကုန်တိုင်းဒေသကြီး (တောင်ပိုင်း)ခရိုင် သုံးခွမြို့နယ် စပါယ်ချောင်ကျေးရွာအုပ်စု ညောင်လေးပင်ကျေးရွာ အခြေခံပညာမူလတန်းကျောင်း၌ ကျင်းပသည့် အသိပညာပေးဟောပြောပွဲတွင်စပါယ်ချောင် ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူး ဦးသိန်းထိက အမှာစကားပြောကြားပြီး သုံးခွမြို့နယ် ပြန်/ဆက် ဦးစီးမှူး ဒေါ်တင်တင်ထွေးက ကျေးရွာရှိ စာကြည့်တိုက်ကို ရေရှည်ရှင်သန်ဖွံ့ဖြိုး တိုးတက်ရေးနှင့် သန်းခေါင်စာရင်းကောက်ယူရေးလုပ်ငန်းများနှင့်ပတ်သက်၍ ပြည်သူများအားအသေးစိတ်ရှင်းလင်းအသိပညာပေးဟောပြောခဲ့ကြောင်း သိရသည်။

(ကြည်စိုးလွင်)

ယခုနောက်ပိုင်း မော်တော်ယာဉ်များ လျှပ်တစ်ပြက် မီးလောင်မှုများ မကြာခဏဖြစ်ပွားလာတတ်သည့်အတွက် မော်တော်ယာဉ်များတွင် အရေးပေါ်အသုံးပြုနိုင်ရန် ''ကားများတွင် မီးသတ်ဆေးဘူးဆောင်ထားပါ'' ဆိုသည့် သတိပေးကြော်ငြာဆိုင်းဘုတ်များကို မီးသတ်ဦးစီးဌာနက လိုက်လံစိုက်ထူလျက်ရှိရာ ဇူလိုင် ၂၈ ရက်က မြေနီကုန်းမီးပွိုင့်လမ်းဆုံ၌ စမ်းချောင်းမြို့နယ် မီးသတ်ဦးစီးဌာနမှ ခရိုင်မီးသတ်ဦးစီးမှူး ရဲသူရိန်သိန်းမြင့် ဦးဆောင်သော သန္နေမီးသတ်တပ်ဖွဲ့ဝင်များ စိုက်ထူကြစဉ်။ (ကိုကြီးတင်)

ပြည်တွင်းသတင်းနှင့် ကြော်ငြာ

လာဘ်ပေး လာဘ်ယူပပျောက်ရေး အလုပ်ရုံဆွေးနွေး

ဖျာပုံ ဩဂုတ် ၆

ဖျာပုံမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန မြို့နယ်အုပ်ချုပ်ရေးမှူးက ကြီးမှူးကျင်းပသည့် လာဘ်ပေး လာဘ်ယူ ပပျောက်ရေး အလုပ်ရုံဆွေးနွေးပွဲကို ဇူလိုင် ၃၀ရက် မွန်းလွဲ ၁နာရီက ဖျာပုံခရိုင် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ကျင်းပရာ မြို့နယ်အဆင့်ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့်အထောက်အကူပြုကော်မတီအဖွဲ့ဝင်များ၊ ဒေသခံများ တက်ရောက်ကြသည်။

မြို့နယ်စီမံကိန်းဦးစီးဌာန ဦးစီးမှူး ဦးအောင်ကျော်မိုးက နိုင်ငံ့ဝန်ထမ်းများ ဝန်ထမ်းစည်းမျဉ်း၊ စည်းကမ်းနှင့်အညီ တာဝန်ဝတ္တရားများ ကျေပွန်စွာ ဆောင်ရွက်ရေး၊ မြို့နယ်ဖွံ့ဖြိုးတိုးတက်ရေး အထောက်အကူပြုကော်မတီ အတွင်းရေးမှူး ဦးသိန်းထွန်းနှင့် ဦးဝဏ္ဏထွန်းတို့က နိုင်ငံတော်သမ္မတ၏ စီးပွားရေးအကြံပေးအဖွဲ့ခေါင်းဆောင် Myanmar Development Resource Institute(MDRI) အကြီးအကဲ ဦးမြင့်ရေး၍ ကျော်ဝင်း ဘာသာပြန်ထားသည့်အဂတိလိုက်စားမှုအကြောင်း အကျိုးနှင့်ကုထုံးများစာအုပ်မှအချက်အလက်များနှင့်အတူကောင်းမွန်သော အုပ်ချုပ်ရေးစနစ်ဖြစ်ပေါ်လာစေမည့် အချက်အလက်များကို ရှင်းလင်းဟောပြောခဲ့ကြသည်။

အောင်ဝင်း(ဖျာပုံ)

ရန်ကုန်တိုင်းဒေသကြီး တောင်ဥက္ကလာပမြို့နယ် ဂျီအီးစီ (ပညာရေး) သမဝါယမအသင်းလီမိတက်၏ ၂၀၁၂-၂၀၁၃ ဘဏ္ဍာရေးနှစ် နှစ်ပတ်လည် သင်းလုံးကျွတ် အစည်းအဝေးကို အထက(၅) ကေသရာဇာခန်းမ၌ ဩဂုတ် ၃ရက်က ကျင်းပရာ အသင်းဥက္ကဋ္ဌ သဘာပတိလက်ထောက်ညွှန်ကြားရေးမှူး (မြို့နယ်ပညာရေးမှူး) ဦးရဲတင့် အဖွင့်အမှာစကားပြောကြားစဉ်။ (၀၀၄)

ဆီးဂိမ်းပွဲတော် ကြိုဆိုဂုဏ်ပြုသောအားဖြင့် မြိတ်မြို့မှ နေပြည်တော်အထိ တစ်ကိုယ်တော်လမ်းလျှောက်သူ ပြန်လည်ရောက်ရှိ

မြိတ် ဩဂုတ် ၆

နေပြည်တော်၌ ဒီဇင်ဘာတွင် ကျင်းပပြုလုပ်မည့် (၂၇)ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲ (ဆီးဂိမ်းပွဲတော်)ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် မြိတ်မြို့မှ နေပြည်တော်အထိ တစ်ကိုယ်တော် လမ်းလျှောက်ထွက်ခွာသွားသော မြိတ်မြို့ မြေနီလမ်းနေ ဦးအောင်သူ (၄၅နှစ်)သည် ဇူလိုင် ၃၁ ရက် မွန်းလွဲ ၁ နာရီ မိနစ် ၄၀ က အဲယားကမ္ဘောဇလေကြောင်းဖြင့် မြိတ်မြို့သို့ ပြန်လည်ရောက်ရှိလာကြောင်း သိရသည်။

ဦးအောင်သူသည် ဇူလိုင် ၂၉ ရက်၌ နေပြည်တော်သို့ ရောက်ရှိခဲ့ပြီး အားကစားဝန်ကြီးဌာနမှ တာဝန်ရှိသူများက နွေးထွေးစွာ ကြိုဆိုကြသည်။ လက်ဆောင်ပစ္စည်းအဖြစ် (၂၇)ကြိမ်မြောက် ဆီးဂိမ်းအားကစားဝတ်စုံလေးစုံပေးအပ် ချီးမြှင့်ခဲ့သည်။ ထို့အတူ နေပြည်တော်၌ လွှတ်တော် အစည်းအဝေး တက်ရောက်လျက်ရှိသော မြိတ်မြို့နယ်မှ တနင်္သာရီတိုင်းဒေသကြီး အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးတင်ရှန်နှင့်အဖွဲ့က ငွေကျပ် တစ်သိန်းငါးသောင်း ထောက်ပံ့ပေးခဲ့ပြီး ဇူလိုင် ၃၀ ရက် ညနေပိုင်းတွင် နေပြည်တော်မှ ရန်ကုန်သို့ ပြန်လည်ထွက်ခွာလာခဲ့သည်။ ယင်းနောက် ဇူလိုင် ၃၁ရက်က မြိတ်မြို့သို့ ပြန်လည်ရောက်ရှိလာကြောင်း ဦးအောင်သူထံမှ သိရသည်။

နေပြည်တော်မှ မြိတ်မြို့အထိ အပြန်ခရီးကုန်ကျစရိတ်ကိုတနင်္သာရီတိုင်းဒေသကြီး အားကစားနှင့် ကာယပညာဦးစီးဌာနမှူး ဦးစိုးမိုးနိုင်က ဂုဏ်ပြုသောအားဖြင့် တာဝန်ယူဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

(၀၄၉)

ဥမြို့နယ်အသင်း(ရန်ကုန်)
ဝါဆိုသင်္ကန်းကပ်လှူမည်

(၉)ကြိမ်မြောက် ဝါဆိုသင်္ကန်းကပ်လှူပွဲကို သာကေတမြို့နယ်၊ (၇)အနောက်ရပ်ကွက်၊ ရတနာလမ်းရှိ အဘယာရာမကျောင်းတိုက်၌ ၁၃၇၅ ခုနှစ် ဝါခေါင်လဆန်း ၁၂ရက် (၁၈-၈-၂၀၁၃ ရက်) တနင်္ဂနွေနေ့တွင် ကျင်းပပြုလုပ်မည်ဖြစ်ပါသည်။ အသင်းဝင်များနှင့် ဥမြို့နယ်သူ/မြို့နယ်သားများအားလုံး ဖိတ်စာရသည်ဖြစ်စေ၊ မရသည်ဖြစ်စေ ကြွရောက်ကြပါရန် ဖိတ်ကြားအပ်ပါသည်။ လှူဒါန်းလိုပါက ဖုန်း- ၀၉-၈၅၀၂၇၈၄၊ ၀၉-၄၉၂၆၇၅၄၀နှင့် ၀၁-၅၄၈၈၉၂တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ပါသည်။ (သာကေတ ကားများစီး၍ ကျောင်းကွေ့မှတ်တိုင်ဆင်းရန်)

အမှုဆောင်အဖွဲ့

တေဇဂေါက်သီးရိုက်ပြိုင်ပွဲ

တေဇကျောင်းဆင်း ညီအစ်ကိုများ၏ (၂၂)ကြိမ်မြောက် ဂေါက်သီးရိုက်ပြိုင်ပွဲကို အောက်ပါ အစီအစဉ်အတိုင်း ကျင်းပပြုလုပ်မည်ဖြစ်ပါသဖြင့် တေဇကျောင်းဆင်းအရာရှိများ ပါဝင်ဆင်နွှဲနိုင်ပါရန် ဖိတ်ကြားအပ်ပါသည်။

နေရာ - သန်လျင်ဂေါက်ကလပ်
ရက်စွဲ - ၁၁-၈-၂၀၁၃ ရက် (တနင်္ဂနွေနေ့)
အချိန် - နံနက် ၆း၀၀ နာရီ

ပြိုင်ပွဲကျင်းပရေးအဖွဲ့

ဖခင် အမည်မှန်

ဧရာဝတီတိုင်းဒေသကြီး၊ ဟင်္သာတမြို့နယ်၊ လက်ပံလှ အထက(ခွဲ) တက္ကသိုလ်ဝင်တန်း အတွဲ(၂)မှ မပြတ်သဉ္ဇာချို၏ ဖခင်အမည်မှန်မှာ ဦးခင်ဝင်း ၁၄/ဟသတ(နိုင်)၁၅၉၅၇၆ဖြစ်ပါသည်။

ဦးခင်ဝင်း

စံရာအောင်မြေပဲနှယ်ကုန်းမဟာစည်ရိပ်သာ
ဝါဆိုသင်္ကန်းဆက်ကပ်လှူဒါန်းပွဲဖိတ်ကြားလွှာ

စံရာအောင်မြေပဲနှယ်ကုန်းမဟာစည်ရိပ်သာ
ပဲနှယ်ကုန်းဆရာတော်
အမှူးပြုသောဝါဆိုသံဃာတော်အရှင်သူမြတ်အပေါင်းတို့အား
ဆဋ္ဌမအကြိမ်ဝါဆိုသင်္ကန်းဆက်ကပ်လှူဒါန်းပွဲ
အခမ်းအနားကို၁၃၇၅-ခုနှစ်၊ဝါခေါင်လဆန်း (၅) ရက်
၁၁. ၈. ၂၀၁၃(တနင်္ဂနွေနေ့)နေ့(၂း၀၀)နာရီအချိန်တွင်
ကျင်းပပြုလုပ်မည်ဖြစ်ပါ၍ တပည့်ဒါယကာ၊ ဒါယိကာမ
အပေါင်းတို့မှ ကြွရောက်ကြည်ညိုကြပါရန်
လေးစားစွာဖိတ်ကြားအပ်ပါသည်။

အကျိုးတော်ဆောင်အဖွဲ့

ပညာရေး စီးပွားရေး ကျန်းမာရေး နိုင်ငံရေး ဘာသာရေး
. . . တိုင်းကျိုးပြည်ကျိုးအကြံပြုချက်များ. . .

သူတို့အမြင်သူတို့အတွေး သူတို့အရေး

ရောင်းဈေး - ၃၅၀၀ ကျပ်

University of Cambridge

ESOL Examination မှ ကျင်းပသော KET စာမေးပွဲတွင် သမီးကိုထူးချွန်စွာအောင်မြင်အောင် သင်ကြားပေးသော **တီချယ်ကေတီစီစီကျော်တင့်**ကို အထူးကျေးဇူးတင်ပါတယ်ရှင်။

ဖြူစင်ယမင်း

KET (Passed With Merit)

University of Cambridge

ESOL Examinationမှကျင်းပသော KET စာမေးပွဲတွင် Merit ဖြင့် ထူးချွန်စွာ အောင်မြင်ခဲ့သော ချစ်တပည့် **ဖြူစင်ယမင်း** ကို ဂုဏ်ပြုပါတယ်။

Teacher KT Sie Sie Kyaw Tint



ကန့်ကွက်နိုင်ပါကြောင်း

လှိုင်သာယာမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၁ တိုးချဲ့၊ မြေကွက်အမှတ် ၁၄၃၊ မြေကွက်တည်နေရာ ၁၄၃၊ အောင်သာယာလမ်း၊ (၃)ရပ်ကွက်၊ လှိုင်သာယာ ဦးတင်ရွှေအမည်ပေါက် နှစ်၆၀ဂရန်မြေအား အမည်ပေါက်ခင်ပွန်း ဦးတင်ရွှေ ကွယ်လွန်သဖြင့် ဒေါ်တင်လှ ၁၂/လသယ(နိုင်) ၀၀၃၅၀၃က တစ်ဦးတည်းသောဇနီးတော်စပ်ကြောင်း ကျမ်းကျိန်လွှာ၊ သေစာရင်းတင်ပြ၍ အမွေဆက်ခံပိုင်ဆိုင်ကြောင်း စာချုပ်ရန်နှင့်အရောင်းအဝယ်စာချုပ်ချုပ်ဆိုရန် မြေပုံကူးလျှောက်ထားလာရာ ၁၄ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

စတုတ္ထအကြိမ်မြတ်ဆရာပူဇော်ပွဲနှင့် ပွေစစ်တရုတ်အမျိုးသားကျောင်း
နှစ် ၁၀၀ ပြည့် အခမ်းအနားကျင်းပခြင်း

မော်လမြိုင်မြို့၊ အမှတ်(၈)အထက[ယခင် St.Joseph's Convent အမှတ်(၈) အမျိုးသမီး အထက်တန်းကျောင်း၊ ပွေစစ်တရုတ်အမျိုးသားကျောင်း အမှတ်(၁၁)အထက] ကျောင်းသား ကျောင်းသူဟောင်းများ၏ ၁၉-၁-၂၀၁၄ ရက်တွင် ကျင်းပမည့် **စတုတ္ထအကြိမ် မြတ်ဆရာပူဇော်ပွဲနှင့် ပွေစစ်တရုတ်အမျိုးသားကျောင်း နှစ် ၁၀၀ ပြည့် အထိမ်းအမှတ်** အခမ်းအနားအတွက် အလှူငွေ ပါဝင်လှူဒါန်းလိုသူများ၊ **ရာပြည့်မဂ္ဂဇင်း**တွင် ကြော်ငြာထည့်လိုသူများနှင့် စာမူပေးပို့လိုသူများ အသေးစိတ်အချက်အလက် သိရှိလိုပါက အောက်ပါလိပ်စာအတိုင်း ဆက်သွယ်နိုင်ပါသည်။ စာမူများကို **၃၁-၈-၂၀၁၃** ရက်တွင် နောက်ဆုံးထား၍ ပေးပို့ကြစေလိုပါသည်။

၁။ ကျောင်းအုပ်ဆရာမကြီး ဒေါ်မြင့်မြင့်ကြူ အထက(၈)	မော်လမြိုင်	ဖုန်း-၀၅၇-၂၇၀၆၉၊ ၂၄၇၈၄
၂။ ဆရာကြီးဦးစွန်ထိုက်	မော်လမြိုင်	ဖုန်း-၀၅၇-၂၆၅၇၁၊ ၂၅၃၆၉၊ ၀၉-၅၃၂၃၁၆၄
၃။ ဦးဝင်းတင်	ရန်ကုန်	ဖုန်း-၀၉-၈၇၀၂၂၄၄
၄။ ဦးအောင်လွင်(ခ)ဦးဝူချမ်း	ရန်ကုန်	ဖုန်း-၀၁-၂၉၃၉၄၀၊ ၀၉-၄၉၂၂၀၀၄၂
၅။ ဒေါ်ရူကျင်	ရန်ကုန်	ဖုန်း-၀၉-၅၂၀၂၆၂၆
၆။ ဒေါ်မြမြသန်း(ခ)ဒေါ်ယင့်ယင့်	ရန်ကုန်	ဖုန်း-၀၉-၅၁၇၂၈၄၆
၇။ ဒေါ်ညွှန့်ရင်(ခ)ဒေါ်ဝှါရင်း	ရန်ကုန်	ဖုန်း-၀၁-၂၁၁၄၄၂၊ ၅၅၇၉၁၃
၈။ ဒေါ်သန်းသန်းညွှန့်(ခ)ဒေါ်ယွင်ဖုန့်	ရန်ကုန်	ဖုန်း-၀၉-၅၀၂၇၄၈၄
၉။ ဒေါ်စမ်းစမ်းဝင်း(ခ)ဒေါ်လီယဲ့	မော်လမြိုင်	ဖုန်း-၀၉-၈၇၀၁၃၂၇
၁၀။ ဒေါ်စန်းစန်းမြင့်(ခ)ဟုန်ရှောင်ယင်း	မော်လမြိုင်	ဖုန်း-၀၅၇-၂၄၃၀၄
၁၁။ ဦးမောင်လုံး(ခ)ဦးမျိုးသန်း	မော်လမြိုင်	ဖုန်း-၀၉-၄၃၀၀၄၉၆၇
၁၂။ ဆရာမဒေါ်ခင်သန်းစိုး	မော်လမြိုင်	ဖုန်း-၀၉-၄၉၈၀၂၁၉၉
၁၃။ ဒေါက်တာချိုချိုမြတ်အောင်	မော်လမြိုင်	ဖုန်း-၀၉-၅၁၀၇၀၂၃
၁၄။ ဒေါ်နုနုထွန်း	မော်လမြိုင်	ဖုန်း-၀၉-၅၁၈၁၆၇၄
၁၅။ ဒေါ်စုစုသိန်း	မော်လမြိုင်	ဖုန်း-၀၉-၄၄၉၂၅၀၆၁၂၊ ၀၅၇-၂၅၁၄၁
၁၆။ ဒေါ်မေပြုံးခိုင် (Bessie)	ရန်ကုန်	ဖုန်း-၀၁-၅၃၉၈၆၄၊ ၀၉-၄၉၃၂၄၁၇၈
၁၇။ ဒေါ်နွယ်နီဝင်း (Ann)	မော်လမြိုင်	ဖုန်း-၀၅၇-၂၁၀၄၉
၁၈။ ဒေါ်သန်းသန်းငွေ (Jill)	မော်လမြိုင်	ဖုန်း-၀၉-၄၂၅၂၉၈၄၈၄
၁၉။ ဒေါ်စန်းစန်းဝင်း (Shirley)	ရန်ကုန်	ဖုန်း-၀၉-၇၃၂၀၆၁၈၅၊ ၀၉-၅၁၁၀၂၆၂
၂၀။ ဒေါ်ခင်စောဝင်း(Stella)	မော်လမြိုင်	ဖုန်း-၀၅၇-၂၃၁၀၀၊ ၀၅၇-၂၁၂၉၇

စီးပွားရေးကြော်ငြာ

Career Opportunity
(For Local Service Only)

AA Medical

We are one of the leading Marketing & Distribution companies of pharmaceutical & medical products and are looking for highly motivated, dynamic and result oriented individuals for the following positions.

1) Assistant General Manager — **Male/Female (2)Posts**
- Graduate with MBA preferred.
- Under (50) years old.
- Must have at least 15 years of experiences in senior management level.
- To develop, review and implement continuous improvement plans for management and operation processes & procedures. Have in-depth knowledge of Distribution & Logistic Business. Sales & Marketing knowledge will be added advantage.
- Be a flexible, proactive, trust worthy and calm person under pressure.
- Have an excellent command of English and be a computer literate.
- Must have good interpersonal skills with excellent people management skills.

2) Import/ Export Manager — **Male/Female (2)Posts**
- Graduate
- Must have at least 2 years experience in related field.
- Must have good knowledge of Import/ Export process including import/ export Licence application, shipment process & custom clearing process.
- Must be able to supervise banking activities such as L/C opening, bill collection & A/c transfers.
- Must be able to deal with Government Dept; timely & must achieve successful results in dealing with them.
- Must have good communication skills & must possess honest, hard working characteristics.
- Must be able to lead & supervise the team.
- Familiar with Internet, E-Mail and MS Office applications and fluency in English will be an asset.
- Must be able to travel when necessary.

3) HR Manager — **Male/Female (1)Post**

Responsibilities
- Responsible for full spectrum of HR function, including recuritment and selection, compensation and benefits administration, expatriate management, payroll support, implementing HR policies and industrial relations.

Requirements
- Minimum Degree in Human Resource Management or Business Administration or its equivalent with minimum 5 years of progressive HR managerial experience. Familiar with MS Office applications and fluency in English will be an asset.

4) Executive Secretary — **Male/Female (2)Posts**
- Graduate
- Under (40) years old.
- Must have at least 3 years experience in related field.
- Fluent in written and spoken english is an asset. Able to translate both Myanmar & English.
- Must be computer literate & able to use email & internet as well as type inMyanmar language properly.
- Must have good communication skills & must possess honest, hardworking characteristics.

5) Chief Accountant — ကျား/မ (၁)ဦး
- အသက်(၃၅)နှစ်မှ (၅၅)နှစ်အတွင်း B.Com, CPA ဘွဲ့ရရှိပြီးသူဖြစ်ရမည်။
- Chief Accountant လုပ်ငန်းအတွေ့အကြုံ(၃)နှစ်အထက် ရှိရမည်။
- Computer ကျွမ်းကျင်စွာ အသုံးပြုနိုင်ရမည်။ Computerized Accounting Software များနှင့် Microsoft Excel ကိုအသုံးပြု၍ စာရင်းများကို ပြုစုနိုင်ရမည့်အပြင် ကျွမ်းကျင်စွာ ရေးဆွဲနိုင်သူဖြစ်ရမည်။
- လချုပ်/နှစ်ချုပ်စာရင်းနှင့် လက်ကျန်ရှင်းတမ်းများကို တာဝန်ယူရေးဆွဲနိုင်သူ ဖြစ်ရမည်။
- Sales & Stock များနှင့်ပတ်သက်၍ စစ်ဆေးခြင်း၊ AR Control လုပ်ခြင်း၊ စာရင်းစစ်ခြင်းလုပ်ငန်းများကို တာဝန်ခံဆောင်ရွက်နိုင်ရမည်။
- မန္တလေးရုံးခွဲ၌ တာဝန်ထမ်းဆောင်နိုင်ရမည်။ (မိသားစုနှင့်ပြောင်းရွှေ့မည်ဆိုပါက ကုမ္ပဏီမှ မိသားစုနေရေးထိုင်ရေးအတွက်စီစဉ်ပေးမည်။)

6) ရုံးခွဲစီမံမန်နေဂျာ — ကျား/မ (၂)ဦး
- ဘွဲ့ရ၊ အသက်(၂၅)နှစ်အထက်။
- စီမံရေးရာမန်နေဂျာ လုပ်ငန်းအတွေ့အကြုံ(၃)နှစ်၊ ရုံးလုပ်ငန်းနှင့်ပတ်သက်သည့်ကြီးကြပ်မှုလုပ်ငန်း၊ ဈေးကွက်လုပ်ငန်းများတွင် စီမံခန့်ခွဲနိုင်ရမည်။
- ကွန်ပျူတာ ကျွမ်းကျင်သူကို ဦးစားပေးမည်။
- ရုံးခွဲလုပ်ငန်းများကို ရှိသောအရင်းအမြစ်များဖြင့် ထိထိရောက်ရောက် အကျိုးရှိရှိသုံး၍ အောင်မြင်အောင် စီမံခန့်ခွဲနိုင်သော အရည်အသွေးရှိရမည်။
- ကုမ္ပဏီ၏ ရုံးခွဲတည်ရှိရာမြို့များ(မန္တလေး၊ တောင်ကြီး၊ လားရှိုး၊ မြိတ်၊ မြစ်ကြီးနား၊ စစ်တွေ၊ ကလေး၊ ထားဝယ်၊ မကွေး၊ မော်လမြိုင်၊ နေပြည်တော်နှင့် အခြားမြို့ကြီးများ)တွင် တာဝန် ထမ်းဆောင်နိုင်သူ ဖြစ်ရမည်။(မိသားစုနှင့်ပြောင်းရွှေ့မည်ဆိုပါက ကုမ္ပဏီမှ မိသားစု နေရေးထိုင်ရေးအတွက်စီစဉ်ပေးမည်)

7) Audit Officer — ကျား/မ (၂)ဦး
- B.Com,B.Act,DA, LCCI Level III အောင်မြင်ပြီးသူဖြစ်ရမည်။
- စာရင်းကိုင်စာရင်းစစ် လုပ်ငန်းအတွေ့အကြုံ(၃)နှစ်အထက်ရှိရမည်။
- Computer ကျွမ်းကျင်စွာအသုံးပြုနိုင်ရမည်။
- စကားပြောပြေပြစ်သူ၊ တိကျစွာစာရင်းပြုစုစစ်ဆေးဆောင်ရွက်နိုင်သူဖြစ်ရမည်။

8) Junior Accountant — ကျား/မ(၂)ဦး
- B.Com, LCCI Level II,III အောင်မြင်ပြီးသူဖြစ်ရမည်။
- စာရင်းကိုင်လုပ်ငန်းအတွေ့အကြုံ(၁)နှစ်အထက်ရှိရမည်။
- Computer ကျွမ်းကျင်စွာအသုံးပြုနိုင်ရမည်။
- စကားပြောပြေပြစ်သူ၊ တိကျစွာဆောင်ရွက်နိုင်သူဖြစ်ရမည်။

9) Junior Auditor — ကျား/မ (၃)ဦး
- အသက်(၂၀)နှစ်မှ (၃၅)နှစ်အတွင်း ဖြစ်ရမည်။
- B.Com, DA, LCCI (Level III) အောင်ပြီးသူဖြစ်ပြီးရွေးစာရင်း၊ ကုန်ပစ္စည်းစာရင်း စစ်ဆေးခြင်း လုပ်ငန်းအတွေ့အကြုံအနည်းဆုံး (၁)နှစ်ရှိရမည်။
- နယ်ရုံးခွဲစာရင်းများအားတာဝန်ခံစစ်ဆေးနိုင်ရမည်။
- Computer ကျွမ်းကျင်စွာ အသုံးပြုနိုင်ရမည်။

10) Encoder — ကျား/မ (၅)ဦး
- အသက်(၂၀)နှစ်မှ (၃၅)နှစ်အတွင်း ဖြစ်ရမည်။
- Any Graduate, LCCI Level I (or) II အောင်မြင်သူဖြစ်ပြီး ကုန်ပစ္စည်း စာရင်းများ ရေးသွင်းခြင်း လုပ်ငန်းအတွေ့အကြုံအနည်းဆုံး (၁)နှစ်ရှိရမည်။
- Computer ကျွမ်းကျင်စွာ အသုံးပြုနိုင်ရမည်။

11) Human Resource Dept: Staff — ကျား/မ (၂)ဦး
- ဘွဲ့ရ၊ အသက်(၂၀)နှစ်မှ(၃၅)နှစ်အတွင်း HR နှင့်ပတ်သက်သည့်အတွေ့အကြုံ အနည်းဆုံး(၂)နှစ်ရှိရမည်။
- HR နှင့်ပတ်သက်သည့်လုပ်ထုံးလုပ်နည်းများ နားလည်သူကို ဦးစားပေးမည်။
- အချိန်နှင့်တစ်ပြေးညီ မှန်ကန်တိကျစွာ ဆောင်ရွက်နိုင်သူ၊ စနစ်ကျသူဖြစ်ရမည်။
- Communication Skills ကောင်းမွန်၍ စိတ်ရှည်သူဖြစ်ရမည်။
- Computer ကျွမ်းကျင်စွာ အသုံးပြုနိုင်ရမည်။

Interested applicants are requested to send Curriculum Vitae(CV), two (2) passport size recent photos and photocopies of the Graduation Certificates, National Identification card, Labour Registration card, Police Clearance, Household Census Lists to

AA Medical Products Ltd.
No.408/410, Mahabandoola Street, 4th Floor, Kyauktada Township, Yangon.
latest by 23rd August, 2013.

ကောင်းခန့်အထူးကုဆေးရုံ
ဝန်ထမ်းများအလိုရှိသည်

၁။ လက်ထောက်ဆရာဝန်များ အလိုရှိသည်။
၂။ သူနာပြုဆရာမကြီး၊ သူနာပြုဆရာမများ အလိုရှိသည်။
၃။ နေရာထိုင်ခင်းစီစဉ်ပေးပါမည်။
၄။ လစာများ ညှိနှိုင်းပေးပါမည်။

ဆက်သွယ်ရန်
အမှတ်(၇၈)၊ ရပ်ကွက်(၃)၊ ကြာညိုလမ်း၊ လားရှိုးမြို့
ဖုန်း-၀၈၂-၂၂၅၇၄၊ ၀၈၂-၂၅၈၅၂၊ ၀၉-၅၂၆၂၁၉၆

ပိုင်ရှင်ကိုယ်တိုင်ရောင်းမည် ဝယ်မည့်သူသာ ဆက်သွယ်ရန်

ရန်ကုန်မြို့၊ မရမ်းကုန်းမြို့နယ်၊ (၁) ရပ်ကွက်၊ ၁၁လမ်း၊ အမှတ် ၂၉၆နေ ဦးသောင်းမြင့် - ဒေါ်လှမြင့်တို့၏သားငယ်၊ ရွှေပြည်သာမြို့နယ်နေ ဦးလှအေး-ဒေါ်မြခင်တို့၏သားသမက်၊ ဦးတိုးအောင်-မနွယ်နွယ်ဦး၊ ကိုအောင်မြတ်မိုး-မဖြူဖြူနိုင်၊ ဦးသိန်းဇော်-ဒေါ်အေးအေးနွယ်၊ ဦးစိုးသိန်း-ဒေါ်သန်းလှတို့၏ညီ/မောင်၊ မစုသန္တာမိုး (အမက-၁၃၊ မရမ်းကုန်း)၊ မောင်မင်းခန့်မိုး (အမက-၁၇၊ မရမ်းကုန်း)တို့၏ဖခင်၊ ဒေါ်စန်းစန်းမော်၏ခင်ပွန်းသည် ၅-၈-၂၀၁၃ရက်တွင် ကွယ်လွန်သွားပါ၍ ၇-၈-၂၀၁၃ ရက် မွန်းလွဲ ၂နာရီတွင် ထိန်ပင်အအေးတိုက်မှ ထိန်ပင်သုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။(နေအိမ်မှကားများ မွန်းတည့် ၁၂နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု

ခရစ်တော်၌အိပ်ပျော်ခြင်း

Nicholas ဗိုလ်ဗိုလ်ကျော်

အသက်(၄၈)နှစ်

စစ်ကိုင်းတိုင်းဒေသကြီး၊ တန့်ဆည်မြို့နယ်၊ ချောင်းရိုးကျေးရွာနေ (ဦးဒီနူး-ဒေါ်တင်တင်)တို့၏သား၊ မခင်ဖြူအေး၊ Deacon Alexis မောင်မောင်ငွေး၊ ကိုကျော်ကျော်ငွေး-မဥမ္မာမျိုးဝင်းတို့၏ညီ၊မောင်၊ မကြူကြူမာ၊ မရင်ရင်ငြိမ်း၊ မနုနုရှိန်၊မောင်နေမင်းစိုး-မမေရီ၊ မစန္ဒာမင်း၊ မောင်နေမင်းထွန်း၊ မအိအိလွင်တို့၏အစ်ကိုသည် ၆-၈-၂၀၁၃ရက် (အင်္ဂါနေ့) ညနေ ၃း၄၅နာရီတွင် ခရစ်တော်၌အိပ်ပျော်သွားပါသဖြင့် ၈-၈-၂၀၁၃ရက်(ကြာသပတေးနေ့) မွန်းလွဲ ၁ နာရီတွင်စိန့်ဖရန့်စစ်အစီစီဘုရားကျောင်းတော်၌ ဝတ်ပြုဆုတောင်းပြီး ရေဝေးသုသာန်၌သင်္ဂြိုဟ်ပါမည်။

ကွယ်လွန်သူအားရည်စူး၍ ၁၂-၈-၂၀၁၃ရက် ညနေ ၅း၃၀နာရီတွင် စိန့်ဖရန့်စစ်အစီစီဘုရားရှိခိုးကျောင်း၌ဝတ်ပြုဆုတောင်းပြီးနောက် ရက်လည်ဆွမ်းကျွေးမည်ဖြစ်ပါ၍ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

ပြန်ကြားရေးဝန်ကြီးဌာန၊ သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း၊ မြန်မာ့အလင်းသတင်းစာတိုက်၊ ရန်ကုန်-မန္တလေးလမ်းဟောင်း၊ ခရေပင်လမ်းခွဲ၊ ဇေယျာသီရိမြို့နယ်၊ နေပြည်တော်တွင် ထုတ်ဝေသည်။ နေပြည်တော်-စာတည်းမှူး ၀၆၇-၃၆၁၄၂၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၄၅၊ ဖက်စ် ၀၆၇-၃၆၁၄၆၊ မေးလ် mmalin.npt@gmail.com၊ ရန်ကုန်ရုံးခွဲ-အမှတ်(၅၃)၊ နတ်မောက်လမ်းသွယ်(၁)၊ ဗိုလ်ချို(၂)ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ စာတိုက်သေတ္တာအမှတ်-၄၀၊ စာတည်းအဖွဲ့ ၀၁-၅၄၄၃၀၉၊ မန်နေဂျာ ၀၁-၅၄၄၃၁၄၊ စီမံ ၀၁-၅၄၄၃၁၅၊ ငွေစာရင်း ၀၁-၅၄၄၃၁၆၊ ဖြန့်ချိရေး ၀၁-၅၄၄၃၁၇၊ ကြော်ငြာ ၀၁-၅၄၅၈၃၄။ R/488

ပြည်ထောင်စုလွှတ်တော်အစည်းအဝေး

မြန်မာ့သတ္တုတွင်းနည်းဥပဒေများကို ပြင်ဆင်ရေးဆွဲရန် စီစဉ်ဆောင်ရွက်လျက်ရှိ

ပထမအကြိမ် ပြည်ထောင်စုလွှတ်တော် သတ္တမပုံမှန်အစည်းအဝေး (၁၁)ရက်မြောက်နေ့ ကျင်းပစဉ်။ (သတင်းစဉ်)

နေပြည်တော် ဩဂုတ် ၆

ပထမအကြိမ် ပြည်ထောင်စုလွှတ်တော် သတ္တမပုံမှန်အစည်းအဝေး (၁၁)ရက်မြောက်နေ့ကို ယနေ့နံနက်ပိုင်းတွင် အစီအစဉ်(၈)ခုဖြင့်ကျင်းပရာ သတ္တုတွင်းဝန်ကြီးဌာန အမှတ်(၂)သတ္တုတွင်း လုပ်ငန်း၏ ရွှေကြွေးကျန်များအပေါ် စာရင်းစစ်ကန့်ကွက်ချက်နှင့်စပ်လျဉ်း၍ ပြည်သူ့ငွေစာရင်း ပူးပေါင်းကော်မတီ၏အစီရင်ခံစာ (၁/၂၀၁၃)ကို လွှတ်တော်ကိုယ်စားလှယ်(၄)ဦးတို့က ဆွေးနွေးကြသည်။

ပြည်ကြီးတံခွန်မဲဆန္ဒနယ်မှ ဦးမောင်ကိုက သတ္တုကဏ္ဍ တိုးတက်မြင့်မားရေးအတွက် ပြည်ထောင်စုလွှတ်တော်မှ သတ္တုတွင်းဝန်ကြီးဌာနသို့ ပြင်ဆင်သင့်သော ဥပဒေ၊ နည်းဥပဒေအချို့အား သတ္တုတွင်းဝန်ကြီးဌာနမှတာဝန်ရှိပုဂ္ဂိုလ်များ၊ မြန်မာနိုင်ငံသတ္တုလုပ်ငန်းရှင်များအသင်းချုပ်နှင့် ပြင်ပမှသတ္တုကဏ္ဍနှင့် အတွေ့အကြုံရှိသောပညာရှင်များ၊ လုပ်ငန်းရှင်ကြီးများထဲမှ အတွေ့အကြုံရှိသည့်ပုဂ္ဂိုလ်များ ပါဝင်သောအဖွဲ့ကိုဖွဲ့၍ ဥပဒေ၊ နည်းဥပဒေများ အမြန်ဆုံး ပြန်လည်ရေးဆွဲပြီး ပြည်ထောင်စုလွှတ်တော်သို့တင်ပြရန် တိုက်တွန်းလိုပါကြောင်း၊ ပြည်ထောင်စုလွှတ်တော်မှလည်း နိုင်ငံအကျိုး၊ ပြည်သူ့အကျိုးဖြစ်စေသော ဥပဒေ၊ နည်းဥပဒေများဖြစ်ပါက အမြန်ဆုံးအတည်ပြုပေးပါရန် အကြံပြု တင်ပြအပ်ပါကြောင်း ဆွေးနွေးသည်။

သတ္တုတွင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြင့်အောင်က ယခုအခါ သတ္တုတွင်းဝန်ကြီးဌာနသည် မြန်မာနိုင်ငံအတွင်းရှိ သတ္တုတွင်းလုပ်ငန်းရှင်အသင်းအဖွဲ့များ၊ ပညာရှင်များ၊ Aus-Aid World Bank အကူအညီများရယူပြီး မြန်မာ့သတ္တုတွင်းဥပဒေကို ပြန်လည်ရေးဆွဲ၍ ပြည်ထောင်စုရှေ့နေချုပ်ရုံးသို့ ပေးပို့စိစစ်စေလျက်ရှိပါကြောင်း၊ ဆက်လက်၍ အဆိုပါအဖွဲ့အစည်းများ၏အကြံဉာဏ်များရယူပြီး မြန်မာ့သတ္တုတွင်းနည်းဥပဒေများကို ပြင်ဆင်ရေးဖွဲ့ရန် စီစဉ်ဆောင်ရွက်လျက်ရှိပါကြောင်း။

ပြင်ဆင်ရေးဆွဲမည့်မြန်မာ့သတ္တုတွင်းဥပဒေ၊ နည်းဥပဒေများထုတ်ပြန်မည့် အမိန့်နှင့်ညွှန်ကြားချက်များတွင် ပြည်သူ့ငွေစာရင်းပူးပေါင်းကော်မတီ၏ အကြံပြုတိုက်တွန်းချက်ပါအချက်များကို ဆွေးနွေးညှိနှိုင်း၍ ထည့်သွင်းရေးဆွဲနိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ပြန်လည်ရှင်းလင်းသည်။

စာမျက်နှာ ၅ ကော်လံ ၁ ❁

ပြည်တွင်း

လားရှိုး-မူဆယ်ကားလမ်း တံတားအနီး ရေလျှံမှုဖြစ်ပေါ်

စာမျက်နှာ ➤ ၂

နိုင်ငံတကာ

ဂျပန်နိုင်ငံပေါ် အဏုမြူဗုံးကြဲချမှုအမေရိကန် ဆုံးဖြတ်ချက်ကို ဗြိတိန်က အဓိကထောက်ခံခဲ့

စာမျက်နှာ ➤ ၄

ပြည်တွင်း

ဘီလပ်မြေအိတ်များ တင်ဆောင်မောင်းနှင်လာသော မော်တော်ယာဉ်တိမ်းမှောက်

စာမျက်နှာ ➤ ၁၁

အချပ်ပိုပါရှိ

ယနေ့ထုတ် မြန်မာ့အလင်းသတင်းစာတွင် ကြော်ငြာအချပ်ပို (က)မှ (ဃ)အထိ ပါရှိပါသည်။

မြဝတီမြို့ ရေဘေးသင့်ပြည်သူများအတွက် ထိုင်းနိုင်ငံရှိ မြန်မာသံရုံးမိသားစုများ ခြင်ထောင်နှင့် အဝတ်အထည်မျိုးစုံ ပေးပို့လှူဒါန်း

နေပြည်တော် ဩဂုတ် ၆

မိုးသည်းထန်စွာ အဆက်မပြတ်ရွာသွန်းခဲ့မှုကြောင့် ရေကြီးနစ်မြုပ်မှုများ ဖြစ်ပေါ်ခဲ့သည့် ကရင်ပြည်နယ် မြဝတီမြို့ရှိ ရေဘေးသင့်ပြည်သူများအတွက် ထိုင်းနိုင်ငံဆိုင်ရာ မြန်မာသံရုံးမိသားစုများနှင့် အလုပ်သမား သံအရာရှိများက စုပေါင်းလှူဒါန်းသည့် ထိုင်းဘတ်ငွေ ၂၅၀၈၇၅ တန်ဖိုးရှိ စောင်၊ ခြင်ထောင်နှင့် အဝတ်အထည်မျိုးစုံတို့ကို ထိုင်းနိုင်ငံဆိုင်ရာ မြန်မာသံရုံးမှ အလုပ်သမား သံအရာရှိ ဒုတိယညွှန်ကြားရေးမှူး ဦးကျော်ကျော်လွင်က ဩဂုတ် ၅ ရက် နံနက် ၁၁ နာရီတွင် မြဝတီမြို့ ချစ်ကြည်ရေးတံတားသို့ လာရောက်ပေးပို့လှူဒါန်းရာ မြဝတီမြို့ရှိ အလုပ်သမားညွှန်ကြားရေးဦးစီးဌာန ပတ်စ်ပို့ထုတ်ပေးရေးရုံးမှ စခန်းတာဝန်ခံအရာရှိ ဦးမိုးအောင်ခိုင်နှင့် တာဝန်ရှိသူများက လက်ခံရယူခဲ့ကြောင်းနှင့် ရေဘေးသင့်ပြည်သူများသို့ ဆက်လက်ပေးအပ်သွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။ **(အောက်ပုံ)** **(မြဝတီ)**

မန်စီမြို့နယ်၌ မိုးသည်းထန်စွာ ရွာသွန်းမှုကြောင့် တံတားများပျက်စီး

မန်စီ ဩဂုတ် ၆

ကချင်ပြည်နယ် မန်စီမြို့နယ်တွင် မိုးသည်းထန်စွာ ရွာသွန်းမှုကြောင့် တောင်ကျချောင်းရေပေါင်းဆုံပြီး သစ်ပင်ကြီးများ၊ အမှိုက်များ၊ ဒိုက်များ အရှိန် ပြင်းစွာ စီးဆင်းခဲ့သဖြင့် တံတားများ ပျက်စီးခဲ့ကြောင်း သိရသည်။

ဩဂုတ် ၄ ရက် နံနက် ၃ နာရီ မိနစ် ၂၀ က စတင်ပြီး မိုးသည်းထန်စွာ ရွာသွန်းမှုကြောင့် မန်စီမြို့ မောရဝတီရပ်ကွက် နောင်ဆင့်ချောင်းနှင့် မိုးယုချောင်း တောင်ကျရေပေါင်းဆုံလာသဖြင့် နံနက် ၁၁ နာရီတွင် မောရဝတီကြိုးတံတားဟောင်း၏ တံတားကြမ်းခင်းဆင့်တန်းသစ်သားချောင်းများ ၃၆ ပေခန့် (စတီးလ်သံကြိုးပင်မနှင့်ဆိုင်းကြိုးများအပါ) ကျိုးပဲ့ပျက်စီးမျောပါသွားခဲ့သည်။

အလားတူ တစ်ချိန်တည်းတွင် ဗန်းမော်-ဆဝမ်ကထောင်-စီအူလမ်း မိုးသည်းထန်စွာ ရွာသွန်းမှုကြောင့် ချောင်းရေနှင့်အတူ သစ်ပင်ကြီးများ၊ အမှိုက်များ၊ ဒိုက်များအရှိန်ဖြင့် စီးဆင်းလာသဖြင့် တံတားအမှတ် (၃/၁၇) မန်ဝိန်းလေးတံတားသဘော်ဦးနှင့်တိုက်မိကာ သဘော်ဦးမှာ ပျက်စီးသွားပြီး ၎င်းနှင့်အတူ ပင်မတံတားသစ်သားတိုင်စင်ပေါ်တွင် အသစ်ထိုးနေသည့် H-20 သံပေါင်ငါးပေါင် ချောင်းရေထဲသို့ ပြုတ်ကျသွားခဲ့ပြီး အရှိန်ဖြင့်စီးဆင်းလာသော သစ်တုံးနှင့်သစ်ပင်ကြီးများ ဆက်တိုက်မိသည့်အတွက် ယာယီသစ်သားတံတား ပေ ၁၇၀ မှာ ချောင်းရေနှင့်အတူ ပျက်စီးမျောပါသွားခဲ့သည့်အပြင် **(အပေါ်ပုံ)** ယာဉ်သွားလမ်းပေါ် သုံးပေခန့်ရေကျော်ခဲ့သဖြင့် ယာဉ်သွားလာမှုပြတ်တောက်သွားကြောင်း သိရသည်။

အဆိုပါပျက်စီးသွားသော တံတားများကို ခရိုင်ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်းက ပြင်ဆင်ပေးလျက်ရှိကြောင်း သိရသည်။ **ဝါဝါ(ဗန်းမော်)**

လူမှုရေးနှင့်စီးပွားရေးကြော်ငြာ

[illegible]

[illegible]

ကန့်ကွက်နိုင်ပါကြောင်း

ဒဂုံမြောက်မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် (၃၉/ဘီ)၊ မြေကွက်အမှတ် ၁၉၄၊ မြေကွက်တည်နေရာအမှတ် ၁၉၄၊ အကောက်ခွန် ၇လမ်း၊ (၃၉/ဘီ)ရပ်ကွက်၊ ဒဂုံမြောက်မြို့နယ်၊ ဦးတင်အေး(၁)CF-၀၈၅၃၈၄ အမည်ပေါက် နှစ် ၆၀ ဂရန်မြေအား အမည်ပေါက် ဦးတင်အေး ကွယ်လွန်သဖြင့် (၁)ဒေါ်အေးမီမြိုင် ၁၂/ဗတထ(နိုင်)၀၂၇၂၀၁၊ (၂)ဦးအောင်နိုင်ဦး ၁၂/ဗတထ (နိုင်)၀၂၇၂၀၂၊ (၃)ဦးအောင်နိုင်ထူး ၁၂/ပဗတ(နိုင်)၀၃၀၃၉၆၊ (၄)ဦးအောင်နိုင်သက် ၁၂/ဗတထ(နိုင်)၀၀၀၅၅၁ တို့က ဇနီးနှင့်သားများတော်စပ်ကြောင်း ကတိသစ္စာပြုလွှာတင်ပြ၍ ပိုင်ဆိုင်ကြောင်းနှင့် အရောင်းအဝယ်စာချုပ်ရန် မြေပုံကူးလျှောက်ထားလာရာ ၁၄ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

ကန့်ကွက်နိုင်ပါကြောင်း

သာကေတမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၃/မာန်ပြေ၊ မြေကွက်အမှတ် ၅၃၀/ခ၊ မြေကွက်တည်နေရာအမှတ်(၅၃၀/ခ)၊ မာန်ပြေ ၁၂ လမ်း၊ အရှေ့(၃)ရပ်ကွက်၊ သာကေတမြို့နယ်၊ ဒေါ်ညွန့်အမည်ပေါက် နှစ် ၆၀ ဂရန်မြေအား အမည်ပေါက် ဒေါ်ညွန့်(မိခင်)၊ ဦးမောင်ဟန်(ဖခင်) နှင့် ၄င်းတို့၏သားသမီးသုံးဦးအနက် တစ်ဦးဖြစ်သူ ဒေါ်တင်ဝင်းကြည်တို့ အသီးသီးကွယ်လွန်ကြသဖြင့် သားသမီးများဖြစ်သော ဦးဖေညွန့် ၁၀/မလမ(နိုင်)၀၄၂၁၂၇၊ ဒေါ်အေးအေးနွဲ့ ၁၂/သကတ(နိုင်)၀၃၄၉၆၆နှင့် ဦးမြင့်တင် ၁၂/ဆကန(နိုင်)၀၀၀၆၉၅၊ ဒေါ်တင်ဝင်းကြည်၏ ခင်ပွန်းတို့မှ သားသမီး၊ သမက်တော်စပ်ကြောင်း ကျမ်းကျိန်လွှာ၊ သေစာရင်းတင်ပြပြီး ပိုင်ဆိုင်ကြောင်းနှင့် အရောင်းအဝယ်စာချုပ်ရန် မြေပုံကူးလျှောက်ထားလာရာ ၁၄ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

ကန့်ကွက်နိုင်ပါသည်

ရန်ကုန်တိုင်းဒေသကြီး၊ သန်လျင်မြို့နယ်၊ အောင်ချမ်းသာအပိုင်း(၁) ရပ်ကွက်၊ အကျယ်အဝန်းပေ(၆၀×၈၀)ရှိ မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အမှတ် ၈/ဘီ၊ နှစ်ထပ်လုံးချင်းတိုက်တစ်လုံးနှင့် အကျိုးခံစားခွင့်အရပ်ရပ်တို့ကို ဦးကျော်စွာအောင် ၁၂/ရကန(နိုင်)၀၆၅၉၃၀ ထံမှ အပြီးအပိုင်ဝယ်ယူရန် ကျွန်ုပ်၏ မိတ်ဆွေက ရောင်းဖိုးငွေ၏ စရန်တစ်စိတ်တစ်ဒေသကို ပေးချေပြီးဖြစ်ပါသဖြင့် ကန့်ကွက်လိုသူရှိပါက ယနေ့မှစ၍ ခုနစ်ရက်အတွင်း ပိုင်ဆိုင်မှုအထောက်အထား မူရင်းများနှင့် ကျွန်ုပ်ထံ လာရောက်ကန့်ကွက်နိုင်ပါသည်။ အကယ်၍ သတ်မှတ်ရက် အတွင်း လာရောက်ကန့်ကွက်မှု မရှိပါက အဆိုပါအရောင်းအဝယ်အား ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-

ဦးမောင်မောင်သန်း
LL.B, D.M.A,D.B.L, D.M.L,D.A(Psy)
WIPO, D.L.P(Switzerland)
Diploma in International Law
High Court Advocate & Legal Advisor

ရုံးခန်း-အမှတ် ၆၂၊ အခန်း ၁၇၊ Winner Firm၊ ပန်းဆိုးတန်းလမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့၊
နေအိမ်-အမှတ် ၄၀၊ ပိတောက်ပင်လမ်း၊ ကြည့်မြင်တိုင်မြို့နယ်၊ ရန်ကုန်မြို့၊ ဖုန်း-၅၁၂၅၈၈၊ ၅၁၇၁၈၃၊ ၀၉-၅၀၄၂၀၀၃

ကန့်ကွက်နိုင်ကြောင်း ကြေညာချက်

ရန်ကုန်မြို့၊ သာကေတမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၄၊ လူနေရပ်ကွက်အမှတ် ၄၊ မြေကွက်အမှတ် ၄၅၆/ခ၊ မြေကွက်လိပ်စာ ၄၅၆/ခ၊ မြင်တော်သာလမ်း၊ ၄/တောင်သာကေတဟုခေါ်တွင်ပြီး ဒေါ်စန်းစန်းဝင်း၊ မြေငှားဂရန်အမည်ပေါက်၍ ဒေါ်စန်းစန်းဝင်းပိုင်သော မြေကွက်နှင့် မြေကွက်ပေါ်ရှိ အိမ်အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို ဒေါ်စန်းစန်းဝင်းထံမှ ကျွန်ုပ်၏မိတ်ဆွေက အပြီးအပိုင်ဝယ်ယူရန် စရန်ငွေပေးချေထားပြီးဖြစ်ပါသည်။

အဆိုပါမြေကွက်နှင့် မြေကွက်ပေါ်ရှိ အိမ်အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့နှင့်ပတ်သက်ပြီး သက်ဆိုင်ခွင့်ရှိသူ မည်သူမဆို ဤကြေညာချက်ပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း သက်ဆိုင်သည့် ခိုင်လုံသောအထောက်အထား အစစ်အမှန်ကိုတင်ပြ၍ ကျွန်ုပ်ထံ ကန့်ကွက်နိုင်ပါသည်။ ၄င်းရက်နောက်ပိုင်းတွင် ကန့်ကွက်ချက်မရှိပါက အရောင်းအဝယ်မှတ်ပုံတင်စာချုပ်ချုပ်ဆို၍ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-

ဒေါ်ခင်ဝင်းချစ် B.A. (Law), LL.B
တရားလွှတ်တော်ရှေ့နေ (စဉ်-၁၅၇၁)
အမှတ် ၃၀၊ ပထမထပ်၊ ထောင့်ခန်း၊ မအူကုန်းလမ်းကျယ်၊ တာမွေမြို့နယ်၊ရန်ကုန်မြို့

ကန့်ကွက်နိုင်ပါကြောင်း

ပုဇွန်တောင်မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၁၁ ဂျေ၊ မြေကွက်အမှတ် $\overline{V}$ ၁၃၂၊ မြေကွက်တည်နေရာအမှတ် ၄၄၊ ဇီဇဝါလမ်း၊ (၈)ရပ်ကွက်၊ ပုဇွန်တောင်မြို့နယ်၊ ဒေါ်လှမြင့် CD-၀၃၉၀၄၀ အမည်ပေါက် နှစ် ၉၀ ဂရန်မြေအား အမည်ပေါက် ဒေါ်လှမြင့် ကွယ်လွန်သဖြင့် အမွေဆက်ခံပိုင်ဆိုင်ကြောင်း ကြေညာစာချုပ်အမှတ် ၂၂၆၇/၂၀၁၃ (၂၄-၆-၂၀၁၃)အရ ပိုင်ဆိုင်သူ (၁)ဒေါ်အေးအေးမြင့် ၁၂/ပဇတ(နိုင်)၀၁၂၂၃၆၊ (၂)ဒေါ်ကြည်ကြည်မြင့် ၁၂/ပဇတ(နိုင်)၀၁၄၃၁၃၊ (၃)ဒေါ်စန်းစန်းမြင့် ၁၂/ပဇတ(နိုင်)၀၁၄၈၅၅ တို့၏ GP အမှတ် (၁၁၃၁၈/၂၀၁၂) (၂၅-၆-၂၀၁၂)ရသူ ဦးမောင်မင်း(ခ)ဦးဂေမင်းမှ ဂရန်ပျောက်ဆုံးကြောင်း ရပ်ကွက်ထောက်ခံစာ၊ ရဲစခန်းထောက်ခံစာ၊ ကျမ်းကျိန်လွှာများတင်ပြ၍ လျှောက်ထားလာရာ ၁၄ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

ကန့်ကွက်နိုင်ပါသည်

ရန်ကုန်မြို့၊ မရမ်းကုန်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၄၉/သမိုင်း)၊ မြေကွက်အမှတ်-၁၄/အေ၊ ဧရိယာ ၀ဒသမ၁၄၄ဧကရှိ B၃(ခ)ရရှိပြီး မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အမှတ်(၃၈၇)၊ သမာဓိလမ်း၊ မရမ်းကုန်းမြို့နယ်ဟုခေါ်တွင်သည့် အဆောက်အအုံအပါအဝင် အကျိုးခံစားခွင့် အရပ်ရပ်အားလုံးကို ဦးကြီးမြင့်+၆ အမည်ပေါက်ပြီး မရမ်းကုန်းမြို့နယ်တရားရုံး၊ တွံ့ဖက်မြို့နယ်တရားသူကြီး(၁)ရုံး၊ တရားမကြီးမှုအမှတ် ၅၃/၂၀၁၁နှင့်တရားမဇာရီမှုအမှတ် ၅၀/၂၀၁၁တို့၏စီရင်ချက်၊ အမိန့်နှင့်ဒီကရီတို့အရ အရောင်းအဝယ်စာချုပ်အမှတ်-၆၆၀၀/၂၀၁၂ဖြင့် ဝယ်ယူပိုင်ဆိုင်ခဲ့သူ ဒေါက်တာစန်းထင်အောင်၏ အထူးကိုယ်စားလှယ်လွှဲစာအမှတ်-၁၅၀၈၉/၂၀၁၂ရရှိထားသူ ဦးဇော်ဝင်း ၁၃/တကန(နိုင်) ၁၃၈၅၉၆ထံမှ ကျွန်ုပ်တို့၏မိတ်ဆွေက အပြီးအပိုင်ဝယ်ယူရန် စရန်ငွေပေးချေထားပြီးဖြစ်ပါသည်။

အထက်ပါပစ္စည်းနှင့်စပ်လျဉ်း၍ ကန့်ကွက်လိုသူများသည် ကျွန်ုပ်တို့ထံသို့ ခိုင်လုံသောစာချုပ်စာတမ်းအထောက်အထားများနှင့်တကွ ယခုကြော်ငြာသည့်ရက်မှ ခုနစ်ရက်အတွင်း လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။ ယင်းရက်ကျော်လွန်ပါက အထက်ပါပစ္စည်း၏ တရားဝင်အရောင်းအဝယ်ကိစ္စကို အပြီးအပြတ်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-

ဦးသက်ထွန်း(စဉ်-၃၅၅၇)	**ဒေါ်ကြည်ကြည်ဌေး(စဉ်-၂၃၆၇)**
B.A(Law),LL.B	**B.A(Law),LL.B**

တရားလွှတ်တော်ရှေ့နေများ
အိသီရိမွန် LL.B
အထက်တန်းရှေ့နေ(စဉ်-၃၆၉၄၇)
အမှတ်(၆ စီ-၂)၊ ရန်ကင်းစင်တာကွန်ဒို၊ ဆရာစံလမ်း၊ ရန်ကင်းမြို့နယ်၊ ရန်ကုန်မြို့၊
ဖုန်း-၅၅၆၈၁၂၊ ၀၉-၅၀၁၅၂၃၄၊ ၀၉-၅၀၃၁၂၃၄

“ကန့်ကွက်နိုင်ပါသည်”

[illegible]

လွှဲအပ်ညွှန်ကြားချက်အရ

[illegible]

PIONEER LAW FIRM

[illegible]

အများသိစေရန်ကြေညာခြင်း

[illegible]

တက်နေကုမ္ပဏီ၊ ယင်းကုမ္ပဏီနှင့်ပတ်သက်ဆက်နွှယ်သူများဖြစ်ကြသော (၁) ဦးဗိုလ်ဆိုင် (ဘ)ဦးချစ်လှိုင် ၁၂/ဥကတ(နိုင်)၀၁၁၃၄၅၊ (၂) ဒေါ်သန်းသန်းအေး(ဘ)ဦးအောင် MGN-၁၁၃၈၄၇၊ (၃) မဗိုလ်ဗိုလ်နုလှိုင်(ဘ)ဦးဗိုလ်ဆိုင် ၁၂/ဥကတ(နိုင်)၁၃၇၁၉၂တို့နှင့် အများသိစေရန် အသိပေးကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ တောင်ဥက္ကလာပမြို့နယ်၊ (၈)ရပ်ကွက်၊ ၄ လမ်း(စက်မှုဇုန်)၊ အမှတ် ၆၃ နေ ဦးဘိုစိန်(ခ)ဦးဗိုလ်စိန်၏ လွှဲအပ်ချက်အရ အောက်ပါအတိုင်း အများသိစေရန် အသိပေး ကြေညာအပ်ပါသည်။

၁။ ရန်ကုန်တိုင်းဒေသကြီး၊ တောင်ဥက္ကလာပမြို့နယ်၊ (၈)ရပ်ကွက်၊ ၄လမ်း(စက်မှုဇုန်)၊ အမှတ် ၆၁ဟုခေါ်တွင်သော တောင်ဥက္ကလာပမြို့နယ်၊ လူနေရပ်ကွက်အမှတ် ၈၊ မြေတိုင်းရပ်ကွက်အမှတ် ၈၊ မြေကွက်အမှတ် ၆၁၊ အလျား $\frac{၁၀၃}{၁၀၃}$ ပေ၊ အနံ $\frac{၁၄၈}{၁၄၉}$ ပေ (စတုရန်းပေ ၁၅၂၉၅)ရှိ မြေကွက်နှင့် အကျိုးခံစားခွင့်အရပ်ရပ်တို့မှာ ကျွန်ုပ်တို့၏မိတ်ဆွေဖြစ်သူ ဦးဘိုစိန်(ခ)ဦးဗိုလ်စိန် ၁၂/ဥကတ(နိုင်)၀၁၀၂၂၅ တရားဝင် အမည်ပေါက်ပိုင်ဆိုင်သည့် မြေကွက်ဖြစ်ပါသည်။

၂။ ကျွန်ုပ်တို့၏မိတ်ဆွေ ဦးဘိုစိန်(ခ)ဦးဗိုလ်စိန်ပိုင်ဆိုင်သော မြေကွက်ပေါ်တွင် တက်နေကုမ္ပဏီ၊ ယင်းကုမ္ပဏီနှင့် ပတ်သက်ဆက်နွှယ်သူများဖြစ်ကြသော လူကြီးမင်းတို့သည် ဦးဘိုစိန်(ခ) ဦးဗိုလ်စိန်၏ လူမှုရေး၊ နားလည်စာနာမှု၊ အားနာတတ်မှုနှင့်စိတ်ကောင်းစေတနာထားရှိမှုအပေါ်အခွင့်ကောင်းယူ၍ မြေကွက်အား အသုံးပြုနေခဲ့ကြပါသည်။

၃။ ယခုအခါ မြေကွက်ပိုင်ရှင် ဦးဘိုစိန်(ခ)ဦးဗိုလ်စိန်သည် ၄င်းပိုင်ဆိုင်သော မြေကွက်ကို သားသမီးများ၏ ရှေ့ရေးစီစဉ်နိုင်ရန်အတွက်လူကြီးမင်းတို့ အသုံးပြုနေခြင်းအား ရပ်ဆိုင်း၍ ပြန်လည်ရယူမည်ဖြစ်ကြောင်း ၁၂-၇-၂၀၁၃ ရက်တွင် အကြောင်းကြားစာပေးပို့၍ ၃၁-၇-၂၀၁၃ ရက်နောက်ဆုံးထားပြီး ဖယ်ရှားထွက်ခွာပေးပါရန် အသိပေးအကြောင်းကြားခဲ့ပြီးဖြစ်ပါသည်။

၄။ သို့သော် ယနေ့တိုင် တက်နေကုမ္ပဏီ၊ ယင်းကုမ္ပဏီနှင့်ပတ်သက်ဆက်နွှယ်သူများသည် ဦးဘိုစိန်(ခ)ဦးဗိုလ်စိန် ပိုင်ဆိုင်သော မြေကွက်ပေါ်မှ ထွက်ခွာဖယ်ရှားပေးရန်နှင့် မြေကွက်အား အလွတ်လက်ရောက်ပြန်လည်ပေးအပ်ခြင်းမရှိသေးပါ။

၅။ သို့ဖြစ်ပါ၍ ၃၁-၈-၂၀၁၃ ရက် နောက်ဆုံးထား၍ မြေကွက်ပေါ်မှ ထွက်ခွာပေးပြီး မြေကွက်အား အလွတ်လက်ရောက်ပြန်လည်ပေးအပ်ပါရန်နှင့် ဖော်ပြပါအတိုင်း ဆောင်ရွက်ခြင်းမရှိပါကတည်ဆဲတရားဥပဒေများနှင့်အညီ အရေးယူ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း တက်နေကုမ္ပဏီ၊ ယင်းကုမ္ပဏီနှင့် ပတ်သက်ဆက်နွှယ်သူများနှင့် အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

ဦးဘိုစိန်(ခ)ဦးဗိုလ်စိန်၏ လွှဲအပ်ချက်အရ-

ဦးထင်ကျော်	**ဒေါ်သက်လေးချို**
B.Sc, H.G.P, R.L	**LL.B, D.B.L**
တရားလွှတ်တော်ရှေ့နေ(၅၃၁၅)	**အထက်တန်းရှေ့နေ(၃၁၄၂၄)**

၁၃၈/ပထမထပ်၊ ၃၂ လမ်း(လယ်)၊ ပန်းဘဲတန်းမြို့နယ်၊ ရန်ကုန်မြို့၊
ဖုန်း-၂၄၃၅၆၈၊ ၀၉-၅၁၈၆၀၂၁

ကန့်ကွက်နိုင်ပါကြောင်း

မြောက်ဥက္ကလာပမြို့နယ်၊ မြေတိုင်း ရပ်ကွက်အမှတ်ဈ၊ မြေကွက်အမှတ်၇၇၇ဦ၊ မြေကွက်တည်နေရာအမှတ် ၇၇၇ဦ၊ ဧရာ ၄လမ်း၊ (ဈ)ရပ်ကွက်၊ မြောက်ဥက္ကလာပ မြို့နယ်၊ ဒေါ်အေးသိန်း ၁၂/ဥကမ(နိုင်) ၀၆၂၀၁၆ အမည်ပေါက် နှစ်၆၀ ဂရန်မြေ အား အမည်ပေါက် ဖခင်ဦးချစ်စိန်၊ မိခင် ဒေါ်အေးသိန်းကွယ်လွန်သဖြင့်ဒေါ်မြမြဌေး ၁၂/ဥကမ(နိုင်)၁၀၃၉၀၄က တစ်ဦးတည်း သောသမီးတော်စပ်ကြောင်းကျမ်းကျိန်လွှာ၊ သေစာရင်းတင်ပြ၍ အမွေဆက်ခံပိုင်ဆိုင် ကြောင်းနှင့် အရောင်းအဝယ်စာချုပ်ရန် မြေပုံကူးလျှောက်ထားလာရာ ၁၄ရက် အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ ရွှေပြည်သာ မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၄၇)၊ မြေကွက်အမှတ်(၇၀၁)အား ဦးနေဝင်း အိပ်ချ်ဇက်အေ-၁၆၉၀၂၉ အမည်ဖြင့် မြေချပါမစ်ထုတ်ယူခွင့်ပြုပါရန်လျှောက်ထား လာခြင်းနှင့်ပတ်သက်၍ကန့်ကွက်ရန်ရှိပါက ကြော်ငြာပါသည့်ရက်မှစ၍ ၁၅ရက်အတွင်း ဤဦးစီးဌာနသို့လာရောက်၍ သက်ဆိုင်ရာ စာရွက်စာတမ်းအထောက်အထား(မူရင်း)များ တင်ပြ၍ကန့်ကွက်နိုင်ပါကြောင်းနှင့်သတ်မှတ် ရက်ကျော်လွန်သည်အထိ ကန့်ကွက်မှုမရှိ ပါက ဦးနေဝင်း အိပ်ချ်ဇက်အေ-၁၆၉၀၂၉ အမည်ဖြင့် မြေချပါမစ်ထုတ်ပေးမည်ဖြစ် ကြောင်း အသိပေးကြေညာအပ်ပါသည်။

မြေနှင့်အခွန်ဌာနခွဲ
မြို့ရွာနှင့်အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာန

ကန့်ကွက်နိုင်ပါကြောင်း

ရွှေပြည်သာမြို့နယ်၊ မြေတိုင်းရပ်ကွက် အမှတ်-၇၊ မြေကွက်အမှတ်၁၈၄(က)၊ မြေကွက်တည်နေရာအမှတ်-၁၈၄/က၊ ဗိုလ်ချုပ်နန်းခြံလမ်း၊ ၈ ရပ်ကွက်၊ ရွှေပြည်သာ မြို့နယ် ဦးခင်အောင် အမည်ပေါက် ပါမစ် မြေအားအမည်ပေါက်ဦးခင်အောင်၁၂/အစန (နိုင်)၀၃၉၄၆၀ကိုယ်တိုင်မှ ပါမစ်ပျောက်ဆုံး သည်မှာမှန်ကန်ကြောင်းရပ်ကွက်အုပ်ချုပ်ရေး မှူးရုံးနှင့် ရဲစခန်းထောက်ခံစာ၊ ဝန်ခံချက်၊ တရားရုံးကျမ်းကျိန်လွှာ တို့ကိုတင်ပြ၍ ပါမစ်ပျောက်ဖြင့် နှစ် ၆၀ မြေငှားစာချုပ်ဂရန် လျှောက်ထားလာရာ ၁၄ ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

စီးပွားရေးနှင့်လူမှုရေးကြော်ငြာ

ဖေါ်မာစေါ့ထရပ်ဆွင် (FAME) ရေးသားထားသော Medicinal Plant Series စာအုပ်များ

သဘာဝဆေးပညာကို လေ့လာလိုက်စားလိုသူများအတွက် ဆေးဖက်ဝင်အပင်များ၏ရုက္ခဗေဒဆိုင်ရာ လေ့လာတွေ့ရှိချက်များ၊ ဓာတုဗေဒဆိုင်ရာလေ့လာတွေ့ရှိချက်များနှင့် မည်သည့်ရောဂါကိုပျောက်စေ၍ မည်သို့သုံးစွဲရမည်ကို အင်္ဂလိပ်ဘာသာဖြင့် ရေးသားဖော်ပြထားသော Medicinal Plant Series စာအုပ်များ…

FAME Publishing House မှ ထုတ်ဝေဖြန့်ချိလိုက်ပါပြီ…

ဖြန့်ချိရေး – အမှတ်(၂၀)၊ မင်းကြီးမဟာမင်းခေါင်လမ်း၊ နှင့် နဝဒေးလမ်းထောင့်၊ စက်မှုဇုန်(၃)၊ လှိုင်သာယာမြို့
ဖုန်း – ၆၈၅၆၀၉၊ ၆၈၂၁၉၉၊ ၆၈၅၀၈၃
Fax: 95-1-680122 E-mail : fph@famepharma.com

ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ ဒဂုံအရှေ့စက်မှုဇုန်(၂) ဒဂုံ(တောင်)တိုးချဲ့၊ မြေတိုင်းရပ်ကွက်အမှတ်(၁၄၄)၊ အသေးစားစက်မှု မြေကွက်အမှတ်(၉၂)ကို မူလဝယ်ယူခွင့်ရရှိသူ ဦးတင်သိန်း ၁၂/မဂတ(နိုင်)၀၇၆၆၇၄ထံမှ ဦးဝင်းမြင့် BTG-၂၀၈၇၄ က ဝယ်ယူခဲ့ပါသည်။ ဦးဝင်းမြင့်ထံမှ ဦးတင်ရွှေ PBDN-၀၀၄၁၂၄၊ ဦးတင်အောင်မိုး ၁၂/တမန(နိုင်)၁၀၀၇၄၁၊ ဦးဇော်မိုး ၁၂/တမန(နိုင်)၁၀၀၇၄၂တို့က ထပ်မံဝယ်ယူပြီး ၎င်းတို့သုံးဦးထံမှ စာချုပ်စာတမ်းအဆင့်ဆင့်ဖြင့် တရားဝင်ဝယ်ယူထားသူ ဦးအောင်မြတ် ၁၂/ရကန(နိုင်)၀၀၄၁၆၃က ပိုင်ရှင်အမည်ပြောင်းလဲ၍ မြေငှားဂရန်ထုတ်ယူခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ခွင့်ပြုရန် မသင့်ကြောင်း ကန့်ကွက်လိုပါက ကြော်ငြာသည့်ရက်မှ ၁၅ ရက်အတွင်း အထောက်အထား ပြည့်စုံစွာဖြင့် တင်ပြကန့်ကွက်နိုင်ပါသည်။ **စီမံကိန်းဌာနခွဲ၊ မြို့ရွာနှင့်အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာန**

ငြင်းချက်ထုတ်ရန်သမ္မန်စာ

(တရားမကျင့်ထုံး ကိုဒ့်ဥပဒေအမိန့်-၅၊ နည်းဥပဒေ-၁ နှင့် ၅)
ရန်ကုန်တိုင်းဒေသကြီးတရားလွှတ်တော်နယ်တရားမရုံး၌
၂၀၁၃ ခုနှစ် တရားမကြီးအမှုအမှတ်-၂၅

ဒေါ်စုလွင်မိုး **နှင့်** ဦးအောင်ခင် ပါ-၁၀
တရားလို **တရားပြိုင်များ**

အမှတ်(အေ-၅)၊ အေးနန္ဒာအပိုင်း(၂)၊ (၁၀)တောင်ရပ်ကွက်၊ သာကေတမြို့နယ်၊ ရန်ကုန်မြို့ (ယခုနေရပ်လိပ်စာမသိ)နေ (၁) ဦးအောင်ခင် (၂) ဒေါ်ခင်လှလှအောင် သိစေရမည်။

သင့်အပေါ်၌ တရားလို ဒေါ်စုလွင်မိုးက အမွေပုံပစ္စည်းအား စီမံခန့်ခွဲပေးစေလိုမှု ရလိုကြောင်းနှင့် လျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့်စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင့်ကိုယ်စားလှယ်ရုံး အခွင့်အမိန့်ရရှေ့နေဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်ဆိုင်သည့် အချက်များကို ချေပပြောဆိုနိုင်သူ တစ်ဦးတစ်ယောက် ၎င်းရှေ့နေနှင့်ပါစေ၍ဖြစ်စေ ၂၀၁၃ခုနှစ် ဩဂုတ် ၃၀ရက် မွန်းမတည့်မီ ၁၀း၀၀နာရီတွင် အထက်က အမည်ရေးသားပါရှိသူ တရားလိုစွဲဆိုချက်ကို ထုချေရှင်းလင်းရန်ရုံးသို့လာရောက်ရမည်။ ၎င်းပြင် သင်သိစေရမည်မှာ အထက်ကဆိုခဲ့သည့်နေ့ရက်တွင် သင်မလာမရောက်ပျက်ကွက်ခဲ့လျှင် သင့်ကွယ်ရာတွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းပြင် တရားလိုကကြည့်ရှုလိုသည့် စာချုပ်စာတမ်းများနှင့် သင်ကထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့တည်းမဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်ပို့လိုက်ရမည်။ သင်ကထုချေလွှာ တင်သွင်းလိုလျှင် အမှုမဆိုင်မီလေးရက်က တင်သွင်းရမည်။

၂၀၁၃ခုနှစ် ဩဂုတ် ၁ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ် ရေးထိုးထုတ်ပေးလိုက်သည်။

(ကျော်စွာငြိမ်း)
ဒုတိယညွှန်ကြားရေးမှူး
ရန်ကုန်တိုင်းဒေသကြီးတရားလွှတ်တော်

ငြင်းချက်ထုတ်ရန်သမ္မန်စာ

(တရားမကျင့်ထုံး ကိုဒ့်ဥပဒေအမိန့်-၅၊ နည်းဥပဒေ-၂၀)
ပုသိမ်မြို့နယ်တရားရုံးတော်
၂၀၁၃ခုနှစ် တရားမကြီးမှုအမှတ်-၉၀

ဦးသန်းဦး **နှင့်** ၁။ ဦးအောင်လွင်
၂။ ဒေါ်စန်းစန်းမြင့်
တရားလို **တရားပြိုင်များ**

ပုသိမ်မြို့၊ အမှတ်(၃)ရပ်ကွက်၊ အမှတ် ၂၃ နှစ်ကျိပ်ရှစ်ဆူလမ်းနေ ဦးအောင်လွင်၊ ဒေါ်စန်းစန်းမြင့် (ယခုနေရပ်လိပ်စာမသိ)သိစေရမည်။

သင်တို့အပေါ်၌ တရားလိုက ချေးငွေကျပ် ၃၀၀၀၀၀၀/-(ကျပ်သိန်းသုံးဆယ်)တိတိနှင့် အကျိုးအမြတ်ငွေကျပ် ၁၀၀၀၀၀၀/-(ကျပ်ဆယ်သိန်း)တိတိ စုစုပေါင်း ကျပ် ၄၀၀၀၀၀၀/-(ကျပ်သိန်းလေးဆယ်)တိတိရလိုကြောင်း လျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍ သင်တို့ကိုယ်တိုင်ဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့် စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင်တို့ကိုယ်စားလှယ်ရုံး အခွင့်အမိန့်ရရှေ့နေဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်ဆိုင်သည့် အချက်များကို ချေပပြောဆိုနိုင်သူ တစ်ဦးတစ်ယောက် ၎င်းရှေ့နေနှင့် ပါစေ၍ဖြစ်စေ ၂၀၁၃ခုနှစ် ဩဂုတ် ၂၆ရက် (၁၃၇၅ခုနှစ် ဝါခေါင်လပြည့်ကျော် ၅ရက်) မွန်းမတည့်မီ ၁၀နာရီတွင် အထက်က အမည်ရေးသားပါရှိသူ တရားစွဲချက်ကို ထုချေရှင်းလင်းရန် ရုံးသို့လာရောက်ရမည်။ ၎င်းပြင် သင်တို့သိစေရမည်မှာ အထက်က ဆိုခဲ့သည့်နေ့ရက်တွင် သင်တို့မလာရောက် ပျက်ကွက်ခဲ့လျှင် သင်တို့ကွယ်ရာတွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းပြင် တရားလိုက ကြည့်ရှုလိုသည့် စာချုပ်စာတမ်းများနှင့် သင်တို့ကထုချေ တင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်တို့နှင့်အတူ ယူဆောင်လာရမည်။ သို့တည်းမဟုတ် သင်တို့ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်ပို့လိုက်ရမည်။ သင်တို့ကထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီလေးရက်က တင်သွင်းရမည်။

၂၀၁၃ခုနှစ် ဇူလိုင် ၂၉ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုးထုတ်ပေးလိုက်သည်။

မြင့်ဆွေ
မြို့နယ်တရားသူကြီး
ပုသိမ်မြို့နယ်တရားရုံး

၉-၇-၂၀၁၃ ရက်စွဲပါ ကြေးမုံသတင်းစာပါ ဦးအောင်မင်း(ခ)ဦးမောင်လွင်နှင့် ဇနီး ဒေါ်ဖြူဖြူဝင်း(ခ)မဖြူ (ယခင်)ရွှေပုလဲငါးဒိုင်၊ (ယခု)လပြည့်ဝန်းငါးဒိုင်၊ အာဟာရသုခဈေး၊ နေပြည်တော် ကြေညာချက်အား ဖြေရှင်းညှိနှိုင်းပြီးဖြစ်ကြောင်း

အများသိစေရန် ပြန်လည်ရှင်းလင်းကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ရန်ကုန်အရှေ့ပိုင်းခရိုင်၊ ဒဂုံအရှေ့ (စက်မှုမြို့)ရှိ စကြာရွှေရည် မော်တော်ယာဉ်ထုတ်လုပ်ရေးမှ ထုတ်လုပ်သော ၈ည/၇၆၀၅ Sat Kyar Shwe Yee Light Truck (1) Ton (L.H.D) ကားကို လူကြီးမင်းမှဝယ်ယူပြီး ကျွန်ုပ်ကြေညာချိန်တွင် လူကြီးမင်း ခရီးလွန်နေမှန်းသိရပါသည်။ ယခုအခါ လူကြီးမင်း လာရောက်တွေ့ဆုံဖြေရှင်းပြီးဖြစ်ပါသဖြင့် လူကြီးမင်း၏ လိမ်ညာမှုမရှိ သဘောရိုးဖြင့် အရောင်းအဝယ်ကြန့်ကြာခဲ့ခြင်းကို မော်တော်ယာဉ်ထုတ်လုပ်ရေးမှ သဘောထားကြီးစွာဖြင့် ကျေနပ်လက်ခံ၍ ယခုအခါတွင် ညှိနှိုင်းဖြေရှင်းပြီးဖြစ်ပါကြောင်းကို လူကြီးမင်းနှင့် လူကြီးမင်း၏ သက်ဆိုင်သူတို့ သိရှိနိုင်ပါရန် ပြန်လည်အကြောင်းကြားကြေညာအပ်ပါသည်။ **စကြာရွှေရည်မော်တော်ယာဉ်ထုတ်လုပ်ရေး**
ဒဂုံအရှေ့ (စက်မှုမြို့)၊ ဖုန်း-၀၉-၈၃၀၂၈၈၇

ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ရန်ကုန်အရှေ့ပိုင်းခရိုင်၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ ၁၃ရပ်ကွက်၊ ဆည်တော် ၁လမ်း၊ အမှတ် ၉၄၅ ပါမစ်မြေအမျိုးအစား ပါမစ်အမည်ပေါက်(ဦးဖိုးနီ) အကျယ်ပေ (၄၀×၆၀)ပေါ်ရှိ မြေနှင့်တစ်ထပ်အိမ်အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်တို့ကို အမည်ပေါက်ပိုင်ဆိုင်သော(ဦးဖိုးနီ)၏ တရားဝင်တစ်ဦးတည်းသောဇနီးတော်စပ်သူ ဒေါ်ငွေးငွေးရီက ရောင်းချပိုင်ခွင့်ရှိကြောင်းကို သားသမီးများနှင့်တကွ ရောင်းချရန်ကမ်းလှမ်းလာပါသဖြင့် ကျွန်ုပ်က ဝယ်ယူရန် တန်ဖိုးငွေ၏ တစ်စိတ်တစ်ဒေသအဖြစ် စရန်ငွေကို တရားဝင်စာချုပ်စာတမ်းဖြင့် ပေးအပ်ထားပြီး ဖြစ်ပါသည်။

အဆိုပါအိမ်နှင့်မြေ ဆက်စပ်ခံစားခွင့်အရပ်ရပ်တို့ကို အပြီးအပိုင်ဝယ်ယူမည်ဖြစ်ပါသဖြင့် ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း ကျွန်ုပ်ထံသို့ အထောက်အထားခိုင်လုံစွာဖြင့် လာရောက်ကန့်ကွက်နိုင်ပါသည်။ ထိုနေ့ရက်ကျော်လွန်ပါက အရောင်းအဝယ်ကို ပြီးမြောက်အောင် လုပ်ထုံးလုပ်နည်းနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ကို အသိပေး ကြေညာအပ်ပါသည်။

ဒေါ်ခင်စန်းရီ ၁၂/တမန(နိုင်)၀၄၅၄၅၆
အမှတ် ၁၀၊ ၁၆၅လမ်း၊ သုံးလွှာ၊ တာမွေကြီး(ခ)ရပ်ကွက်၊ တာမွေမြို့နယ်၊
ဖုန်း-၀၉-၅၁၃၅၅၇၇၊၀၉-၄၉၃၄၅၅၈၈

ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်မြို့၊ မြောက်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-၁၄-ရွှေပေါက်ကံ၊ မြေကွက်အမှတ်(၁၀၉၃)၊ အကျယ်အဝန်းပေ(၄၀×၆၀)၊ ဧရိယာ ဝ.၀၅၅၁ဧကရှိ နှစ် ၆၀ဂရန်မြေကွက်နှင့် ယင်းမြေပေါ်ရှိ အမှတ်(၁၀၉၃)၊ ရာဇဓိရာဇ်(၄)လမ်း၊ ၁၄ ရပ်ကွက်၊ ရွှေပေါက်ကံမြို့သစ်၊ မြောက်ဥက္ကလာပမြို့နယ်၊ ရန်ကုန်မြို့ဟုခေါ်တွင်သော အဆောက်အအုံအပါအဝင်အကျိုးခံစားခွင့်အရပ်ရပ်အား တရားဝင်ပိုင်ဆိုင်ရောင်းချခွင့်ရှိသူ အမည်ပေါက် ဒေါ်ချိုချိုဝင်း ၅/ခတန(နိုင်)၀၁၂၀၀၀ထံမှ ကျွန်ုပ်၏မိတ်ဆွေက ဝယ်ယူရန်အတွက် စရန်ငွေပေးချေပြီး ဖြစ်ပါသည်။ ကန့်ကွက်လိုသူများရှိပါက ခိုင်မာသောအထောက်အထားများနှင့်တကွ ကျွန်ုပ်၏ထံသို့ ဤနို့တစ်စာထုတ်သည့်ရက်မှစ၍ ခုနစ်ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။ ကန့်ကွက်မှုမရှိပါက ဥပဒေနှင့်အညီ ဆက်လက်အရောင်းအဝယ်ပြုလုပ်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-
ဦးစောစိုင်းဦး(စဥ်-၄၁၈၀၁)၊ ဥပဒေဘွဲ့(LL.B) အထက်တန်းရှေ့နေ
အမှတ်(G-1)၊ ကန်တော်ကလေးလမ်း၊ အောင်ဆန်းကွင်းမြောက်ဘက်တန်း၊
မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်မြို့၊ ဖုန်း-၀၉-၅၁၈၆၀၄၅၊ ၃၉၄၀၈၀

ကန့်ကွက်နိုင်ပါသည်။

[illegible]

လွှဲအပ်ညွှန်ကြားချက်အရ
ဒေါ်ရည်မွန်ချို (LL.B) (စဥ် – ၃၆၇၂၂)
အထက်တန်းရှေ့နေ
[illegible]

ဖခင်အမည်မှန်

စစ်ကိုင်းတိုင်းဒေသကြီး၊ ကျွန်းလှမြို့၊ အထက၊ တက္ကသိုလ်ဝင်တန်း(A)မှ မောင်ဖြိုးဝေလင်း ၅/ကလန(နိုင်)၀၆၅၈၃၅၏ ဖခင်အမည်မှန်မှာ ဦးသာထူး(ခ)ဦးအုန်းမောင်ဖြစ်ပါကြောင်း။ **ဦးသာထူး(ခ)ဦးအုန်းမောင်**

တချောင်းသာ ဈေး
မျိုးပေါင်းစပ် – ၄၀၀၀/–
မျိုးဆွေခုံး – ၁၅၀၀၀/–
09-5117226 09-43127398

ကန့်ကွက်နိုင်ပါကြောင်း

ဒဂုံအရှေ့မြို့နယ်၊ မြေတိုင်းရပ်ကွက် အမှတ် ၁၅၊ မြေကွက်အမှတ် ၅၀၊ မြေကွက်တည်နေရာအမှတ် ၅၀၊ (၁၅)ရပ်ကွက်၊ ဒဂုံအရှေ့မြို့နယ် ဦးလှဆန်းအမည်ပေါက် ပါမစ်မြေအား အမည်ပေါက် ဦးလှဆန်း ၁၂/မရက(နိုင်)၀၃၈၅၄၂က ပါမစ်ပျောက်ဆုံးကြောင်း ကျမ်းကျိန်လွှာ၊ ရဲစခန်းနှင့် ရပ်ကွက်အုပ်ချုပ်ရေးမှူးထောက်ခံချက်များတင်ပြ၍ ပါမစ်ပျောက်ဖြင့် နှစ် ၆၀ မြေငှားစာချုပ်ဂရန် လျှောက်ထားလာရာ ၁၄ ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

ကန့်ကွက်နိုင်ကြောင်း ကြော်ငြာ

ရန်ကုန်မြို့၊ သင်္ဃန်းကျွန်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် – ၂၀၊ မြေကွက်အမှတ် – ၄၀/က ဧရိယာ (၀ . ၀၅၉) ဧကရှိ နှစ် (၆၀) ဂရန်မြေကွက်နှင့် ရန်ကုန်မြို့၊ သင်္ဃန်းကျွန်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် – ၂၀၊ မြေကွက်အမှတ်–၄၀/ခ ဧရိယာ (၀ . ၀၁၈) ဧကရှိ နှစ် (၆၀) ဂရန်မြေကွက် (၂)ကွက်နှင့် [illegible]

လွှဲအပ်ညွှန်ကြားချက်အရ –
ဦးဇော်ဝင်း (LL.B)
တရားလွှတ်တော်ရှေ့နေ (စဥ် – ၉၀၃၈)
အမှတ် (၅၆၅/၅၆၇) MAC TOWER ၊ [illegible]

ကန့်ကွက်နိုင်ပါသည်

[illegible]

ကန့်ကွက်နိုင်ပါသည်

[illegible]

အများသိစေရန် ကြေညာခြင်း

[illegible]

လွှဲအပ်ညွှန်ကြားချက်အရ
[illegible]

ခင်ပွန်းအဖြစ်မှမသက်ဆိုင်ပါကြောင်း ဦးအောင်ကျော်ဦးနှင့် အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ တောင်ဥက္ကလာပမြို့နယ်၊ (၅)ရပ်ကွက်၊ ပင်းယ ၁၃လမ်း၊ အမှတ် ၄၁၄/ခနေ ဒေါ်သိန်းသန်းစု ၁၂/ဒဂမ(နိုင်)၀၀၈၉၆၇၏ညွှန်ကြားချက်အရ အောက်ပါအတိုင်းကြေညာအပ်ပါသည်။

ဒေါ်သိန်းသန်းစုသည် ဦးအောင်ကျော်ဦးနှင့် လွန်ခဲ့သောခြောက်နှစ်ခန့်က တရားဝင်လင်မယားအဖြစ်ပေါင်းသင်းခဲ့ရာ သားတစ်ယောက်မွေးဖွားခဲ့ပါသည်။ ဦးအောင်ကျော်ဦးသည် လွန်ခဲ့သော **ခြောက်လခန့်က အမျိုးသမီးတစ်ဦးနှင့် အိမ်ထောင်ရေးဖောက်ပြန်ခဲ့ပြီးနောက် ၁၇-၇-၂၀၁၃ ရက်တွင် တစ်ဖန်နောက်အမျိုးသမီးတစ်ဦးနှင့် ထပ်မံ၍**အိမ်ထောင်ရေးဖောက်ပြန်နေသည်ကို ဇနီးသည်ကိုယ်တိုင် မြင်တွေ့ခဲ့ရပြီး ဇနီးဖြစ်သူအား ကိုယ်ရောစိတ်ပါဆင်းရဲအောင် အမျိုးမျိုးပြုမူပြီးနောက် နေအိမ်မှရှောင်တိမ်းသွားပါသည်။ လူကြီးမိဘများထံ ရှင်းလင်းရန်ပြောဆိုသော်လည်း အိမ်သို့ပြန်မလာသဖြင့် ဒေါ်သိန်းသန်းစုမှ ဦးအောင်ကျော်ဦးအား ခင်ပွန်းအဖြစ် ဆက်လက်ပေါင်းသင်းလိုသောဆန္ဒမရှိသောကြောင့် ခင်ပွန်းသည်အဖြစ်မှ မသက်ဆိုင်ပါကြောင်း ကြေညာအပ်ပါသည်။

ယနေ့မှစ၍ ဦးအောင်ကျော်ဦးသည် ဒေါ်သိန်းသန်းစုနှင့် သက်ဆိုင်ပတ်သက်ခြင်း မရှိတော့ပါ၍ တစ်စုံတစ်ရာအနှောင့်အယှက်ပြုခြင်း၊ ဟန့်တားခြင်းမပြုလုပ်ရန်နှင့် ဦးအောင်ကျော်ဦးနှင့်ပတ်သက်သော ကိစ္စအရပ်ရပ်များကို တာဝန်ယူ ဖြေရှင်းပေးမည်မဟုတ်ကြောင်း ကြေညာပါသည်။

ညွှန်ကြားချက်အရ-
(ဥပဒေအကျိုးဆောင်များ)

ဦးအုန်း B.A.R.L (စဥ်-၁၃၆၂၅) **ဦးအေးဇော်ဝင်း LL.B (စဥ်-၁၅၆၉၇)**
ဖုန်း-၀၉-၄၂၂၅၆၆၂၈၇ **ဖုန်း-၀၉-၅၀၅၇၀၉၂**

ကြော်ငြာ

ကွန်ပျူတာပုရောဟိတ်

[illegible]

A.G.T.I(Mech.Engg) [illegible]

Ph: 09310079394 095179128 0931300995

ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာချက်

[illegible]

(LL.B, D.B.L)

[illegible] (A-1) [illegible]

၂၆-၇-၂၀၁၃ရက်စွဲပါ ဦးသန်းစိုး၏ လွှဲအပ်ညွှန်ကြားချက်အရ ဦးကျော်ငြိမ်း၊ ဒေါ်ခင်မေသန်း(တရားလွှတ်တော်ရှေ့နေများ)၏ ကြေညာချက်အပေါ် ပြန်လည်အသိပေးကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ မရမ်းကုန်းမြို့နယ်၊ ကျိုက်ဝိုင်းဘုရားလမ်း၊ အမှတ် ၉၆၁၊ လူနေရပ်ကွက်အမှတ် (သမိုင်း)၊ ဦးပိုင်အမှတ် ၁၃ရှိ ဧရိယာ ၀ဒသမ၀၃၉ ဧကရှိ အိမ်မြေနှင့်ပတ်သက်သည့် ပိုင်ဆိုင်အကျိုးခံစားခွင့်အရပ်ရပ်တို့သည် လွန်ခဲ့သောနှစ်ပေါင်း ၅၀ကျော်ကတည်းက လက်ရောက်ဝယ်ယူပိုင်ဆိုင်နေထိုင်လာခဲ့သူ ဦးနိုင်နှင့်သားသမီးများလက်ရောက်နေထိုင်ခဲ့ကြသည့် အိမ်မြေဖြစ်ပါသည်။ ဦးနိုင်ကွယ်လွန်သွားပြီးနောက် ဦးနိုင်၏သားသမီးများဖြစ်သော ဦးအောင်ရင်မိသားစုနှင့် ဒေါ်ချစ်မိသားစုတို့ အမွေဆက်ခံခွင့်အရ ဆက်လက်၍ လက်ရောက်နေထိုင်လာခဲ့ကြသည့် အိမ်မြေဖြစ်ပါသည်။ ဦးအောင်ရင်နှင့် ဒေါ်ချစ်သေဆုံးပြီးနောက် ဦးအောင်ရင်၏ဇနီးဒေါ်ကျင်လှနှင့် ဒေါ်ချစ်၏သား ဦးစိုးမြင့်တို့၏ အမွေဆိုင်ညီအစ်ကိုမောင်နှမများအားလုံးက လက်ရောက်နေထိုင်ပိုင်ဆိုင်ကြသူများဖြစ်၍ ဖော်ပြပါ အိမ်မြေအကျိုးခံစားခွင့်များကို ဒေါ်ကျင်လှနှင့် ဦးစိုးမြင့်တို့၏အမွေဆိုင်များအားလုံးပိုင်ဆိုင်ရောင်းချခွင့်ရှိသော အိမ်မြေဖြစ်ကြောင်း အသိပေး ကြေညာအပ်ပါသည်။

ဒေါ်ကျင်လှနှင့် ဦးစိုးမြင့်တို့၏ လွှဲအပ်ညွှန်ကြားချက်အရ-

ဒေါ်သဇင်အေး LL.B,D.B.L,D.I.L,D.I.R
တရားလွှတ်တော်ရှေ့နေ(စဉ်-၈၃၃၂)
အမှတ် ၄၃၊ တကောင်ဘွားလမ်း၊(၃)ရပ်ကွက်၊
မရမ်းကုန်းမြို့နယ်၊ ဖုန်း-၀၉-၄၃၁၀၅၈၄၄

အများသိစေရန်အသိပေးကြေညာချက်

ရန်ကုန်မြို့၊ ကျောက်တံတားမြို့နယ်၊ ၇ရပ်ကွက်၊ ဆိပ်ကမ်းသာလမ်း၊ အမှတ် ၁၀၅၊ လေးထပ်(အောက်ခန်း)နေ ကျွန်ုပ်၏အမှုသည် ဒေါ်လှလှသန်း ၁၂/ကတတ(နိုင်)၀၁၀၀၃၀၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း အသိပေးကြေညာအပ်ပါသည်။

ဒေါ်လှလှသန်းသည် အထက်ပါနေအိမ်တိုက်ခန်း၌ မိခင် ဒေါ်ကော်ဒါဘူဒွဲ့နှင့် အတူနေထိုင်လျက်ရှိသော အကြီးဆုံးသမီးအရင်းတစ်ဦးဖြစ်သဖြင့် အဆိုပါ နေအိမ်တိုက် ခန်းအား ဒေါ်လှလှသန်း၏ သဘောတူညီခွင့်ပြုချက်မရှိဘဲ ရောင်းချခြင်း၊ ပေါင်နှံခြင်း၊ ပေးကမ်းခြင်းနှင့် အခြားတစ်နည်းနည်းဖြင့် လွှဲပြောင်းခြင်းများ မပြုလုပ်ရန် အများသိစေရန် အသိပေး ကြေညာအပ်ပါသည်။

အထက်ပါကြေညာချက်အပေါ် လိုက်နာခြင်းမရှိဘဲ ပြုလုပ်ပါက ပြုလုပ်သူတို့၏ တာဝန်သာဖြစ်ကြောင်း ထပ်လောင်းအသိပေးကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-

ဦးလှသိန်း (B.Sc, H.G.P, R.L, D.B.L)
ဥပဒေအကျိုးဆောင်နှင့် ဥပဒေအတိုင်ပင်ခံ (စဉ်-၂၁၂၄၂)
အမှတ်(၁၅၈)၊ မြေညီထပ်၊ မြတ်လေးနွယ်(၂)လမ်း၊
နွယ်အေးရပ်ကွက်၊ ဒေါပုံမြို့နယ်၊ ဖုန်း-၀၉-၄၂၁၀၉၇၉၀၄

ကန့်ကွက်နိုင်ပါသည်

ရန်ကုန်တိုင်းဒေသကြီး၊ သာကေတမြို့နယ်၊ ၅ ရပ်ကွက်၊ သုမန(၁)လမ်း၊ အမှတ် (၃၂၄/ခ)၊ ပေ ၂၀×ပေ၆၀ အနက်မှ ခေါင်းရင်းဘက် ၁၀ပေ×ပေ၆၀ ပေါ်ရှိ အိမ်၊ ခြံ၊ မြေနှင့်တကွ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးကို ဂရန်အမည်ပေါက်ပိုင် ဆိုင်သူ ဒေါ်အေးမြင့် ၁၂/သကတ(နိုင်)၁၀၇၄၆၉ ထံမှ ဦးလှမျိုး ၁၂/သကတ(နိုင်)၁၀၆၄၀၁ ကလည်းကောင်း၊ ဦးလှမျိုးထံမှ ကျွန်ုပ်မိတ်ဆွေကလည်းကောင်း ၁၁-၇-၂၀၁၃ ရက်တွင် လွှဲပြောင်းဝယ်ယူ လက်ရောက်ပိုင်ဆိုင်ထားပြီး ဖြစ်ပါသည်။

အထက်ပါလိပ်စာရှိ ခြေရင်းဘက် ၁၀ပေ×ပေ၆၀ ပေါ်ရှိ အိမ်၊ ခြံ၊ မြေနှင့်တကွ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးကို ဂရန်အမည်ပေါက်ပိုင်ဆိုင်သူ ဒေါ်အေးမြင့်ထံမှ ဦးရွှေလှိုင် AA-၀၆၃၆၉၉ က လည်းကောင်း၊ ဦးရွှေလှိုင်ထံမှ ဦးသန်းကျော် ၁၂/သကတ(နိုင်)၁၂၈၃၁၃ က လည်းကောင်း၊ ဦးသန်းကျော်ထံမှ ဦးစိုးအောင် PZDG-၀၁၁၄၈၈ကလည်းကောင်း၊ ဦးစိုးအောင်ထံမှ ကျွန်ုပ်မိတ်ဆွေက ဝယ်ယူရန် စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေပြီးဖြစ်ပါသည်။ ကန့်ကွက်လိုပါက မည်သူမဆို စာရွက်စာတမ်းမူရင်းများနှင့် ကျွန်ုပ်ထံသို့ ၁၅ ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။ ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-

ဒေါ်အေးသီတာမင်း(LL.B) အထက်တန်းရှေ့နေ
အမှတ် ၃၆၅၊ သုမန ၂ လမ်း၊ ၅ ရပ်ကွက်၊ သာကေတမြို့နယ်၊ ရန်ကုန်မြို့၊
ဖုန်း-၀၉-၇၃၁၁၅၆၆၅

ဦးသိန်းအေး ၁၂/သဃက(နိုင်)၁၈၅၈၇၁သိရှိစေရန် အကြောင်းကြားခြင်း

ရန်ကုန်မြို့၊ လှိုင်သာယာမြို့နယ်၊ တူးချောင်းကျေးရွာနေ ဦးသိန်းအေး (ယခုနေရပ်လိပ်စာမသိ)သိရှိစေလိုသည်မှာ လူကြီးမင်းထံမှ ၂၁-၇-၂၀၁၃ ရက်တွင် ဝယ်ယူခဲ့သော အ/၆၆၇၆ တိုရိုတာကိုရိုလာ မော်တော်ကားနှင့် ပတ်သက်၍ အရှုပ်အရှင်း ပြဿနာပေါ်ပေါက်နေပါသဖြင့် ဤကြော်ငြာသည့်ရက်မှ ခုနစ်ရက်အတွင်း ကျွန်ုပ်ထံလာရောက် ဆက်သွယ်ဖြေရှင်းဆောင်ရွက်ပေးပါရန် အသိပေးအကြောင်းကြားအပ်ပါသည်။

ဦးဇော်နိုင် ၁၂/စခန(နိုင်)၀၅၆၈၉၅
ဖုန်း-၀၉-၄၃၀၃၁၉၇၄

ကန့်ကွက်နိုင်ကြောင်း အများသိစေရန်

ကျွန်တော်ဦးဇော်နိုင် ၁၂/စခန(နိုင်)၀၅၆၈၉၅သည် ဘ/၁၁၆၆တိုရိုတာကိုရိုလာ အမျိုးအစား မော်တော်ယာဉ်နှင့် အ/၅၂၆၂ Super Salon အမျိုးအစား မော်တော်ယာဉ်တို့ကို ဦးမြင့်ဦး(ခ)ဦးမြင့်ကြည် ၁၂/လသယ(နိုင်)၀၁၃၉၈၀(၀၉-၄၃၁၆၄၀၁၀) ထံမှ ဝယ်ယူထားခဲ့ပြီးဖြစ်ရာ ကားပိုင်ဆိုင်မှုနှင့် ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့် ရက်မှ ခုနစ်ရက်အတွင်း အထောက်အထားနှင့်တကွ ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ဦးဇော်နိုင် ၁၂/စခန(နိုင်)၀၅၆၈၉၅
ဖုန်း-၀၉-၄၃၀၃၁၉၇၄

ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ ၃၇ ရပ်ကွက်၊ စိန်သီရိလမ်း၊ မြေကွက်အမှတ် ၅၁၇၊ အကျယ် (ပေ ၄၀×ပေ၆၀) ပါမစ်မြေကွက်နှင့် မြေပေါ်ရှိ တစ်ထပ်အိမ်တစ်လုံး အပါအဝင် ပိုင်ဆိုင်ခွင့်အရပ်ရပ်ကို အရပ်ကတိစာချုပ်အဆက်ဆက်ဖြင့် ဝယ်ယူပိုင်ဆိုင်ခဲ့သူ ဦးမိုးဟိန်း ၁၂/ဗဟန (နိုင်)၀၁၂၅၂၁ ထံမှ ဝယ်ယူရန် ရောင်းဖိုးငွေတစ်စိတ်တစ်ဒေသကို ပေးချေပြီးဖြစ်ပါ၍ ကန့်ကွက်လိုပါက ယနေ့မှစ၍ ခုနစ်ရက်အတွင်း ခိုင်လုံသော စာရွက်စာတမ်း အထောက်အထားမူရင်းများဖြင့် ကျွန်ုပ်ထံသို့ ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကို ပြီးပြတ်အောင် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ဦးသောင်းညွန့် ၁၂/မရက(နိုင်)၀၃၆၈၀၄
အမှတ် ၁၂၄/ခ၊ ရာဇဓိရာဇ်လမ်း၊ ၈ ရပ်ကွက်၊ ဒဂုံ(အရှေ့ပိုင်း)မြို့နယ်၊
ဖုန်း-၀၉-၇၃၁၄၀၀၅၅

ကွယ်လွန်သူ ဦးဘဘော(ခ)ဘကြီးဘဘော၏ ကျန်ရစ်သော အဆောက်အအုံများ၊ မြေကွက်များနှင့် ပတ်သက်၍ အများသိသာရန် တားမြစ်ကြေညာခြင်း

ကျွန်ုပ်တို့၏ အမှုသည် ရန်ကုန်မြို့၊ ကျောက်တံတားမြို့နယ်၊ ၃၇လမ်း၊ အမှတ် ၁၀၀/၁၀၂၊ ငါးလွှာနေ ဒေါ်ခင်အုန်းကြည် ၁၂/ကတတ(နိုင်)၀၁၇၃၆၇ [၄င်း၏ အခွင့်ရ ကိုယ်စားလှယ်-ဦးမင်းဇော် ၁၂/ကတတ(နိုင်)၀၀၁၀၀၈]၏ ညွှန်ကြားချက်အရ အောက်ပါအတိုင်း ကြေညာတားမြစ်အပ်ပါသည်။

ရန်ကုန်မြို့၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ဒေါ်သိန်းတင်လမ်း(ယခင်လူအိုရုံလမ်း)၊ အမှတ်-၉၁တွင် နေထိုင်ကွယ်လွန်ခဲ့သော ဗမာလူမျိုး၊ ဗုဒ္ဓဘာသာကိုးကွယ်သူ ဦးဘဘော(ခ)ဘကြီးဘဘော၏ ကျန်ရစ်သော အောက်ဖော်ပြပါပစ္စည်းများသည် ကျွန်ုပ်တို့အမှုသည်၏ အမွေဆိုင်ပစ္စည်းများဖြစ်ပါသဖြင့် ကျွန်ုပ်တို့အမှုသည်၏ စာဖြင့်သဘောတူခွင့်ပြုချက်မရှိဘဲ ခွဲစိတ်ခြင်း၊ အဆောက်အအုံဆောက်လုပ်ခြင်း၊ ရောင်းချ၊ ငှားရမ်း၊ ပေးကမ်း၊ ပေါင်နှံခြင်း၊ အခြားနည်းလွှဲပြောင်းခြင်းစသည်တို့ အလျဉ်းမပြုလုပ်ကြရန် တားမြစ်ပါကြောင်း အများသိရှိရန် ကြေညာအပ်ပါသည်။

အမွေဆိုင်ပစ္စည်းစာရင်း

(၁) ရန်ကုန်မြို့၊ လမ်းမတော်မြို့နယ်၊ မြေတိုင်းရပ်ကွက် အမှတ် -၂၀EZ³၊ မြေကွက်အမှတ်(၁)၊ မြေအကျယ်(၂၆ပေ×ပေ၅၀) ဂရန်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အမှတ် ၁၂၄၊ ဘုန်းကြီးလမ်း၊ လမ်းမတော်မြို့နယ်ဟု ခေါ်တွင်သော နှစ်ထပ်အိမ်။

(၂) ရန်ကုန်မြို့၊ လမ်းမတော်မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၂၀EZ³ ၊ မြေကွက်အမှတ် (၂)၊ မြေအကျယ်(၂၆ပေ×ပေ၅၀) ဂရန်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အမှတ် ၁၂/B၊ ဘုန်းကြီးလမ်း၊ လမ်းမတော်မြို့နယ်ဟု ခေါ်တွင်သော နှစ်ထပ်အိမ်။

(၃) ရန်ကုန်မြို့၊ လမ်းမတော်မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၂၀EZ³၊ မြေကွက်အမှတ် (၃)၊ မြေအကျယ်(၂၆ပေ×ပေ၅၀)၊ ဂရန်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အမှတ် ၁၂၂၊ ဘုန်းကြီးလမ်း၊ လမ်းမတော်မြို့နယ်ဟု ခေါ်တွင်သော နှစ်ထပ်အိမ်။

(၄) ရန်ကုန်မြို့၊ လမ်းမတော်မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၂၀EZ³၊ မြေကွက်အမှတ် (၄)၊ မြေအကျယ်(၀ဒသမ၀၃၈)ဧက ဂရန်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အမှတ် ၁၂၀၊ ဘုန်းကြီးလမ်း၊ လမ်းမတော်မြို့နယ်ဟု ခေါ်တွင်သော နှစ်ထပ်အိမ်။

(၅) ရန်ကုန်မြို့၊ အင်းစိန်မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် (၉-အေ)၊ တောင်သူကုန်း၊ မြေကွက်အမှတ် (၅၁)၊ မြေဧရိယာ ၂ဒသမ၈၄၂ဧက၊ ဦးပိုင်အမှတ် -၅၀(ဆ)၊ မြေဧရိယာ ၀ဒသမ၂၉၃ ဧကရှိ မြေပိုင်မြေမျိုး မြေကွက်နှစ်ကွက်။ (မြေကွက်များပေါ်တွင် ကျူးကျော်သူများနေထိုင်လျက်ရှိပါသည်။)

(၆) ရန်ကုန်မြို့၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၁၂F၊ မြေကွက်အမှတ် (၄၃+၄၄)၊ မြေအကျယ်(၇၅ပေ×ပေ၇၀)မြေငှားဂရန်မြေအမျိုးအစားမြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အမှတ် ၉၁၊ ယခင်လူအိုရုံလမ်း၊ ယခုဒေါ်သိန်းတင်လမ်း၊ ကန်/နောက် ရပ်ကွက်၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်မြို့ဟု ခေါ်တွင်သောနှစ်ထပ်အိမ်တို့ ဖြစ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-

ဦးမျိုးဟန် B.A(Law),LL.B
တရားလွှတ်တော်ရှေ့နေ(စဉ်-၁၇၅၁)
ရုံးအမှတ် ၁၉၆၊ ပထမထပ်၊၃၃လမ်း၊
ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့

ကန့်ကွက်နိုင်ပါကြောင်း

[illegible]

LL.B, D.B.L, D.I.L, Dip.CA, WIPO LL.B, D.B.L, D.I.L, D.M.L, WIPO

Hein Htet San Law Firm

[illegible]

ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ တာမွေမြို့နယ်၊ မေတ္တာညွန့်ရပ်ကွက်၊ သီရိလမ်း၊ တိုက်အမှတ် ၁၂၃၇ ၏(သုံးလွှာ)၊ ခြေရင်းခန်း(ဘီ/၃)အား ပိုင်ရှင်ဖြစ်သူ ဦးအေးသန့်ထံမှ ကျွန်ုပ်၏မိတ်ဆွေက ဝယ်ယူရန် စရန်ငွေပေးချေပြီးဖြစ်ရာ ယင်းတိုက်ခန်း၏ ပိုင်ရေးဆိုင်ခွင့်နှင့်ပတ်သက်၍ ကန့်ကွက်လိုပါက ဤသတင်းစာပါသည့်ရက်မှ ခုနစ်ရက်အတွင်း မည်သူမဆို ခိုင်လုံသော အထောက်အထားများတင်ပြ၍ ကန့်ကွက်နိုင်ကြောင်းနှင့် ကန့်ကွက်ချက်တစ်စုံတစ်ရာ မရှိပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-

ဦးတင်ဝင်း(အယ်လ်အယ်လ်ဘီ)
တရားလွှတ်တော်ရှေ့နေ (စဉ်-၇၃၈၀)
အမှတ်(၁၁၃၉/၁၁၄၀)၊ မာလာနွယ်လမ်း၊ မေတ္တာညွန့်ရပ်ကွက်၊
တာမွေမြို့နယ်၊ ရန်ကုန်မြို့

[illegible]

“ကန့်ကွက်နိုင်ကြောင်း အများသိစေရန် ကြေညာခြင်း”

[illegible]

(LL.B)

[illegible]

ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက် အမှတ် ၃၅၊ မြေကွက်အမှတ် ၇၅၂၊ သန္တာ(၂)လမ်းရှိ မြေအကျယ် (၄၃ပေ× ပေ၆၀)ရှိ နှစ် ၆၀ ဂရန်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ တစ်ထပ်တိုက် အပါအဝင် အကျိုးခံစားခွင့်အားလုံးတို့ကို မြို့မြေစာရင်းတွင် ဦးသိန်းဇံ ၁၂/ရကန(နိုင်) ၀၆၇၁၄၄ အမည်ပေါက်လျက်ရှိပြီး ဦးသိန်းဇံကွယ်လွန်၍ ၎င်း၏သမီးဖြစ်သူ ဒေါ်သင်းနွယ်နီ ၁၂/ရကန(နိုင်)၀၅၃၈၅၄ က အမွေဆက်ခံပိုင်ဆိုင်ကြောင်းပြုလုပ်၍ ရောင်းချရာ ကျွန်ုပ် ဒေါ်သူဇာအောင် ၁၂/အစန(နိုင်)၀၃၁၇၂၀ က ဝယ်ယူရန် ယင်းမြေကွက်၏ တန်ဖိုးငွေ တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေထားပြီးဖြစ်ရာ ၎င်းအိမ် ခြံမြေနှင့် ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်ရက်မှ ခုနစ်ရက်အတွင်း အထောက်အထား(မူရင်း)များနှင့်တကွ ကျွန်ုပ်ထံသို့ လာရောက် ကန့်ကွက်နိုင်ပါကြောင်း၊ ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ဒေါ်သူဇာအောင် ၁၂/အစန(နိုင်)၀၃၁၇၂၀
၇၅၀/၃၅၊ သန္တာ(၂)လမ်း၊ ဒဂုံမြောက်ပိုင်း

စီးပွားရေးကြော်ငြာ

စေတနာအထူးပြုနိုဗ္ဗာန်ဆော် ခင်နန္ဒာ နှင့် သွားစို့နော် (၂၀၁၃-၂၀၁၄ ဗုဒ္ဓဂယာခရီးစဉ်များအတွက် ဝန်ဆောင်မှုအသစ်များ)

သံဝေဇနီယလေးဌာန+သာဝတ္ထိ+ဝေသာလီ+ပဋ္ဌနား+ရာဇဂြိုဟ် (အသက်ကြီးသူများ/ယခင်ရောက်ဖူးသူများ/အချိန်မရသူများနှင့်ပို၍သင့်တော်သည်။) (ရန်ကုန်-ဂယာ-ရန်ကုန်)
သံဝေဇနီယလေးဌာန+အဋ္ဌမဟာတလေးဌာန+တာ့ခ်မဟာ+နယူးဒေလီ+ဝေသာလီ+ပဋ္ဌနား+ရာဇဂြိုဟ်+ကိုလ်ကတ္တား (နေရာစုံပို့ပေးသည်။) (ရန်ကုန်-ဂယာ-ကိုလ်ကတ္တား-ရန်ကုန်)

နယ်ခရီးသည်များ ရန်ကုန်မြို့ရှိ အဆင့်မြင့်လုံးချင်းအိမ်များတွင် သီးသန့်အခန်းများဖြင့် အခမဲ့(၃)ကြိမ်တည်းခိုခွင့်ပေးခြင်း (ရေမှုရေအေး+တယ်လီဖုန်း+အဲယားကွန်း+သံရုံး/လေဆိပ် ပို့ကြိုအခမဲ့ဆောင်ရွက်ပေးခြင်း)၊ နိုင်ငံကူးလက်မှတ်ပြုလုပ်ရန်လာရောက်စဉ် လေဆိပ်/ကားဂိတ်မှ အထက်ပါအိမ်များ / ရုံးချုပ် / နိုင်ငံကူးလက်မှတ်ရုံးအထိ အခမဲ့ကြိုဆိုပို့ဆောင်ပေးခြင်း။ ခရီးစဉ်တိုင်းတွင် အမျိုးသားနှင့်အမျိုးသမီး ဝန်ထမ်းတစ်ဦးစီပါရှိခြင်း၊ အိတ်များသယ်ရန် ကာယလုပ်သား(၂)ဦး၊ ဗွီဒီယို/ဓါတ်ပုံရိုက်ကူးသူ၊ အိမ်သုံးဆေးဝါး အပြည့်အစုံ နှင့် လိုအပ်လျှင် ဘီးတပ်ကုလားထိုင် စီစဉ်ပေးခြင်း၊ တစ်နေ့လျှင် နံနက်စာ၊ နေ့လည်စာ+ညနေစာ မြန်မာထမင်း/ဟင်းအပြင် အဆာပြေ(၂)ကြိမ်ကျွေးမွေးခြင်း၊ ငါးခြောက်ကြော်၊ ချဉ်ပေါင်ကြော်၊ သရက်ချဉ်၊ ပုန်းရည်ကြီး၊ ငါးပိထောင်း၊ လက်ဖက်၊ ရေသန့်၊ ကော်ဖီမစ် စသည်တို့ပါရှိခြင်း၊ အထူးသဖြင့် (၁၅)ရက်ခရီးစဉ်တွင် ခရီးစဉ်အစ/အဆုံး မေတ္တာဖြင့်လိုက်ပါရှင်းပြမည့် ဆရာတော်(၁)ပါး ပါရှိခြင်း စသည့် ဝန်ဆောင်မှုအသစ်များဖြင့် ဘုရားဖူးခရီးသည်များ စိတ်ချမ်းသာစွာကုသိုလ်ယူနိုင်ရန် စီစဉ်ထားရှိပါသည်။ နိုင်ငံကူးလက်မှတ်(၆)လ သက်တမ်းကျန်သူများ ၄၀,၀၀၀/လျှော့ပေးသည်။ ဦးစီးလိုက်ပါသူအား (၁၆)ဦးလျှင်(၁)ဦးအခမဲ့၊ (၁၀)ဦးလျှင်(၄၀%)၊ (၅)ဦးလျှင်(၁၀%)လျှော့ပါမည်။ (၄၅)ခုံပါသော အဲယားကွန်း ကားကြီးတွင် (၃၂)ဦးသာ ထွက်ခွာပါမည်။ အဖွဲ့လိုက်/သီးသန့် စီစဉ်ပေးသည်။ လေယာဉ်လက်မှတ်နေရာ သေချာစေရန် ကြိုတင်စာရင်းပေးသွင်းနိုင်ပါပြီ။ အောက်ပါရက်စွဲများအတိုင်း ပြောင်းလဲမှုမရှိ ထွက်ခွာပါမည် -

၁၁/၁၂ရက် - စက်တင်ဘာ ၂၃၊ အောက်တိုဘာ ၇၊ ၂၁၊ နိုဝင်ဘာ ၄၊ ၁၈၊ ဒီဇင်ဘာ ၂၊ ၁၆၊ ဇန်နဝါရီ ၂၇၊ ဖေဖော်ဝါရီ ၁၀၊ ၂၄၊ မတ်လ ၁၀၊ ၂၄၊ ဧပြီ ၇၊
၁၄/၁၅ရက် - စက်တင်ဘာ ၂၀၊ အောက်တိုဘာ ၄၊ ၇၊ ၁၄၊ ၁၈၊ ၂၁၊ နိုဝင်ဘာ ၁၊ ၄၊ ၁၅၊ ၁၈၊ ၂၉၊ ဒီဇင်ဘာ ၂၊ ၁၃၊ ၁၆၊ ၂၇၊ ဇန်နဝါရီ ၁၀၊ ၁၃၊ ၂၄၊ ၂၇၊ ဖေဖော်ဝါရီ ၇၊ ၁၀၊ ၂၁၊ ၂၄၊ မတ်လ ၇၊ ၁၀၊ ၂၁၊ ၂၄၊ ဧပြီ ၄၊ ၇၊ Air Bus A 320 လေယာဉ်အကြီးစားဖြင့်သာ ၊ စရံငွေချေ/ဦးရာလူစုနှစ်

ကွန်ဒို(E)၊ မြေညီထပ်၊ ကမ္ဘာအေးဗိလာအိမ်ရာ၊ ကမ္ဘာအေးစေတီလမ်း၊ (၈)မိုင်၊ မရမ်းကုန်း၊ ရန်ကုန်။ ၀၁-၆၅၅၅၂၀၊ ၆၅၅၈၈၅၊ ၀၉-၅၆၀၀၁၂၃၊ ၀၉-၅၆၀၀၄၄၄

ကိုရီးယားသို့ သွားရောက်လိုသူများအတွက် အထူးသီးသန့် . . . . .

ဆရာ ဦးဇော်လင်း

(B.A , Korean , YUFL) ၏ "HANUL"

ကိုရီးယား ဘာသာသင်တန်းကျောင်း

ကိုရီးယားစာကို အခြေခံမှစ၍ အဆင့်မြင့်သဒ္ဒါများ EPS - TOPIK မေးခွန်းများ စကားပြောများကိုပါ လေ့ကျင့်သင်ကြားပေးပြီး ကိုရီးယားနှင့်ပတ်သက်၍ အစအဆုံးလမ်းညွှန်ဆောင်ရွက်ပေးနေပါသည်။

သင်တန်းစတင်မည့်ရက် > (15 - 8 - 2013)

သင်တန်းနေရာ (1) >> တိုက် (၄၆) ၃လွှာ၊ လှည်းတန်းလမ်းမ၊ စိန်ဂေဟာကုန်တိုက်ရှေ့၊ ကမာရွတ်၊ ရန်ကုန်။

သင်တန်းနေရာ (2) >> အလင်းရောင်မူလတန်းကျောင်းအနောက်ဘက်လမ်းကြား အမှတ်(၆)ရပ်ကွက်၊ မြင်းခြံမြို့။

Ph : 09 - 400475420 , 09 - 47113848 , 09 - 31426782

ပေါ်ပြူလာစတား ဗုဒ္ဓဂယာဘုရားဖူးအဖွဲ့

သီတင်းကျွတ်လပြည့်အထူးအစီအစဉ်

၆.၁၀. ၂၀၁၃ မှ ၂၀.၁၀. ၂၀၁၃ (၁၄ ညအိပ် / ၁၅ ရက်ခရီးစဉ်)

သံဝေဇနီယ (၄)ဌာန ၊ အဋ္ဌမဟာ (၄)ဌာန ၊ တာ့ခ်မဟာ ၊ နယူးဒေလီ

(၈) သိန်းကျပ် (စရံကြိုပေး)

Air Bus A320 လေယာဉ်ဖြင့်သာ

ဦးရာလူရရှိမည့်အထူးအခွင့်အရေး

☎:01 214526 ☎:09 5129134, 09 73083106

TOP SHINE

MONEY CHANGER

CBM-FEMD 113/2013

7.8.2013

ဗုဒ္ဓဟူးနေ့ မှ စတင်ဖွင့်လှစ်လိုက်ပါသည်

ဦးဝင်းစိန် + ဒေါ်သန်းသန်းဝင်း

အမှတ်(၁၉၃/၇)၊ ၂၉လမ်း၊ ၈၃ × ၈၄လမ်းကြား၊ ရှင်ဘို့မယ်ဝင်း၊ ချမ်းအေးသာစံမြို့နယ်၊ မန္တလေးမြို့။

02-34199, 02-36387, 09-2000255